The
# Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL . 15, NO . 2 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | Jan 12 , 2015



## သိသူတွေ ဖော်စားကြသလို မသိသူတွေ ကျော်မသွားဘဲ ဖော်စားနိုင်တဲ့ GSP (အထူးကုန်သွယ်မှုကင်းလွတ်ခွင့်) အခွင့်အလမ်း

၂၀

မြင့်ဦး (ပခုက္ကူ)



## ခေတ်မီသူတိုင်း အွန်လိုင်းတွင် ဈေးဝယ်ကြသည်

၂၀



## ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ဖို့ CLUSTER ဖွဲ့စည်းစို့

၁၄

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် (၆၇)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် မနောမြေကုန်သွယ်မှုဗဟိုဌာနဖွင့်လှစ် ၄

မူဆယ်မြို့တွင် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုဆိုင်ရာ အခွင့်အလမ်းများ ဆွေးနွေးပွဲကျင်းပ ၁၈

K-pop Concert များနှင့် တီဗွီအစီအစဉ်များကြောင့် ကိုရီးယားယဉ်ကျေးမှုပို့ကုန် စံချိန်သစ်တင် ၁၂




မြန်မာပြည်တစ်ဦးတည်းကိုယ်စားလှယ်
**Octagon Automobile & Machinery Services**
No. 37, Corner of Yangon-Pathein Road and YTU,
Hlaing Thayar, Yangon, Myanmar.
Tel: +95 9 860 9888, Fax : +95 9 730 65028
Email : info@ois-scania.com
https://www.facebook.com/ScaniaMyanmar

SCANIA

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် (၆၇)နှစ်မြောက် ကချင်ပြည်နယ်နေ့နှင့် ရိုးရာမနောပွဲတော် မနောအိမ်တော် ကြိုဆိုညှော်ခံခြင်းနှင့် ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်




(၆၇)နှစ်မြောက် ကချင်ပြည်နယ်နေ့နှင့် ရိုးရာမနောပွဲတော် မနောအိမ်တော် ကြိုဆိုညှော်ခံခြင်း အခမ်းအနားကို ဇန်နဝါရီ ၆ ရက် မွန်းလွဲပိုင်းက ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ မနောကွင်းရှိ မနောအိမ်တော်တွင် ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်းနှင့် ပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ယဉ်ကျေးမှုတက္ကသိုလ်မှ လူငယ်မောင်မယ်များက သီချင်းများဖြင့် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့အား နွေးထွေးပျူငှာစွာ ကြိုဆိုကြပြီး ကချင်လူမျိုးများ ရိုးရာယဉ်ကျေးမှုကော်မတီမှ ခေါင်းဆောင်များ၊ ကချင်လူမျိုးအသီးသီးမှ ခေါင်းဆောင်များနှင့် (၆၇)နှစ်မြောက် ကချင်အမျိုးသားနေ့နှင့် ရိုးရာမနောပွဲတော် ဖြစ်မြောက်ရေးကော်မတီဝင်များနှင့် ရင်းရင်းနှီးနှီး မိတ်ဆက်ကြသည်။

ယင်းနောက် ပွဲတော်ဖြစ်မြောက်ရေး ကော်မတီ ဥက္ကဋ္ဌမှ မနောအိမ်တော်တွင် ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးမှ ဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက် စကားပြောကြားသည်။ ၎င်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအား (၆၇)နှစ်မြောက် ကချင်ပြည်နယ်နေ့နှင့် ရိုးရာမနောပွဲတော် အထိမ်းအမှတ် လက်ဆောင်များ ပေးအပ်သည်။

ထို့နောက် ရတနာတောင်တန်းကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးသက်နိုင်က အဆိုပါပွဲတော်ဖြစ်မြောက်ရေးအတွက် အလှူငွေကျပ်သိန်း ၅၀ အား ပေးအပ်လှူဒါန်းရာ မနောပွဲဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌမှ လက်ခံရယူသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် မနောကွင်းအား လှည့်လည်ကြည့်ရှုကြပြီး (၆၇)နှစ်မြောက် ကချင်ပြည်နယ်နေ့နှင့် ရိုးရာမနောပွဲအထိမ်းအမှတ် ဈေးရောင်းပွဲတော်တွင် ပြည်ပမှ လာရောက်ပြသထားသည့် အရောင်းဆိုင်ခန်းများနှင့် ပြည်တွင်းမှ ခင်းကျင်းပြသထားသည့် အရောင်းဆိုင်ခန်းများအား ရင်းရင်းနှီးနှီး လိုက်လံကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါ အခမ်းအနားတွင် မနောပွဲတော်ဖြစ်မြောက်ရေးကုမ္ပဏီနှင့်

**စာမျက်နှာ ၂၁ သို့**

# ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် (၆၇)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် မနောမြေကုန်သွယ်မှုဇဟိုဌာန ဖွင့်လှစ်

(၆၇)နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ မနောမြေကုန်သွယ်မှုဇဟိုဌာန ဖွင့်ပွဲအခမ်းအနားကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့ နံနက် ၁၀ နာရီတွင် မြစ်ကြီးနားမြို့၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၌ ကျင်းပရာ ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်းက ပြည်နယ်အတွင်း ဒေသခံ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် သွင်းကုန်၊ ထုတ်ကုန်ပစ္စည်းများ ကုန်သွယ်မှုဆောင်ရွက်ရာတွင် အဆင့်မီစွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် သတင်းအချက်အလက်များ ရယူနိုင်ပြီဖြစ်သည့်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအား ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ဒေသသည် အင်အားကြီးနှစ်နိုင်ငံကြားတွင် နယ်မြေဒေသချင်း ထိစပ်လျက်ရှိသည့်အတွက် ပြည်နယ်တွင်း ဒေသထွက်ကုန်ပစ္စည်းများကို နိုင်ငံတကာအဆင့်မီ ထုတ်လုပ်ကုန်သွယ်နိုင်ရေး အခွင့်အလမ်းများ ပိုမိုရရှိမည်ဖြစ်သည့်အတွက် ပြည်နယ်စီးပွားရေးလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သလို ဒေသတွင်း စီးပွားရေးလုပ်ငန်းရှင်များ၏ ကဏ္ဍဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသွားပါတယ်။

ဆက်လက်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ဌာန၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် (၆၇) နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော် အတွင်း မနောမြေကုန်သွယ်မှုဇဟိုဌာနကို ဖွင့်လှစ်ပေးနိုင်သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ကချင်ပြည်နယ်သည် သဘာဝသယံဇာတများ ပေါကြွယ်ဝသောဒေသဖြစ်ရာ ဒေသထွက်ကုန်ပစ္စည်းများ၊ ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များကို မေးမြန်းစုံစမ်းနိုင်မည်ဖြစ်ပြီး ကုန်စည်ပြပွဲများကိုလည်း ဝန်ဆောင်မှုပေးခြင်းနှင့် စီးပွားရေးပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသွားပါတယ်။

ယင်းနောက် မင်္ဂလာအချိန်တွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က မနောမြေကုန်သွယ်မှုဇဟိုဌာနကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ကုန်သွယ်မှုမြှင့်




တင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တက်ရောက်လာကြသည့် စီးပွားရေးအသင်းအဖွဲ့များက မနောမြေကုန်သွယ်မှုဇဟိုဌာနအတွင်း ခင်းကျင်းပြသထားသည့် စာကြည့်တိုက်၊ အီလက်ထရောနစ် သတင်းအချက်အလက်များ ရယူနိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ကုန်သွယ်မှုဆိုင်ရာ စာအုပ်စာစောင်များ၊ ခင်းကျင်းထားရှိမှု၊ ဒေသထွက်ကုန်ပစ္စည်းများ ခင်းကျင်းရောင်းချနေမှုတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြပါတယ်။

ဆက်လက်ပြီး ဆွေးနွေးခန်းမနေရာတွင် တက်ရောက်လာကြသည့် ဒေသခံကုန်သည်လုပ်ငန်းရှင်များ၊ စီးပွားရေးအသင်းအဖွဲ့များ၊ သတင်းမီဒီယာများမှ သိရှိလိုသည့် မေးမြန်းဆွေးနွေးမှုများအပေါ် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရှိရပါတယ်။

**မောင်မောင်ခိုင်-မြစ်ကြီးနား**

Commerce
J O U R N A L

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ညဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နှင်းပန်းဖြူ၊
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(မြဲ-၃၈၁၉)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
အောင်မျိုး၊ မြင့်ဆွေ၊ တင်တင်အေး၊
ခင်မြတ်မွန်၊ တင်တင်ထွန်း

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ စန္ဒာမိုး၊ မော်မော်စန်း၊
သီရိဝင်း၊ မြတ်ဆုလှိုင်၊

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(မြဲ-၀၉၇၄၄)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 15, No.2 Monday Jan 12 2015

## ၂၀၁၅ မှာ အင်ဒိုနီးရှားနိုင်ငံ ဆန်တင်သွင်းမှုမရှိဖို့ မျှော်လင့်

အင်ဒိုနီးရှားအစိုးရက ၂၀၁၄ မှာ ဆန်ထုတ်လုပ်မှု ခန့်မှန်းတန်ချိန် ၄၆ ဒသမ ၆၅ သန်းဝန်းကျင် ရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်မှာတော့ ၄ ရာခိုင်နှုန်းတိုးပြီး တန်ချိန် ၄၈ ဒသမ ၄၄ သန်းအထိ ထုတ်လုပ်ဖို့ ရည်မှန်းထားကြောင်း နိုင်ငံထောက်ပံ့ပို့ဆောင်ရေးအေဂျင်စီ ဘူးလော့ဂ်ရဲ့ ခေတ္တဥက္ကဋ္ဌဖြစ်သူက ပြောကြားကြောင်း သိရပါတယ်။ အကယ်လို့သာ ရည်မှန်းချက်အပြည့်အဝအောင်မြင်မယ်ဆိုရင် ဆန်သိုလှောင်မှုလုံလောက်ပြီး ဈေးနှုန်းတည်ငြိမ်နိုင်မှာဖြစ်လို့ ဆန်တင်သွင်းဖို့ မလိုတော့ဘူးလို့ ၎င်းက ထပ်လောင်းပြောကြားပါတယ်။

ထုတ်လုပ်မှုတိုးတက်ခြင်းက ဘူးလော့ဂ်အတွက် သိုလှောင်ဆန်တန်ချိန် ၃ ဒသမ ၂ သန်းခန့်အထိ ဝယ်ယူနိုင်ဖို့ အထောက်အကူဖြစ်စေမှာဖြစ်ပြီး အစိုးရရဲ့ ဆင်းရဲသားအတွက်ဆန်အစီအစဉ်နဲ့ ပြည်တွင်း ဝယ်လိုအား ပြည့်မီပြီး အရန်ဆန်အနေနဲ့ တန်ချိန် ၂ သန်းခန့်ထိ သိုလှောင်နိုင်ဖို့လည်း အကူအညီဖြစ်စေနိုင်မယ်လို့ ၎င်းက ဂျကာတာမှာကျင်းပတဲ့ ဆွေးနွေးပွဲတစ်ခုမှာ ပြောကြားခဲ့တယ်လို့ သိရပါတယ်။ ၂၀၁၄ ခုနှစ်မှာ ဘူးလော့ဂ်က ဆန်တန်ချိန် ၃ ဒသမ ၂ သန်း ဝယ်ယူဖို့ ရည်မှန်းခဲ့ပေမဲ့ တန်ချိန် ၂ ဒသမ ၇၇ သန်းသာဝယ်ယူနိုင်ခဲ့ပြီး လိုအပ်တဲ့ပမာဏအတွက် ထိုင်းနဲ့ ဗီယက်နမ်တို့က တန်ချိန် ၄၂၅၀၀၀ ဝန်းကျင်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ဒါပေမဲ့ အမေရိကန်စိုက်ပျိုးရေးဌာန (USDA)က ခန့်မှန်းထားတာကတော့ အင်ဒိုနီးရှားနိုင်ငံအနေနဲ့ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း ဆန်တန်ချိန် ၃၆ ဒသမ ၅ သန်းဝန်းကျင်ခန့် ထုတ်လုပ်ပြီး တန်ချိန် ၁ ဒသမ ၃ သန်းခန့် တင်သွင်းရမယ်လို့ သိရပါတယ်။ လမင်း

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၈-၁-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၄၂၀ | ၄၂၇ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၁၅ | ၄၁၈ | △ | ၃၈၀ | ၃၇၅ | ▽ | ၃၈၅ | ၃၈၅ | □ | ၃၈၀ | ၃၇၅ | ▽ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၆၀ | ၃၉၈ | △ | ၃၅၀ | ၃၄၅ | ▽ | ၃၅၀ | ၃၅၀ | □ | ၃၃၅ | ၃၂၅ | ▽ |
| ပေါင်းဆန် | ၄၀၅ | ၄၀၅ | □ | - | - | - | ၃၇၅ | ၃၇၅ | □ | ၄၀၅ | ၄၀၅ | □ |

*Source: oryza.com*

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၈-၁-၂၀၁၅ ဒေါ်လာ/တန်

| | တောင်အမေရိက | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၅၁၀ | ၅၁၀ | □ | ၅၉၅ | ၅၉၅ | □ | ၅၉၅ | ၅၉၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၉၅ | ၄၉၅ | □ | - | - | - | - | - | - |

*Source: oryza.com*

# ဈေးနှုန်းနှင့် ဈေးကွက်ထူးခြားစွာပြောင်းလဲရန် မမြင်မိသေးတဲ့ မြန်မာ့ဆန်ဈေးကွက်

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)ရဲ့ လက်ကားဆန်ဈေးနှုန်းမှာ ဇန်နဝါရီလ ၉ ရက်နေ့ ဈေးနှုန်းအရ ဆန်သစ်တွေဖြစ်တဲ့ ဖျာပုံပေါ်ဆန်း လတ်စ တစ်အိတ်ကို ၂၉၅၀၀ ကျပ်၊ မြောင်းမြ၊ ပုသိမ်ပေါ်ဆန်း လတ်စ တစ်အိတ်ကို ၃၀၀၀၀ ကျပ်၊ နယ်စုံပေါ်ဆန်း လတ်စတစ်အိတ်ကို ၂၇၅၀၀ ကျပ်ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၅၀၀ ကျပ်မှ ၁၀၀၀ ကျပ်အတွင်း ဈေးဆက်တက်လာတာ တွေ့ရပါတယ်။ ယခုအပတ်အတွင်း ကုန်စည်ဒိုင်သို့ ဆန်ချောအဝင်နည်းခဲ့ပြီး လဆန်းရက်အရောင်းလည်းသွက်ခဲ့လို့ ဆန်ချောဈေးအနည်းငယ် ဆက်တက်လာရတာဖြစ်ကြောင်း သိရပါတယ်။ ဧည့်မထ လတ်စ တစ်အိတ်ကို ၁၅၃၀၀ ကျပ်၊ ထိပ်စက ၁၆၀၀၀ ကျပ်ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၂၀၀ ကျပ်ခန့် ဈေးအနည်းငယ်ပြန်တက်ခဲ့ပြီး ဒိုင်သို့ ဆန်အဝင်အနည်းငယ်နည်းခဲ့တယ်လို့ သိရပါတယ်။ ယခုနှစ် မိုးစပါးမှာအထွက်မကောင်းကြောင်း၊ ရိတ်သိမ်းချိန်မှာ အချိန်အခါမဟုတ် မိုးရွာသွန်းခဲ့မှုကြောင့် ရိတ်သိမ်းရန်ခက်ခဲပြီး၊ နှံကပ်ခြင်း၊ စပါးခွံမဲခြင်း၊ အကျိုးအကြေများခြင်း၊ ဆစ်ကျိုးခါးကျိုးများပြီး ဖွဲနုသာမန်ထက်ပိုထွက်ကာ ဆန်ထွက်နှုန်းမကောင်းခြင်းတို့ဖြစ်ခဲ့ကြောင်း ဆန်ဈေးကွက်နှင့် ဆန်စက်လုပ်ငန်းရှင်အချို့ထံမှ သိရှိရပါတယ်။

ရန်ကုန်ဈေးကွက်အတွင်း ဧည့်မထ ၂၅ မှတ် (ပြည်ပ) ဆန်တစ်အိတ် ၅၀ ကီလိုကို ၁၃၅၀၀ ကျပ်-၁၃၈၀၀ ကျပ်ခန့်ရှိပြီး၊ ရန်ကုန် FOB အတင်သမားအချို့ ပုံမှန်ပြန်ဝယ်နေကြကြောင်း၊ EMATA MYANMAR 25% FOB (Yangon) 310-320 USD / MT ဟုဆိုသော်လည်း ထိုဈေးထက်လျော့ရောင်းချမှုများရှိကြောင်း၊ ပုဂ္ဂလိကဆန်ပို့ကုမ္ပဏီကြီးအချို့နှင့် စီးပွားရေးဦးပိုင်၊ MEC တို့လောက်သာ တင်ပို့ကြကြောင်း၊ တရုတ်- မူဆယ်လိုင်းမှာ တရုတ်ဝယ်လက်အကြိုက် ဆန်နဲ့ ဆန်ကွဲကို လိုက်ရောင်းနေရလို့ ရန်ကုန်ဈေးကွက်မှာ ပြောက်ကြားဝယ်ပြီး တင်ပို့မှုအချို့တော့ရှိပါကြောင်း သိရပါတယ်။

မူဆယ် ဆန်စပါးကုန်စည်ဒိုင်ရဲ့ ဇန်နဝါရီလ ၉ ရက်နေ့ ဈေးနှုန်းအရ ဧည့်မထ ၅ မှတ် မော်ဘီ တစ်အိတ်ကို ၁၃၉-၁၄၄ ယွမ်၊ ကရင်မ ၁၃၇-၁၃၉ ယွမ်၊ ဧည့်မထ ၁၀ မှတ် မော်ဘီတစ်အိတ်ကို ၁၃၅-၁၃၇ ယွမ်၊ ကရင်မ ၁၃၃-၁၃၆ ယွမ်၊ ဧည့်မထ ၁၅ မှတ် ၁၂၇-၁၃၀ ယွမ်၊ ဧည့်မထ ၂၅ မှတ် ၁၂၃-၁၂၅ ယွမ်၊ ဧည့်မထ ၃၅ မှတ် ၁၂၁-၁၂၂ ယွမ်၊ ငစိန် ၁၀ မှတ် ၁၂၉-၁၃၀ ယွမ်၊ ၁၅ မှတ် ၁၂၅-၁၂၇ ယွမ်၊ ၂၅ မှတ် ၁၂၂-၁၂၄ ယွမ်၊ B 1,2 တစ်အိတ် ၁၀၅-၁၀၇ ယွမ်၊ B 1 EXTRA ၁၀၉-၁၁၄ ယွမ်ဖြစ်ခဲ့ပြီး ဆန်နဲ့ ဆန်ကွဲအများစုမှာ တစ်အိတ်ကို ၁ ယွမ်မှ ၃ ယွမ်အတွင်း ဈေးတက်ခဲ့ပြီး အရောင်းအဝယ်လည်းပုံမှန်ကောင်းနေကြောင်း၊ ယနေ့မူဆယ်ရှိ ငွေလဲနှုန်းတစ်ယွမ်ကို ၁၆၅ ဒသမ ၉၇ ကျပ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ထက် သုည ဒသမ ၆၉ ကျပ် ဈေးကျခဲ့ကြောင်း၊ ယခုအပတ်အတွင်း မူဆယ်သို့ ပြည်တွင်း နယ်စုံမှ ဆန်တန် ၃၄၇၀၀ ခန့်ဝင်ရောက်ခဲ့ပြီး ယခင်တစ်ပတ်ထက် တန် ၄၀၀၀ ခန့် ပိုဝင်ခဲ့ကြောင်း၊ ရန်ကုန်မှ မူဆယ်သို့ ဆန်တင်ဆောင်ခမှာ တစ်တန်ကို ၁၁၀၀၀၀ ကျပ်ဖြစ်ခဲ့သဖြင့် ယခင်တစ်ပတ်ထက် ၁၀၀၀၀ ကျပ် ဈေးတက်ခဲ့ကြောင်းနှင့် မူဆယ်ဆန်ဈေးကွက် ရှေ့အလားအလာမှာ ပုံမှန်ဆက်ကောင်းနိုင်သေးတယ်လို့ စုံစမ်းသိရှိရပါတယ်။

မြန်မာ့ဆန်နဲ့ ဆန်ကွဲ ပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၂ ရက်အထိ တန်ချိန် ၁၂၂၂၁၄၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၄၄၃ သန်းကျော် ရရှိနေကာ ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၄၃၃၅၉၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄၅ သန်းခန့် ပိုမိုတင်ပို့ထားနိုင်တာ တွေ့ရပါတယ်။ ဆန်ဈေးကွက် ရှေ့အလားအလာမှာ ဈေးနှုန်းနဲ့ ဈေးကွက်ထူးခြားစွာ ပြောင်းလဲရန်မမြင်မိပါကြောင်း သုံးသပ်တင်ပြလိုက်ပါတယ်။

**သန်းအေး-ဆန်စပါး**

## ပြည်တွင်းမြို့ကြီးများ၏ (၉-၁-၂၀၁၅) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၃၄၉၆ | □ | ၁၅၀၀၀ | □ | ၆၄၄၀ | □ | ၃၀၀၀၀ | □ |
| ပုသိမ် | ၃၉၅၆ | □ | ၁၆၀၀၀ | △ | ၆၂၂၀ | □ | ၂၈၀၀၀ | □ |
| ပဲခူး | ၃၅၅၀ | □ | ၁၄၃၀၀ | △ | ၅၅၀၀ | □ | ၂၄၀၀၀ | □ |
| ရွှေဘို | - | - | - | - | ၈၃၀၀ | □ | ၂၉၅၀၀ | □ |
| စစ်တွေ | ၃၇၀၀ | △ | ၁၄၅၀၀ | □ | ၅၇၀၀ | △ | ၂၂၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၄၃၀၀ | □ | ၁၅၅၀၀ | △ | - | - | ၃၄၀၀၀ | △ |
| ရန်ကုန်(ဝါးတန်း) | ၃၅၀၀ | □ | ၁၅၃၀၀ | △ | - | - | ၂၇၅၀၀ | △ |
| မန္တလေး | ၄၄၀၀ | □ | ၁၇၅၀၀ | □ | - | - | ၂၈၀၀၀ | □ |
| မကွေး | ၄၅၀၀ | △ | ၁၇၀၀၀ | □ | - | - | ၃၃၀၀၀ | □ |
| မော်လမြိုင် | ၃၆၈၀ | □ | ၁၃၀၀၀ | □ | ၆၄၀၀ | □ | ၂၁၀၀၀ | □ |
| လှိုင်ကော် | ၆၀၀၀ | □ | ၂၂၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မြိတ် | ၄၀၀၀ | ▽ | ၁၇၅၀၀ | □ | - | - | ၃၁၀၀၀ | □ |
| ဘားအံ | ၃၇၀၀ | □ | ၁၄၂၀၀ | □ | - | - | ၂၈၀၀၀ | □ |
| တောင်ကြီး | - | - | ၁၅၀၀၀ | □ | - | - | ၃၄၀၀၀ | △ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

# ဒီဇင်ဘာလအတွင်း နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ဆန်တန်ချိန် ၁၆၉၀၀၀ ကျော်တင်ပို့

၂၀၁၄ ခုနှစ်ရဲ့ ဒီဇင်ဘာလနောက်ဆုံးပတ်ဖြစ်တဲ့ ၂၇ ရက်မှ ဇန်နဝါရီ ၂ ရက်ထိ ကာလအတွင်းမှာ မြန်မာ-တရုတ်နယ်စပ်မှ ကန်ဒေါ်လာ ၁၂ ဒသမ ၉၈၉ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၃၅၀၆၆ တန်တင်ပို့ခဲ့ပါတယ်။ စခန်းများအလိုက်တင်ပို့ခဲ့တဲ့ ဆန်အမျိုးအစားနဲ့ ပမာဏကို ကြည့်ပါက မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်က ငစိန်ဆန် ၁၉၆၀၅ တန်၊ ဧည့်မထ ၁၂၃၈၇ တန်ကျော်၊ လွယ်ဂျယ်စခန်းက ဧည့်မထိ ၂၈၂၃ တန်ကျော်၊ ချင်းရွှေဟော်စခန်းက ဧည့်မထ တန် ၂၅၀ အသီးသီး တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်သီတင်းပတ်ထက် ၁၂၂၀ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာလ တစ်လလုံးမှာတော့ ကန်ဒေါ်လာ ၆၂ ဒသမ ၃၂၀ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၁၆၉၁၃၄ တန်ကို တင်ပို့နိုင်ခဲ့ပြီး အနီးစပ်ဆုံးနိုဝင်ဘာလထက် ၈၇၀၅၇ တန်ပိုမိုခဲ့တဲ့အတွက် ဆန်တန်ချိန်ထက်ဝက်ခန့် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ ဆိုရပါမယ်။ ယခုနှစ်စပိုင်း ၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်းမှာ ဆန်တန်ချိန် နှစ်သိန်းတင်ပို့နိုင်ရေး မြန်မာနဲ့ တရုတ် နှစ်နိုင်ငံဆွေးနွေးထားပြီးဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရှိရပါတယ်။ **ယဉ်ယဉ်အေး MIRT (DCCA)**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၉-၁-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂/၁ | ၉/၁ | ပြောင်းလဲမှု | ၂/၁ | ၉/၁ | ပြောင်းလဲမှု | ၂/၁ | ၉/၁ | ပြောင်းလဲမှု | ၂/၁ | ၉/၁ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၄၄၈ | ၁၅၀၂ | ▲ | ၁၃၈၃ | ၁၄၃၃ | ▲ | ၁၃၅၀ | ၁၄၁၅ | ▲ | - | - | - |
| ၂ | ပဲစင်းငုံ | ၁၂၉၈ | ၁၃၄၁ | ▲ | ၁၂၃၃ | ၁၂၈၃ | ▲ | ၁၂၄၀ | ၁၂၈၅ | ▲ | ၁၂၁၀ | ၁၂၆၀ | ▲ |
| ၃ | ပဲတီစိမ်း | ၁၈၆၅ | ၁၈၆၅ | ■ | ၁၀၀၄ | ၁၈၆၇ | ▲ | ၁၀၄၂ | - | - | ၁၈၁၅ | ၁၈၁၆ | ▲ |
| ၄ | ကုလားပဲရိုးရိုး | ၈၈၀ | ၁၀၅၀ | ▲ | - | - | - | - | - | - | ၇၄၇ | ၇၇၅ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၀၀၀ | ၁၀၀၀ | ■ | ၉၆၇ | ၁၀၀၀ | ▲ | ၁၀၈၉ | - | - | ၇၁၀ | ၇၄၀ | ▲ |
| ၆ | ထောပတ်ပဲ | ၁၄၇၅ | ၁၄၇၅ | ■ | ၁၈၆၇ | ၁၆၀၀ | ▼ | ၁၀၅၃ | - | - | - | ၁၃၁၆ | - |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၉-၁-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ မွန်ဘိုင်း | | | အိန္ဒိယ ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၁/၁ | ၈/၁ | ပြောင်းလဲမှု | ၁/၁ | ၈/၁ | ပြောင်းလဲမှု | ၁/၁ | ၈/၁ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၈၆၀ | ၈၈၅ | ▲ | ၉၄၇ | ၉၇၃ | ▲ | ၉၇၉ | ၉၂၁ | ▼ |
| ၂ | ပဲစင်းငုံ | ၇၆၀ | ၇၉၀ | ▲ | ၇၉၈ | ၈၄၂ | ▲ | ၇၉၇ | ၈၅၀ | ▲ |
| ၃ | ပဲတီရွှေဝါ | ၁၀၉၀ | ၁၁၁၀ | ▲ | ၁၂၄၇ | ၁၂၃၉ | ▼ | ၁၃၃၁ | ၁၂၈၇ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၄၅၀ | ၄၅၀ | ■ | ၅၈၄ | ၅၇၂ | ▼ | ၅၆၁ | ၅၃၂ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှုအခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု ယခင်တစ်ပတ် (၂၇.၁၂.၁၄)ထိ | ပြည်ပတင်ပို့မှု ယခုတစ်ပတ် (၃.၁.၁၅)ထိ | ပြည်ပတင်ပို့မှု (၁.၄.၁၄) မှ (၃.၁.၁၅) ထိ |
|---|---|---|---|
| မတ်ပဲ | ၉၂၆၇ | ၁၀၀၄၂ | ၃၉၆၅၂၁ |
| ပဲတီစိမ်း | ၂၈၈၅ | ၄၅၁၁ | ၉၆၃၆၁ |
| ပဲစင်းငုံ | ၇၂၁ | ၂၆၄၀ | ၁၄၉၈၇၃ |
| ကုလားပဲ | ၁၃၃ | ၇၄ | ၈၄၀၉ |
| ပဲလွန်းဖြူ | ၃၁၈ | ၇၉၇ | ၂၅၈၁၃ |
| မြေထောက်ပဲ | - | ၂၈၇ | ၇၃၉၃ |

## ပြည်ပဲစင်းငုံပဲအဝင်လျှိုင်လာသလို ဈေးလည်းမြင့်လာခဲ့

ယခုတစ်ပတ် ပြည်ပဲဈေးကွက်သို့ ပဲစင်းငုံသစ်များ အဝင်များလာပြီး ပေါက်ခေါင်း၊ ပန်းတောင်း၊ ကံမမြို့နယ်များမှ တစ်ရက် အိတ် ၄၀၀ ကျော် ၅၀၀ အထိ ဝင်ရောက်ခဲ့ပါတယ်။ ပဲစင်းငုံသစ်များအား ဒေသတွင်းထက် ရန်ကုန်ဝယ်လက် အဝယ်လိုက်လို့ အိတ် ၅၀၀ ကျော် နေ့စဉ်ဝယ်ယူနေသလို ပဲဈေးနှုန်းမှာလည်း ယခင်တစ်ပတ်ထက် တစ်တင်း ၁၅၀၀ ကျပ်ခန့် ဈေးပိုရလို့ တစ်တင်း ၂၅၇၀၀ ကျပ်ထိ ဈေးကောင်းခဲ့ပါတယ်။ ပဲစင်းငုံဈေးမှာ ယခုနှစ် အဖွင့်ဈေးမှာထဲက ဈေးကောင်းရနေပြီး ယခုပဲအဝင်လျှိုင်လာချိန်မှာလည်း ဈေးဆက်မြင့်တက်နေလို့ ပဲဈေးကောင်းရမဲ့နှစ်လို့ ခန့်မှန်းရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

**စီးပွားရေးလုပ်ငန်းရှင်များသို့**

ဂျာနယ်တွင် ကြော်ငြာကိစ္စများနှင့်ပတ်သက်၍ သုတေသနနှင့် ပြည်သူ့ဆက်ဆံရေး ဌာနခွဲ ညွှန်ကြားရေးမှူးကိုယ်တိုင် လက်မှတ်ရေးထိုးထားသော ကြော်ငြာထည့်ရန် မေတ္တာရပ်ခံသည့်စာဖြင့် ကြော်ငြာတာဝန်ခံဝန်ထမ်း ဒေါ်မြင့်ဇင်ညွန့်ကိုယ်တိုင် ကြော်ငြာများ လက်ခံလျက်ရှိပါသည်။ ညွှန်ကြားရေးမှူး၏ မေတ္တာရပ်ခံစာ မပါဘဲ၊ ကြော်ငြာလာရောက် လက်ခံပါက အောက်ပါဖုန်းနံပါတ်များသို့ အသိပေးအကြောင်းကြားပါရန်မေတ္တာရပ်ခံ အပ်ပါသည်။

ဖုန်း - ၀၁ - ၃၇၁ ၀၂၃ ၊ ၂၅၁ ၁၉၇ ၊ ၂၅၂ ၀၁၇

# ပြည်ပဲမျိုးစုံဈေးကွက်ရဲ့၂၀၁၄ ခုနှစ်အတွင်း အဓိကအရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပဲများရဲ့ဈေးကွက်အခြေအနေ

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်မှာ ၂၀၁၄ ခုနှစ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သော ပဲများရဲ့ ဈေးနှုန်းများကို လေ့လာရာမှာ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံများသာ နှစ်ကုန်ဈေးက နှစ်ဆန်းဈေးထက်ဈေးမြင့်ရခဲ့ပြီး၊ ကုလားပဲ၊ ပဲကြီး၊ ပဲပုပ်သီးနှံများကတော့ နှစ်ဆန်းဈေးထက် နှစ်ကုန်ဈေးမှာ ဈေးလျှော့နည်းကျဆင်းသွားသလို ပဲဈေးကွက်ရဲ့ နှစ်ကုန်မှာ ဈေးအမြင့်ဆုံး ရနေတဲ့ ပဲကတော့ ပဲတီစိမ်းသီးနှံဖြစ်ခဲ့တာကို အောက်ဖော်ပြပါ ဇယားအတိုင်း တွေ့ရပါတယ်။

| လ | မတ်ပဲ | ပဲတီစိမ်း | ကုလားပဲ | ပဲစင်းငုံ | ပဲကြီး | ပဲပုပ် |
|---|---|---|---|---|---|---|
| ဇန်နဝါရီ | ၁၉၅၀၀ | ၃၀၆၀၀ | ၁၆၂၀၀ | ၁၈၈၀၀ | ၄၁၅၀၀ | ၂၀၀၀၀ |
| ဖေဖော်ဝါရီ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၅၇၀၀ | ၁၈၅၀၀ | ၄၁၅၀၀ | ၁၉၈၀၀ |
| မတ် | ၂၀၁၀၀ | - | ၁၅၇၀၀ | ၁၉၈၀၀ | ၂၆၅၀၀ | ၁၉၅၀၀ |
| ဧပြီ | ၂၀၈၆၀ | - | ၁၅၄၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၁၉၅၀၀ |
| မေ | ၂၆၀၀၀ | - | ၁၅၇၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၂၀၀၀၀ |
| ဇွန် | ၂၆၀၀၀ | - | ၁၅၄၀၀ | ၂၀၄၀၀ | ၂၆၀၀၀ | ၂၀၀၀၀ |
| ဇူလိုင် | ၂၈၉၀၀ | - | ၁၄၈၀၀ | ၂၁၇၀၀ | ၂၅၅၀၀ | ၂၀၀၀၀ |
| ဩဂုတ် | ၂၈၇၀၀ | ၃၂၉၀၀ | ၁၄၅၀၀ | ၂၃၅၀၀ | ၂၄၉၀၀ | ၂၀၀၀၀ |
| စက်တင်ဘာ | ၂၇၅၀၀ | ၃၄၀၀၀ | ၁၄၀၀၀ | ၂၃၄၀၀ | ၂၅၅၀၀ | ၂၀၀၀၀ |
| အောက်တိုဘာ | ၂၅၅၀၀ | ၃၈၅၀၀ | ၁၃၅၀၀ | ၂၃၈၀၀ | ၂၅၀၀၀ | ၂၀၀၀၀ |
| နိုဝင်ဘာ | ၂၈၂၀၀ | ၃၈၂၀၀ | ၁၃၂၀၀ | ၂၄၅၀၀ | ၂၃၀၀၀ | ၂၁၀၀၀ |
| ဒီဇင်ဘာ | ၂၈၀၀၀ | ၃၇၀၀၀ | ၁၅၀၀၀ | ၂၄၃၀၀ | ၂၂၅၀၀ | ၁၇၀၀၀ |

မတ်ပဲသီးနှံမှာ နှစ်ဆန်းတွင် ပဲဟောင်းလက်ကျန်များအရောင်းအဝယ်ဖြစ်နေလို့ တစ်တင်း ၁၉၀၀၀ ကျပ်ခန့်သာ ရရှိပြီး၊ ရန်ကုန်ဝယ်လက်များမှ လစဉ်ဝယ်ယူနေကြတယ်လို့ သိရပါတယ်။ ဆောင်းပဲများ ဖေဖော်ဝါရီလ မှာ ဝင်ရောက်လာပြီး ပဲဈေးမှာ အဟောင်းဈေးနှင့် သိပ်မကွာခြားဘဲ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ မတ်လမှာ ဈေးအနည်းငယ်မြင့်လာပြီး ဧပြီသင်္ကြန်ပြီးချိန်မှ စ၍ တဖြည်းဖြည်းဈေးမြင့်လာခဲ့ကာ နှစ်ကုန်ထိ ပဲဈေးမှာ ပြန်လည်ကျဆင်းသွားခြင်း သိပ်မဖြစ်ခဲ့ဘဲ အောက်တိုဘာလ တစ်လသာ ပဲအဝယ်အေးသွားလို့ ဈေးကျသွားပြီး နိုဝင်ဘာလမှစ၍ ဈေးပြန်မြင့်ခဲ့ပြီး နှစ်ကုန်မှာလည်း တစ်တင်း ၂၈၀၀၀ ကျပ်ဖြင့် ဈေးအမြင့်ရရှိခဲ့တာကို တွေ့ရပါတယ်။

ပဲတီစိမ်းသီးနှံကတော့ ဈေးကွက်မှာ တစ်နှစ်ပတ်လုံး လစဉ်အရောင်းအဝယ်မဖြစ်ဘဲ သင်္ကြန်နီးကာလမှစ၍ ဇူလိုင်လ အထိ ပဲလက်ကျန်မရှိလို့ အရောင်းအဝယ်မဖြစ်ခဲ့ဘဲ ဩဂုတ်လမှသာ မိုးပဲတီစိမ်းသစ်များ ဝင်ရောက်လာပြီး တစ်တင်း ၃၂၉၀၀ ကျပ်ဖြင့် ဈေးအမြင့်နဲ့ ဈေးကွက်မှာ မျက်နှာပန်းလှတဲ့ ပဲဖြစ်ခဲ့ပါတယ်။ စက်တင်ဘာလကုန်လောက်မှာ အဝင်နည်းသွားပြီး ပဲလက်ကျန်များသာ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ အောက်တိုဘာလတွင် တစ်တင်း ၃၈၅၀၀ ကျပ်ထိ ဈေးဆက်မြင့်ခဲ့ပြီး နှစ်ကုန်ဈေးမှာ တစ်တင်း ၃၇၀၀၀ ကျပ်ရှိလို့ နှစ်ဆန်းဈေးထက် ဈေးပိုတယ်လို့ သိရပါတယ်။ ပဲတီစိမ်းကို ရန်ကုန်ဝယ်လက်မှ သိပ်ပြီးအဝယ်မရှိဘဲ မန္တလေးလိုင်းသမားများမှ ဝင်ရောက်လာသမျှ ပဲတီစိမ်းများအား ဝယ်ယူခဲ့လို့ ဈေးလည်းကောင်း အရောင်းအဝယ်လည်းသွက်တဲ့ပဲလို့ ဆိုရမှာဖြစ်ပါတယ်။

ကုလားပဲသီးနှံကတော့ အခြားပဲများနှင့် ယှဉ်ရင် တစ်နှစ်တာပတ်လုံး ဈေးအေးအေးနဲ့ အရောင်းအဝယ် ဖြစ်ခဲ့ပြီး နှစ်ဆန်းမှာ တစ်တင်း ၁၆၂၀၀ ကျပ်ထိ ဈေးရခဲ့သော်လည်း ဖေဖော်ဝါရီလမှစ၍ ပဲသစ်များဝင်ရောက်လာပြီး ဈေးလည်းသိသိသာသာ မြင့်တက်လာခြင်းမရှိဘဲ အဟောင်းဈေးထက် ဈေးလျှော့နည်းသွားခဲ့ပါတယ်။ ပဲဈေးမှာ တစ်လထက်တစ်လ ဈေးအေးသွားပြီး ဝယ်ယူမှုမှာလည်း ဒေသတွင်း ခွဲစက်သမားများနဲ့သာ အရောင်းအဝယ်ဖြစ်ခဲ့ ပါတယ်။ တစ်ခါတစ်ရံမှာတော့ ရခိုင်ပြည်နယ်သို့ တင်ပို့နိုင်ခဲ့ခြင်းရှိသလို ဧရာဝတီတိုင်းဘက်သို့လည်း တင်ပို့ရောင်းချခဲ့ကြပါတယ်။ နှစ်ကုန်မှာတော့ တစ်တင်း ၁၅၀၀၀ ကျပ်ဖြင့်သာ နှစ်ဆန်းထက် ဈေးလျှော့နည်းပြီး ပဲသစ်များလည်း တချို့ဒေသများမှာ ဝင်ရောက်လာပြီဖြစ်တယ်လို့ သိရပါတယ်။

ပဲစင်းငုံသီးနှံမှာ ဒေသတွင်းနှင့် ရန်ကုန်ဝယ်လက်များ ဝယ်ယူမှုရှိလို့ ပဲတီစိမ်း၊ မတ်ပဲသီးနှံလောက် ဈေးကောင်းမရသော်လည်း ကုလားပဲသီးနှံထက်တော့ ဈေးပိုခဲ့ပါတယ်။ နှစ်ဆန်းမှာ တစ်တင်း ၁၈၈၀၀ ကျပ်ရရှိခဲ့ပြီး တစ်လထက်တစ်လဈေးပိုလာပြီး နှစ်ကုန်မှာတော့ တစ်တင်း ၂၄၃၀၀ ကျပ်ထိ ဈေးပိုရခဲ့ပါတယ်။ ဒီဇင်ဘာလဆန်း တွင် ပဲသစ်များဝင်ရောက်ခဲ့ပြီး နှစ်ဆန်းထက် ဈေးပိုလာသလို လာမဲ့ ၂၀၁၅ အတွင်းမှာလည်း ယခုနှစ်ထက်တော့ ဈေးပိုနိုင်တယ်လို့ ခန့်မှန်းကြပါတယ်။

ပဲကြီးသီးနှံမှာလည်း ပဲဟောင်းလက်ကျန်များ ဖေဖော်ဝါရီတွင် ပြတ်သွားပြီး တစ်တင်း ၄၁၅၀၀ ကျပ်ဖြင့် ဈေးအမြင့်ဆုံးနဲ့ ဈေးကွက်အတွင်းမှာ ရရှိခဲ့ပါတယ်။ သို့သော်လည်း ပဲသစ်များပေါ်လာမည့်အချိန်တွင်တော့ ၂၀၁၄ ရဲ့ ပဲသစ်ဈေးမှာ တစ်တင်း ၂၆၅၀၀ ကျပ်ဖြင့်သာဈေးရခဲ့လို့ ပဲကြီးသီးနှံမှာ ပဲသစ်ပေါ်ချိန်မှစ၍ နှစ်ကုန်ထိဈေးမှာ ယခင်နှစ်ပဲသစ်ပေါ်စရာသီ ဈေးနှုန်းကို မမီခဲ့ဘဲ တစ်နှစ်တာလုံး ဈေးအေးအေးနဲ့သာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ နှစ်ကုန်မှာတော့ တစ်တင်း ၂၂၅၀၀ ကျပ်ဖြင့် ဒေသတွင်း ပဲကြော်ဖိုသမားများနဲ့သာ နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ပဲကြီးသီးနှံမှာလည်း အခြားတိုင်းသို့ တင်ပို့မှု သိပ်မရှိဘဲ ဒေသတွင်းသာ အရောင်းအဝယ်အများဆုံးဖြစ်ခဲ့ကြတာကို တွေ့ရပါတယ်။

ပဲပုပ်သီးနှံမှာ တစ်နှစ်တာလုံး၌ တစ်တင်း ကျပ်နှစ်သောင်းတစ်ပတ်လည်သာ ဈေးငြိမ်အရောင်းအဝယ် ဖြစ်ခဲ့ကြပါတယ်။ ဒေသတွင်း လက်လီသမားများနှင့် ရန်ကုန်ဘက်သို့လည်း တင်ပို့ရောင်းချခဲ့ကြပါတယ်။ ဒီဇင်ဘာလဆန်းတွင် ဆောင်းပဲပုပ်သစ်များ အနည်းငယ်ဈေးကွက်သို့ ဝင်ရောက်လာပြီး ပဲသစ်ဈေးမှာ ပဲဟောင်းဈေးထက် ဈေးလျှော့လို့ တစ်တင်း ၁၇၀၀၀ ကျပ်ဖြင့်သာ နှစ်ဆန်းက ပဲပုပ်ဈေးထက် ထပ်မံကျဆင်းခဲ့ကြောင်း သိရပါတယ်။

နှစ်ကုန်ပိုင်းတွင် ဆောင်းပဲများဖြစ်သော မတ်ပဲ၊ ကုလားပဲ၊ ပဲပုပ်၊ ပဲတီစိမ်းသီးနှံများမှာ ပဲဦးများ ဈေးကွက်သို့ ဝင်ရောက်လာပြီး ပဲဈေးနှုန်းများ နှိုင်းယှဉ်ချက်အရ ပဲဟောင်းထက် ပဲသစ်ဈေးမှာ ပဲပုပ်သီးနှံမှလွဲ၍ အခြားပဲများ အားလုံးလိုလို ဈေးပိုနိုင်တဲ့ အလားအလာရှိနိုင်ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# ပခုက္ကူကုန်စည်ဒိုင်ရဲ့ ၂၀၁၅ ခုနှစ် နှစ်ဦးမင်္ဂလာ

မြင့်ဦး - ပခုက္ကူ

၂၀၁၄ ခုနှစ်ကုန်လို့ ၂၀၁၅ ခုနှစ်ထဲကို ဝင်ရောက်လာခဲ့ပြီဖြစ်ပါတယ်။ အချိန်ကာလယန္တရားရဲ့ စဉ်ဆက်မပြတ် လည်ပတ်မှုကြောင့်လို့ ပြောရမှာပါ။ ၂၀၁၅ ခုနှစ် နှစ်ဦးအစ ပခုက္ကူကုန်စည်ဒိုင်ရဲ့ ရောင်းဝယ်မှုပမာဏတွေကို လေ့လာကြည့်ရင် နယ်ကုန်က အမယ်စုံဝင်တယ်လို့ ပြောရမှာဖြစ်ပါတယ်။ ဂန့်ဂေါခရိုင် ယောဒေသကပစ္စည်းတွေဝင်သလို ကိုယ့်ဒေသ၊ မြေပြန့်ဒေသကထွက်တဲ့ ပစ္စည်းတွေလည်း ပါနေပါတယ်။ အရောင်းအဝယ်ဖြစ်တဲ့ သီးနှံတွေကတော့ ပဲစင်းငုံနီ (သစ်)၊ ပဲတီစိမ်း၊ ကုလားပဲဝါ၊ ကုလားပဲဖြူ၊ စီပီပြောင်းဖူးစေ့၊ နှမ်းစမုံနက်၊ နှမ်းနက်၊ ပဲယင်း(မြစ်ခြေ)၊ ပဲယင်း (ယော) စတာတွေပါ။

**ပဲစင်းငုံနီ(သစ်)**

| | | |
|---|---|---|
| ၁. ၁. ၂၀၁၅ | တစ်ပိဿာ ၁၂၁၅ ကျပ် | တစ်တင်း ၂၄၃၀၀ ကျပ် |
| ၂. ၁. ၂၀၁၅ | တစ်ပိဿာ ၁၂၄၅ ကျပ် | တစ်တင်း ၂၄၉၀၀ ကျပ် |
| ၃. ၁. ၂၀၁၅ | တစ်ပိဿာ ၁၂၇၀ ကျပ် | တစ်တင်း ၂၅၄၀၀ ကျပ် |
| ၅. ၁. ၂၀၁၅ | တစ်ပိဿာ ၁၂၉၀ ကျပ် | တစ်တင်း ၂၅၈၀၀ ကျပ် |
| ၆. ၁. ၂၀၁၅ | တစ်ပိဿာ ၁၂၇၀ ကျပ် | တစ်တင်း ၂၅၄၀၀ ကျပ် |

ဇာတ်လိုက်ကျော် ပဲစင်းငုံနီဟာ ဈေးကွက်ကို စတင်ဝင်ရောက်လာကတည်းက တက်ဈေးနဲ့ စဖွင့်တယ်လို့ ပြောရမှာပါ။ မိုးလယ်ညှံ့ခဲ့လို့ သီးနှံရပ့်မလားလို့ စိုးရိမ်ရတဲ့ အခြေအနေက နောက်မိုးကောင်းလို့ အချို့နေရာများမှလွဲရင် အားလုံးနီးပါး အထွက်ကောင်းတယ်ဆိုတဲ့ မင်္ဂလာသတင်းများရတော့ ပဲစင်းငုံသီးနှံအနေနဲ့ သူ့ဘက်ကတာဝန်ကျေတယ်လို့ ပြောရမှာပါ။ မေ၊ ဇွန်မှာ စိုက်၊ ဒီဇင်ဘာနောက်ဆုံးပတ်မှာ ပေါ်တဲ့ ခြောက်လကျော်တဲ့သီးနှံ မိုးလယ်မှာအပင်တစ်ထွာတစ်တောင်နဲ့ အသက်လုနေရတဲ့ အခြေအနေမှာ ကောင်းလာတဲ့နောက်မိုးနဲ့အတူ လွင့်လူလာခဲ့ပြီး၊ သူ့တာဝန်သူကျေကာ ဖွံ့ထွားရှင်သန်လို့ အသီးအနှံ အစေ့အဆံ ပဲစင်းငုံနီဟာ ဈေးကွက်ကို ခေါင်းမော့ ရင်ကော့၊ လက်မထောင် ဝင်လာပါပြီ။ မြို့ပေါ်လှောင်လက်၊ ဝယ်လက် ရန်ကုန်၊ မန္တလေးအော်ဒါ ကုမ္ပဏီများရဲ့ ဈေးကွက်နဲ့ အထွက်ကိုချင့်ချိန်ဝယ်လှောင် အနေအထားတွေအရ ဇာတ်လိုက်ကျော် ပဲစင်းငုံနီဟာ ဈေးကွက်မှာ သက်ဝင်လှုပ်ရှား ဟိုလက်မှ ဒီလက်၊ ဒီလက်မှ ဟိုလက်အပြောင်းအလဲများနေတာကို တွေ့ရပါတယ်။ ယခုအချိန်မှာကတော့ ပစ္စည်းကလည်း ပေါ်ဦးပေါ်ဖျားပစ္စည်းရှိနေတုန်း ဝယ်လက်ကလည်း လှုပ်ရှားကောင်းနေတုန်း ဆိုတော့ ရောင်းကောင်းဝယ်ကောင်းနေတုန်းပါ။ ပခုက္ကူကုန်စည်ဒိုင်ရဲ့ ရောင်းပန်းဝယ်ပန်း အကောင်းဆုံးအချိန် ဇွန်လလောက်မှာတော့ အရောင်းအဝယ် ဇာတ်ရှိန်မြင့်လာတဲ့ အချိန်ရယ်၊ နောက်ဆုံးပိတ် လက်ကျန်နည်းတဲ့ အချိန်မှာ ပြဿနာများများ ပေါ်တတ်တဲ့သီးနှံပါ၊ ပဲစင်းငုံနီ (သစ်)နဲ့ ဈေးကွက်ဇာတ်လမ်းမှာ နောက်ဆုံးပိတ် ဘယ်လိုစခန်းသွားမယ်ဆိုတာ စောင့်ကြည့်ရမယ့် သီးနှံတစ်ခုပါ။

**ပဲတီစိမ်း**

| | | |
|---|---|---|
| ၁. ၁. ၂၀၁၅ | တစ်ပိဿာ ၁၈၄၂ ကျပ် | တစ်တင်း ၃၅၀၀၀ ကျပ် |
| ၂. ၁. ၂၀၁၅ | တစ်ပိဿာ ၁၈၄၂ ကျပ် | တစ်တင်း ၃၅၀၀၀ ကျပ် |
| ၅. ၁. ၂၀၁၅ | တစ်ပိဿာ ၁၈၅၇ ကျပ် | တစ်တင်း ၃၅၃၀၀ ကျပ် |
| ၆. ၁. ၂၀၁၅ | တစ်ပိဿာ ၁၈၄၇ ကျပ် | တစ်တင်း ၃၅၁၀၀ ကျပ် |

တရုတ်လက်အဆွဲများတဲ့ ပဲတီစိမ်းဟာ ၂၀၁၅ ခုနှစ်မှာတော့ ဈေးကွက်မှာ တည်တည်ငြိမ်ငြိမ် စခန်းသွားနေတယ်လို့ သုံးသပ်ရမှာပါ။ ယောစိမ်း၊ ပြင်စိမ်း ဝင်နေတာကို တွေ့ရပါတယ်။ ပစ္စည်းများတယ်လို့လည်း ပြောမရ၊ နည်းတယ်လို့လည်းမဆိုသာ၊ ပဲစင်းငုံလောက် ပစ္စည်းမများတာတော့အမှန်ပါ။ ထားခဲ့ဖူးတဲ့မှတ်တမ်းများအရ ဈေးသိပ်ဆင်းမသွားဘဲ၊ ပုံမှန်ရောင်းဝယ်မှုပြုလုပ်နေတဲ့ သီးနှံလို့သတ်မှတ်ရမှာပါ။ ဒါပေမယ့် တရုတ်ဝယ်လက် အဆွဲကြမ်းရင် ဈေးမြင့်သွားတတ်တာကို လေ့လာရပါတယ်။ ယခုအနေအထားမှာတော့ လှောင်လက်အများစု ဝယ်ယူသိုလှောင်နေတာကို လေ့လာရပါတယ်။

**ကုလားပဲဝါ**

| | | |
|---|---|---|
| ၁. ၁. ၂၀၁၅ | တစ်ပိဿာ ၇၄၇ ကျပ် | တစ်တင်း ၁၄၂၀၀ ကျပ် |
| ၂. ၁. ၂၀၁၅ | တစ်ပိဿာ ၇၄၇ ကျပ် | တစ်တင်း ၁၄၂၀၀ ကျပ် |

**ကုလားပဲဖြူ**

| | | |
|---|---|---|
| ၅. ၁. ၂၀၁၅ | တစ်ပိဿာ ၈၄၂ ကျပ် | တစ်တင်း ၁၆၀၀၀ ကျပ် |
| ၆. ၁. ၂၀၁၅ | တစ်ပိဿာ ၈၅၂ ကျပ် | တစ်တင်း ၁၆၂၀၀ ကျပ် |

ကုလားပဲအုပ်စုအနေနဲ့ ပခုက္ကူမှာ နှစ်နှစ်လောက်ဆိုသလို အထိနာခဲ့တယ်ဆိုတဲ့ သတင်းများ ရရှိပါတယ်။ ကုလားပဲဝါကို ဒေသတွင်းပဲခွဲစက်များ အဆွဲများကြပြီး ကုလားပဲဖြူကိုတော့ Export ဝယ်လက်တို့ ဆွဲကြတာကို တွေ့ရပါတယ်။ နှစ်နှစ်ဆက်တိုက် ဈေးရယ်၊ ပိုးမွှားဒဏ်ရယ်၊ ခံခဲ့ကြရတော့ ဒီနှစ်အဖို့ နှိုင်းနှိုင်းချိန်ချိန် သုခမိန်လို့ ဆိုရလောက်အောင် ချင့်ချိန်ဆွဲနေတာကို တွေ့ရပါတယ်။

**စီပီပြောင်းဖူးစေ့**

| | | |
|---|---|---|
| ၁. ၁. ၂၀၁၅ | တစ်ပိဿာ ၃၄၄ ကျပ် | တစ်တင်း ၆၂၀၀ ကျပ် |
| ၂. ၁. ၂၀၁၅ | တစ်ပိဿာ ၃၅၀ ကျပ် | တစ်တင်း ၆၃၀၀ ကျပ် |

နှစ်ရက်ထဲအရောင်းအဝယ်ဖြစ်ပါတယ်။ တရုတ်လက်အဆွဲရှိနေတော့ နှစ်စဉ် အကျိုးအမြတ်ရှိနေတဲ့ သီးနှံမျိုးပါ။ စီပီပြောင်းဖူးစေ့အနေနဲ့ အထွက်ကောင်း တောင်သူတွေ တွက်ခြေကိုက်တဲ့ သီးနှံမျိုးပါ၊ အထွက် တစ်ဧကကို တင်း ၈၀ နဲ့ ၁၀၀ ကြားရှိနေလေတော့ ရေစကြိုနယ်ဘက်မှာဆိုရင် နွေမိုးဆောင်း သုံးရာသီစလုံး စိုက်ပျိုးကြတာကို လေ့လာတွေ့ရှိရပါတယ်။ တောင်သူကိုက်တယ် ဈေးကွက်တရုတ်အဆွဲရှိတယ်ဆိုပေမယ့် လေ့လာရသလောက် စီပီဆိုတာ ထိုင်းဘက်ကမျိုးရင်းလို့ သိရပြီး ဈေးကွက်ဟာ မျိုးရင်းရှိတဲ့ ထိုင်းဘက်ကို မထွက်ဘဲ တရုတ်ဘက်ကအဆွဲများ၊ အထွက်များတာကို ထူးထူးခြားခြားလေ့လာရပါတယ်။



**နှမ်းရောင်စုံ**

**နှမ်းစမုံနက်**

| | | |
|---|---|---|
| ၁. ၁. ၂၀၁၅ | တစ်ပိဿာ ၃၆၄၀ ကျပ် | တစ်တင်း ၅၄၆၀၀ ကျပ် |
| ၂. ၁. ၂၀၁၅ | တစ်ပိဿာ ၃၇၃၃ ကျပ် | တစ်တင်း ၅၆၀၀၀ ကျပ် |
| ၅. ၁. ၂၀၁၅ | တစ်ပိဿာ ၄၁၆၆ ကျပ် | တစ်တင်း ၆၂၅၀၀ ကျပ် |
| ၆. ၁. ၂၀၁၅ | တစ်ပိဿာ ၃၆၀၀ ကျပ် | တစ်တင်း ၅၄၀၀၀ ကျပ် |

**နှမ်းနက် (ဂွနက်)**

| | | |
|---|---|---|
| ၁. ၁. ၂၀၁၅ | တစ်ပိဿာ ၂၆၈၆ ကျပ် | တစ်တင်း ၄၀၃၀၀ ကျပ် |
| ၂. ၁. ၂၀၁၅ | တစ်ပိဿာ ၂၆၈၆ ကျပ် | တစ်တင်း ၄၀၃၀၀ ကျပ် |
| ၃. ၁. ၂၀၁၅ | တစ်ပိဿာ ၂၇၀၆ ကျပ် | တစ်တင်း ၄၀၆၀၀ ကျပ် |
| ၅. ၁. ၂၀၁၅ | တစ်ပိဿာ ၂၇၀၀ ကျပ် | တစ်တင်း ၄၀၅၀၀ ကျပ် |
| ၆. ၁. ၂၀၁၅ | တစ်ပိဿာ ၂၆၇၃ ကျပ် | တစ်တင်း ၄၀၁၀၀ ကျပ် |

နှမ်းရောင်စုံအနေနဲ့ကြည့်ရင် နှမ်းစမုံနက်ဆိုတာ ပခုက္ကူနယ်ဘက်မှာ စိုက်ပျိုးလာကြပေမဲ့ အမှန်တကယ်ပြောရရင် အောင်လံစမုံနက်လောက် သန့်စင်မှုမရှိဘူးဆိုတာ အမှန်ပါ။ မန္တလေး၊ တရုတ်အဆွဲပေါ်မူတည်လို့ ဈေးအတက်အကျရှိနေတယ်လို့ သုံးသပ်ရပါတယ်။ ဒေသမျိုးနှမ်းနက်ကို ဂွနက်ခေါ်ပါတယ်။ တရုတ်၊ မန္တလေးဆွဲသလို၊ ဒေသခံဆီစက်များလည်း ဆွဲနေကြတာ တွေ့ရပါတယ်။ ပြင်နှမ်း၊ ယောနှမ်း တော်တော်ဝင်နေပါတယ်။ ယခုဈေးကွက်အနေအထားအရ ဈေးနှုန်းမြင့်မြင့်ပျံနေတဲ့ ရောင်စုံနှမ်းလိပ်ပြာတွေလို့ ပြောရမှာပါ။

**ပဲယင်း**

| | | |
|---|---|---|
| ၂. ၁. ၂၀၁၅ | ယောပဲယင်းတစ်ပိဿာ ၁၁၀၀ ကျပ် | တစ်တင်း ၂၂၀၀၀ ကျပ် |
| ၃. ၁. ၂၀၁၅ | ယောပဲယင်းတစ်ပိဿာ ၁၀၂၅ ကျပ် | တစ်တင်း ၂၀၅၀၀ ကျပ် |
| ၅. ၁. ၂၀၁၅ | ယောပဲယင်းတစ်ပိဿာ ၁၀၂၅ ကျပ် | တစ်တင်း ၂၀၅၀၀ ကျပ် |
| ၁. ၁. ၂၀၁၅ | မြစ်ခြေပဲယင်းတစ်ပိဿာ ၁၀၀၀ ကျပ် | တစ်တင်း ၂၀၀၀၀ ကျပ် |
| ၂. ၁. ၂၀၁၅ | မြစ်ခြေပဲယင်းတစ်ပိဿာ ၁၀၀၀ ကျပ် | တစ်တင်း ၂၀၀၀၀ ကျပ် |
| ၅. ၁. ၂၀၁၅ | မြစ်ခြေပဲယင်းတစ်ပိဿာ ၁၁၀၀ ကျပ် | တစ်တင်း ၂၂၀၀၀ ကျပ် |
| ၆. ၁. ၂၀၁၅ | မြစ်ခြေပဲယင်းတစ်ပိဿာ ၁၀၅၀ ကျပ် | တစ်တင်း ၂၁၀၀၀ ကျပ် |

ပခုက္ကူမြို့နယ် မြစ်ခြေကထွက်တဲ့ ပဲယင်း၊ ဂန့်ဂေါခရိုင် ဂန့်ဂေါ၊ ထီးလင်း၊ ဆောဘက်ကထွက်တဲ့ ပဲယင်းဈေးကွက်မှာ အစုံအလင်ဝင်ရောက်နေတာ တွေ့ရပါတယ်။ ဒီနှစ်အဖို့ ပဲယင်းကို ပြည်တွင်းသုံးသာမက တရုတ်အဆွဲပါရှိတယ်လို့ သိရပါတယ်။ ယခင်နှစ်က အမြင့်ဆုံးဖြစ်ခဲ့ဖူးတဲ့ ဈေးထက်ယခုနှစ်ဖွင့်လှစ်မှုဈေးက ပိုနေလေတော့ ပဲယင်းဈေးခပ်တင်းတင်းလို့ သုံးသပ်ကြပြီး အပြိုင်ဆွဲကာသန့်မှုစင်မှု အပေါ်မူတည်ပြီး ဈေးနှုန်းအတက်အကျ ရှိတယ်လို့ ပြောကြပါတယ်။

**မြေပဲ**

ကုန်စည်ဒိုင်မှာတင်ပြီး အရောင်းအဝယ်မဖြစ်ဘဲ ဆက်နွယ်ရာပွဲရုံတွေကိုဝင်ပြီး ပြင်ပမှာ အရောင်းအဝယ်ဖြစ်ကြပါတယ်။ မြေပြန့်ဒေသ (ပြင်) တွေထဲရော၊ ယောဒေသက မြေပဲပါ အကုန်ဝင်နေပါတယ်။ မြေပဲတောင့်တစ်ပိဿာ ၁၃၀၀ ကျပ်-၁၃၅၀ ကျပ်-၁၄၀၀ ကျပ်ဈေးများဖြစ်ပါတယ်။ မြေပဲရဲ့ လုံးကပ်မှု အစေ့အဆံ အောင်မြင်မှု အခွံထူမှု၊ ပါးမှုတွေကြောင့် ဈေးကွာတယ်လို့ ပြောကြပါတယ်။ မြေပဲတောင့်တစ်တင်းမှာ ပိဿာချိန် ၆ ဒသမ ၅ ပိဿာ-၇ ပိဿာ-၇ ဒသမ ၅ ပိဿာမှ ၈ ပိဿာအထိ ကွာဟမှုရှိနေတာကို တွေ့ရပါတယ်။ မြေပဲဆန်ဈေးတွေအနေနဲ့ ဆီဆန်တစ်ပိဿာ ၁၉၀၀ ကျပ်၊ လုံးဆန် တစ်ပိဿာ ၂၄၀၀ ကျပ်ဈေးတွေရှိပြီး၊ ဆီဆန်ကို ဆီစက်များကဆွဲကြပြီး လုံးဆန်ကို အလှော်သမား၊ အကြော်သမားနဲ့ Export ဝယ်လက်များ ဆွဲတယ်လို့ သိရပါတယ်။ ၂၀၁၅ ခုနှစ်၊ နှစ်သစ်မင်္ဂလာမှာ ပခုက္ကူကုန်စည်ဒိုင်ရဲ့ ရောင်းမှုဝယ်မှုများ ဖြစ်ပါတယ်။ စိုက်ပျိုးထုတ်လုပ်သူက စိုက်ပျိုးထုတ်လုပ်တယ်၊ မိုးလေဝသ၊ ရာသီဥတု အထောက်အကူပြုတော့ ထွက်ရှိတယ်။ ဈေးကွက်ကိုဝင်ရောက်လာကြတယ်။ ရောင်းဝယ်ဖောက်ကားသူက ရောင်းဝယ်ဖောက်ကားတင်ပို့ကြတယ်၊ အဲဒီမြင်ကွင်းများဟာ တိုင်းပြည်အတွက် ကျက်သရေမင်္ဂလာ အပေါင်း ခညောင်းစေတဲ့ ပြည်တွင်းရတနာများ ဖြစ်ပါတယ်။ စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် ပြည်ကျိုးဆောင်နိုင်ကြပါစေ၊ ကုန်သွယ်မှုဖြင့် ပြည်ကျိုးဆောင် အောင်ကြပါစေဟု နှစ်ဦးမင်္ဂလာဆုတောင်းလွှာပါ။

## နနွင်း



### နနွင်းတက်တင်ပို့မှု အနည်းငယ်လျော့

၂၀၁၄ ခုနှစ် ဒီဇင်ဘာလနောက်ဆုံးပတ်မှာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၀၂၀ သန်း တန်ဖိုးရှိတဲ့ နနွင်းတက် ၃၅ တန်ခွဲတင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က ၄၅ တန်ခွဲ တင်ပို့နိုင်ခဲ့လို့ ယခုရက်သတ္တပတ်မှာ ၁၀ တန်လျော့နည်းသွားတာ တွေ့ရပါတယ်။ ဒီဇင်ဘာတစ်လလုံး စခန်းပေါင်းစုံက တင်ပို့ခဲ့တဲ့ နနွင်းတက် တန်ချိန် ၃၀၀ နီးပါးရှိပြီး တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၁၇၁၀၀၀ ကျော် ရှိခဲ့ပါတယ်။

**မော်မော်အောင် MIRT (DCCA)**

### မလေးနဲ့ စင်ကာပူသို့ နနွင်းတင်ပို့

ဒီဇင်ဘာ နောက်ဆုံးသီတင်းပတ်မှာတော့ ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်း မှနနွင်း ၈၁ ဒသမ ၅ တန်ကို ပြည်ပဈေးကွက်ကို တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ကန်ဒေါ်လာ ၂၂၈၀၀ တန်ဖိုးရှိ နနွင်းတန် ၄၀ ကိုမလေးရှားနိုင်ငံကိုလည်းကောင်း၊ ကန်ဒေါ်လာ ၁၉၉၀၅ တန်ဖိုးရှိ နနွင်း ၄၁ ဒသမ ၅ တန်ကိုစင်ကာပူနိုင်ငံကိုလည်း ကောင်းတင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်တင်ပို့မှုနဲ့ယှဉ်ကြည့်ရင် ဒီတစ်ပတ်မှာ တန် ၅၀ နီးပါးတင်ပို့မှုပိုခဲ့တယ်လို့ သိရပါတယ်။

လချုပ်ကိုကြည့်မယ်ဆိုရင် ဒီဇင်ဘာလအတွင်း မလေးရှား၊ စင်ကာပူ၊ ယီမင်နဲ့ ဂျပန်နိုင်ငံများကိုတင်ပို့ခဲ့ပါတယ်။ စုစုပေါင်းတင်ပို့နိုင်ခဲ့တဲ့ တန်ချိန်မှာ ၂၀၄ ဒသမ ၇၆ တန်ရှိခဲ့တယ်လို့ သိရပါတယ်။ ဒီဇင်ဘာလ နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၁၂၁၇၄၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း (DOT)**

### ရှမ်းနနွင်းကို ပြည်တွင်းသာမက ပြည်ပဝယ်လက်ပါရှိ

နိုဝင်ဘာ၊ ဒီဇင်ဘာလလောက်ကစပြီး ရှမ်းနနွင်းလည်း အရောင်းအဝယ်ဖြစ်လာပါတယ်။ ပြည်တွင်းသုံး အတွက်သာမက ပြည်ပတင်ပို့ဖို့အတွက် ရန်ကုန်နဲ့ တောင်ကုတ်ဝယ်လက်တွေဝယ်ယူနေတယ်လို့လည်း သိရပါတယ်။ အောင်ပန်းဈေးကွက်မှာ အရောင်းအဝယ်သိပ်မဖြစ်ဘဲ၊ တောင်ကြီးမှာအထိုင်ချပြီး ဟိုပုံးနနွင်းစတွေကို ဝယ်ယူနေတယ်လို့လည်း သိရပါတယ်။ ဝယ်လက်တွေက ဟိုပုံးစကို ပေါလစ်ပြန်ပြီး တင်နေတယ်လို့လည်း သိရပါတယ်။ ဘယ်ဈေးကွက်ကို သွားမယ်ဆိုတာကိုတော့ အသေအချာမသိသေးဘူးလို့လည်း နနွင်းပွဲရုံတွေထံက သိရပါတယ်။ ရှမ်းနနွင်းက အရောင်းအဝယ်ပုံမှန်ဖြစ်နေပြီး ဈေးကလည်း တက်လာပါတယ်။ တောင်ပို့လ (အောင်ပန်းစ) တွေက တစ်ပိဿာ ၁၀၀၀ ကျပ်-၁၂၀၀ ကျပ်၊ ဟိုပုံးစက ၁၄၀၀ ကျပ်နဲ့ ဆင်တောင်စက ၁၆၀၀ ကျပ်ဈေးရှိပါတယ်။ တစ်ပတ်အတွင်း နနွင်း ပိဿာချိန်ပေါင်း တစ်သောင်းရှစ်ထောင့်သုံးရာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရှိရပါတယ်။

**ဇေခိုင်-တောင်ကြီး**

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး**
**ဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ ကုန်သွယ်မှုမူဝါဒဌာနခွဲတွင်**
**(၂၉-၁၂-၂၀၁၄) ရက်မှ (၉-၁-၂၀၁၅) ရက်ထိ**
**ပို့ကုန်သွင်းကုန်မှတ်ပုံတင်အသစ်ပြုလုပ်ခြင်း၊ သက်တမ်းတိုး၊**
**ပြင်ဆင်လျှောက်ထားမှုများ ဆောင်ရွက်ပြီးစီးမှုစာရင်း**

| | | |
|---|---|---|
| (က) | ပို့ကုန်/သွင်းကုန် မှတ်ပုံတင်ခြင်း | ၅၇-စောင် |
| (ခ) | ပို့ကုန်/သွင်းကုန်သက်တမ်းတိုးခြင်း | ဂ၇-စောင် |
| (ဂ) | လိပ်စာပြောင်းလျှောက်ထားခြင်း | ၁ဂ-စောင် |
| (ဃ) | ရည်ရွယ်ချက်ပြောင်းလျှောက်ထားခြင်း | ၆-စောင် |
| (င) | အမည်ပြောင်းလျှောက်ထားခြင်း | ၆-စောင် |
| (စ) | လုပ်ငန်းရှင်ကိုယ်စားလှယ်ကဒ်လျှောက်ထားခြင်း (အသစ်/သက်တမ်းတိုး) | ၉-စောင် |
| | ပေါင်း | ၁ဂ၃-စောင် |

## ကြက်သွန်နီ

### မြဝတီကုန်သွယ်ရေးဇုန်မှ ကြက်သွန်နီတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှ ဒီဇင်ဘာနောက်ဆုံးပတ်မှာ ကန်ဒေါ်လာ ၈၇၁၂၀ တန်ဖိုးရှိ ကြက်သွန်နီ ၄၈၄ တန်တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်မှ ၃၆ တန်၊ စစ်တွေမှ ၃ တန်၊ မြဝတီမှ ၃၄၄ တန်ခွဲ တင်ပို့ခဲ့ပေမယ့် ယခုသီတင်းပတ်မှာ မြဝတီစခန်းတစ်ခုတည်းမှပဲ တင်ပို့ခဲ့တာဖြစ်ပါတယ်။ ဒီဇင်ဘာလတစ်လလုံးမှာ စခန်းစုံက တင်ပို့ခဲ့တဲ့ ကြက်သွန်နီတန်ချိန် ၁၆၀၅ တန်ခွဲ ရှိခဲ့ပါတယ်။ "ဒီနှစ်မှာ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ ထိုင်း၊ တရုတ်၊ အိန္ဒိယနိုင်ငံတွေက ဝယ်လိုအားရှိပေမယ့် ဈေးနှုန်းကတော့ ကျနေတယ်။ ဒါကြောင့် ပွဲရုံတွေကလည်း ဈေးနှုန်းနဲ့ ဈေးကွက်ကို ချိန်ဆပြီး ဝယ်နေရတယ်။ လက်ရှိ ထိပ်စတစ်ပိဿာကို ၄၀၀ ကျပ်ဆိုပေမယ့် တောင်သူတွေအနေနဲ့ အကျိုးအမြတ်မရှိသေးဘူး၊ တစ်ပိဿာကို ၆၀၀ ကျပ်လောက်ဆိုရင်တော့ တောင်သူတွေအကျိုးအမြတ်ခံစားရမယ်" လို့ မကွေးမြို့မှ ဒေသခံကြက်သွန်နီစိုက်တောင်သူတစ်ဦးက ပြောပါတယ်။

**မော်မော်အောင် MIRT (DCCA)**

### ပြည်ကြက်သွန်နီသစ် ဈေးဆက်လက်အေး

ပြည်ကြက်သွန်နီပွဲရုံဈေးကွက်မှာ ကြက်သွန်နီအသစ်များ အဆက်မပြတ်ဝင်ရောက်လာတာ တွေ့ရပါတယ်။ ကြက်သွန်နီအဟောင်းများမရှိတော့ဘဲ နယ်စုံမှ အသစ်များသာ တစ်နေ့အိတ် ၆၀၀ မှ ၈၀၀ ထိ အဝင်ရှိနေပါတယ်။ ဒီဇင်ဘာနောက်ဆုံးပတ်အတွင်း လက်ကျန်ကြက်သွန်နီအဟောင်း အစို့ပေါက်များကြောင့် အသစ်ဝင်ရောက် လာသော ကြက်သွန်နီဈေးဟာ ဈေးအနည်းငယ် မြင့်တက်ခဲ့ပါတယ်။ (လတ်) တစ်ပိဿာ ၄၀၀ ကျပ်နဲ့ (အချော) တစ်ပိဿာ ၅၅၀ ကျပ်ထိ ဈေးပေါက်ခဲ့ပါတယ်။

ယခုဇန်နဝါရီ ပထမပတ်မှာတော့ ဝင်ရောက်မှုများသောကြောင့် ကြက်သွန်နီအသစ် ဈေးကျဆင်းလာပါတယ်။ ယနေ့ပြည်ပွဲရုံမှာ ကြက်သွန်နီ (လတ်) တစ်ပိဿာကို ၂၂၀ ကျပ်နဲ့ ၂၅၀ ကျပ်၊ (အကြီး) တစ်ပိဿာကို ၃၅၀ ကျပ်၊ ၃၈၀ ကျပ်ထိ ကျဆင်းလာပါတယ်။ တင်ပို့မှုမရှိဘဲ ဒေသတွင်းလက်လီသမားများနဲ့ ဈေးသမားများသာ အရောင်းအဝယ်ရှိနေကြောင်းသိရပါတယ်။

**နီနီဝင်း-ပြည်**

## မန်ကျည်း

### ဒီဇင်ဘာလအတွင်း မန်ကျည်း ၁၂၅ တန်တင်ပို့

ဒီဇင်ဘာလအတွင်း သီတင်းတစ်ပတ်မှာ တစ်ကြိမ်သာတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံမှာ ပါကစ္စတန်နိုင်ငံဖြစ်တယ်လို့ သိရပါတယ်။ ဝင်ငွေက ကန်ဒေါ်လာ ၁၃၇၅၀ ရရှိခဲ့တယ်လို့ သိရပါတယ်။ နိုဝင်ဘာလအတွင်း မန်ကျည်း တင်ပို့မှုမှာ ၂၈၉ ဒသမ ၉၁ တန်ရှိခဲ့တာကြောင့် ဒီဇင်ဘာလမှာ ၈၅ ဒသမ ၁၅ တန် တင်ပို့မှုလျော့ခဲ့ပါတယ်။

**သီတာဝင်း(DOT)**

**၅-၁-၂၀၁၅ မှ ၉-၁-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း**
**ရန်ကုန်တိုင်းဒေသကြီးရုံး**

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 122 | 6,531,003.962 |
| 2 | Form D | 33 | 2,622,638.500 |
| 3 | Form E | 69 | 1,378,149.920 |
| 4 | Korea GSP | 3 | 41,109.110 |
| 5 | Form AK | 37 | 3,706,280.650 |
| 6 | Form AJ | 5 | 157,661.500 |
| 7 | Form AI | 55 | 2,063,660.370 |
| 8 | DFTP | - | - |
| **Grand Total** | | **324** | **16,500,504.012** |

## ချင်း

### ပြည်ချင်းဈေးကျပေမယ့် အရောင်းအဝယ်အေး

ပြည်ချင်းဈေးကွက်သို့ ယခုတစ်ပတ်အတွင်း အောင်ပန်းချင်းများ ပိဿာ ၃၀ ဝင်အိတ် ၅၀ ခန့် ဝင်ရောက်လာသလို၊ ယခင်တစ်ပတ်ထက် အဝင်နည်းလာတာကို တွေ့ရပါတယ်။ အဝင်နည်းသလို အရောင်းအဝယ်မှာလည်း အေးနေပြီး၊ ယခင်တစ်နေ့ကို အိတ် ၅၀ ခန့်ရှိပြီး၊ ယခု ၁၅ အိတ်ခန့်သာ အရောင်းအဝယ်ဖြစ်တယ်လို့ ချင်းပွဲရုံမှ တစ်ဆင့် သိရပါတယ်။ ဈေးကျပေမယ့် အဝယ်မလိုက်ဘဲ(ရှယ်) ချင်းတစ်ပိဿာကို ၁၂၀၀ ကျပ်၊ (ဂွန်) ၁၁၀၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်အေးလျက်ရှိပါတယ်။ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်ဘက်သို့လည်း ယခုတစ်ပတ်မှာ စားသုံးမှုအဖြစ် ဈေးကွက်မှတစ်ဆင့် တစ်နေ့ကို ယခင်တစ်ပတ်ကထက် ထက်ဝက်ခန့်သာ ရောင်းဝယ်တင်ပို့ကြောင်း သိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

### ရှမ်းချင်းကို ပြည်တွင်းဝယ်လက်သာရှိ

ပြည်တွင်းသုံးသမားတွေသာ အဝယ်ရှိနေတဲ့ ရှမ်းချင်းကဈေးကွက်မှာတော့ ပုံမှန်အဝင်ရှိနေပါတယ်။ ဈေးနေ့တွေမှာဆိုရင်တော့ ပိုပြီး အဝင်များတယ်လို့လည်း သိရပါတယ်။ ဈေးခြားရက်တွေမှာဆိုရင် တစ်ရက်ကို ပိဿာချိန် သုံးထောင်၊ လေးထောင်အဝင်ရှိပေမယ့် ဈေးနေ့ဆိုရင် ပိဿာချိန် ငါးထောင်၊ ခြောက်ထောင်ခန့် အဝင်ရှိတတ်ပါတယ်။

ဟိုပုံးချင်းတွေလည်း ဖော်ရင်ရပြီဖြစ်ပေမယ့် ဝယ်လက်တွေကလည်း ပြည်တွင်းမှသာရှိနေလို့ ဈေးသိပ်မကောင်းသေးတာကြောင့် မဖော်ကြသေးပါဘူး။ မြေကြီးထဲမှာလည်းထားလို့ရနေတော့ ဈေးကောင်းမှသာဖော်ကြမယ်လို့ ဆိုပါတယ်။

အောင်ပန်းဈေးကွက်မှာလည်း ဈေးပတ်သမားတွေက တစ်ပတ်တစ်ခါတော့အမှာရှိနေပါတယ်။ အရင်နှစ်တွေကလို ပိဿာချိန် သိန်းချီပြီး မရောင်းရပေမယ့် ဒီနှစ်ထွက် သီးနှံတွေမှာတော့ ချင်းက ရောင်းအားကောင်းတဲ့ သီးနှံဖြစ်ပါတယ်။ တစ်ပတ်အတွင်း ချင်းပိဿာချိန် ကိုးသောင်းရှစ်ထောင်ခန့်ကို ပြည်တွင်းဈေးပတ်သမားတွေနဲ့ လက်လီရောင်းသမားတွေက ဝယ်ယူတယ်လို့လည်းသိရပါတယ်။ ဒီတစ်ပတ်အောင်ပန်းဈေးကွက်မှာ ချင်းတစ်ပိဿာပေါက်ဈေးတွေကတော့ တစ်ပိဿာကို ၆၀၀ ကျပ်မှ ၇၀၀ ကျပ် ဈေးရှိပါတယ်။ ချင်းခြောက်ကလည်း တစ်ပိဿာ ၁၈၀၀ ကျပ်-၂၀၀၀ ကျပ်ဈေးနဲ့ ပိဿာချိန် တစ်သိန်းကျော် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ **ဇေခိုင်-တောင်ကြီး**

Vol: 15, No.2 Monday Jan 12 2015



# ပို့ကုန်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ခြင်း

သိန်းမြင့်ဝေ

### ပို့ကုန်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးတိုးတက်မှု

ပို့ကုန်မဟာဗျူဟာ (Export strategy) သည် ပိုမိုကောင်းမွန်သော ကုန်သွယ်ရေးပေါ်လစီနှင့် ကုန်သွယ်ရေးအဖွဲ့အစည်းများ (Trade policies and institutions) ကို ဖြစ်စေနိုင်သည်။ ထို့ပြင် ပိုမိုစွမ်းဆောင်ရည်ရှိသော ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံနှင့် ကျွမ်းကျင်လုပ်သား ရရှိစေနိုင်သည်။ သို့သော်လည်း ပို့ကုန်ကဏ္ဍသည် ပြည်တွင်းနှင့် ပြည်ပတွင်ရှိသော ထုတ်ကုန်ဈေးကွက်နှင့် သွင်းအားစု ဈေးကွက်များ (Product and factor markets) ၏ စွမ်းဆောင်ရည်အပေါ်တွင် မှီခိုအားထားနေရသည်။ ပို့ကုန် နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (Export and foreign investment) တို့သည် များစွာဆက်နွယ်နေသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် တိုင်းပြည်၏ ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးကြီးပါသည်။ ထို့ကြောင့် ပို့ကုန်မြှင့်တင်ရေးအတွက် မှန်ကန်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပေါ်လစီများ ချမှတ်ကျင့်သုံးရန် လိုအပ်သည်။

ပို့ကုန်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဆက်စပ်နေသော နယ်ပယ် ၅ မျိုးမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပို့ကုန်တိုးချဲ့တင်ပို့နိုင်မှုအတွက် စွမ်းဆောင်ရည်ပြည့်ဝသော ဝန်ဆောင်မှုလုပ်ငန်းများ (Service providers) ဖြစ်ပေါ်လာခြင်း၊

(ခ) ပို့ကုန်လုပ်ငန်းရှင်များအတွက် ပြည်ပရင်းနှီးမြှုပ်နှံသူများက ထုတ်ချေးသော ချေးငွေများနှင့် အခြားသော ငွေကြေးအကူအညီများရရှိခြင်း၊

(ဂ) ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်ရောင်းချမှုလမ်းကြောင်းအတွင်း ဝင်ရောက်နိုင်ခြင်း၊

(ဃ) ပို့ကုန် ယှဉ်ပြိုင်နိုင်စွမ်း (Export competitiveness) အတွက် နည်းပညာနှင့် လုပ်နည်းလုပ်ဟန်များရရှိခြင်း၊

(င) ပို့ကုန်ပိုမိုတင်ပို့ရောင်းချနိုင်ရန် အတွက် ပြည်ပဈေးကွက်များအတွင်း ရင်းနှီးမြှုပ်နှံခြင်း (Outward FDI) ပြည်ပနိုင်ငံများရှိ ဈေးကွက်များအတွင်း ယင်းတို့၏ လက်အောက်ခံကုမ္ပဏီများအဖြစ် တည်ထောင်၍ ဈေးကွက်တိုးချဲ့ပြီး ပို့ကုန်မြှင့်တင်ရန် ဖြစ်ပါသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် ပို့ကုန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကောင်းကျိုးဖြစ်ထွန်းစေပြီး အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ သို့သော်လည်းနိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုက အိမ်ရှင်နိုင်ငံအား လူမှုရေးဆိုးကျိုးများ (Social Costs) သက်ရောက်စေကြောင်း ဝေဖန်မှုများရှိသည်။ သို့ရာတွင် ယနေ့အချိန်အခါ၌ ဆိုးကျိုး (Costs) ထက် ကောင်းကျိုး (Benefits) ကို ပိုမိုဖြစ်ထွန်းစေကြောင်း အသိအမှတ်ပြုလာကြသည်။ ထို့ပြင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှု (Economic and social development) အတွက် အလွန်အရေးပါကြောင်းလည်း လက်ခံအသိအမှတ် ပြုလာကြပါသည်။

### ကုန်စည်ကုန်သွယ်ရေးနှင့် ဝန်ဆောင်မှုကုန်သွယ်ရေး

ပို့ကုန်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကြားတွင် ကောင်းမွန်သောဆက်စပ်မှုရှိသောကြောင့် ကမ္ဘာ့ဈေးကွက်အတွင်းတွင်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတိုးတက်ခြင်းကြောင့် ပို့ကုန်များ တိုးတက်လျက်ရှိသည်။

၁၉၅၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ် ထိ စာရင်းများအရ ကမ္ဘာလုံးဆိုင်ရာ ကုန်စည်ကုန်သွယ်ရေး (Global merchandize trade) သည် ကမ္ဘာလုံး ဆိုင်ရာကုန်ထွက် (Global output) ထက် ပိုမိုမြန်ဆန်စွာ တိုးတက်ကြောင်း တွေ့ရသည်။ ထို့ကြောင့် ကုန်စည်ကုန်သွယ်ရေးသည် ကုန်ထွက် သို့မဟုတ် ထုတ်လုပ်မှုတိုးတက်ရေး၏ အရေးကြီးသော မောင်းနှင်အားတစ်ခုဖြစ်သည်။ ထို့အတူ ဝန်ဆောင်မှုကုန်သွယ်ရေး (Trade in services) သည် ကုန်ပစ္စည်း တင်ပို့မှု (Merchandize exports) ထက် ပိုမိုလျင်မြန်စွာတိုးတက်နေသည်။ ကမ္ဘာလုံးဆိုင်ရာ ဆက်စပ်ပြောင်းလဲမှု (Globalization) နှင့်အတူ ကုန်စည်ကုန်သွယ်ရေးသာမက ဝန်ဆောင်မှုကုန်သွယ်ရေး၏ အရေးပါမှုသည်လည်း ကြီးထွားလျက်ရှိသည်။ ဝန်ဆောင်မှုကုန်သွယ်ရေးက ကုန်စည်များ ရောင်းဝယ်ဖောက်ကားမှု ပိုမိုအဆင်ပြေချောမွေ့ရေးကိုလည်း အထောက်အကူပြုလျက်ရှိသည်။

**FDI နှင့် တွဲဖက်၍လည်း ကုန်သွယ်မှုပြုလုပ်နိုင်ပါသည်။ ဤကဲ့သို့ တွဲဖက်ဆောင်ရွက်ခြင်းက ယင်း၏ လက်အောက်ခံကုမ္ပဏီနှင့် ရောင်းဝယ်ဖောက်ကားသော မိခင်ကုမ္ပဏီ၏ ကုန်သွယ်မှုအသစ် (New trade) ကို ဖြစ်စေသည်။**

### မြန်ဆန်စွာတိုးတက်လျက်ရှိသော FDI

ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတွင် ဒုတိယအရေးကြီးသောအချက်မှာ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) မြန်မြန်တိုးတက်နေခြင်းဖြစ်သည်။ ကမ္ဘာ့ဈေးကွက်များ ကျယ်ပြန့်လာမှုနှင့်အတူ ကမ္ဘာလုံးဆိုင်ရာ FDI သည်လည်း မြန်ဆန်စွာ တိုးတက်လျက်ရှိသည်။ ကမ္ဘာလုံးဆိုင်ရာ ကုန်စည်နှင့် ဝန်ဆောင်မှု သိသိသာသာတိုးတက်ရခြင်း အကြောင်းရင်းသုံးချက်ရှိသည်။ ၎င်းတို့မှာ တစ်ဆင့်ကန်ထရိုက်လုပ်ငန်း (Outsourcing) ပိုမိုဆောင်ရွက်လာခြင်း၊ ထုတ်လုပ်ရောင်းချမှုလမ်းကြောင်းများ (Supply chains) ကျယ်ပြန့်လာခြင်းနှင့် ဝန်ဆောင်မှု ကုန်သွယ်ရေးတိုးတက်လာခြင်းတို့ဖြစ်သည်။ အထူးသဖြင့် Supply chains တိုးတက်မှုကြောင့် ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သော Global FDI သိသာစွာ တိုးတက်လျက်ရှိသည်။ ထို့အတူ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက ဆောင်ရွက်သော ဝန်ဆောင်မှုလုပ်ငန်း အရေအတွက်သည်လည်း အလွန်တိုးတက်လျက်ရှိသည်။ ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှု (Globalization of production) နှင့် တိုးတက်လာသည့် လုပ်နည်းလုပ်ဟန်များကလည်း လုပ်ငန်းအချင်းချင်းအပြန်အလှန်ပြုလုပ်သည့် ဝန်ဆောင်မှုကုန်သွယ်ရေးကို များစွာတိုးတက်စေသည်။

### အားကောင်းသော ဆက်စပ်မှု

ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေး တိုးတက်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ FDI တိုးတက်မှုတို့၏ ဆက်စပ်မှုမှာ အလွန်အားကောင်းသည်။ ဤအချက်မှာ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတွင် တတိယအရေးကြီးသောအချက်ဖြစ်သည်။ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံ မှုနှင့် ဆက်နွယ်နေသည့် ကုန်သွယ်ရေးကို နှစ်မျိုးခွဲခြားနိုင်သည်။ ပထမတစ်မျိုးမှာ “FDI အစားထိုးကုန်သွယ်ရေး” နှင့် ဒုတိယတစ်မျိုးမှာ “FDI တွဲဖက်ကုန်သွယ်ရေး”ဟူ၍ဖြစ်သည်။နိုင်ငံစုံစီးပွားရေးလုပ်ငန်းများ(Multi National Enterprises - MNEs) သည် နိုင်ငံခြားဈေးကွက်သစ်ကို ဝန်ဆောင်မှုပေးရာ၌ ပို့ကုန်တင်ပို့ခြင်းအားဖြင့်လည်းကောင်း၊ လက်အောက်ခံကုမ္ပဏီ (Subsidiary) တည်ထောင်ခြင်းအားဖြင့် လည်းကောင်း ဆောင်ရွက်နိုင်သည်။ လက်အောက် ခံကုမ္ပဏီ တည်ထောင်ခြင်းက FDI အရ ပို့ကုန်အစားထိုးမှုကို ဖြစ်စေသည်။ နိုင်ငံစုံစီးပွားရေးလုပ်ငန်းများ၏ လက်အောက်ခံကုမ္ပဏီများသည် ယင်းတို့၏ မိခင်ကုမ္ပဏီများ (Parent companies) နှင့်လည်းကောင်း၊ နိုင်ငံခြားထုတ်လုပ်ရောင်းချသူများနှင့် လည်းကောင်း ကုန်သွယ်ရေးလမ်းကြောင်းသစ်များ (New trade flows) ကို ဖြစ်စေပါသည်။ ထို့ပြင် ယင်းတို့သည် တတိယနိုင်ငံများ (Third countries) သို့လည်း ပို့ကုန်များ တင်ပို့နိုင်သည်။ သို့မဟုတ် ယင်း တို့သည် အိမ်ရှင်နိုင်ငံ (Home country) သို့လည်း ပို့ကုန်များ ပြန်လည် တင်ပို့နိုင်သည်။

FDI နှင့် တွဲဖက်၍လည်း ကုန်သွယ်မှုပြုလုပ်နိုင်ပါသည်။ ဤကဲ့သို့ တွဲဖက်ဆောင်ရွက်ခြင်းက ယင်း၏ လက်အောက်ခံကုမ္ပဏီနှင့် ရောင်းဝယ်ဖောက်ကားသော မိခင် ကုမ္ပဏီ၏ ကုန်သွယ်မှုအသစ် (New trade) ကို ဖြစ်စေသည်။ ထို့ပြင် လက်အောက်ခံကုမ္ပဏီနှင့် ကုန်သွယ်သော တတိယနိုင်ငံများအပြင် အိမ်ရှင်နိုင်ငံများရှိ ထုတ်လုပ်ရောင်းချ သူများ၏ ကုန်သွယ်မှုအသစ်ကိုလည်း ဖြစ်စေသည်။ FDI အစားထိုးကုန် သွယ်ရေးနှင့် FDI တွဲဖက်ကုန်သွယ်ရေးဟူသော နည်းလမ်း ၂ မျိုး စလုံးအရ “ရင်းနှီးမြှုပ်နှံမှု စီးဆင်းအားကောင်းလေလေ ကုန်သွယ်မှုကြီးမား လေလေ” ဖြစ်ကြောင်းတွေ့ရသည်။

(Greater trade correlates with greater investment flows)။

*Source: National Trade Policy for Export Success, International Trade Centre 2011.*

# ဓာတ်ဆီ/ဒီဇယ်

## ဓာတ်ဆီ၊ ဒီဇယ် တန်ချိန်ခြောက်ရာကျော်ဝင်

ဒီဇင်ဘာ ၂၈ ရက်မှ ဇန်နဝါရီ ၃ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃၄၀၄၅၆၁၀ တန်ဖိုးရှိဓာတ်ဆီ ၃၃၉ ဒသမ ၅၂၅ တန်နဲ့ ကန်ဒေါ်လာ ၂၅၆၈၅၀၃၃ တန်ဖိုးရှိ ဒီဇယ် ၂၆၂ ဒသမ ၂၃၁ တန်၊ စုစုပေါင်းတန်ချိန် ၆၀၁ ဒသမ ၇၅၆ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းဖို့ သွင်းကုန်လိုင်စင်လျှောက်ထားခဲ့တယ်လို့ သိရပါတယ်။ယခင်သီတင်းပတ်အတွင်း ဓာတ်ဆီအဝင် ၈ ဒသမ ၈၀ တန် အဝင်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၃၃၀ ဒသမ ၇၂၅ တန်အဝင်ပိုခဲ့ပါတယ်။ ဒီဇယ်က ယခင်တစ်ပတ်မှာ တန်ချိန် ၅၀ ဒသမ ၈၇၆ တန်ဝင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၂၁၁ ဒသမ ၃၅၅ တန် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ဒီတစ်ပတ်မှာ ဓာတ်ဆီရော ဒီဇယ်ပါအဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ လချုပ်အနေနဲ့ ကြည့်မယ်ဆိုရင် နိုဝင်ဘာလမှာ ဓာတ်ဆီ၊ ဒီဇယ်အဝင် စုစုပေါင်းမှာ တန်ချိန်နှစ်သောင်းကျော်ရှိခဲ့ပြီး ဒီဇင်ဘာလမှာ တန်ချိန်တစ်ထောင့်ရှစ်ရာ့ငါးဆယ်ကျော်သာ ရှိခဲ့တာကြောင့် ဒီဇင်ဘာလမှာ တန်ချိန်တစ်သောင်းရှစ်ထောင် ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ဒီဇင်ဘာလ ၂၉ ရက်နေ့မှ ဇန်နဝါရီ ၂ ရက်အတွင်း ရောင်းချနေတဲ့ ဓာတ်ဆီ၊ ဒီဇယ်ဈေးများက ဒီတစ်ပတ် တောင်ကြီး၊ မန္တလေး၊ မော်လမြိုင်နဲ့ ရန်ကုန်မှာ ဈေးအနည်းငယ်ကျပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ဓါတ်ဆီပီပါဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဒီဇယ်ရောဓါတ်ဆီပါ ဈေးအနည်းငယ်ကျပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဓါတ်ဆီမှာ ဈေးငြိမ်ပြီး၊ အောက်တိန်း၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓါတ်ဆီတစ်လီတာ ၈၁၄ ကျပ်၊ ဒီဇယ် ၇၇၀ ကျပ်၊ အောက်တိန်း ၇၂၀ ကျပ်နဲ့ အဆင့်မြင့်ဒီဇယ် ၈၃၀ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ပုဂ္ဂလိက စက်သုံးဆီဆိုင်ဈေးနဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ ဈေးကျလာတာတွေ့ရပါတယ်။ ပြင်ပမှာအရောင်းအဝယ်ဖြစ်နေတဲ့ ဓာတ်ဆီဈေးမှာ ဇန်နဝါရီ ၅ ရက် ဓာတ်ဆီဝယ်ဈေး တစ်ပီပါ ၁၈၇၀၀၀ ကျပ်၊ ရောင်းဈေး တစ်ပီပါ ၁၈၉၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ဇန်နဝါရီ ၆ ရက်မှာ ဝယ်ဈေး ၁၉၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၉၇၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ၈ ရက်မှာ ဝယ်ဈေး ၁၉၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၉၃၀၀၀ ကျပ်ကိုပြန်လည် ဈေးကျခဲ့ တယ်လို့သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ ဝယ်ဈေး ၂၀၀၀ ကျပ်၊ရောင်းဈေး ၃၀၀၀ ကျပ် ဈေးပြန်မြင့်လာတယ်လို့ သိရပါတယ်။ ဒီဇယ်ဈေးမှာ တစ်ပတ်လုံး ဝယ်ဈေး၁၄၂၀၀၀ကျပ်၊ ရောင်း ဈေး ၁၄၄၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါ တယ်။ တစ်ဂါလန်ဝယ်ဈေး၊ ရောင်းဈေးများမှာတော့ ဒီတစ်ပတ်မှာလည်း ဓာတ်ဆီဈေးက ဝယ်ဈေးတစ်ဂါလန် ၃၆၀၀ ကျပ်ဖြစ်ပြီး ရောင်း ဈေး ၃၈၀၀ ကျပ်၊ ဒီဇယ်ဝယ်ဈေး ၃၆၀၀ ကျပ် ရောင်းဈေး ၃၈၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ ဓာတ်ဆီ၊ ဒီဇယ်အရောင်းအဝယ်သမားတစ်ဦးထံမှ စုံစမ်းသိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ် ရှိနေတယ်။ ပုဂ္ဂလိကဈေးရော အပြင်လက်လီဆိုင်များမှာ ရောင်းချနေတဲ့ဈေးမှာ ဒီတစ်ပတ်ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓါတ်ဆီ တစ်လီတာ ၇၇၀ ကျပ်၊အောက်တိန်း ၇၆၉ ကျပ်၊ ဒီဇယ် ၇၇၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၈၇၅ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီ ဆိုင်များမှာအရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဇန်နဝါရီ ၅ ရက်နေ့ ဒီဇယ်ဝယ်ဈေးမှာ ၁၆၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၆၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ၆ ရက်မှာ ဝယ်ဈေး ၁၅၇၀၀၀ ကျပ်၊ ရောင်းဈေး ၁၆၀၀၀၀ ကျပ်၊ ၈ ရက်မှာ ဝယ်ဈေး ၁၅၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၅၈၀၀၀ ကျပ်ကို ဈေးပြန်ကျခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ တစ်ပတ်လုံး ဝယ်ဈေး ၁၆၄၀၀၀ ကျပ်၊ ရောင်းဈေး၁၆၇၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ ယှဉ်ရင် ဒီတစ်ပတ်မှာ ဓာတ်ဆီဈေး ငြိမ်နေပေမယ့် ဒီဇယ်ဈေးအနည်းငယ်ဈေးကျလာခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီ၊ အောက်တိန်းနဲ့ ဒီဇယ်မှာဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကဆိုင်မှာရောင်းချနေတဲ့ဈေးများက ဓာတ်ဆီတစ်ဂါလန် ၃၇၈၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၈၅၀ ကျပ်၊အောက်တိန်း ၃၈၅၀ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပ လက်လီဆိုင်များမှာ ဓါတ်ဆီတစ်ဂါလန် ၃၈၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလံ ၃၉၀၀ ကျပ်၊ အောက်တိန်း ၃၉၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**မကွေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဈေးများငြိမ်နေသလို ပြင်ပလက်လီဆိုင်များရဲ့ဈေးမှာလည်း ငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဈေးမှာ ဓာတ်ဆီတစ်ဂါလန် ၃၉၀၀ ကျပ်၊ ဒီဇယ် ၃၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ ၃၉၀၀ ကျပ်၊ ဒီဇယ် ၃၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**MIRT-DOT**

# ငွေလဲနှုန်းများ တည်ငြိမ်လျက်ရှိ

ယခုတစ်ပတ်အတွင်းတွင် ငွေလဲနှုန်းများ ငြိမ်သက်လျက်ရှိကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ သိမ်ဖြူငွေလဲစင်တာတွင် တစ်ပတ်အတွင်း ဈေးအပြောင်းအလဲမရှိဘဲ အဖွင့်ဈေးအတိုင်း ငြိမ်သက်လျက်ရှိပြီး အရောင်းအဝယ်မှာလည်း ပုံမှန်အတိုင်းသာရှိကြောင်း သိရသည်။ အေဂျီဒီဘဏ်တွင်မူ အမေရိကန်ဒေါ်လာများကို အရောင်းသာရှိ၍ အဝယ်ကိုမူပိတ်ထားကြောင်း ပန်းဆိုးတန်းလမ်းရှိ ငွေလဲစင်တာမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

"ဘဏ်တွေမှာတော့ ဒေါ်လာတွေကို အဝယ်ကိုပိတ်ထားပြီး အရောင်းကိုပဲ ဖွင့်ပေးထားတယ်။ အဲဒါက သူတို့ဘဏ်တွေမှာ ငွေတွေပိုနေလို့ပဲ။ ဟိုအရင်ရက်တွေတုန်းကတော့ အရောင်းကို လက်ခံထားပြီး အဝယ်ကို ပိတ်ထားတယ်။ ခုကျတော့ အရောင်းကိုဖွင့်ထားပြီး အဝယ်ကိုပိတ်တယ်။ဒါက ဘဏ်ရဲ့ဒေါ်လာလိုအပ်ချက်ပေါ်မူတည်ပြီး အရောင်းအဝယ်လုပ်တဲ့သဘောပဲ။ ကျွန်တော်တို့ အပြင်က ပုဂ္ဂလိက ငွေလဲစင်တာတွေမှာတော့ လာဝယ်ရင်လည်း ရောင်းပေးတယ်။ ပြန်ရောင်းရင်လည်း ဝယ်ပေးပါတယ်။ ပမာဏကိုလည်း သတ်မှတ်ထားခြင်းမရှိပါဘူး။ သိမ်ဖြူငွေလဲစင်တာက ရောင်းဈေး၊ ဝယ်ဈေးနဲ့တော့ နည်းနည်းကွာတာပေ့ါ။ ကျွန်တော်တို့ ငွေလဲစင်တာတွေမှာတောင် တစ်ခုနဲ့တစ်ခု မတူဘူး။ အနည်းဆုံး နှစ်ကျပ် သုံးကျပ်တော့ ကွာတာပဲ။ ဒါကလည်း ကျွန်တော်တို့ရဲ့ လိုအပ်ချက်ကို မူတည်ပြီး ရောင်းဈေး ဝယ်ဈေးကို သတ်မှတ်ပေးတာပါ။ ဒီတစ်ပတ်ကတော့ ဈေးက အတက်အကျသိပ်မရှိဘူး။ ပုံမှန်အတိုင်းပဲ အရောင်းအဝယ် ဖြစ်နေပါတယ်" ဟု ပုဂ္ဂလိကငွေလဲစင်တာတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

သိမ်ဖြူငွေလဲစင်တာတွင် ဇန်နဝါရီ ၅ ရက်မှ ၉ ရက်အတွင်း ရောင်းဈေး ၁၀၃၃ကျပ်၊ ဝယ်ဈေး ၁၀၂၈ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိ သည်။ပြင်ပ ငွေလဲစင်တာများတွင်မူ ဇန်နဝါရီ ၅ ရက်တွင် ရောင်းဈေး ၁၀၄၀ကျပ်၊ ဝယ်ဈေး ၁၀၃၆ ကျပ်ရှိခဲ့သော်လည်း ဇန်နဝါရီ ၉ရက်တွင်မူ ရောင်းဈေး ၁၀၃၉ ကျပ်၊ ဝယ်ဈေး ၁၀၃၅ ကျပ်ရှိခဲ့သည်။

**မယ်သီတာ**

# မြန်မာ့ရွှေဈေး အနည်းငယ်ပြန်လည်မြင့်တက်လာ

ယခုတစ်ပတ်အတွင်းတွင် မြန်မာ့ရွှေဈေးသည် အနည်းငယ်ပြန်လည်မြင့်တက်လာခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများ ဆက်တိုက်ကျဆင်းလာမှုကြောင့် ကမ္ဘာ့ရွှေဈေးများ အနည်းငယ်ပြန်လည်မြင့်တက်လာရခြင်းဖြစ်ကြောင်း ကမ္ဘာ့ရွှေဈေးကွက်ကို လေ့လာစောင့်ကြည့်နေသူများက သုံးသပ်ခဲ့ကြသည်။

ကမ္ဘာ့ရွှေဈေး အနည်းငယ်ပြန်လည်မြင့်တက်လာသည့်နည်းတူ ၎င်းဈေးကွက်နှင့်ဆက်စပ်နေသည့် မြန်မာ့ရွှေဈေးသည်လည်း အနည်းငယ်ပြန်လည် မြင့်တက်လာရခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားခဲ့သည်။

"မြန်မာ့ရွှေဈေးကွက်နဲ့ ကမ္ဘာ့ရွှေဈေးကွက်က ဆက်စပ်နေတာဆိုတော့ ကမ္ဘာ့ရွှေဈေးတက်ရင် မြန်မာ့ရွှေဈေးလည်းလိုက်ပြီးတက်လာမယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ ရွှေဈေးအဖွင့်က ကမ္ဘာ့ရွှေဈေးကိုကြည့်ပြီး ဖွင့်တာဖြစ်တဲ့အတွက် များသောအားဖြင့် ဟိုမှာ ဈေးတက်ရင် ဒီမှာလည်း ဈေးလိုက်တက်မယ်။ ဟိုမှာဈေးကျရင် ဒီမှာလည်းဈေးလိုက်ကျမယ်။ အဲဒီလိုသဘောမျိုးနဲ့ ဒီမှာရွှေဈေးကွက်ကို ဈေးဖွင့်တာပါ။ အခုကလည်း ကမ္ဘာမှာ ရေနံစိမ်းဈေးနှုန်းတွေက အရမ်းကို ထိုးကျသွားတယ်။ နောက်ပြီး ဂရိနိုင်ငံရဲ့ နိုင်ငံရေးမတည်ငြိမ်မှုတွေကလည်း ကမ္ဘာ့စီးပွားရေးကို အနည်းနဲ့ အများတော့ ထိခိုက်တာပဲ။ ဒါပေမယ့် ဈေးက သိပ်ပြီးတော့တက်လာနိုင်မယ်မထင်ပါဘူး။ အလွန်ဆုံး အမေရိကန်ဒေါ်လာ ၁၂၅၀လောက် အထိတော့ဖြစ်လာနိုင်တယ်"ဟု ရွှေကုန်သည်တစ်ဦးက သုံးသပ်ပြခဲ့သည်။

မြန်မာ့ရွှေဈေးကွက်တွင်မူ ဈေးအနည်းငယ်အတက်ပြလာသဖြင့် လှုပ်လှုပ်ခတ်ခတ်ဖြစ်နေကြောင်း၊ ကမ္ဘာ့ရွှေဈေးတက်လာနိုင်သည်ဟူသော မှန်းဆချက်များကြောင့် ရွှေဈေးအတက်ကို စောင့်မျှော်နေကြသူများ ရှိနေသဖြင့် ရွှေ ဈေးကွက်အတွင်း အရောင်းအဝယ် အနည်းငယ် ပြန်လှုပ်လာခဲ့ကြောင်းဖြင့် ရွှေကုန်သည်ဦးစံမြင့်က ဆိုသည်။

မြန်မာ့ရွှေဈေးသည် ဇန်နဝါရီ ၅ ရက်က ကျပ် ၆၆၂၀၀၀ ရှိခဲ့ပြီး ဇန်နဝါရီ ၈ ရက်နှင့် ၉ ရက်တို့တွင် ကျပ် ၆၆၆၀၀၀ သို့ မြင့်တက်လာခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် ဇန်နဝါရီ ၅ ရက်က ၁၁၉၄ ဒေါ်လာရှိခဲ့ရာမှ ဇန်နဝါရီ ၉ ရက်တွင် ၁၂၁၂ ဒေါ်လာသို့ မြင့်တက်လာခဲ့သည်။

**မယ်သီတာ**

## Currency Exchange Rate

January 9, 2015

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.23 |
| BDT | Bangladesh Taka | 77.68 |
| CAD | Canada Dollars | 1.18 |
| CNY | China Yuan Renminbi | 6.21 |
| EUR | Euro | 0.85 |
| HKD | Hong Kong Dollars | 7.75 |
| INR | India Rupees | 62.38 |
| IDR | Indonesia Rupiahs | 12632.62 |
| JPY | Japan Yen | 119.43 |
| MYR | Malaysia | 3.56 |
| PKR | Pakistan Rupees | 100.74 |
| PHP | Philippines Pesos | 44.92 |
| RUB | Russia Rubles | 60.84 |
| SGD | Singapore Dollars | 1.34 |
| KRW | South Korea Won | 1090.20 |
| LKR | Sri Lanka Rupe | 131.88 |
| THB | Thailand Baht | 32.88 |
| GBP | United Kingdom Pounds | 0.66 |
| VND | Vietnam Dong | 21362.96 |

*Source : xe.com*

## World Gold Price

January, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 5 | 1192 | 1193 | 1193 |
| 6 | 1206 | 1207 | 1207 |
| 7 | 1209 | 1210 | 1212 |
| 8 | 1204 | 1204 | 1207 |
| 9 | 1208 | 1209 | 1209 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 5-1- 2015 | 662.00 | 662.50 |
| 6-1- 2015 | 665.00 | 663.90 |
| 7-1- 2015 | 665.00 | 664.70 |
| 8-1- 2015 | 664.50 | 664.30 |
| 9-1- 2015 | 666.00 | 666.10 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇန်နဝါရီလ ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 5 | 6 .23 | 33.02 | 78.50 | 63.37 |
| 6 | 6. 21 | 32.90 | 77.35 | 63.32 |
| 7 | 6 .21 | 32.92 | 78.08 | 63.37 |
| 8 | 6 .22 | 32.90 | 77.22 | 62.96 |
| 9 | 6.21 | 32.88 | 77.68 | 62.38 |

## Energy NYMEX 9-1-2015

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 49.09 | 0.30 | 0.61 |
| Brent Crude Futr (USD/bbl) | 51.08 | 0.12 | 0.24 |
| Gasoline Rbob Fut (Cent/gal) | 134.61 | 0.52 | 0.39 |
| Natural Gas Futr (USD/MMBtu) | 2.99 | 0.06 | 2.05 |
| Heating Oil Futr (Cent/gal) | 171.56 | 0.46 | 0.27 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 5-January | 16.03 | 2224.32 | 1814.62 | 6401.92 | 1206.00 |
| 6-January | 16.30 | 2203.94 | 1801.41 | 6329.57 | 1211.00 |
| 7-January | 16.43 | 2193.41 | 1762.66 | 6291.04 | 1212.00 |
| 8-January | 16.42 | 2159.58 | 1768.71 | 6285.89 | 1213.00 |
| 9-January | 16.38 | 2178.18 | 1813.50 | 6262.08 | 1218.00 |

Source:kitco.com

## ဘိလပ်မြေ

### ဒီဇင်ဘာလအတွင်း ဘိလပ်မြေဝင်အားကောင်း

ဒီဇင်ဘာလ နောက်ဆုံးသီတင်းပတ်မှာ ကန်ဒေါ်လာ ၆၃၆၇၁၀၀ တန်ဖိုးရှိ ဘိလပ်မြေ ၆၉၁၆၈ ဒသမ ၈၄၉ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံမှ ၄၆၀၉၂ ဒသမ ၅၀ တန်၊ ဂျပန်နိုင်ငံမှ ၁၀၀၇၀ တန်၊ တရုတ်နိုင်ငံမှ ၄ ဒသမ ၂၄၉ တန်၊ စင်ကာပူနိုင်ငံမှ ၁၃၀၀၂ ဒသမ ၁၀ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ထိုင်းနိုင်ငံမှ အများဆုံး ဝင်လာပြီး ဒုတိယအများဆုံးဝင်လာတဲ့နိုင်ငံမှာ စင်ကာပူဖြစ်ပါတယ်။ ဒီတစ်ပတ် ဆင်နဲ့ စိန်အများဆုံးဝင်လာတယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ လေးသောင်းငါးထောင်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ နှစ်သောင်း လေးထောင်ကျော်အဝင်ပိုခဲ့ပါတယ်။ လချုပ်အနေနဲ့ ကြည့်မယ်ဆိုရင် ဒီဇင်ဘာလ ဘိလပ်မြေအဝင်စုစုပေါင်းမှာ တန်ချိန် နှစ်သိန်းရှစ်သောင်းကျော်ရှိခဲ့ပြီး နိုဝင်ဘာလမှာ နှစ်သောင်းတစ်ထောင်ကျော်ရှိခဲ့တာကြောင့် ဒီဇင်ဘာလမှာ တန်ချိန် ခြောက်သောင်းရှစ်ထောင်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### အရောင်းသွက်သွက် အဝယ်သွက်သွက်ရှိနေတဲ့ ဘိလပ်မြေ

ဒီတစ်ပတ်ဘိလပ်မြေဈေးကွက်အခြေအနေများမှာ-

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှ ၂၀၁၅ ဇန်နဝါရီ ၂ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ခြောက်သောင်းကိုးထောင်ကျော်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်အဝင်မှာ တန်ချိန် လေးသောင်းငါးထောင်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေတန်ချိန် နှစ်သောင်းလေးထောင်ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် အဝင်မှာ တန်ချိန် တစ်သောင်းခြောက်ထောင်ကျော်ရှိခဲ့ပြီး ယခင် တစ်ပတ်အဝင်မှာ တန်ချိန် တစ်သောင်းနှစ်ထောင့်သုံးရာကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် လေးထောင့်လေးရာကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါ တယ်။ ဒါကြောင့် ဒီ တစ်ပတ်မှာ ရေလမ်းမှအဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ အဝင်လျော့ခဲ့ တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်မှာ အရောင်း အဝယ် ပုံမှန်ရှိသလို ဈေးကလည်း အနည်းငယ် မြင့်လာပါတယ်။ မြင့်လာတာက စိန်နဲ့ ဆင်ပဲဖြစ်တယ်လို့ သိရပါတယ်။ ကြံ့(မြိုင်ကလေး)က ဈေးငြိမ်နေပြီး မြင်းခေါင်းက ပစ္စည်းပြတ်နေတယ်လို့ သိရပါ တယ်။ ဒီတစ်ပတ်ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်တဲ့ ဈေးက ဆင်(ထိုင်း) ၅၀၅၀ ကျပ်၊မြင်းခေါင်း ၄၂၀၀ကျပ်၊ ကြံ့(မြိုင်ကလေး) ၄၄၅၀ ကျပ်၊ စိန် ၄၇၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မကွေးဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်မှာအရောင်းအဝယ်သွက်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲအပါချီ၊ မြင်းခေါင်းနဲ့ ဆင်(မြန်မာ)က ဈေးငြိမ်နေပြီး ဆင်(ထိုင်း) က ဈေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အပါချီ ၅၁၀၀ ကျပ်၊ မက်စ်(မြန်မာ) ၅၂၀၀ ကျပ်၊ ဆင်(ထိုင်း) ၆၄၀၀ ကျပ် ၊မြင်းခေါင်း ၅၁၀၀ ကျပ်၊ဆင်(မြန်မာ)၄၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ ပါ တယ်။

**မန္တလေးဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်မှာ ပုံမှန်အရောင်းအဝယ်ကောင်းပေမယ့် ဘိလပ်မြေဈေးက အပြောင်းအလဲ မရှိဘူးလို့ သိရပါတယ်။ ဒီတစ်ပတ် ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ၄၈၀၀ ကျပ်၊ မြန်မာဆင် ၄၇၀၀ ကျပ်၊ ဆင် (ယိုးဒယား) ၆၈၀၀ ကျပ်၊ စိန် (ယိုးဒယား)၆၈၀၀ ကျပ်၊ ဆင်မင်း ၄၆၀၀ ကျပ်၊ ကျားခေါင်း ၄၆၀၀ ကျပ်၊ မြင်းခေါင်း ၄၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါ တယ်။

## ဓာတ်မြေဩဇာ

### ဒီဇင်ဘာလမှာ မြေဆီအဝင် ထက်ဝက်ကျော်လျော့

ဒီဇင်ဘာ ၂၈ ရက်မှ ဇန်နဝါရီ ၃ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၇၁၄၇၀၀ တန်ဖိုးရှိ မြေဩဇာ ၇၅၆၂ ဒသမ ၄၃ တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၅၆၅၄ ဒသမ ၃၅ တန်၊ စင်ကာပူနိုင်ငံမှ ၁၈၀၀ တန်နဲ့ ဂျာမနီနိုင်ငံမှ ၁၀၇ ဒသမ ၀၈၀ တန် တင်သွင်းလာခဲ့ပါတယ်။ ဒီတစ်ပတ်မှာ အမိုးနီးယမ်းဆာလဖိတ်၊ နိုက်တြိုဂျင်၊ ကယ်လ်ဆီယမ်ဆာလဖိတ်၊ ကွန်ပေါင်းနဲ့ ဩဂဲနစ်မြေဩဇာများ ဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်အဝင်နဲ့ ယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် လေးထောင့်ငါးရာကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဒီဇင်ဘာလမှာ မြေဩဇာအဝင်မှာ တန်ချိန် နှစ်သောင်းသုံးထောင်ကျော်ရှိခဲ့ပြီး နိုဝင်ဘာလမှာတော့ တစ်ထောင့်ငါးရာကျော်ထိရှိခဲ့ တာကြောင့် ဒီဇင်ဘာလမှာ မြေဩဇာအဝင်ထက်ဝက်မျှ လျော့ကျသွားခဲ့တယ်လို့ သိရပါတယ်။

### ယခင်တစ်ပတ်အတိုင်း ပုံမှန်ရောင်းဝယ်နေတဲ့ မြေဩဇာ

၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်မှ ၂၀၁၅ ဇန်နဝါရီလ ၂ ရက်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေဩဇာတန်ချိန် ခုနစ်ထောင်ငါးရာခြောက်ဆယ် ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန်နှစ်ထောင့်ကိုးရာ ခြောက်ဆယ်ကျော် ရှိခဲ့တာကြောင့် ယခင်တစ်ပတ်အဝင်နဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် လေးထောင့်ငါးရာ့ကိုးဆယ်ကျော် အဝင်ပိုခဲ့ပါတယ်။ ယခုတစ်ပတ် နယ်စပ်လမ်းမှ မြေဩဇာ အဝင်မှာ တန်ချိန် တစ်သောင်းသုံးထောင်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် တစ်သောင်းကိုးထောင်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ငါး ထောင့်နှစ်ရာ ခြောက်ဆယ်ကျော် အဝင်လျော့ခဲ့ပါတယ်။ ဒါကြောင့် ဒီတစ်ပတ် ရေကြောင်းလမ်းမှ အဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ မြေဩဇာအဝင်လျော့ခဲ့တယ်လို့ သိရ ပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊မန္တလေး၊ တောင်ကြီး၊ မကွေးမှာ မြေဩဇာဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ်မြေဩဇာအရောင်းအေးထိုင်းသလိုဈေးလည်း ငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးနှုန်းတွေမှာ ပုလဲ-အသေး ၄၆% (ရွှေတုံး၊ရွှေပျား ၊ရွှေတောင်-တရုတ်) ၁၉၅၀၀ ကျပ်၊ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ၃၅၅၀၀ ကျပ်၊ကွန်ပေါင်း (ပန်းရောင်) (ထိုင်း) ၂၉၀၀၀ ကျပ်၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း)၂၇၅၀၀ ကျပ်၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ၁၉၈၀၀ ကျပ်၊ တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်) ၁၁၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** မြေဩဇာက ဒီတစ်ပတ်မှာ အရောင်းအဝယ် ပုံမှန်ရှိတယ်လို့သိရပါတယ်။ အရောင်းပုံမှန်ရှိပေမယ့် မြေဩဇာဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဈေးကွက်ထဲ အရောင်း အဝယ်ဖြစ်တဲ့ဈေးမှာ ယူရီးယား (နေရွက်လှေ-တရုတ်) ၁၉၅၀၀ ကျပ်၊ ယူရီးယား (ရွှေတောင်-တရုတ်) ၁၉၅၀၀ ကျပ်၊ တီစူပါ (သံကွင်း-တရုတ်) ၁၈၆၀၀ ကျပ်၊ ပိုတက်(အိန္ဒိယ) ၂၄၅၀၀ ကျပ်၊ ကွန်ပေါင်း (နေရွက်လှေ-တရုတ်-၁၅း၁၅း၁၅) ၃၀၅၀၀ ကျပ်ဈေးရှိတယ်လို့ မြေဩဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေဩဇာကဒီတစ်ပတ်မှာ အရောင်းအဝယ် အေးတာနဲ့အမျှ မြေဩဇာဈေးတွေလည်း ငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၁၈၆၀၀ ကျပ်၊ ယူရီးယား (ပန်းဖူး-တရုတ်) ၁၉၃၀၀ ကျပ်၊ တီစူပါ (၁၂%-တရုတ်) ၉၆၀၀ ကျပ်၊တီစူပါ( ၁၆%-တရုတ်) ၁၀၆၀၀ ကျပ်၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ၁၄၁၀၀ ကျပ်၊ ဓာတ်ဆား (တရုတ်) ၁၂၅၀၀ ကျပ်၊ပိုတက်(တရုတ်) ၂၃၅၀၀ ကျပ်၊ ယူရီးယား (ယူအေအီး) ၁၉၅၀၀ ကျပ်၊ မြားကမ္ဘာ ၁၄၃၀၀ ကျပ် ဈေးနဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** ဒီတစ်ပတ်မှာ မြေဩဇာက ရာသီချိန်မဟုတ်တာကြောင့် အရောင်းအဝယ်က အေးသလို ဈေးကလည်း ငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် ၁၂း၁၃ (အပြာ၊အစိမ်း) ၁၃၅၀၀ ကျပ်၊ ဆင်(၁၀း၁၀း၅) ၁၃၅၀၀ ကျပ်၊ အာမို(၁၀း၁၀း၅) ၁၅၀၀၀ ကျပ်၊ အာမို(၁၅း၁၅း၁၅) ၃၄၀၀၀ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၁၈၉၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၁၈၄၀၀ ကျပ်၊ အောင်ကမ္ဘာ (၁၀း၁၀း၅) ၁၆၂၀၀ ကျပ်၊ပိုတက် ၂၂၈၀၀ ကျပ်၊ တောင်သူမ ၁၃၁၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နှံ့ဆီနှံ့စိမ်း

### နှံ့ဆီ၊ နှံ့မှုန့် တန်ချိန် နှစ်ရာကျော်ဝင်

ဒီဇင်ဘာ နောက်ဆုံးသီတင်းပတ်မှာ ကန်ဒေါ်လာ သုံးသိန်းငါးသောင်းကျော် တန်ဖိုးရှိ နှံ့ဆီ ၂၅၂ ဒသမ ၅၄ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။

ကန်ဒေါ်လာ ၇၀၃၂၅၆ တန်ဖိုးရှိ နှံ့မှုန့် ၂၁၁ ဒသမ ၉၀၆ တန်ကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ထိုင်းနဲ့ စင်ကာပူနိုင်ငံတို့မှ ဝင်လာခဲ့ပါတယ်။

လချုပ်အနေနဲ့ ကြည့်မယ်ဆိုရင် ဒီဇင်ဘာလအတွင်း နှံ့ဆီ ၁၂၄၀ တန် အဝင်ရှိခဲ့သလို နှံ့မှုန့် ၇၄၇ ဒသမ ၆၀ တန်ဝင်လာခဲ့တယ်လို့ သိရပါတယ်။

သီတာဝင်း (DOT) စုစည်းသည်

**နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ**

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၂၇/၁၂ မှ ၂/၁ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၂၀/၁၂ မှ ၂၆/၁၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၇၄၅.၀၀ | ၁၆၆၉.၅၀ | (-) | ၉၂၄.၅၀ |
| ၂။ | လွယ်ဂျယ် | ၅၇၂.၀၀ | ၄၄၀.၀၀ | (+) | ၁၃၂.၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၀၀.၀၀ | ၂၀၀.၀၀ | (-) | ၁၀၀.၀၀ |
| ၄။ | ကန်ပိုက်တီး | ၂၉၈၃.၅၀ | ၃၇၈၃.၅၀ | (-) | ၈၀၀.၀၀ |
| ၅။ | တာချီလိတ် | ၄၆၀၀.၀၀ | ၃၅၆.၀၀ | (+) | ၄၂၄၄.၀၀ |
| ၆။ | မြဝတီ | ၁၁၆၆.၀၀ | ၁၂၇၅.၉၀ | (-) | ၁၀၉.၉၀ |
| ၇။ | ကော့သောင်း | ၅၈၈၆.၂၃ | ၃၇၉၄.၇၅ | (+) | ၂၀၉၁.၄၈ |
| ၈။ | မြိတ် | ၇၀၀.၀၀ | ၈၀၀.၀၀ | (-) | ၁၀၀.၀၀ |
| | စုစုပေါင်း | ၁၆၇၅၂.၇၃ | ၁၂၃၁၉.၆၅ | (+) | ၄၄၃၃.၀၈ |

မြင့်မြင့်မာ MIRT (DCCA)

**နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ**

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၂၇/၁၂ မှ ၂/၁ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၂၀/၁၂ မှ ၂၆/၁၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၃၃၅၁.၉၀ | ၁၆၄၉၂.၆၈ | (-) | ၃၁၄၀.၇၈ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | ၂၉၀.၂၅ | ၈၅.၂၅ | (+) | ၂၀၅.၀၀ |
| ၄။ | တာချီလိတ် | - | - | | - |
| ၅။ | မြဝတီ | ၁၅၃.၅၀ | ၁၄၇.၄၈ | (+) | ၆.၀၂ |
| ၆။ | ကော့သောင်း | - | ၂၃၃၁.၅၀ | (-) | ၂၃၃၁.၅၀ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | - | - | | - |
| | စုစုပေါင်း | ၁၃၇၉၅.၆၅ | ၁၉၀၅၆.၉၁ | (-) | ၅၂၆၁.၂၆ |

တင်တင်ထွန်း MIRT (DCCA)

# နှမ်း/မြေပဲ/ပဲပုပ်

## ချင်းရွှေဟော်စခန်းမှ နှမ်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်နယ်စပ်စခန်းတို့မှ ဒီဇင်ဘာလ နောက်ဆုံးပတ်မှာ ကန်ဒေါ်လာ ၅ ဒသမ ၁၇၀ သန်းတန်ဖိုးရှိတဲ့ နှမ်းရောင်စုံ ၂၅၉၂ တန်ခွဲကို တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က ချင်းရွှေဟော်စခန်းမှ ၃၂၃ တန်ခွဲ တင်ပို့ခဲ့ပြီး ယခုရက်သတ္တပတ်မှာတော့ ၂၄၀၁ တန်ခွဲထိ တင်ပို့နိုင်ခဲ့လို့ ချင်းရွှေဟော်ရဲ့ နှမ်းတင်ပို့မှုတွေ ပိုမိုလာတာတွေ့ရပါတယ်။ နယ်စပ်စခန်းအသီးသီးက ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှာ နှမ်းရောင်စုံ ၉၆၀၃ တန်ကျော်ထိ တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်ရက်သတ္တပတ်က နှမ်းဖြူတစ်တန်ကို မိမိဘက်ပေါက်စျေး ၂၂၆၂၇၉၃ ကျပ်မှ ယခု ၂၂၅၃၃၇၂ ကျပ်သို့ လည်းကောင်း၊ နှမ်းနက်တစ်တန်ကို ၂၃၄၆၄၀၅ ကျပ်မှ ၂၃၀၃၃၃၁ ကျပ်သို့ လည်းကောင်း စျေးများ ထပ်မံကျဆင်းခဲ့ပါတယ်။ မကွေးနှမ်းစျေးကွက်မှာတော့ ရန်ကုန်နဲ့ မန္တလေးဝယ်လက်တွေက ပုံမှန်ဝယ်လိုအားရှိခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်ရဲ့ စခန်းအလိုက်တင်ပို့တဲ့ နှမ်းရောင်စုံတွေကို ဖော်ပြပေးလိုက်ပါတယ်။

**တန်ချိန်-ကိန်းပြည့်**

| နှမ်းအမျိုးအစား | မူဆယ် | ချင်းရွှေဟော် |
|---|---|---|
| နှမ်းဖြူ | ၈၉. ၅ | ၆၈၆. ၅ |
| နှမ်းနက် | ၈၁. ၅ | ၁၅၃၀. ၀ |
| နှမ်းညို | ၂၀. ၀ | ၁၈၅. ၀ |

**မော်မော်အောင် MIRT (DCCA)**

## ပြည်ဆောင်းပဲပုပ်သစ်များ ဝင်ရောက်လို့ လှော်ငလက်သမားတို့ ဝယ်ယူ

ပြည်ပဲစျေးကွက်သို့ ဆောင်းပဲပုပ်သစ်များ ယခုတစ်ပတ်မှာ စတင်ဝင်ရောက်လာပါတယ်။ ဒေသတွင်း မြို့နယ်များဖြစ်တဲ့ ပေါင်းတလည်၊ ပေါက်ခေါင်း၊ ပန်းတောင်းမြို့နယ်များမှ စတင်ဝင်ရောက်ခဲ့ကာ တစ်ရက်ကို အိတ် ၁၅၀ ကျော်ထိ ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။

ပဲသစ်စျေးမှာ တစ်တင်း ၁၆၀၀၀ ကျပ်ဖြင့် ပဲဟောင်းစျေးထက် စျေးလျော့နည်း အရောင်းအဝယ်ဖြစ်ခဲ့ ကာ လက်လီသမားနှင့် လှော်ပဲသမား အချို့ ဝယ်ယူနေကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## နှစ်ကုန်ချိန်မှာ စျေးမြင့်ရာမှ နှစ်စတွင် စျေးအနည်းငယ်ပြန်ကျလာတဲ့ ပြည်မြေပဲဆန်စျေးကွက်

ပြည်စျေးကွက်သို့ ဇန်နဝါရီ ပထမပတ်တွင် မြေပဲဆန်အဝင်နည်းသွားသော်လည်းစျေးမှာ အနည်းငယ် ပြန်ကျလာပြီး အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ဆောင်းပဲများ ခုချိန်တွင် ရာသီကုန်ချိန်ဖြစ်သဖြင့် တစ်နေ့ကို အဝင် အိတ် ၉၀၀ ခန့်လောက်သာ အဝင်ရှိပြီး ရန်ကုန်ဆီစက်နှင့် မကွေးဆီစက်များက အဝယ်ရှိနေတာ တွေ့ရပါတယ်။ လုံးဆန်ကို မန္တလေးဝယ်လက်များက အဝယ်ရှိနေတာ တွေ့ရပါတယ်။ တောင်သူအချို့က ဆောင်းပဲများကို မိုးတွင်းစိုက်ရန်အတွက် မျိုးအဖြစ်ချန်ထားသဖြင့် စျေးကွက်သို့ အဝင်နည်းသွားတာဖြစ်ပါတယ်။ ယခုအပတ်တွင် မြေပဲဆန်စျေးမှာ ဆီကြိတ်မြေပဲဆန်အသစ် တစ်ပိဿာကို ၁၈၀၀ ကျပ်နှင့် လုံးဆန်အသစ် တစ်ပိဿာကို ၂၂၀၀ ကျပ်စျေးဖြင့် စျေးကွက်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ မြေပဲဆန်အဟောင်းမှာ စျေးကွက်ထဲတွင် ပစ္စည်းပြတ်နေတာ တွေ့ရပါတယ်။

မြေပဲဆန်စျေးကို တစ်နှစ်လုံးစာ ပြန်ကြည့်မယ်ဆိုရင် ၂၀၁၄ ဇန်နဝါရီလတွင် လုံးဆန်တစ်ပိဿာကို ၁၆၀၀ ကျပ်ဖြင့် ဖေဖော်ဝါရီလအထိ စျေးငြိမ်နေပြီး မတ်လတွင် တစ်ပိဿာကို ၁၆၅၀ ကျပ်ဖြင့် စက်တင်ဘာလအထိ စျေးအနည်းငယ်မြင့်လာပြီး မိုးပဲများကုန်ခါနီးအချိန် အောက်တိုဘာလတွင် တစ်ပိဿာ ၂၁၅၀ ကျပ်ဖြင့် စျေးသိသိသာသာ မြင့်လာပြီး နိုဝင်ဘာလတွင် လုံးဆန်ဝယ်လက်များရှိလာသဖြင့် တစ်ပိဿာကို ၂၃၀၀ ကျပ်ထိမြင့်လာပြီး ဆောင်းပဲများ ပေါ်စဒီဇင်ဘာလတွင် မိုးမြေပဲအဟောင်းမှာ တစ်ပိဿာ ၂၆၀၀ ကျပ်ထိ စျေးမြင့်ချိန်တွင် ဆောင်းပဲအသစ်လုံးဆန်စျေးမှာ တစ်ပိဿာကို ၂၃၀၀ ကျပ်ဖြင့် နှစ်ကုန်တွင် စျေးမြင့်နေတာတွေ့ရပါတယ်။ ဆီကြိတ်မြေပဲဆန်စျေးမှာ ဇန်နဝါရီလတွင် တစ်ပိဿာကို ၁၄၀၀ ကျပ်ဖြင့် ဖေဖော်ဝါရီလအထိ စျေးဖြစ်နေတာတွေ့ရပါတယ်။ မတ်လတွင် ဆီဆန်စျေးမှာ တစ်ပိဿာကို ၁၉၀၀ ကျပ်ဖြင့် မိုးမြေပဲပေါ်ချိန် စက်တင်ဘာလအထိ စျေးမြင့်ပြီး အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ အောက်တိုဘာလတွင် မြေပဲဆန်အဝင်များ လှိုင်လာသဖြင့် စျေးမှာ တစ်ပိဿာကို ၁၈၀၀ ကျပ်ဖြင့် အနည်းငယ်စျေးကျလာပြီး၊ နိုဝင်ဘာလတွင် အဝင်နည်းသွားသဖြင့် စျေးမှာ ၁၉၀၀ ကျပ်ဖြင့် အနည်းငယ် ပြန်တက်လာပြီး ဆောင်းမြေပဲများပေါ်စဒီဇင်ဘာလကုန်တွင် မိုးမြေပဲဟောင်းစျေးမှာ တစ်ပိဿာကို ၂၀၀၀ ကျပ်ထိ စျေးမြင့်ပြီး ဆီဆန်အသစ်များ တစ်ပိဿာကို ၁၈၀၀ ကျပ်ဖြင့် နှစ်ကုန်မှာစျေးမာနေတာ တွေ့ရပါတယ်။

**ဝေဝေမင်း-ပြည်**

# စားအုန်းဆီ

## ရောင်းလိုအားကျဆင်းမှုကြောင့် စားအုန်းဆီစျေး ခြောက်လအတွင်းအနိမ့်ဆုံးသို့ရောက်

မလေးရှားနိုင်ငံမှာ မုတ်သုံမိုးနောက်တစ်ကျော့ပြန်ဝင်လာတဲ့အတွက် စားအုန်းဆီဖြန့်ဖြူးမှုကျဆင်းမှာ စိုးရိမ်မှုတွေရှိနေပါတယ်။ ဒါကြောင့် မလေးရှားစားအုန်းဆီစျေးနှုန်း ကြိုရောင်းကြိုဝယ်က ဇန်နဝါရီ ၇ ရက်မှာ တတိယမြောက်နေ့အဖြစ် ကျဆင်းခဲ့ကြောင်း ဘီရီကော်ဒါသတင်းမှာ ဖော်ပြပါတယ်။

မလေးရှား မိုးလေဝသဌာနက မိုးလေဝသသတိပေးအဆင့်ကို ဇန်နဝါရီ ၈ ရက်မှာ “အဝါရောင်” အဆင့်ကနေ “လိမ္မော်ရောင်”အဆင့်ကို ပြောင်းလဲသတ်မှတ်ပေးလိုက်ပါတယ်။ ဂျိုဟိုး၊ ပါဟန်း၊ တယ်ရင်ဂါနုနဲ့ ကီလန်တန်ဒေသတွေမှာ ယခုရက်သတ္တပတ်ကုန်တဲ့အထိ မိုးသည်းထန်လိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ မလေးရှားကျွန်းစုမှာ ဂျိုဟိုးနဲ့ ပါဟန်းဒေသတွေက စားအုန်းဆီထုတ်လုပ်ရာမှာ ထိပ်တန်းပြည်နယ်တွေဖြစ်ပြီး ယခုနှစ် စားအုန်းဆီထုတ်လုပ်မှုရဲ့ ၃၀ ရာခိုင်နှုန်းထိ ပါဝင်နေကြောင်း မလေးရှား စားအုန်းဆီဘုတ်အဖွဲ့ကပြောပါတယ်။ ရေလွှမ်းမိုးမှုအတွက် စိုးရိမ်မှုတွေ သက်သာသွားတဲ့တိုင် စားအုန်းဆီစျေးက တစ်တန်ကို ၂၃၂၀ ရင်းဂစ်မှ ၂၄၂၀ ရင်းဂစ် အကြားရှိနေဦးမယ်လို့ ကုန်သည်တွေက ခန့်မှန်းထားပါတယ်။ စားအုန်းဆီအခြေခံစျေးနှုန်းက ဇန်နဝါရီ ၉ ရက် နေ့လယ်မှာ ၁ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်တန်ကို ၂၃၆၀ ရင်းဂစ် (၆၆၂ ဒေါ်လာ) နှုန်းရှိခဲ့ပါတယ်။

စုစုပေါင်း ရောင်းချမှုတန်ဖိုးက ၂၅ တန်အတွဲ ၁၉၄၃၃ တွဲရှိခဲ့ရာ ပျမ်းမျှရောင်းချနှုန်းဖြစ်တဲ့ ၁၂၅၀၀၀ တွဲအထက်မှာရှိနေပါတယ်။ ရေနံစိမ်းစျေးနှုန်းကျဆင်းမှုက ဇီဝဒီဇယ်ဆီစျေးနှုန်းကို ဂယက်ရိုက်တဲ့အတွက် စားအုန်းဆီစာချုပ်စျေးတွေလည်း ကျဆင်းခဲ့ပါတယ်။ မလေးရှားရင်းဂစ်တန်ဖိုးကျဆင်းမှုကလည်း စက်တင်ဘာလအတွင်းက ၅ နှစ်အတွင်း အနိမ့်ဆုံးအထိရောက်ခဲ့တဲ့စျေးဖြစ်တဲ့ ၁၉၁၄ ရင်းဂစ်ကနေ ၂၅ ရာခိုင်နှုန်း နီးပါးပြန်တက်ခဲ့ပါတယ်။ အခြားပြိုင်ဘက်သီးနှံဖြစ်တဲ့ ပဲပုပ်စျေးက အမေရိကန်ပြည်ထောင်စုမှာ မတ်လအတွက် စာချုပ်စျေးက သုညဒသမ ၇ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။ တရုတ်ဒါလီယံစျေးကွက်မှာ မေလအတွက် ပဲပုပ်ဆီစျေးက သုညဒသမ ၉ ရာခိုင်နှုန်းမြင့်တက်ခဲ့ပါတယ်။

**ဉာဏ်တင်**

## ပြည်တွင်းဆီစျေးနှုန်းများ (၉-၁-၂၀၁၅)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၃၂၀၀ | ၃၂၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၅၅၀ | ၁၅၅၀ | □ |
| ရန်ကုန် | ၄၀၀၀ | ၄၀၀၀ | □ | ၅၇၀၀ | ၅၇၀၀ | □ | ၁၃၄၅ | ၁၃၈၀ | △ |
| မန္တလေး | ၃၂၀၀ | ၃၅၀၀ | △ | ၄၃၀၀ | ၄၃၀၀ | □ | ၁၄၃၀ | ၁၄၇၀ | △ |
| ပဲခူး | ၂၇၀၀ | ၂၇၀၀ | □ | ၅၅၀၀ | ၅၄၀၀ | ▽ | ၁၄၂၀ | ၁၄၂၀ | □ |
| မကွေး | ၃၈၀၀ | ၃၇၀၀ | ▽ | ၄၇၀၀ | ၄၆၀၀ | ▽ | ၁၄၃၀ | ၁၄၃၀ | □ |
| မုံရွာ | ၃၆၀၀ | ၃၆၀၀ | □ | ၄၃၀၀ | ၄၃၀၀ | □ | ၁၄၈၀ | ၁၅၂၀ | △ |
| စစ်တွေ | ၃၄၀၀ | ၃၄၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt-dtp*

## စားအုန်းဆီစျေးနှုန်းများ (၅-၁-၂၀၁၅ မှ ၉-၁-၂၀၁၅ နေ့ထိ)

ရေတွက်ပုံ - ဒေါ်လာ

| စဉ် | နေ့စွဲ | CIF (ရန်ကုန်) |
|---|---|---|
| (၁) | ၅-၁-၂၀၁၅ | ၇၂၅ |
| (၂) | ၆-၁-၂၀၁၅ | ၇၂၅ |
| (၃) | ၇-၁-၂၀၁၅ | ၇၃၀ |
| (၄) | ၈-၁-၂၀၁၅ | ၇၃၀ |
| (၅) | ၉-၁-၂၀၁၅ | ၇၃၅ |

Source: ဆီကုန်သည်များအသင်း

## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) စျေးနှုန်း

၉-၁-၂၀၁၅ US$/Ton

| အမျိုးအစား | ဒီဇင်ဘာလ ပဥ္စမပတ် | ဇန်နဝါရီလ ပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၂၄.၀၀ | ၆၆၁.၅၀ | △ |
| RBD P.Olein | ၆၃၄.၀၀ | ၆၆၀.၀၀ | △ |
| RBD P.Strarin | ၆၂၅.၅၀ | ၆၅၆.၀၀ | △ |

*Source: econ.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းစျေးတွက်ချက်ပုံ (၉ - ၁ -၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF စျေး | (CIFx Earning)/ 612 | ၁၂၅၂.၆၂ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x Earning)/612 | ၃.၁၃ |
| Bill စရိတ် | (CIF x 0.50% x Earning )/612 | ၆.၂၆ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားစျေး | ၆.၉၀ |
| ဆီကန်သို လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၁.၆၃ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၄၂.၀၃ |
| ဆိပ်ကမ်းကပ်ခ | (3x Earning )/ 612 | ၅.၁၁ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းစျေး | ၁၃၉၃.၅၀ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ (၉-၁ -၂၀၁၅)နေ့ (CIF စျေး Cloud Point 8 ˚C Max ၇၃၅ ဒေါ်လာ၊ FOB ၇၁၀ ဒေါ်လာနှင့် Earning စျေး၁၀၄၃ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ (၉-၁-၂၀၁၅)နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် စျေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်စျေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာစျေး ၁၀၂၉ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF စျေးနှုန်းများ အပါအဝင် ဖော်ပြပါစျေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# K-pop Concert များနှင့် တီဗွီအစီအစဉ်များကြောင့် ကိုရီးယားယဉ်ကျေးမှုပို့ကုန် စံချိန်သစ်တင်

ကိုရီးယားသမ္မတနိုင်ငံ၏ ယဉ်ကျေးမှုနှင့်ဆက်စပ်သော ကုန်သွယ်မှုစာရင်းရှင်းတမ်းသည် ၁၂ နှစ်ဆက်တိုက် ကုန်သွယ်မှုလိုငွေ ပြနေခဲ့ရာမှ ယခုနှစ်တွင် ပထမဦးဆုံးအကြိမ် ကုန်သွယ်မှုပိုငွေ(Trade Surplus)ပြလာခဲ့သည်။ အကြောင်းရင်းမှာ Korea K-pop concerts များ ပြည်ပနိုင်ငံများတွင် သွားရောက်ဖျော်ဖြေကြခြင်းနှင့် ကိုရီးယား တယ်လီဗေးရှင်းအစီအစဉ်များကို ပြည်ပသို့တင်ပို့ရောင်းချခဲ့ကြခြင်းတို့ကြောင့်ဖြစ်သည်။

ကိုရီးယားဗဟိုဘဏ်က ထုတ်ပြန်သောစာရင်းများအရ ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ယဉ်ကျေးမှုနှင့် ဆက်နွယ်သည့် ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများအား ပြည်ပသို့ တင်ပို့ရောင်းချသည့် တန်ဖိုးသည် ဒေါ်လာ ၇၆၇ ဒသမ ၂ သန်းဖိုးရှိကြောင်းနှင့် ယခင်နှစ်ပို့ကုန်တန်ဖိုး ဒေါ်လာ ၇၃၀ ဒသမ ၉ သန်းထက်ကျော်သွားခဲ့ကြောင်း သိရှိရသည်။ ကျန်းမာရေး၊ ပညာရေး၊ ရုပ်ရှင်ကားများနှင့် တယ်လီဗေးရှင်း အစီအစဉ်များသည် ကိုရီးယားနိုင်ငံအတွက် ပြည်ပဝင်ငွေ အားဖြည့်ပေးရာတွင် သိသာထင်ရှားသော ထုတ်ကုန်နှင့် ဝန်ဆောင်မှုလုပ်ငန်းများဖြစ်ကြသည်။

ယဉ်ကျေးမှုဆက်စပ်သော ကုန်သွယ်မှုသည် ၂၀၁၁ ခုနှစ်အတွင်း ကုန်သွယ်မှုပိုငွေ ဒေါ်လာ ၁၉ ဒသမ ၈ သန်း ရှိခဲ့ပြီး၊ ၂၀၁၂ ခုနှစ်တွင် ဒေါ်လာ ၄၂ ဒသမ ၄ သန်း၊ သို့သော် ၂၀၁၃ ခုနှစ်တွင် ကုန်သွယ်မှုလိုငွေပြခဲ့သည်။ယခင်နှစ်က ယဉ်ကျေးမှုပို့ကုန်တန်ဖိုး တက်ခဲ့သော်လည်း သွင်းကုန်တန်ဖိုး ဒေါ်လာ ၈၃ ဒသမ ၈ သန်းဖြစ်ခဲ့၍ ကုန်သွယ်မှုလိုငွေပြခဲ့သည်။ ၂၀၁၄ ခုနှစ် ဇန်နဝါရီမှ အောက်တိုဘာလအထိတွင်မူ ကုန်သွယ်မှုပိုငွေ ဒေါ်လာ ၃ သန်း ရရှိလာခဲ့သည်။ လတ်တလော SBS ရုပ်သံတွင် ပြသနေသည့် Pinocchio ရုပ်သံစီးရီးအား တရုတ်နိုင်ငံသို့ ဇာတ်ဝင်ခန်းတစ်ပိုင်း (one episode) လျှင် ဒေါ်လာ ၂၈၀,၀၀၀ ဖြင့် ရောင်းချနိုင်ခဲ့သည်။ ယင်းပမာဏသည် My love from the Star စီးရီးအား ရောင်းချခဲ့သည့် တန်ဖိုး ဒေါ်လာ ၃၅,၀၀၀ ၏ရှစ်ဆရှိသည်။ ယင်းကဲ့သို့ ကိုရီးယားရုပ်သံစီးရီးများ တရုတ်နိုင်ငံတွင်းသို့ တိုးတက်ရောင်းချလာနိုင်ခြင်းသည် ကိုရီးယား Celebrities များအတွက် တရုတ်နိုင်ငံတွင် ထင်ရှားကျော်ကြားရန် အခွင့်အရေးကောင်းတစ်ခုလည်း ဖြစ်ပေသည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

## ကိုရီးယား-ဩစတြေးလျ၊ ကိုရီးယား- ကနေဒါ FTA များအား ကိုရီးယား လွှတ်တော်က အတည်ပြုခဲ့

ကိုရီးယား အမျိုးသားလွှတ်တော်က ကိုရီးယား-ဩစတြေးလျနှင့် ကိုရီးယား-ကနေဒါ လွတ်လပ်စွာ ကုန်သွယ်မှုသဘောတူညီချက်များ (FTAs) များကို ဒီဇင် ဘာ ၂ ရက်က အတည်ပြုခဲ့သည်။ ယင်း FTAs ဥပဒေမူကြမ်းနှစ်ခု အား စက်တင်ဘာလ ၁၆ ရက်နှင့် အောက်တိုဘာလ ၁ ရက် တို့က အသီးသီးတင်ပြထားခဲ့ခြင်းဖြစ်သည်။ အတည်ပြုပြီးဖြစ်သော FTAs များသည် အတည်ပြုပြီးနောက် ရက်ပေါင်း ၃၀ အကြာတွင် စတင် သက်ဝင်မည်ဖြစ်သည်။

ဂျပန်-ဩစတြေးလျ FTA အား ဂျပန်အမျိုးသားဒိုင်းယက်လွှတ်တော်မှ နိုဝင်ဘာလ ၇ ရက်က အတည်ပြုခဲ့သဖြင့် ကိုရီးယားအစိုးရအနေဖြင့် ကိုရီးယား အမျိုးသားလွှတ်တော်က ကိုရီးယား-ဩစတြေးလျ FTA ကို အတည်ပြုပေးမည်လားဆိုသည်ကို စိုးရိမ်နေခဲ့ကြရသည်။

ကိုရီးယား-ဩစတြေးလျ FTA ကိုအတည်ပြုလိုက်ခြင်းဖြင့်ကိုရီးယားအစိုးရအနေဖြင့် ပို့ကုန်တန်ဖိုး ဒေါ်လာ ၄၆၀ မီလီယံ လျော့နည်းသွားဖွယ်ရှိသည်ဟု ခန့်မှန်းထားသည်။ သို့သော်လည်း ကိုရီးယား-ဩစတြေးလျ FTA ကို အချိန်ကိုက်အတည်ပြုခဲ့ခြင်းဖြင့် နှစ်နိုင်ငံကြားကုန်သွယ်မှုသည် ဂျပန် နိုင်ငံနှင့်ကုန်သွယ်မှုထက် ပိုမိုသွက်လက်လာဖွယ်ရှိသည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

## ရုရှား စီးပွားရေးအကျပ်အတည်းကြောင့် ထိုင်းနိုင်ငံအား ထိခိုက်မှုအနည်းငယ်သာရှိနိုင်

ထိုင်း-ရုရှား နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏသည် အလွန်နည်းပါးသောကြောင့် ရုရှားနိုင်ငံ၏ စီးပွားရေးအကျပ်အတည်းသည် ထိုင်းနိုင်ငံ၏ စီးပွားရေးအပေါ် အကျိုးသက်ရောက်မှု အနည်းငယ်သာရှိနိုင်ပါသည်။ သို့ရာတွင် ရုရှား၏ အနည်းငယ်သော အကျပ်အတည်းသည် ဖွံ့ဖြိုးတိုးတက်နေသော ဈေးကွက်များ (Emerging markets) သို့ ရင်းနှီးငွေစီးဆင်းမှုအပေါ် အကျိုးသက်ရောက်မှုရှိနေဆဲဖြစ်ကြောင်း သိရှိရပါသည်။

အားနည်းနေသော ရုရှားစီးပွားရေး၏ တိုက်ရိုက်မဟုတ်သော အကျိုးသက်ရောက်မှုတစ်ခုမှာ ထိုင်းနိုင်ငံသို့ ရုရှားခရီးသွားဧည့်သည် ဝင်ရောက်မှု ကျဆင်းစေနိုင်ခြင်း ဖြစ်ပါသည်။ ရုရှားနိုင်ငံသို့ ထိုင်းနိုင်ငံ၏ တင်ပို့ မှုသည် စုစုပေါင်းတင်ပို့မှု၏ သုည ဒသမ ၅ ရာခိုင်နှုန်းသာရှိသော်လည်း ထိုင်းနိုင်ငံသို့ ရုရှားခရီးသွားဧည့်သည် ဝင်ရောက်မှုသည် စုစုပေါင်းခရီးသွား ဧည့်သည် ဝင်ရောက်မှု၏ ၆ ဒသမ ၆ ရာခိုင်နှုန်းရှိပါသည်။

ထိုင်းနိုင်ငံဗဟိုဘဏ်အနေဖြင့် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် မြေအိမ်ရာအဆောက်အအုံကဏ္ဍကဲ့သို့သော ဆက်နွယ်လျက်ရှိသည့် ထိုင်းနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများအပေါ်တွင် ရုရှားအကျပ်အတည်း၏ စီးပွားရေးအရ အကျိုးသက်ရောက်မှုကို စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာမည်ဖြစ်ပါသည်။ ရုရှားနိုင်ငံသည် အနောက်နိုင်ငံများ၏ စီးပွားရေးအရ အရေးယူပိတ်ဆို့ မှုများနှင့် ရေနံဈေးနှုန်းများ ထိုးကျခြင်းကို ရင်ဆိုင်ရလျက်ရှိပါသည်။ အဆိုပါ အခြေအနေများသည် ရုရှားငွေကြေး တန်ဖိုးကို ထိုးကျစေခဲ့ပြီး ရုရှားဗဟိုဘဏ်အားငင်း၏ စံအတိုးနှုန်းကို ၁၀ ဒသမ ၅ ရာခိုင်နှုန်းမှ ၁၇ ရာခိုင်နှုန်းသို့သိသိသာသာ တိုးမြှင့်စေခဲ့ပါသည်။

ရုရှား၏စီးပွားရေး အကျပ် အတည်းသည် ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်သည့် နိုင်ငံများအပေါ် အကျိုးသက်ရောက်မှု ရှိနိုင်သည်ဟု ဆိုသော်လည်း ရင်းနှီးမြှုပ်နှံသူများအနေဖြင့် နှစ်ကုန်ပိုင်းတွင် တက်ကြွမှုမရှိတော့သောကြောင့် လတ်တလော အကျိုးသက်ရောက်မှုကို အကဲဖြတ်သုံးသပ်ရန် ခက်ခဲကြောင်း သိရှိရပါသည်။

ရုရှားအကျပ်အတည်းသည် ရင်းနှီးမြှုပ်နှံသူများ၏ သဘောထားကို ပြောင်းလဲစေနိုင်သော်လည်း ၎င်းတို့အနေဖြင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီလအထိ စောင့်ကြည့်ရမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်နေသော ဈေးကွက်များတွင် ထုံးစံအတိုင်း မတည်ငြိမ်မှုများ (အတက်အကျများ) ဖြစ်ပေါ်နိုင်ကြောင်း၊ အာရှနိုင်ငံများအနေဖြင့် ၎င်းတို့၏ ခိုင်မာသော စီးပွားရေးအခြေခံများနှင့် မူဝါဒများကြောင့်များစွာ စိုးရိမ် ဖွယ်မရှိကြောင်း သုံးသပ်ကြပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘန်ကောက်မြို့**

## စင်ကာပူနိုင်ငံ၌ ရေကြောင်းပို့ဆောင်ရေးကုမ္ပဏီတစ်ခုအား နိုင်ငံခြားအလုပ်သမားခန့်ထားခွင့် ပိတ်ပင်

မိမိနိုင်ငံသားဝန်ထမ်းများ အပေါ် ခွဲခြားပြုမူဆက်ဆံကြောင်းစွဲချက်ဖြင့် စင်ကာပူနိုင်ငံရှိပင်လယ်ရေကြောင်းပို့ဆောင်ရေး ကုမ္ပဏီတစ်ခုဖြစ်သော Prime Gold International လီမိတက်အား နိုင်ငံခြားသား အလုပ်သမားငှားရမ်းခန့်ထားခွင့် နှစ်နှစ် တားမြစ်ပိတ်ပင်လိုက်ကြောင်း စင်ကာပူ လူ့စွမ်းအားရေးရာဝန်ကြီးဌာန (MOM) မှ ဒီဇင်ဘာ ၂၉ ရက်နေ့က ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။ Prime Gold ကုမ္ပဏီသည် ၎င်းတို့ထံ၌ သင်္ဘောကပ္ပတိန်၊ အရာရှိချုပ်၊ အင်ဂျင်နီယာချုပ်နှင့် သင်္ဘောသားများ အဖြစ်လုပ်ကိုင်လျက်ရှိသည့် စင်ကာပူ နိုင်ငံသားဝန်ထမ်း ၁၃ ဦးကိုလုပ်ငန်း အရှုံးပေါ်နေသဖြင့် ပိုလျှံဝန်ထမ်းအဖြစ် အလုပ်မှအင်အားလျှော့ရပ်ဆိုင်းခဲ့ကြောင်း၊ ၎င်းဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှုမှာ ကျေနပ်ဖွယ်မရှိသည့်အပြင် သင့်လျော်သည့် အရည်အချင်းနှင့် လည်းပြည့်စုံမှုမရှိဟု ကုမ္ပဏီမှပြောကြားခဲ့သော်လည်း သက်သေခိုင်လုံမှုမရှိကြောင်း၊ ကုမ္ပဏီအနေဖြင့် ၎င်းဝန်ထမ်းများ၏ အလုပ်အကိုင် နေရာများကို နိုင်ငံခြားသားများဝင် ရောက်လုပ်ကိုင်နိုင်ရန် လမ်းစဖွင့်ပေးခဲ့ကြောင်း၊ ဤသို့ခွဲခြားဆက်ဆံပြုမူခြင်းသည် လက်ရှိအလုပ်အကိုင် ရရှိထားပြီးဖြစ်သော စင်ကာပူနိုင်ငံသားများ၏ ဘဝရပ်တည်ရှင်သန်မှုအပေါ် ထိခိုက် သက်ရောက်မှုရှိသောကြောင့် ဝန်ကြီးဌာနမှ အရေးယူဆောင်ရွက်ခြင်းဖြစ်ကြောင်း ကြေညာချက်၌ဖော်ပြထားပါသည်။

သင့်တင့်မျှတစွာ စဉ်းစားဆောင် ရွက်ရေးမူဘောင် (Fair Consideration Framework-FCF) ဟုခေါ်ဆို သောစီမံခန့်ခွဲရေးနှင့် ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းတာဝန်များ၌ အလုပ်ခန့်ထားခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ် ချက်ကိုစင်ကာပူအစိုးရမှ ၂၀၁၃ ခုနှစ် စက်တင်ဘာလအတွင်းပြဋ္ဌာန်းခဲ့ရာ ၂၀၁၄ ခုနှစ်ဩဂုတ်လ ၁ရက်နေ့မှ စတင်အကျိုးသက်ရောက်ခဲ့ပါသည်။ ၎င်း FCF မူဘောင်အရ စင်ကာပူနိုင်ငံအတွင်း လုပ်ငန်းရှင်များ၏ အလုပ်အကိုင်နေရာလစ်လပ်မှု ကြော်ငြာအားလုံးသည် စင်ကာပူနိုင်ငံသားများအတွက် အခွင့်အလမ်းဖြစ်စေရမည်ဖြစ်ပြီး၊ နိုင်ငံခြားလုပ်သားများအား ငှားရမ်းခန့် ထားခြင်းမပြုမီ မိမိနိုင်ငံသားများကို ဦးစားပေး စဉ်းစားရမည်ဖြစ်ပါသည်။

ယခုကိစ္စရပ်မှာ အင်အားလျှော့ချခံရသူ စင်ကာပူနိုင်ငံသား ဝန်ထမ်းများမှ ၂၀၁၄ ခုနှစ် ဇွန်လအတွင်း၌ လူ့စွမ်းအားရေးရာဝန်ကြီးဌာနသို့ တိုင်ကြားမှုပြုရာမှ စုံစမ်းစစ်ဆေးခဲ့ခြင်း ဖြစ်ပါသည်။ Prime Gold ကုမ္ပဏီသည် စင်ကာပူနိုင်ငံ၌ ၂၀၀၈ ခုနှစ်ဩဂုတ်လမှစတင်၍ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခဲ့ပြီး စင်ကာပူ၌အမြဲတမ်းနေထိုင်ခွင့် PR လက်မှတ်ရရှိထားသူပြည်ပ လုပ်ငန်းရှင်မှ တစ်ဦးတည်းပိုင်ဆိုင်သော လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ MOM အနေဖြင့် အလုပ်အကိုင်ကြော်ငြာခေါ် ယူရာတွင် စင်ကာပူနိုင်ငံသားနှင့် ပြည်ပနိုင်ငံသားခွဲခြားလုပ်ကိုင်သည့် ကုမ္ပဏီလုပ်ငန်းပေါင်း ၁၀၀ ခန့်ကို စစ်ဆေးအရေးယူမှုများ ဆောင်ရွက်ခဲ့ရာ Prime Gold လီမိတက်သည် FCF အကျိုးသက်ရောက်မှုစတင်ခဲ့သည့် ငါးလတာအတွင်း အပြင်းထန်ဆုံးသော အရေးယူမှုကို ခံရသည့် ပထမဦးဆုံး ကုမ္ပဏီဖြစ်လာပါသည်။ ဤကုမ္ပဏီအား ပြည်ပအလုပ်သမားငှားရမ်းခွင့် နှစ်နှစ်ပိတ်ပင်မှုကို မည်သည့်ကာလမှ စတင်မည်ဖြစ်ကြောင်းကြေညာချက်၌ ဖော်ပြထားခြင်းမရှိသော်လည်း ၎င်းတို့၏ လက်ရှိနိုင်ငံခြားသားဝန်ထမ်းများမှာ အလုပ်ပါမစ်သက်တမ်းကုန်ဆုံးချိန်၌ ဆက်လက်သက်တမ်းတိုးခွင့် ရှိမည်ဖြစ်ကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ MOM မှ အရေးယူခြင်းသည် FCF မူဘောင်အားရှောင်ကွင်းနိုင်မည့် ထွက်ပေါက်နည်းလမ်းများကို ကြံဆလျက်ရှိသော ကုမ္ပဏီများသို့ သတိပေး အချက်ပြလိုက်ခြင်းဖြစ်ကြောင်း စင်ကာပူအစိုးရ၏ လူ့စွမ်းအားရေးရာလွှတ်တော်ကော်မတီမှ ပြောဆိုလျက်ရှိပြီး စင်ကာပူရေကြောင်းအရာရှိများသမဂ္ဂမှလည်း အရေးယူဆောင်ရွက်မှုကို တစ်ခဲနက်ထောက်ခံကြောင်း ပြောကြားခဲ့ပါသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ စင်ကာပူမြို့**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ကိုရီးယား SMEs များ၏ဝန်ထမ်းများလုပ်ခမှာ ကုမ္ပဏီကြီးများဝန်ထမ်းလုပ်ခ၏ ၆၀ ရာခိုင်နှုန်းသာရှိ

ကိုရီးယား သေး၊လတ်စီးပွားရေး လုပ်ငန်းများတွင် လခစားဝန်ထမ်းများ ၏ လုပ်ခ၊လစာသည် ကုမ္ပဏီကြီးများရှိ ဝန်ထမ်းများရရှိသော လုပ်ခ၊လစာ၏ ၆၀ ရာခိုင်နှုန်းသာရှိသည်ဟု Korea CXO Research Institute က ကုမ္ပဏီ ၁,၅၀၀ အားပြုလုပ်ခဲ့သော စစ်တမ်းတွင် ဖော်ပြခဲ့သည်။ နှစ်စဉ်အရောင်းစံချိန် ဝမ် ၁ ထရီလီယံ (US 1 ဒေါ်လာ = ၁,၁၀၂၀မ်) ရှိသော ကုမ္ပဏီကြီးများက ဝန်ထမ်းများအား ပေးရသောပျမ်းမျှ လစာငွေသည် တစ်နှစ်လျှင် ဝမ် ၆၁ ဒသမ ၂၁ မီလီယံ ဖြစ်ပြီး၊ နှစ်စဉ်အရောင်းစံချိန် ဝမ် ၁၀၀ ဘီလီယံ ထက်နည်းသော သေး၊လတ် စီးပွားရေးလုပ်ငန်းများရှိဝန်ထမ်း များအားပေးရသော လစာငွေသည်တစ်နှစ်လျှင် ပျမ်းမျှ ဝမ် ၃၇ ဒသမ ၅၉ မီလီယံသာ ရှိသည်ကိုတွေ့ရှိရသည်။

သေး၊လတ် စီးပွားရေးလုပ်ငန်း များ စုစုပေါင်း၏ သုံးပုံတစ်ပုံရှိ လခစားဝန်ထမ်းများသည် တစ်နှစ်လျှင် ဝမ်သန်း၃၀ ခန့်သာ ရရှိကြသည်။ ငွေရေးကြေးရေး ကုမ္ပဏီများရှိဝန်ထမ်းများသည် ပျမ်းမျှ လစာငွေ တစ်နှစ်လျှင် ဝမ် ၆၃ ဒသမ ၂၄ သန်း၊ ဆောက်လုပ်ရေးလုပ်ငန်းကြီး များရှိဝန်ထမ်းများသည် တစ်နှစ်လျှင် ဝမ် ၅၂ ဒသမ ၀၆ သန်း၊ ဓာတုပစ္စည်း စက်ရုံများရှိ ဝန်ထမ်းများသည် တစ်နှစ်လျှင် ဝမ် ၄၈ ဒသမ ၀၉သန်းနှင့် မော်တော်ကားလုပ်ငန်းများမှ ဝန်ထမ်း များသည် တစ်နှစ်လျှင် ဝမ် ၄၈ ဒသမ ၀၁ သန်းခန့် အသီးသီးရရှိကြသည်။ စားသောက်ကုန် ထုတ်လုပ်ရေးကဏ္ဍရှိ ဝန်ထမ်းများသည် အနည်းဆုံးဖြစ်သော လစာတစ်နှစ်လျှင် ဝမ် ၃၈ ဒသမ ၆၈ သန်းခန့်သာရရှိကြသည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဆိုးလ်မြို့။**

# ယက်ကန် ယက်ကန် စီးပွားရေးကြားက တိုးပွားလာနေသော ကိုရီးယား One-Price Shops များ

ကိုရီးယားစီးပွားရေး သိပ်မ ကောင်းလှသော အခြေအနေတွင် ပြည် တွင်းစားသုံးသူများက ပိုက်ဆံအိတ်များကို သိပ်မဖွင့်လိုသော်လည်း ဈေး သက်သာသော လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များတွင်တော့ ပိုက်ဆံ အိတ်များ မဖြစ်မနေဖွင့်ရသည့် အနေအထားဖြစ်နေပါသည်။ ဂျပန်တွင်ယန်း ၁၀၀ ဆိုင်များကို ဖွင့်လှစ်လုပ်ကိုင်နေသော Daiso Korea လက်လီ အရောင်းဆိုင်များတွင် ကော်ဖီခွက်များ၊ ပန်းကန်ဆေးရေမြှုပ်များ၊ မီးဖိုချောင်သုံးပစ္စည်းများနှင့် ဈေးနှုန်း ဝမ် ၅၀၀ မှ ဝမ် ၅,၀၀၀ ကြားရှိ တန်ဖိုးနည်း လူသုံးကုန်ပစ္စည်းများ ရောင်းချလျှက်ရှိပါသည်။ Daiso ဆိုင်များ၏ ပျမ်းမျှလူသုံး ကုန်ပစ္စည်းများ ဈေးနှုန်းသည် ဝမ် ၁,၂၀၀(USD 1 = ဝမ် ၁,၀၈၈) ဖြစ်ပါသည်။

၁၉၉၇ ခုနှစ်က Cheonho-dong မြို့တွင် Daiso ဆိုင်စတင် ဖွင့်လှစ်ကတည်းက ယင်းနှစ်တွင် အရောင်းတန်ဖိုး ဝမ် ၁ ထရီလီယံ ရရှိခဲ့သည်။ ယင်းပမာဏသည် Daiso Korea ဆိုင်သည် ဝမ် ၁,၂၀၀ တန်ဖိုးရှိသော ကုန်ပစ္စည်းအမယ်ပေါင်း ၂ ဒသမ ၃၉ သန်းခန့် နေ့စဉ်ရောင်းချ နေရသည်နှင့် တူညီသည်။ ဈေးဝယ်သူ ငါးသိန်းခန့်သည် Daiso ဆိုင်များသို့ နေ့စဉ်လာရောက် ဈေးဝယ်ကြသည်။ တည်ခင်းရောင်းချရသည့် ပစ္စည်းများကို ရောင်းချရာတွင် ဝယ်ယူရသည့် ဈေးနှုန်းများတက်နေခြင်းကိုကာမိအောင် ပြန်လည်ရောင်းချရသည့်အခါ ဈေးနှုန်းကိုက်ဖို့အတွက် ကုန်ကျစရိတ်များကိုသာ ဖြတ်တောက်ခြင်းနည်းလမ်းကို အသုံးပြုသင့်ပါကြောင်း၊ တစ်ဆင့်ပြန်လည်ရောင်းချသည့် ကုန်ပစ္စည်းများကို ဝယ်ယူရာတွင် ဈေးနှုန်းမြင့် တက်မှုမရှိစေရန်အတွက် ကုန်ကျစရိတ်များကို လျှော့ချသည့် နည်းလမ်းအား အသုံးပြုခြင်းဖြင့်ဈေးနှုန်း သင့်တင့်မျှတမှုရှိအောင် ပြုလုပ်နေသည်ဟု Daiso ကုမ္ပဏီ၏ စီအီးအို ဖြစ်သူ Park Jung-boo ကပြောဆိုသည်။

ဈေးသက်သာသော ကုန်ပစ္စည်းများ အရောင်းတက်လာခြင်းကို အဝတ်အထည်များနှင့် အလှကုန်ပစ္စည်းများရောင်းချခြင်း လုပ်ငန်းတို့တွင်လည်း တွေ့နိုင်သည်။ ဂျပန်ကုမ္ပဏီ UNIQLO အဝတ်အထည်ဆိုင်ခွဲများ၏ ကိုရီးယားနိုင်ငံတွင်း အရောင်းစံချိန် သည် ၂၀၁၃ စက်တင်ဘာလမှ ယခုနှစ် ဩဂုတ်လအထိ ကျန်ခဲ့သော ၁၂ လ တာ ကာလထက် ၃၀ ရာခိုင်နှုန်း တက်လာပြီး၊ ဝမ် ၈၉၅ ဒသမ ၄ ဘီလီယံဖိုးရှိခဲ့သည်။ UNIQLO ၏ ဝမ် ၉,၉၀၀ တန်ဖိုးရှိ ဆောင်း ကာလဝတ်အတွင်းခံနှင့် ဝမ် ၂၉,၉၀၀ တန်ဖိုးရှိ ဂျင်းဘောင်းဘီများ အရောင်းစံချိန် အထူးတိုးတက်ခဲ့သည်။ UNIQLO သည် ၎င်း၏ပြိုင်ဘက်များဖြစ်သော North Face နှင့် Bean Pole တို့အား ဝင်ငွေအရာတွင် များစွာအသာစီးရသွားပြီဟု ဈေးကွက်လေ့လာသူများက သုံးသပ်ခဲ့ကြသည်။ UNIQLO အရောင်းဆိုင်များသည် ၂၀၀၅ ခုနှစ်တွင် လေးခုသာရှိရာမှ ယခုအခါ ကိုရီးယားနိုင်ငံအနှံ့ ဆိုင်ခွဲပေါင်း ၁၃၈ ဆိုင်အထိရှိလာပြီဖြစ်သည်။

ဈေးသက်သာသည့် အလှကုန်ပစ္စည်းများဖြစ်သော Face Shop နှင့် Innisfree တို့သည်လည်း ကိုရီးယားတွင် ပိုမိုကျော်ကြားလာခဲ့သည်။ Face Shop သည် ဈေးသက်သာသော အလှကုန်ပစ္စည်းများကြားတွင် နံပါတ် တစ်ဖြစ်သည်။ ယမန်နှစ်က ဝမ် ၅၀၀ ဘီလီယံ အရောင်းစံချိန်ရှိခဲ့ပြီး၊ ယခုနှစ်တွင် ဝမ်၆၀၀ ဘီလီယံအထိ အရောင်း ဝင်ငွေရှိနိုင်သည်ဟု ခန့်မှန်းထားခဲ့သည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

■

## ဘယ်လ်ဂျီယံနိုင်ငံရှိ အမေရိကန်ကုမ္ပဏီက မြန်မာနိုင်ငံသို့ စက်ပစ္စည်း ကိရိယာများတင်ပို့မည်

ဘယ်လ်ဂျီယံနိုင်ငံရှိ အမေရိကန် ကုမ္ပဏီခွဲတစ်ခုဖြစ်သော Toptech Systems (www.toptech.com) သည် ၎င်း၏ထုတ်ကုန်ပစ္စည်းများဖြစ်သည့် စွမ်းအင်လောင်စာဆိုင်ရာလုပ်ငန်း သုံးပစ္စည်းများအား မြန်မာနိုင်ငံသို့ ၂၀၁၅ခုနှစ်၊ နှစ်ဆန်းပိုင်းတွင် တင်ပို့ရန် ရှိကြောင်း၎င်းကုမ္ပဏီမှစီမံချက်မန်နေဂျာဖြစ်သူ၏ ပြောကြားချက်အရသိရှိရပါသည်။

**ဖြူနှင်းဝတ်ရည်၊စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ဘရပ်ဆဲလ်မြို့**

# တောင်ကိုရီးယားအစိုးရ လုပ်ငန်းကြီး လေးခုအား ဒေါ်လာ၁၅ ဘီလီယံနီးပါး ဒဏ်ကြေးတပ်ရိုက်

Korea Fair Trade Commission က ကိုရီးယားအစိုးရ လုပ်ငန်းကြီး လေးခုအား ဥပဒေနှင့်မညီသော လုပ်ငန်းဆောင်ရွက်မှုများကြောင့် စုစုပေါင်းဝမ် ၁၆ ဘီလီယံ ဒေါ်လာ ၁၄ ဒသမ ၅ မီလီယံ ဒဏ်ကြေးတပ်ရိုက်ခဲ့သည်။Korea Electric Power Corporation (Kepco) Korea Expressway Corporation, Korea Railroad Corporation (Korail) နှင့် Korea Oil Corporation တို့သည် ၎င်းတို့၏ လုပ်ငန်းခွဲများကို မျက်နှာသာပေးသော စီးပွားရေးအမူအကျင့်များ ဆောင်ရွက်ခဲ့ ခြင်းကြောင့်ဒဏ်တပ်ရိုက်ရခြင်းဖြစ်ကြောင်း Korea Fair Trade Commision (FTC) က ဇန်နဝါရီ ၁ရက်နေ့က ထုတ်ဖော်ပြောကြားခဲ့သည်။

၂၀၀၈ ခုနှစ်မှ ၂၀၁၂ခုနှစ်အတွင်း Kepco သည် Korea Electric Power Industrial Development (Kepid) ကုမ္ပဏီအား thermal power station ငါးခုကိုဆောင်ရွက်ရန် ခွင့်ပြုပေးခဲ့သည်။ ယင်းလုပ်ငန်းတွင် လျှပ်စစ်မီတာဖတ်ခြင်း၊ ဓာတ်အားရုံခွဲများကို ထိန်းသိမ်းခြင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် ကြွင်းကျန်ပြာများကို ပြန်လည်အသုံးပြုခြင်း၊ အထွေထွေလုပ်ငန်းများအတွက် အဆောက်အအုံများငှားရမ်းခြင်း စသည့်လုပ်ငန်းများ ပါဝင်သည်။ Kepid သည် Kepco ၏ လုပ်ငန်းခွဲတစ်ခုဖြစ်သည်။


Kepco နှင့် ဓာတ်အားခွဲရုံ ငါးခုကြား ငွေပေးငွေယူဆောင်ရွက်ရာတွင်လည်း Kepco KDN ခေါ်သည့် အိုင်တီပစ္စည်းများနှင့်ဝန်ဆောင်မှုများ ထောက်ပံ့ပေးသည့်ကုမ္ပဏီသည် စာချုပ်တန်ဖိုး အပေါ် ၁၀ ရာခိုင်နှုန်းယူထားပြီး၊ ၎င်း၏ အိုင်တီပစ္စည်းများကိုလည်း ဓာတ်အားခွဲရုံ များသို့ရောင်းချသည်။ ၎င်းအပြင် Kepid သည် လျှပ်စစ်ဓါတ်အားဖတ်သည့် လုပ်ငန်းသုံးပစ္စည်းများအား ပုံမှန်စစ်ဆေးရန် Jeonwoo Business Company အားစာချုပ်ဖြင့်ငှားရမ်း ဆောင်ရွက်စေခဲ့သည်။ ယင်းကုမ္ပဏီ၏ ဝန်ထမ်းများသည် Kepco ၏ဝန်ထမ်းဟောင်း များဖြစ်ကြောင်း FTC က စစ်ဆေးတွေ့ရှိခဲ့သည်။

Kepco သည် ၂၀၁၁ခုနှစ်မတ်လ မှ ၂၀၁၄ ခုနှစ် ဇန်နဝါရီလအတွင်း လုပ်ငန်း ၈၀ ခုချထားပေးခဲ့သည့် ဆပ်ကန်ထရိုက်များထံမှ အခကြေးငွေ အချို့ပြန်လည်ရယူထားခဲ့သည်။ Kepco ၏ အဆိုအရ စာချုပ်စတင်ချုပ်ဆိုရာတွင် အမှားအယွင်းအချို့ရှိခဲ့ ၍ငွေကြေးအချို့ပြန်လည်ရယူရကြောင်း ငြင်းချက်ထုတ်ခဲ့သည်။ ၎င်းအပြင် ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း Kepco အား လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးနေသည့် ကုမ္ပဏီငယ်များ သို့ ဝန်ထမ်းထောက်ပံ့ပေးရန် ပျက်ကွက်ခဲ့သည်။ထိုအကြောင်းအချက်များကြောင့် FTC က Kepco အား ဒဏ်ကြေး ၁၁ ဒသမ ၁ ဘီလီယံဝမ် ထပ်ရိုက်ခဲ့သည်။

Korea Expressway Corporation သည် အမြန်လမ်းများ စစ်ဆေး ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းအား ယခင်ဝန်ထမ်းဟောင်းများဖြင့် ဖွဲ့စည်းထားသည့် ပုဂ္ဂလိက ကုမ္ပဏီအား လုပ်ကိုင်ခွင့်ပြုခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဝမ် ၁ ဒသမ ၉ ဘီလီယံ ဒဏ်ကြေးတပ်ရိုက်ခံရသည်။ Korail သည်လည်း ၎င်း၏လုပ်ငန်းခွဲ Korail Networks အား အဆမတန်နည်းပါးသော ဈေးနှုန်းဖြင့် ၎င်းပိုင်မြေနေရာများ ကိုငှားရမ်းခဲ့ကြောင်း တွေ့ရှိရသည်ဟု FTC ကပြောဆိုခဲ့သည်။ Korea National Oil သည် ၎င်း၏ ဆပ်ကန်ထရိုက်များကို ကျသင့်ငွေများပေးချေရန် ကြန့်ကြာခဲ့ကြောင်းတွေ့ရှိရသည်။

ဖော်ပြပါ ကိုရီးယားအစိုးရပိုင် ကော်ပိုရေးရှင်းကြီးများသည် ၎င်းတို့၏ အမြတ်အစွန်းများ ပိုမိုရရှိရန်ရည်ရွယ်၍ မမျှတသောလုပ်ငန်းဆောင်ရွက်ချက်များ လုပ်ဆောင်နေကြောင်းတွေ့ရှိရသဖြင့် FTC ကပြင်းပြင်းထန်ထန် အရေးယူရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်ဟု FTC ၏ ညွှန်ကြားရေးမှူးချုပ် Kim JaeJung ကပြောဆိုခဲ့သည်။ ၎င်းအပြင်ကိုရီးယား အစိုးရပိုင်အခြား ကော်ပိုရေးရှင်းများဖြစ်ကြသော Korea Land and Housing Corporation, Korea Water Resources Corporation, Korea District Heating Corporation တို့ကိုလည်း မကြာမီ ၎င်းတို့၏မမျှတသောလုပ်ငန်းဆောင်ရွက်ချက်များကိုစစ်ဆေးဖော်ထုတ်အရေးယူ သွားမည်ဖြစ်ကြောင်းညွှန်ကြားရေးမှူးချုပ် က ထပ်ဆင့်သတိပေးချက် ထုတ်ပြန်ခဲ့သည်။ Kepco သည် ယင်း၏ မှားယွင်းသော လုပ်ငန်းဆောင်ရွက်ချက်များကို ဇန်နဝါရီ ၁ရက်နေ့ကဝန်ခံခဲ့ပြီး၊ ပြုပြင်သွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့။**




# ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ဖို့ Cluster ဖွဲ့စည်းစို့

တင်မာကြည် (DOTP)

မြန်မာနိုင်ငံ၏ကုန်သွယ်မှုကဏ္ဍမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၇ ဘီလီယံရရှိရန် လျာထားကြောင်းနဲ့ ပို့ကုန် ၁၂ ဒသမ ၇ ဘီလီယံတန်ဖိုးနှင့် သွင်းကုန် ၁၃ ဘီလီယံရရှိရန် သတ်မှတ်ထားကြောင်း သိရပါတယ်။ မြန်မာနိုင်ငံရဲ့ အဓိက ပို့ကုန် များမှာ သဘာဝဓာတ်ငွေ့ပြီးရင် ဆန်စပါး၊ ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံများဖြစ်တဲ့ နှမ်း၊ မြေပဲနဲ့ ပြောင်းစတဲ့လယ်ယာထွက်ကုန်ပစ္စည်းများ၊ ငါး၊ ပုဇွန် စတဲ့ ရေထွက် ပစ္စည်းများဖြစ်ပါတယ်။ လယ်ယာထွက်ကုန်နဲ့ ရေထွက်ကုန်ပစ္စည်းတွေကို ကုန်ကြမ်းအတိုင်း တင်ပို့မှုများပြီး တန်ဖိုးမြှင့်ထုတ်ကုန်တွေအဖြစ် ထုတ်လုပ်တင်ပို့နိုင်ဖို့အတွက် ကြိုးပမ်းနေချိန်ဖြစ်ပါတယ်။ အခြားပို့ကုန်များအဖြစ် သစ်သီးဝလံများတင်ပို့နေပြီး အမယ်သစ်ပို့ကုန်များ တင်ပို့နိုင်ရန်လည်း ကြိုးပမ်းလျက်ရှိပါတယ်။ အမယ်သစ် ပို့ကုန်များ ထွက်ပေါ်လာရန်မှာ မြန်မာပြည်အနှံ့အပြားရှိSMEs များကို အခြေခံရပါမယ်။ ကျွန်မတို့မြန်မာနိုင်ငံမှာ အရည်အသွေးကောင်း ပြီး အမယ်သစ်ပို့ကုန်အဖြစ် အလားအလာရှိတဲ့ ထုတ်ကုန်အများအပြားရှိနေပါတယ်။ သို့ပေမယ့် ဒီထုတ်ကုန် တွေဟာ SMEs ထုတ်ကုန်အသွင်သဏ္ဍာန်သာရှိနေပြီး ထုတ်လုပ်မှုလုပ်ငန်းများကလည်း နေရာအနှံ့မှာ ပြန့်ကျဲနေပါတယ်။ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အရည်အသွေးကောင်းတဲ့ ပို့ကုန်အမယ်သစ်များ ပေါ်ပေါက်လာစေရန်၊ ဈေးကွက်ခိုင်မာမှုရှိစေရန်၊ ပြန့်ကျဲနေတဲ့ လုပ်ငန်းအမျိုးအစားတူ SMEs လုပ်ငန်း များကို စုစည်းပြီး Enterprise Cluster များအဖြစ် ဖွဲ့စည်းဆောင်ရွက်ရန် လိုအပ်ပါတယ်။

**အစုအဖွဲ့ (Cluster) ၏အဓိပ္ပာယ်**

အစုအဖွဲ့ (Cluster) ဆိုတာဟာ တူညီတဲ့ (သို့)သဏ္ဍာန်တူတဲ့ ထုတ်ကုန်များ (သို့) ဝန်ဆောင်မှုများ ထုတ်လုပ်ဆောင်ရွက်နေသော အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများကို ကဏ္ဍအလိုက်လည်းကောင်း၊ တည်ရှိရာဒေသအလိုက်လည်းကောင်း စုစည်းဆောင်ရွက်ခြင်းကိုဆိုလိုပါတယ်။ ဒီလိုဆောင်ရွက်ခြင်းကြောင့် အခက်အခဲတွေ စိန်ခေါ်မှုတွေကို စုပေါင်းအင်အားနဲ့ ဖြေရှင်းနိုင်ပြီး အခွင့်အလမ်း များကို ဆုပ်ကိုင်ရယူနိုင်မှာဖြစ်ပါတယ်။ ကုန်ထုတ်လုပ်မှုကွန်ရက်ရဲ့ အစိတ်အပိုင်း တစ်ခုအဖြစ် ပါဝင်ဆောင်ရွက်နိုင်ရန် ပြည်တွင်းနဲ့ဒေသတွင်းတန်ဖိုး မြှင့်ကွင်းဆက် (Domestic and Regional Value Chain) များမှာ ပါဝင်ဆောင်ရွက်လာနိုင်ပြီး တစ်ဆင့်တက်ကာ ကမ္ဘာ့နိုင်ငံများ၏ တန်ဖိုးမြှင့်ကွင်းဆက် (Global Value Chain) များမှာ ပါဝင်ဆောင်ရွက်လာနိုင်မှာဖြစ်ပါတယ်။ Cluster ဖွဲ့စည်းဆောင်ရွက်ခြင်း ဖြင့် SMEs ထုတ်ကုန်များ ကမ္ဘာ့ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ပုံကို ပုံ(၁)နဲ့ ဖော်ပြလိုက်ပါတယ်။




ပုံ(၁)

အစုအဖွဲ့ (Cluster) များရဲ့ အင်္ဂါရပ်များကတော့ ထုတ်ကုန်ပစ္စည်းတူညီခြင်း (SameProduct)၊ ထုတ်လုပ်မှုနည်းစဉ်တူညီခြင်း (Same Process)၊ ထုတ်လုပ်မှု ကဏ္ဍတူညီခြင်း (Same Sector)၊ အခွင့်အလမ်းနဲ့ စိန်ခေါ်မှုတူညီခြင်း (Same Threat & Opportunities)၊ တည်နေရာတူညီခြင်း (Same Location) တို့ဖြစ်ကြပြီး အစုအဖွဲ့ (Cluster)များရဲ့ အင်္ဂါရပ်များကိုအခြေခံပြီး Cluster များဖွဲ့စည်းရာမှာ -

- တည်နေရာတူညီထိစပ်မှုရှိသည့်အစုအဖွဲ့ (Geographical Cluster)
- လုပ်ငန်းအမျိုးအစားတူညီသည့်အစုအဖွဲ့ ( Sectoral Cluster)
- ထုတ်လုပ်မှုနည်းစဉ်အရဆက်စပ်သည့်အစုအဖွဲ့ (Horizontal Cluster)
- ဆင့်ကဲထုတ်လုပ်မှုဖြစ်စဉ်တွင် ကဏ္ဍအလိုက်ပါဝင်သည့် အစုအဖွဲ့ (Vertical Cluster)ဆိုပြီး (၄)မျိုး ဖွဲ့စည်းကြပါတယ်။

Cluster အဖြစ်ဖွဲ့စည်းပြီးတဲ့အခါ စုပေါင်းဝယ်ယူခြင်း အလေ့အကျင့်တွေကို ပြုလုပ်ရပါမယ်။ Cluster အတွင်း စွမ်းရည်များ ဖလှယ်ပြီး ဘုံဝန်ဆောင်မှုစနစ်၊ ဘုံသယ်ယူပို့ဆောင်မှုစနစ်များ ကျင့်သုံးပြီး ကုန်ကျစရိတ်ကို လျှော့ချနိုင်ရပါမယ်။ ထုတ်ကုန်အရည်အသွေးနဲ့ ထုတ်လုပ်မှုနည်းစနစ် တိုးတက်အောင်ဆောင်ရွက်ခြင်း၊ ဒီဇိုင်းအသစ်များဖန်တီးခြင်းတို့ကို ဆောင်ရွက်ရပါမယ်။ လိုအပ်တဲ့ အရင်းအနှီးများ ရရှိရေးအတွက် ချေးငွေထုတ်ပေးနေသော ဌာနများနဲ့ ချိတ်ဆက်ရပါမယ်။ ချေးငွေ ရရှိရန် ဆောင်ရွက်ရပုံအဆင့်ဆင့်နဲ့ လုပ်ထုံးလုပ်နည်းများ၊ ဘဏ်ဥပဒေများ၊ နည်း ဥပဒေများသိရှိရန် ကြိုးစားလေ့လာပြီး အတိုးနှုန်းအနည်းဆုံးနဲ့ ချေးငွေရရှိအောင် ကြိုးစားရပါမယ်။ တစ်ဖက်မှလည်း သက်ဆိုင်ရာဌာနများ၊ စက်မှုပညာရှင်များ၊ စက်ယန္တရား ထုတ်လုပ်ရောင်းချသူများနဲ့ မိတ်ဖက်ဆောင်ရွက်ရပါမယ်။ သို့မှသာ မိမိတို့အစုအဖွဲ့ (Cluster) ၏ ထုတ်ကုန်ပစ္စည်း၊ အရည်အသွေးကို မြှင့်တင်လာပြီး ပို့ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်လာပါမယ်။

**အစုအဖွဲ့ (Cluster) ဖွဲ့စည်းဆောင်ရွက်ခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများ**

**(၁) အရွယ်အစားပမာဏ၊ အတိုင်းအတာကြီးမားစွာလုပ်ကိုင်ဆောင်ရွက်နိုင်ခြင်း။**

- ကုန်ကြမ်းဝယ်ယူမှု၊ နည်းပညာ၊ကျွမ်းကျင်လုပ်သား၊ ကြီးမားသည့် ထုတ်ကုန်မှာယူမှုများအား ပြည့်မီအောင် ဆောင်ရွက်ပေးနိုင်သည့် ထုတ်လုပ်မှုစွမ်းအားများကို ရရှိလာနိုင်ပါတယ်။

**(၂) အထူးပြုဆောင်ရွက်နိုင်ခြင်း**

- အစိတ်အပိုင်းများခွဲဖြန့်ထုတ်လုပ်ခြင်း၊ လုပ်အားခွဲဝေအသုံးချခြင်းဖြင့် အထူးပြုထုတ်လုပ်လာ နိုင်မှာဖြစ်ပါတယ်။


**(၃) ပူးပေါင်းဆောင်ရွက်နိုင်ခြင်း**

- ထုတ်လုပ်မှုအသင်းအဖွဲ့များမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ ဈေးကွက်စံနှုန်းအသစ်များကို ပူးပေါင်းလေ့လာနိုင်ခြင်းတို့ ဆောင်ရွက်လာနိုင်ပါမယ်။

**(၄) ထုတ်ကုန်(သို့)ဝန်ဆောင်မှုကိုရောင်းချရာတွင် ဆွဲဆောင်နိုင်မှုမြှင့်တင်နိုင်ခြင်း**

- လုပ်ငန်းအသေးများမှာ ဝယ်ယူသည်ထက် ဝယ်သူ၏ လုပ်ငန်းဆောင်ရွက် မှုဆိုင်ရာ ကုန်ကျစရိတ်များ လျှော့ချပေးနိုင်ခြင်းကြောင့် အမြတ်ပိုရခြင်း စတဲ့ အကျိုးကျေးဇူးတွေကို ရရှိနိုင်ပါတယ်။

Cluster များဖွဲ့စည်းဆောင်ရွက်မှုပုံစံကို ပုံ(၂)နဲ့ ဖော်ပြထားပါတယ်။




**Cluster များဖွံ့ဖြိုးတိုးတက်လာပါက ရရှိမည့်အကျိုးကျေးဇူးများ**

လုပ်ငန်းတစ်ခုခြင်းအနေဖြင့် ရရှိနိုင်တဲ့ အကျိုးကျေးဇူးများက

- ကုန်ထုတ်စွမ်းအားတိုးတက်ခြင်း
- ကုန်ကျစရိတ်လျှော့ချနိုင်ခြင်း
- ကုန်ထုတ် အမျိုးအစားများ ကျယ်ပြန့်ခြင်း၊
- ဈေးကွက်တိုးချဲ့နိုင်ခြင်း
- ပြည်တွင်းရောင်းအားတိုးတက်ခြင်း
- ပြည်ပတင်ပို့မှုတိုးတက်ခြင်းစတဲ့ အကျိုးကျေးဇူးများရရှိနိုင်ပါတယ်။

**အစုအဖွဲ့ (Cluster) အဆင့်မှာ ရရှိနိုင်တဲ့ အကျိုးကျေးဇူးများကတော့**

- သင်းဖွဲ့ဆောင်ရွက်မှုစွမ်းရည်တိုးတက်ခြင်း၊
- လုပ်ငန်းလည်ပတ်မှုနှင့် ကုန်အမှတ်တံဆိပ် ကျော်ကြားရေးအတွက် Network နှင့် လုပ်ငန်းစုများ ဖွဲ့စည်းဆောင်ရွက်နိုင်ခြင်း၊
- အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ခြင်း၊
- အဖွဲ့အစည်းဆိုင်ရာ ချိတ်ဆက်မှုအားကောင်းလာခြင်း၊ စတဲ့ တိုးတက်မှုတွေကို ရရှိနိုင်ပါတယ်။
- အစုအဖွဲ့ (Cluster) ပုံစံနဲ့ လုပ်ငန်းဆောင်ရွက်တဲ့အတွက် ကဏ္ဍဆိုင်ရာ မူဝါဒ အပြောင်းအလဲတွေလည်း ဖော်ဆောင်လာနိုင်ပါတယ်။

➲ စာမျက်နှာ ၁၅ သို့

## ➲စာမျက်နှာ ၁၄ - ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ဖို့ . . . မှ အဆက်

- အဖွဲ့အစည်းစွမ်းရည်ကိုလည်း တည်ဆောက်လာနိုင်ပြီး ဥပဒေစည်းမျဉ်း၊ စည်းကမ်းများကိုလည်း ကောင်းမွန်လာစေမှာ ဖြစ်ပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံမှာလည်း SMEs များကို အားကောင်း ပြီး အကျိုးများတဲ့ Cluster ပုံစံဖွဲ့စည်းနိုင်ရန်အတွက် အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီ (Cluster Development Committee) အဖွဲ့မှ ၆-၂-၂၀၁၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာနဲ့ ၇-၂-၂၀၁၄ နေ့ထုတ် ကြေးမုံသတင်းစာတို့မှာ SMEs Cluster များ ဖွဲ့စည်းနိုင်ရေးအတွက် Agency ရုံးများ ဖွင့်လှစ်ပြီးကြောင်း၊ SMEs Cluster ၏အဓိပ္ပာယ်၊ သဘောသဘာဝများ ကိုပါ ထည့်သွင်းဖော်ပြခဲ့ပြီး SMEs Cluster များဖွဲ့စည်းရေးကို လှုံ့ဆော်ခဲ့ပါတယ်။ ဒ့ါအပြင် တိုင်းဒေသကြီး/ပြည် နယ်/နေပြည်တော်ကောင်စီနယ်မြေအလိုက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနများမှလည်း SMEs Cluster ဖွဲ့စည်းရေးအတွက် လှုံ့ဆော်သည့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပါတယ်။

တိုင်းဒေသကြီး/ပြည်နယ်အလိုက်ကွင်းဆင်းပြီး အလား အလာရှိတဲ့ SMEs များကို လေ့လာဖော်ထုတ်စုစည်း၍ Cluster များ ဖွဲ့စည်းနိုင်ရေးကို ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ တိုင်းဒေသကြီး/ပြည်နယ်များရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပူးပေါင်းပြီး သတင်းအချက်အလက်များရရှိရေးအတွက် ခွင့်ပြုမိန့်၊ လိုင်စင်၊ မှတ်ပုံတင်ဆောင်ရွက်ပေးလျက်ရှိသည့် ဝန်ကြီးဌာန (၁၉)ခု၊ UMFCCI နှင့် ညီနောင်အသင်း ၃၁ သင်းအား ဆက်သွယ်ညှိနှိုင်း တောင်းခံခဲ့ပါတယ်။ လုပ်ငန်းရှင်များအားလည်း Cluster အကြောင်း Cluster စုဖွဲ့ခြင်းဖြင့် တစ်ဦးတစ်ယောက်ချင်းစီအနေဖြင့် မစွမ်းဆောင်နိုင်သော လုပ်ငန်းများကို စုပေါင်းအင်အားဖြင့် ဆောင်ရွက်လာနိုင်ပြီး အကျိုးအမြတ်များ ပိုမိုရရှိလာနိုင်ကြောင်းကို ဆွေးနွေးပွဲ များပြုလုပ်၍ ရှင်းလင်းဆွေးနွေးခဲ့ကြပါတယ်။

SMEs Cluster များစုဖွဲ့နိုင်ရေးအတွက် UNIDO ရဲ့ပံ့ပိုးမှုနဲ့ Cluster Development Agent သင်တန်းများလည်း ဖွင့်လှစ်ခဲ့ပါတယ်။ မန္တလေးတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နဲ့ မွန်ပြည်နယ်တို့မှာ ဌာနဆိုင်ရာအသီးသီးမှ အရာထမ်းကိုယ်စားလှယ်များ ပါဝင်သည့် SMEs Diagnostic Study Group များကိုသက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရမှ ဖွဲ့စည်းပေးနိုင်ခဲ့ပါတယ်။ ဆက်လက်ပြီးလည်း ဖွံ့ဖြိုးစပြုနေတဲ့ မြန်မာနိုင်ငံအတွင်းရှိ SMEs များကို ယင်းတို့၏ အင်္ဂါရပ်များပေါ် အခြေခံပြီး Cluster များဖွဲ့စည်းရေးကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သို့ပါ၍ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ SMEs လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများ (Private Public Partnership-PPP) ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် SMEs Cluster များ ဖွဲ့စည်းရေးကို ဝိုင်းဝန်းကူညီ အားပေးကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ပါတယ်။

**Sources:** (၁) ၃၀. ၇. ၂၀၁၄ တွင်ကျင်းပသော (SMEs Cluster Development and Export Consortia Formation in Myanmar, 2014)ဆွေးနွေးပွဲတွင် SMEs Development Department မှ ဖတ်ကြားသော "SMEs Development in Myan-mar" စာတမ်း

(၂) Thursday Talk တွင် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးတိုးမြင့် ဆွေးနွေးခဲ့သော "MEs Cluster Development" မှ လက် ထောက်ညွှန်ကြားရေးမှူး၊ ဦးတိုးမြင့် ဆွေးနွေးခဲ့သော "MEs Cluster Development"

# ၂၀၁၅ ခုနှစ် ထိုင်းနိုင်ငံ၌ကျင်းပမည့် ကုန်စည်ပြပွဲများ

ထိုင်းနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု မြှင့်တင်ရေးဌာနမှဦးဆောင် ၍ အောက်ဖော်ပြပါ ကုန်စည်ပြပွဲများ ကျင်းပမည်ဖြစ်ပါ၍ ပါဝင်ပြသရန် စိတ်ပါဝင်စားပါက အောက်ပါလိပ်စာ များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(၁) စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာန(နေပြည်တော်)၊ ရုံးအမှတ် (၅၂)၊ ဖုန်း ၀၆၇-၄၃၀၁၂၈၊ ၀၆၇-၄၃၀၂၉၀၊ ဖတ်(စ်) ၀၆၇-၄၃၀၁၃၈၊ Email: moctrade fair @ gmail .com

(၂) အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု မြှင့်တင်ရေးဌာနခွဲ၊ အမှတ်၊ (၂၂၈/၂၄၀) ဒုတိယထပ် ကမ်းနား လမ်းနှင့် ရွှေဘုံသာလမ်းထောင့် ရန်ကုန်မြို့၊ ဖုန်း၊ ၀၁-၂၅၄၀၂၄၊ ဖက်(စ်) ၀၁-၂၅၄၀၂၃၊ Email: itpic.moc @ gmail. com

(၃) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် UMFCCI၊ အမှတ်(၂၉) မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၉၅-၁-၂၁၄၃၄၄-၄၉၊ ဖက်(စ်) ၉၅-၁-၂၁၄၈၄ တို့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း ဖော်ပြလိုက်ပါတယ်။

| စဉ် | ကျင်းပမည့်မြို့/နေရာ | နေ့ရက် | ပြပွဲအမည် | မြန်မာနိုင်ငံမှပါဝင်ပြသမည့် ပြခန်းအရေအတွက် |
|---|---|---|---|---|
| ၁။ | ထိုင်းနိုင်ငံမဲဆောက်မြို့ | ၂၈. ၁. ၂၀၁၅<br>၁. ၂. ၂၀၁၅ | Border Trade Exhibition<br>Business Matching (၁၀)ဦး | ပြခန်း ၁၀ ခန်း |
| ၂။ | ထိုင်းနိုင်ငံဘန်ကောက်<br>BITECအဆောက်အအုံ | ၅. ၂. ၂၀၁၅<br>၈. ၂. ၂၀၁၅ | "Thailand Industrial Fair 2015" and "Food Pack Asia 2015" | ပြခန်း ၂ ခန်း |
| ၃။ | ထိုင်းနိုင်ငံဘန်ကောက် | ၂၄. ၂. ၂၀၁၅<br>၂၈. ၂. ၂၀၁၅ | Bangkok Gems & Jewelry Fair | ပြခန်း ၆ ခန်း |
| ၄။ | ထိုင်းနိုင်ငံဘန်ကောက် | ၁၁. ၃. ၂၀၁၅<br>၁၅. ၃. ၂၀၁၅ | Bangkok International Fashion Fair & Bangkok International Leather Fair | ပြခန်း ၆ ခန်း |
| ၅။ | ထိုင်းနိုင်ငံ | ၁၁. ၃၂၀၁၅<br>၁၅. ၃. ၂၀၁၅ | Thailand International Furniture Fair | ပြခန်း ၆ ခန်း |
| ၆။ | ထိုင်းနိုင်ငံ၊ဘန်ကောက်<br>BITECအဆောက်အအုံ | ၁၉. ၃. ၂၀၁၅<br>၂၂. ၃. ၂၀၁၅ | International Innovative Craft Fair 2015 | ပြခန်း ၂ ခန်း |
| ၇။ | ထိုင်းနိုင်ငံ | ၂၀. ၅. ၂၀၁၅<br>၂၄. ၅. ၂၀၁၅ | THAIFEX-World of Food Asia | ပြခန်း ၆ ခန်း |

**DTP-MTC**

# ဂျပန်နိုင်ငံတွင် ပြသမည့် IJT 26th International Jewellery Tokyo (IJT 2015) ပြပွဲ

IJT 26th International Jewellery Tokyo (IJT 2015)ပြပွဲကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့ မှ ၂၄ ရက်နေ့အထိ ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင် ကျင်းပမည်ဖြစ်ကြောင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် လက်အောက်ရှိမြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်အသင်းမှ အသင်းဝင်ကုမ္ပဏီ တစ်ခုမှ ကျောက်မျက်လက်ဝတ်ရတနာပစ္စည်းများအား သွားရောက်ပြသ ရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ **ဥမ္မာကြူ (IT)**

# ၂၀၁၅ ခုနှစ် ဆိပ်ဖြူကုန်စည်ဒိုင်ရဲ့ဂုဏ်ပြုစရာ

ဆိပ်ဖြူကုန်စည်ဒိုင်မှာ အဓိကထား ရောင်းဝယ်နေကြတာကတော့ ဆိပ်ဖြူမြို့နယ်ရဲ့ အဓိကထွက်ကုန် ကြက်သွန်နီဖြစ်ပါတယ်။ မိုးစိုက် (ဥစိုက်) ကြက်သွန်နီများဖြစ်ပါတယ်။ နေ့စဉ်ပိဿာချိန် ၅၀၀၀ ခန့် အဝင်ရှိနေတာ တွေ့ရပါတယ်။ ဈေးတွေအနေနဲ့ ထိပ်စ ၂၅၀ ကျပ်၊ ၂၆၀ ကျပ်၊ အလတ်စ ၁၈၀ ကျပ်၊ ၂၀၀ ကျပ်၊ အောက်စ ၁၂၀ ကျပ်၊ ၁၀၀ ကျပ်ဈေးများ အရောင်းအဝယ်ဖြစ်နေတယ်လို့လည်း သတင်း ရရှိပါတယ်။ ဆိပ်ဖြူကုန်စည်ဒိုင် အတွင်းရေးမှူး ဦးဝင်းမြင့်ထံမှ သတင်းရရှိတာကတော့ သူတို့ဆိပ်ဖြူကုန်စည်ဒိုင်မှာ ကြက်သွန်နီ ရောင်းချတဲ့အခါမှာ တောင်သူကိုယ်တိုင်ဖြစ်စေ၊ တောပွဲစား တောကုန်သည်ဖြစ်စေ၊ ကုန်စည်ဒိုင်ကို တိုက်ရိုက်ဝင်ရောက် ရောင်းချခွင့် ပြုတယ်ဆိုတဲ့သတင်းပါ။

ခါတိုင်းရောင်းဝယ်မှုပုံစံက စိုက်ပျိုးထုတ်လုပ်တဲ့တောင်သူဖြစ်စေ၊ တောပွဲစား တောကုန်သည်ဖြစ်စေ ဆိပ်ဖြူကိုရောက်ရင် ကိုယ်နဲ့ ပတ်သက်ရာဆက်နွယ်ရာ အဆက်အသွယ်ရှိတဲ့ပွဲရုံကိုဝင် ပွဲရုံကပွဲစားက ဒိုင်တင်၊ ယနေ့ဖြတ်တဲ့ဈေးနဲ့အရောင်းအဝယ်ဖြစ်ပြီဆိုရင် ပွဲရုံပိုင်ရှင်ကရောင်း၊ ပွဲစားက ပွဲခ စားဆိုတာတွေ လုပ်ကြရပါတယ်။

ယခုအနေအထားက ပွဲရုံကိုဝင်စရာမလိုဘဲ ကုန်စည်ဒိုင်မှာ တိုက်ရိုက်ဝင်ရောက် ရောင်းချခွင့်ပြုပါတယ်။ ကြိုက်ရောင်းကြိုက်ဝယ် ဖြစ်ပြီဆိုရင် ကိုယ်တိုင်ပဲ ငွေပေးငွေယူလုပ်ရုံပါ။ ပွဲစားခဆိုတာတွေ မပေးရတော့ပါဘူး။ ဒါတင်မကသေးပါဘူး။ ဒီနေ့ ဒိုင်မှာဖြစ်တဲ့ဈေး ရောင်းချသူက မကြိုက်လို့၊ မကိုက်လို့ အရောင်းအဝယ်မဖြစ်ခဲ့ရင် သူတို့မှာပါတဲ့ ကုန်စည်တွေကို နီးစပ်ရာပွဲရုံတွေမှာ ပစ္စည်းအပ်ထားခဲ့လို့လည်းရပါတယ်။ ဒါကိုလည်း ဆိပ်ဖြူကုန်စည်ဒိုင်မှပွဲစားများကဝန်ဆောင်မှု လုံးဝမယူဘဲ အကူအညီပေးပါတယ်လို့ ဆိပ်ဖြူကုန်စည်ဒိုင် အတွင်းရေးမှူး ဦးဝင်းမြင့်က ရှင်းလင်းပြောပြပါတယ်။ ဒီလို ဘာအတွက်လုပ်ဆောင်ပေးတာလည်း ဆိုတာရှင်းပြပေးပါဦးဆိုတော့ ပြီးခဲ့တဲ့နှစ်က ကိုယ့်နယ်က ကြက်သွန်စိုက်တောင်သူတွေ ဈေးကွက်ဈေးနှုန်းသုံးသပ်ချက် အားနည်းကြလို့ အရှုံးပေါ်ခဲ့ကြတယ်။ အထိနာသူလည်း ရှိတယ်။ ဒီအတွက် မိုးကြက်သွန်နီစိုက်ပေါ်လို့ ရောင်းတဲ့အချိန်မှာ သူတို့သက်သာအောင် ပွဲခမယူ၊ သိုလှောင်ရုံထားခမယူဘဲ အဆင်ပြေအောင် ဆိပ်ဖြူကုန် စည်ဒိုင်မှာရှိတဲ့ ကုန်သည်ပွဲစားများညှိနှိုင်းဆောင်ရွက်ပြီး အကူအညီပေးတဲ့ သဘောပါလို့ ရှင်းလင်းပြောကြားပါတယ်။ ယခုအချိန်ထိ ကုန်စည်ဒိုင်မှာ အသင်းသား ၇၉ ဦး၊ တောင်သူများ၊ တောပွဲစား၊ တောကုန်သည်များပါ ထပ်မံဝင်ရောက်လာကြောင်းလည်း ပြောပြပါတယ်။ နိုင်ငံတော်က လက်ကားကုန်စည်ဒိုင်များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနေ တယ်ဆိုတာ စိုက်ပျိုးထုတ်လုပ်သူတောင်သူများ ရောင်းချမှုလျင်မြန်လွယ်ကူစေဖို့ ဈေးနှုန်းဈေးကွက်ကို အချိန်နဲ့တစ်ပြေးညီသိစေဖို့ ရည် ရွယ်တာပါ။

ယခုအနေအထားမှာ ဆိပ်ဖြူ ကုန်စည်ဒိုင်က ကုန်သည်ပွဲစားများဟာ ပွဲခမယူ၊ ကုန်ပစ္စည်းထားခ မယူဘဲ စေတနာအပြည့်အဝနဲ့ ဆောင်ရွက်ဝန်ဆောင်မှုပေးနေတာဆိုတော့ ၂၀၁၅ ခုနှစ် နှစ်သစ်ကူးမင်္ဂလာ အခါသမယမှာ ဦးညွှတ်ဂုဏ်ယူပါတယ်လို့ ဆိပ်ဖြူကုန်စည်ဒိုင်ကို ဂုဏ်ပြုပြောပါရစေ။ **မြင့်ဦး-ပခုက္ကူ**

Commodity Exchange News
Vol: 15, No.2 Monday Jan 12 2015

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁၂–၁– ၂၀၁၅)

ခင်မောင်မောင်အုန်း

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနှင့် ပဲစင်းငုံနီ အိန္ဒိယရဲ့ဝယ်လိုအားရှိလို့ ဈေးသိသာစွာမြင့်လာ

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲ (RC) ကို အိန္ဒိယဝယ်လက်က ဝယ်လိုအားဆက်တိုက်ရှိတာကြောင့် ယခင်တစ်ပတ်ဖြင့်နှိုင်းယှဉ်ပါက ဈေးသိသာစွာမြင့်လာပြီး တစ်တန်ကိုအနိမ့်ဆုံး ၉၁၀၀၀၀ ကျပ်မှ အမြင့်ဆုံး ၉၂၉၀၀၀ ကျပ်အတွင်း အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။ မတ်ပဲလက်ကျန်အနေဖြင့် ကုန်သည်လက်ဝယ်မှာ တန်ချိန် နှစ်သောင်းဝန်းကျင်သာရှိတော့ကြောင်း၊ နယ်ဈေးကွက်ဖြစ်တဲ့ မန္တလေး၊ မုံရွာနှင့် ဟသ်ာတဘက်မှာလည်း မတ်ပဲ(သစ်)တွေ စတင်ဝင်ရောက်လာလို့ ဈေးကွက်မှာမတ်ပဲ(သစ်) ရော(ဟောင်း)ပါ သူ့ဈေးနဲ့သူ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ ပဲစင်းငုံနီ (RC) ကိုလည်း အိန္ဒိယဝယ်လက်က ဈေးပေးအဝယ်ရှိသလို ဝယ်လိုအားပါပြန်သွက်လာတာကြောင့် ယခင်တစ်ပတ်ဖြင့်နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်တန်ကို အနိမ့်ဆုံး ၈၀၈၀၀၀ ကျပ်မှ အမြင့်ဆုံး ၈၂၀၀၀၀ ကျပ်အတွင်း အရောင်းရော အဝယ်ပါသွက်ခဲ့ကြောင်း သိရပါတယ်။

## မကွေးဈေးကွက်မှာ ပဲစင်းငုံနီကို ရန်ကုန်အဝယ်သွက်လို့ ဈေးမာ

မကွေးဈေးကွက်မှာ ဒီတစ်ပတ်ပဲစင်းငုံနီအနေဖြင့် နယ်စုံမှပုံမှန်ဝင်ရောက်နေသလို Export အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန် ဝယ်လက်ကလည်း ဝယ်လိုအားသွက်နေတာကြောင့် ယခင်အပတ်ဖြင့် နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်ပိဿာကို ၁၂၉၅ ကျပ်(တစ်တန်ကို ၇၉၃၀၄၅ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးအနေဖြင့် ရန်ကုန်-မန္တလေးဝယ်လက်က ပဲရဲ့အရည်အသွေးအပေါ် မူတည်ပြီး တစ်ပိဿာကို ၁၈၁၅ ကျပ် (တစ်တန်ကို ၁၁၁၁၄၈၇ ကျပ်) ဈေးဖြင့် ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## မူဆယ်ဈေးကွက်မှာ ပြောင်းသီးနှံကို တရုတ်ဝယ်လိုအားပုံမှန်ရှိ

မူဆယ်ဈေးကွက်မှာ ပြောင်းသီးနှံအနေဖြင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၈၉၀၀ ခန့်ဝင်ရောက်ခဲ့သလို တရုတ်ဝယ်လက်ကလည်း ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် ၅၀ ကီလို တစ်အိတ်ကို ၈၉ ယွမ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါ တယ်။

## မန္တလေးဈေးကွက်မှာ ပဲမျိုးစုံဈေးမာပြီး အရောင်းအဝယ်သွက်

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ(သစ်)တွေ ပုံမှန်ဝင်ရောက်နေပြီး တစ်ပိဿာကို ၁၄၅၀ ကျပ် (တစ်တန်ကို ၈၈၇၉၆၅ ကျပ်)ဈေးဖြင့် ဈေးဖွင့်အရောင်းရှိခဲ့သလို ရန်ကုန်ဝယ်လက်နှင့် ပဲခွဲစက်တွေကလည်း ဝယ်လိုအားသွက်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံ နီ(သစ်)တွေအနေဖြင့် နယ်စုံမှပုံမှန်ဝင်ရောက်လာသလို Export အ တွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်း ဆက်တိုက်ဝယ်ယူမှုတွေ ရှိတာကြောင့် တစ်ပိဿာကို ၁၂၆၀ ကျပ် (တစ်တန်ကို ၇၇၁၆၁၁ ကျပ်)ဈေးဖြင့် ဝယ်လိုအားများခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ(ရွှေဘို)စကိုတော့ တစ်ပိဿာ ၁၁၉၂ ကျပ်(တစ်တန်ကို ၇၂၉၉၆၈ ကျပ် ဈေးဖြင့် ပဲခွဲစက်တွေ ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးကိုတော့ တရုတ်ဝယ်လက်က အရည်အသွေးကောင်းတဲ့(ထိပ်စ)ပဲတွေကို ဈေးကောင်းပေးအဝယ်ရှိတာကြောင့် တစ်ပိဿာကို ၁၉၅၆ ကျပ် (တစ်တန်ကို ၁၁၉၇၈၃၄ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၁၀၀၀ မှ ၁၄၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးအနေဖြင့် ပဲစတင်ပေါ်ကတည်းက အခုချိန်ထိ ဈေးတောက်လျှောက်ကောင်းခဲ့တာကြောင့် တောင်သူ၊ ပွဲစား၊ ကုန်သည်နှင့် လျှောင်လက်တွေထိုက်သင့်တဲ့အကျိုးအမြတ်ရရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှသိရပါတယ်။

## မုံရွာဈေးကွက်မှာ မတ်ပဲနှင့် ပဲစင်းငုံနီဈေးစွာပြီး အရောင်းအဝယ်ဖြစ်

မုံရွာဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီအနေဖြင့် နယ်စုံမှပုံမှန်အဝင်ရှိသလို ရန်ကုန်ဝယ်လက်နှင့် လျှောင်လက်တွေကလည်း အဝင်ရှိသလောက် ဝယ်လိုအားရှိခဲ့တာကြောင့် ယခင်တစ်ပတ်ဖြင့်နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်ပိဿာကို ၁၂၆၀ ကျပ် (တစ်တန်ကို ၇၇၁၆၁၁ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲအနေဖြင့် ဈေးကွက်သို့ အဝင်ပုံမှန်ရှိသလို ရန်ကုန်ဝယ်လက်နှင့် မြို့ခံပဲခွဲစက်တွေကလည်း တစ်ပိဿာကို ၁၄၁၀ ကျပ် (တစ်တန်ကို ၈၆၃၄၆၉ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၃၀၀ ခန့်ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးကတော့ နယ်အဝင်နည်းနေပြီး တရုတ်အတွက်ဝယ်ယူနေတဲ့ မန္တလေးဝယ်လက်က ပဲရဲ့အရည်အသွေးအပေါ် မူတည်ပြီး ဈေးပေးအဝယ်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၈၉၅ ကျပ် (တစ်တန်ကို ၁၁၆၀၄၇၉ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၈၀၀ ခန့် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## အောင်လံဈေးကွက်တွင် ပဲမျိုးစုံ အမြင့်ဈေးဖြင့် အရောင်းအဝယ်သွက်

အောင်လံဈေးကွက်မှာ ဒီတစ်ပတ် ပဲမျိုးစုံကို ဝယ်လက်တွေ ဝယ်လိုအားသွက်လို့ ယခင်အပတ်ဖြင့်နှိုင်းယှဉ်ပါက ဈေးမြင့်လာကြောင်း သိရပါတယ်။ ပဲစင်းငုံနီ(သစ်)အနေဖြင့် ဈေးကွက်သို့ ဆက်တိုက်ဝင်ရောက်နေပြီး အရည်အသွေးကလည်းကောင်းတာကြောင့် ဈေးကောင်းရနေကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၂၅၀ ကျပ် (တစ်တန်ကို ၇၆၅၄၈၇ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၅၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးကို ရန်ကုန်-မန္တလေးဝယ်လက်က ဝယ်လိုအားပုံမှန်ရှိသလို ရောင်းသူကုန်သည်များကလည်း အဆိုပါဈေးဖြင့် အရောင်းပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၉၀၀ ကျပ်(တစ်တန်ကို ၁၁၆၃၅၄၁ ကျပ်) ဈေးဖြင့် နေ့စဉ် အိတ် ၁၀၀၀ ခန့် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ပခုက္ကူမှာဈေးကွက်မှာ ပဲစင်းငုံနီအရောင်းအဝယ်သွက်၊ ကုလားပဲဈေးမာ

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ်ပဲစင်းငုံနီ နယ်အဝင်ပုံမှန်ရှိပြီး အဝင်ရှိသလောက်လည်း ရန်ကုန်ဝယ်လက်နှင့် မြို့ခံလျှောင်လက်တွေ အဆွဲသွက်ခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၂၆၀ ကျပ် (တစ်တန်ကို ၇၇၁၆၁၁ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၄၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ(ထိုင်ဝမ်)ကို ရန်ကုန်ဝယ်လက်နှင့် ဒေသတွင်းပဲခွဲစက်တွေဝယ်လိုအား ဆက်တိုက်ရှိတာကြောင့် ယခင်တစ်ပတ်ဖြင့် နှိုင်းယှဉ်ပါက ဈေးမြင့်လာကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေ ဖြင့် ကုလားပဲဖြူလုံးကြီးတစ်ပိဿာ ၈၅၂ ကျပ်(တစ်တန်ကို ၅၂၁၇၅၆ ကျပ်) ဈေးဖြင့် နှစ်မျိုးပေါင်း တစ်ရက်ကို အိတ် ၅၀၀ ခန့်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## ဟသ်ာတဈေးကွက်မှာ မတ်ပဲ(သစ်) တွေစတင်ဝင်ရောက်

ဟသ်ာတဈေးကွက်မှာ မတ်ပဲ(သစ်)တွေ စတင်ဝင်ရောက်လာပြီး တစ်ပိဿာကို ၁၄၅၀ ကျပ်(တစ်တန်ကို ၈၈၇၉၆၅ ကျပ်) ဈေးဖြင့် ဈေးဖွင့် အရောင်းရှိခဲ့သလို ရန်ကုန်ဝယ်လက်ကလည်း အရည်အသွေးပေါ် မူတည်ပြီး ဈေးပေးအဝယ်ရှိခဲ့တယ်လို့ သိရပါတယ်။ ပဲ(သစ်)တွေအနေဖြင့် နယ်စုံမှတစ်ရက်ကို အိတ် ၄၀၀ ခန့်သာဝင်ရောက်ခဲ့လို့ အဝင်မလှိုင်သေးကြောင်း ဈေးကွက်အတွင်းမှသိရပါတယ်။ ပဲလွန်း ဖြူ(သစ်)က အဝင်ပုံမှန်ရှိသလို ရန်ကုန်ဝယ်လိုအားကလည်း ပုံမှန်ရှိလို့ဈေးမြင့်လာပြီး တစ်ပိဿာ ၁၀၁၀ ကျပ် (တစ်တန်ကို ၆၁၈၅၁၃ ကျပ်)ဈေးဖြင့် တစ်ရက်ကိုအိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## တောင်ကြီးဈေးကွက်မှာ ပြောင်းဝယ်လိုအားသွက်လို့ အရောင်းအဝယ်ဖြစ်မှုများ

တောင်ကြီးဈေးကွက်မှာ ပြောင်းသီးနှံ အဝင်လှိုင်နေသလို ရန်ကုန်၊ မန္တလေး၊ မူဆယ်နှင့် အစာစပ်လုပ်ငန်းရှင်များကလည်း ဝယ် လိုအားသွက်တာကြောင့် တစ်ပိဿာကို ၃၃၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၂၃ သိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒေသထွက်ပန်းနှမ်း(သစ်)တွေ ဈေးကွက်ထဲ စတင်ဝင်ရောက်လာပြီး တစ်ပိဿာကို ၁၁၀၀ ကျပ်ဖြင့် ဈေးဖွင့်အရောင်းရှိခဲ့ကြောင်း သိရပါတယ်။

## လားရှိုးဈေးကွက်မှာ ပြောင်းကို တရုတ်အဆွဲပုံမှန်ရှိ

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းသီးနှံ ဝင်ရောက်မှုများလာပြီး တရုတ်ဝယ်လက်ကလည်း ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ ဈေးကွက်မှာ ပြောင်းသီးနှံအနေဖြင့် ဝယ်လိုအားထက်စာရင် ရောင်းလိုအားကများနေတော့ ဈေးကောင်းမရဖြစ်နေတယ်လို့ ဒေသခံပြောင်းကုန်သည်တစ်ဦးက ဆိုပါတယ်။ အရောင်းအဝယ် အနေဖြင့် တစ်ပိဿာ ၃၉၅ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၁၁ သိန်းခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ပြည်ဈေးကွက်မှာ ပဲစင်းငုံနီစတင်ဝင်ရောက်လာ

ပြည်ဈေးကွက်မှာ ပန်းတောင်းနှင့်ကံမဘက်မှ ပဲစင်းငုံနီ (သစ်) တွေဈေးကွက်ထဲစတင်ဝင်ရောက်လာပြီး တစ်ပိဿာကို ၁၃၀၀ ကျပ် (တစ်တန်ကို ၇၉၆၁၀၇ ကျပ်) ဈေးဖြင့် ဈေးဖွင့်အရောင်းရှိခဲ့သလို ရန်ကုန်ဝယ်လက်နှင့် ဒေသတွင်းလျှောင်လက်တွေကလည်း ဝယ်လိုအားသွက်ခဲ့တယ်လို့ ဆိုပါတယ်။ ပဲစင်းငုံနီရဲ့ မနှစ်က ဈေးအဖွင့်မှာ တစ်ပိဿာ ၈၃၀ ကျပ် (တစ်တန်ကို ၅၀၈၂၈၃ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပေမယ့် ဒီနှစ်ဈေးအဖွင့်မှာ တစ်ပိဿာကို ၁၃၀၀ ကျပ် (တစ်တန်ကို ၇၉၆၁၀၇ ကျပ်)ဈေးဖြင့် ဈေးကောင်းရခဲ့တာကြောင့် တောင်သူရော ကုန်သည်ပါ အကျိုးအမြတ်ဖြစ်ထွန်းခဲ့တယ်လို့ ဈေးကွက်အတွင်းမှ သိရပါတယ်။

## ရေစကြိုဈေးကွက်မှာ မတ်ပဲနှင့် ပြောင်းအရောင်းအဝယ်ဖြစ်

ရေစကြိုဈေးကွက်မှာ မတ်ပဲ(သစ်)တွေ ဆက်တိုက်ဝင်ရောက်မှုရှိနေပြီး တစ်ပိဿာကို ၁၄၀၀ ကျပ် (တစ်တန်ကို ၈၅၇၃၄၆ ကျပ်) ဈေးဖြင့် ဈေးဖွင့်အရောင်းရှိခဲ့ကြောင်း သိရပါတယ်။ ပြောင်းသီးနှံကိုတော့ ရန်ကုန်ဝယ်လက်က တစ်ပိဿာ ၃၅၀ ကျပ် ဈေးဖြင့် တစ်ရက်ကိုအိတ် ၃၅၀ ခန့်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။



# အခကြေးငွေယူဆောင်ပြီး ဝန်ဆောင်မှုလုပ်ဆောင်နေသည့် အေးဂျင့်များ တာဝန်ခံမှုရှိရန်လိုအပ်

အခကြေးငွေယူဆောင်ပြီး ဝန်ဆောင်မှုလုပ်ဆောင်နေတဲ့ အေးဂျင့်များဟာ ကားပေါ်ပါ ကုန်ပစ္စည်းများကို စတင် စစ်ဆေးသည်မှ ကားထွက်ခွာသည်ထိ တာဝန်ရှိပါကြောင်း၊ မိမိတာဝန်ယူ ထားတဲ့ ကားတစ်စီး ထွက်ရှိအောင် မိမိ ကားပေါ်ပါလာတဲ့ ပစ္စည်းများနဲ့ ပတ်သက်တဲ့ စာရွက်စာတမ်း၊ မိတ္တူ အကုန်လုံးသေချာအောင်စိစစ်ပြီး ပစ္စည်း သယ်မဲ့ယာဉ်ယာဉ်မောင်းထံအပ်နှံရမှာဖြစ်ကြောင်း၊ ယာဉ်မောင်းအနေနဲ့ကလည်း မိမိကားပေါ်ပါလာတဲ့ ပစ္စည်း အမျိုးအစားအားလုံးနဲ့ စာရွက်စာတမ်း ကိစ္စကို မသိရှိပါကြောင်း၊ တာဝန်ရှိသူ က စစ်ဆေးမှသာ ဟိုစာရွက်မပါ ဒီစာရွက်မရသေးဘူးဆိုတာ မကြာခဏ ကြုံတွေ့နေကြောင်း၊ စည်းကမ်းရှိရှိ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါ ကြောင်း၊ အလွယ်တကူ အခိပ္ပါယ်အမျိုး မျိုးသက်ရောက်တဲ့ လျှောက်ထားမှုများ မရှိစေလိုကြောင်း၊ ဥပမာ Lady wear/ men wear စသည့်အသုံးအနှုန်းတွင် အဆိုပါ Lady wear/ men wear မှာခေါင်းကနေခြေဖျား အထိ သုံးစွဲတဲ့ အသုံးအဆောင်မှာ ပါဝင်ပါကြောင်း၊ ကုန်သွယ်မှုတိုးတက်ရန် တစ်ဦးတစ်ယောက်တည်း မဟုတ်ဘဲ ကုန်သည်လုပ်ငန်းရှင် အေးဂျင့်များ၊ ဌာနဆိုင်ရာများ ပူးပေါင်းပြီး လက်တွဲညီညီ ဆောင်ရွက်မှသာ ကုန်သွယ်မှုတိုးတက်လာမှာဖြစ်တယ်လို့ မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းတာဝန်ခံက ပြောကြားခဲ့တယ်လို့သတင်းရရှိပါတယ်။

မြဝတီကုန်သွယ်မှု လမ်းကြောင်းဟာ ရှောင်ကွင်းလမ်းများပြားပါကြောင်း၊ တရားမဝင်ကုန်သွယ်မှုပြုတဲ့ အများဆုံးနယ်မြေလည်းဖြစ်ကြောင်း၊ လာရောက်လျှောက်ထားသော ပစ္စည်းများ လျှောက်ထားသင့်သော ဈေးနှုန်းဖြစ်ရန်လိုအပ်ကြောင်း၊ ကုန်သည်လုပ်ငန်းရှင်များကလည်း မိမိဝယ်ယူသော ပစ္စည်းဈေးနှုန်းကို သိပါကြောင်း၊ မြေပြင်ရောင်းဈေးကိုလည်း သိပါကြောင်း၊ မတော်လောဘဖြင့် မဖြစ်သင့်တဲ့ ဈေးနှုန်းနဲ့လာရောက် လျှောက်ထားမှုများကို မိမိတို့က ဖြစ်သင့်ဖြစ်ထိုက်တဲ့ ဈေးနှုန်းနဲ့ စိစစ်ဆောင်ရွက်နေတာကို အခွန်ကြေး မြင့်တယ်လို့ မှတ်ယူနေကြောင်း၊ ထိုသို့မဟုတ်ပါကြောင်း အားလုံးမှန်မှန်ကန်ကန်နဲ့ တက်ညီလက်ညီ ဆောင်ရွက်ပါက လျာထား ချက်ပြည့်မီလာမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲ့ ဒုတိယ အကြီးဆုံး ကုန်သွယ်ရေးဇုန် အဂ်ါရပ်နဲ့ အညီ ကုန်သွယ်မှု တိုးတက်လာမှာဖြစ်ကြောင်း၊ သက်ဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့အစည်းအနေနဲ့ တရားမဝင်ကုန် သွယ်မှု သယ်ဆောင်မှုများမရှိစေရေး၊ တရားမဝင်ကုန်သွယ်မှုနဲ့ သယ်ဆောင် မှုများ လျော့နည်းကျဆင်းရေး ဝိုင်းဝန်း ဆောင်ရွက်ရန် မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းတာဝန်ခံက အသိပေး ပြောကြားခဲ့တယ်လို့ သိရပါတယ်။

**MIRT (DCCA)**

# လျာထားချက်ပြည့်မီကျော်လွန်တဲ့ ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်း

မြန်မာ-တရုတ် နယ်စပ်ရှိ ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းဟာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒီဇင်ဘာလမှာ ပို့ကုန်ကန်ဒေါ်လာ ၃၃ ဒသမ ၄၂၆ သန်း၊ သွင်းကုန် ၆ ဒသမ ၁၉၄ သန်းဆောင်ရွက်နိုင်ခဲ့တဲ့အတွက် လျာထားချက်အပေါ် ၁၀၈ ရာခိုင်နှုန်းဆောင်ရွက်နိုင်ခဲ့တယ်လို့ သိရပါတယ်။

အနီးစပ်ဆုံးကာလနဲ့နှိုင်းယှဉ်ပါက ပို့ကုန်မှာ ကန်ဒေါ်လာ ၂ ဒသမ ၆၈၉ သန်းပိုမိုခဲ့ပြီး သွင်းကုန် မှာ ကန်ဒေါ်လာ သုည ဒသမ ၂၈၉ သန်း လျော့နည်းခဲ့သော်လည်း ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၂ ဒသမ ၄၀၀ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပို့ကုန်ပိုင်းပိုမိုရခြင်းမှာ ဆန်၊ ဆန်ကွဲ၊ ပဲမျိုးစုံ၊ မြေပဲဆံ၊ ရော်ဘာ၊ ပြောင်းဖူးစေ့၊ ကြိမ်နဲ့ ဆံပင်တို့ပိုမိုတင်ပို့ခဲ့ခြင်းဖြစ်ပြီး သွင်းကုန်ပိုင်းမှာတော့ သွပ်နန်းကြိုးခွေ၊ ဓာတ်မြေသြဇာ၊ ဂျုံစေ့၊ ဆပ်ပြာမှုန့်၊ အမိုးရိုက်သံတို့လျော့နည်းတင်သွင်းခဲ့တဲ့အတွက်ဖြစ်ပါတယ်။

ဒီဇင်ဘာလအတွင်း ချင်းရွှေဟော်နယ်စပ်မှ ITC နဲ့ဆံပင်တင်ပို့မှုရှိပြီး ဆပ်ပြာမှုန့် တင်သွင်းမှုရှိခဲ့ပါတယ်။

ဒီဇင်ဘာလအတွင်းအများဆုံးတင်ပို့သော ပို့ကုန်များမှာ လယ်ယာထွက်ကုန်အုပ်စုမှာ ဆန် (ဧည့်မထ)၊ ဆန်ကွဲ၊ နှမ်းရောင်စုံ၊ ပဲယင်း၊ နံ့စားပြောင်း၊ မြေပဲဆံ၊ ရော်ဘာအဆင့်စုံ (RSS, MSR)၊ ပဲလွန်းဖြူ၊ ပြောင်းဖူးစေ့၊ ငရုတ်သီးခြောက်၊ ရေထွက်ကုန်တွင် ငါးရှဉ့်(အရှင်)၊ သစ်တောထွက်ကုန်တွင် ကြိမ်၊ အခြားတွင် ဆံပင်တို့ ဖြစ်ကြပါတယ်။ အများဆုံးသွင်းကုန်များမှာ Zinc Coated Iron Wire Coil၊ အချိုမှုန့်၊ MIX LPG၊ အိမ်ရိုက်သံ (6" နဲ့အောက်)၊ ပဲပုပ်စေ့ဆီ၊ Welding rod ၊ ဆပ်ပြာမှုန့်၊ Plastic Sheet၊ ဓာတ်မြေသြဇာ၊ အမိုးရိုက်သံ၊ ဘိလပ်မြေ စသည်တို့ဖြစ်ကြပါတယ်။

**MIRT (DCCA)**

# ရသေ့တောင်မှ ကျိုက်ထီးရိုးဘုရားရင်ပြင်သို့ သွားရောက်ရန် Cable car စီမံကိန်းလုပ်ဆောင်ခွင့် MIC မှ ခွင့်ပြု

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (The Myanmar Investment Commision - MIC) သည် Sky Asia Co.Ltd အား ရသေ့တောင်မှ ကျိုက်ထီးရိုးဘုရားရင်ပြင်သို့ တက်ရန်အတွက် Cable car စနစ်ကို အကောင်အထည်ဖော် ဆောင်ခွင့်ပြုလုပ်ပြီလို့ ဒီဇင်ဘာလ ၂၆ ရက်နေ့က ထုတ်ပြန်ထားပါတယ်။ Sky Asia Co.Ltd သည် ဖက်စပ်ကုမ္ပဏီတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံမှ Asia International Fisheries Co.Ltd နဲ့ တောင်ကိုရီးယားနိုင်ငံမှ Sky International Co.Ltd တို့ဖက်စပ်ထူထောင် ထားတာဖြစ်ပါတယ်။ Cable car စီမံ ကိန်းကို မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျိုက်ထီးရိုးတောင်ခြေမှာရှိတဲ့ ကင်မွန်းစခန်းမှာ အကောင်အထည်ဖော် လုပ်ဆောင်မှာဖြစ်ပါတယ်။

သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများရဲ့ ထောက်ခံချက်ရရှိပြီးနောက် MIC က ရင်းနှီးမြှုပ်နှံမဲ့ ကုမ္ပဏီအား လုပ်ငန်းလုပ်ဆောင်ခွင့်ပြုလိုက်တာလို့ သိရပါတယ်။

Cable car လုပ်ငန်းလုပ်ဆောင်မဲ့ Sky Asia Co.Ltd သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာ ဝန်ကြီးဌာနသို့ နှစ် ၅၀ ကြာ မြေ ၁၃ ဧက ငှားရမ်းခွင့်ပြုရန် အဆိုပြုတင်ပြထားရာ သက်ဆိုင်ရာ ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရထံသို့ အဆိုပြုချက်အား တင်ပြခွင့်ပြုချက်တောင်းခံခဲ့ပြီး ပြည်ထောင်စုအစိုးရရဲ့ ခွင့်ပြုချက်ရရှိသောအခါ MIC ကလည်း စီမံကိန်း လုပ်ဆောင်ခွင့် ပြုလိုက်တာဖြစ်ပါတယ်။

ရွှေသံလွင်ကုမ္ပဏီကလည်း ကျိုက်ထီးရိုးဘုရားအနီးမှာ မြေဧက ၃၀၀ အကျယ်အဝန်းမှာ ဟိုတယ်၊ စားသောက်ဆိုင် (Restaurant) နဲ့ ဘတ် စ်ကားရပ်နားစခန်းများ တည်ဆောက်သွားရန် အစီအစဉ်ရှိတယ်လို့ သိရပါတယ်။

**ချမ်းမြေ့မောင်**

# တစ်ဦးနဲ့တစ်ဦး နားလည်မှုရှိရှိ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဆောင်ရွက်မှသာ အောင်မြင်မှုရရှိမည်ဟုဆို

ဒီဇင်ဘာ ၃၁ ရက်နေ့က မောင်တောမြို့ ဒေဝါနဒီအစည်းအဝေးခန်းမမှာ ကျင်းပပြုလုပ်တဲ့ နယ်စပ်ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးမှ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးက မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ကုန်သွယ်မှုပမာဏလျာထားချက်အပေါ် အမှန်ဆောင်ရွက်နိုင်မှုကို လေ့လာကြည့်တဲ့အခါ ကုန်သွယ်မှုပမာဏများကို လအလိုက် ကျော်လွန်ပြည့်မီအောင် ဆောင်ရွက်နိုင်တာတွေ့ရကြောင်း၊ ကုန်သွယ်မှုတိုးတက်ရေးအတွက် သက်ဆိုင်ရာဌာနဆိုင်ရာများ၊ မောင်တောကုန်သည်ကြီးများအသင်းနဲ့ လုပ်ငန်းရှင်များ အမြဲမပြတ်ပေါင်းစပ်ဆောင်ရွက်နေတာ တွေ့ရှိနေရကြောင်း၊ တစ်ဦးနဲ့တစ်ဦး နားလည်မှုရှိရှိစည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဆောင်ရွက် လုပ်ကိုင်မှသာ အောင်မြင်မှာဖြစ်ကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများသာမက အခြားဌာနဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာမှာလည်း အခက်အခဲများရှိပါက အမြဲတမ်းဆက်သွယ်ပြောဆိုတင်ပြနိုင်ပါကြောင်း၊ အဖွင့်အမှာစကားမှာ ထည့်သွင်း ပြောကြားခဲ့တယ်လို့ သတင်းရရှိပါတယ်။

မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းရဲ့ ပို့ကုန်များမှာ ငါးခြောက်၊ စက်မှုကုန်ချောပစ္စည်းများ၊ ရေငန်ပုစွန်နဲ့ သစ်တောထွက်ကုန် ဝါးတို့ဖြစ်ပြီး သွင်းကုန်ပိုင်းမှာ လူသုံးကုန်များ အများဆုံးတင်သွင်းနေတာ ဖြစ်ပါတယ်။

**မြင့်မြင့်မာ MIRT (DCCA)**

# အိန္ဒိယနိုင်ငံအစိုးရက စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ပြင်ဆင်မှုကြောင့် စားသုံးသူတို့အကာအကွယ်ပိုမိုရ

အိန္ဒိယနိုင်ငံဗဟိုအစိုးရသည် လက်ရှိစားသုံးသူအကာအကွယ်ပေးရေးဥပဒေအား ပြန်လည် ပြင်ဆင်၍ စားသုံးသူတို့အား ပိုမိုအကာအကွယ်ပေး နိုင်ရန်၊ အမျိုးသားစားသုံးသူအကာအကွယ်ပေးရေးအာဏာပိုင် အဖွဲ့အစည်းကို ဖွဲ့စည်းတည်ထောင်ပြီး စားသုံးသူတို့၏ အရေးကိစ္စများအား ဖြေရှင်း ဆောင်ရွက်ပေးနိုင်ရန်နှင့် တာဝန်ပျက်ကွက်ပြီး အလွဲသုံးစားပြုလုပ်သည့် ကုမ္ပဏီများအား ပြစ်ဒဏ်ချမှတ်နိုင်ရန် စီစဉ် ဆောင်ရွက်သွားမည်ဖြစ် ပါသည်။

စားသုံးသူအကာအကွယ် ပေးရေး ဥပဒေအား ပြန်လည်ပြင်ဆင်ခြင်းနှင့် အဖွဲ့အစည်း တည်ထောင်ခြင်းတို့ဖြင့် စားသုံးသူတို့အတွက် အရည်အသွေး မြင့်မားသည့်ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကိုထောက်ပံ့ပေးနိုင်မည်ဖြစ်ကြောင်း၊ တာဝန်ပျက်ကွက်ပြီး အလွဲသုံးစား ပြုလုပ်သော ကုမ္ပဏီ များကိုလည်း တရားစွဲဆိုမှုများကို လျှော့ချကာ ထုတ်ကုန်များအား ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းစေခြင်းနှင့် ဒဏ် ကြေးငွေ ပေးဆောင်စေခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစားအသောက် ထောက်ပံ့မှု နှင့် စားသုံးသူရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Ram Vilas Paswan က ပြောကြားခဲ့ပါသည်။ အဆိုပါ ပြင်ဆင်မည့် ဥပဒေမူကြမ်းမှာ အရန်သင့်ဖြစ်နေပြီ ဖြစ်ပြီး အစိုးရအဖွဲ့၏ အတည်ပြုချက် ရရှိပါက လွှတ်တော်တွင် ဆွေးနွေး တင်ပြသွားမည်ဟုလည်း ဝန်ကြီးက ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပြင်ဆင်မည့်ဥပဒေကြမ်းတွင် လွဲမှားစွာရောင်းချသည့် ကြော်ငြာလုပ်ငန်းများနှင့် e-Retailers များကိုလည်း ထည့်သွင်းအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြစ်မှုကျူးလွန်သည့် ကုမ္ပဏီများသည် တစ်ကြိမ်သာအသနားခံလျှောက်လဲခွင့်ရှိမည်ဖြစ်သည့်အတွက် တရားစီရင်သည့် အချိန်အား လျော့နည်းသွား စေမည်ဖြစ်ကြောင်းလည်း ဝန်ကြီးက ထပ်လောင်း ပြောကြားခဲ့ပါသည်။ လက်ရှိကာလတွင် အိန္ဒိယနိုင်ငံတွင် စားသုံးသူတရားရုံးများကို နိုင်ငံတော်အဆင့်၊ ပြည်နယ်အဆင့်နှင့် ခရိုင်အဆင့်တို့တွင်အသီးသီးဖွဲ့စည်းတည်ထောင်ထားပြီး ကုမ္ပဏီတစ်ခုအား ခရိုင်အဆင့်တွင် အပြစ်ကျူးလွန်ကြောင်း တွေ့ရှိရပါက ပြည်နယ်အဆင့်တွင်သာ အသနားခံလျှောက်ထားနိုင်မည်ဖြစ်သဖြင့် စားသုံးသူအမှုကိစ္စများအား ဖြေရှင်းဆောင်ရွက်ရာတွင် လျင်မြန်ပြီး စရိတ် လျော့နည်းသက်သာစေမည် ဖြစ်ကြောင်းလည်း သိရှိရပါသည်။ အိန္ဒိယနိုင်ငံအစိုးရအနေဖြင့် စားသုံးသူဖိုရမ်များကိုလည်း အမှုကိစ္စများကို တင်ပြမည့် ဥပဒေပညာရှင်များ၏ အကူအညီကို ရယူခြင်းမရှိဘဲ ရိုးရှင်းစွာဖွဲ့စည်းသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

**မျိုးမျိုးထိုက်**

Vol: 15, No.2 Monday Jan 12 2015

# မူဆယ်မြို့တွင် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုဆိုင်ရာ အခွင့်အလမ်းများ ဆွေးနွေးပွဲကျင်းပ




ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မူဆယ်မြို့ မူဆယ်ဗဟိုစီးပွားရေးဇုန်စီမံကိန်းရှိ နယူးစတားလိုက်ပိုင်ဆင်းရွှေလီခန်းမတွင် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုဆိုင်ရာ အခွင့်အလမ်းများ ဆွေးနွေးပွဲအခမ်းအနားကို ဇန်နဝါရီ ၇ ရက်က ကျင်းပပြုလုပ်ခဲ့ပါသည်။

ရှေးဦးစွာ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းမှ အဖွင့်အမှာစကား ပြောကြားခဲ့ပြီးနောက် နိုင်ငံတော်သမ္မတ၏ အကြံပေးပုဂ္ဂိုလ် ပါမောက္ခဒေါက်တာအောင်ထွန်းသက်က "Opportunities of Cross-Border Trade" (နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုဆိုင်ရာ အခွင့်အလမ်းများ) ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့သည်။

ဒေါက်တာအောင်ထွန်းသက်က ပြောကြားရာတွင် နိုင်ငံတော်တည်ဆောက်ရေးကာလတွင် အစပျိုးရာ၌ မသမာမှု လာဘ်ပေးလာဘ်ယူကိစ္စကို ရှင်းရှင်းလင်းလင်း ဖော်ထုတ်ကြရမည်ဖြစ်ကြောင်း၊ ပြည်သူပူးပေါင်းမှုမရှိပါက အောင်မြင်မှာ မဟုတ်ကြောင်း၊ ပေးသူရှိ၍ ယူသူရှိနေပါကြောင်း၊ ဌာနဆိုင်ရာများတွင်လည်း ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် စားပွဲတစ်ခုမှတစ်ခုသို့ ကူးပြောင်းရာတွင် မကြာသင့်သောအချိန်ကာလဖြင့်ပိုမိုကြန့်ကြာမှုကို ဖော်ထုတ်သင့်ကြောင်း၊ ဘေးထိုင်ဘုပြောမည့်အစားလမ်းပြအားပေးပြီး စောင်မကြည့်သင့်ကြောင်း၊ သဘောထားကွဲလွဲခြင်းသည် ရန်သူအသွင် မဆောင်ပါကြောင်း၊ ပိုမိုပြီး ထက်မြက်သော ဦးတည်ရာကို ပို့ဆောင်ပေးတဲ့စွမ်းအားအဖြစ် ခံယူနေရင် အရွေ့သစ်ကို တိုတောင်းသောကာလအတွင်း ဦးတည်ချက်ပေါက်ရောက်မှာဖြစ်ပါကြောင်း၊ အနာဂတ်ကို ပိုင်ဆိုင်သည့် လူငယ်များအနေဖြင့် နိုင်ငံ၏ အခက်အခဲ၊ စီးပွားရေးကျဆင်းမှုကို စိတ်ဓာတ်မပျက်ဘဲ အခွင့်အရေးအဖြစ်ပြောင်းလဲပြီး အင်အားအဖြစ် အသုံးချစေလိုကြောင်း စသည်ဖြင့် ဟောပြောဆွေးနွေးခဲ့ပါသည်။

မြန်မာနိုင်ငံတွင် (Border Trade Stations) နယ်စပ်ကုန်သွယ်မှုနေရာ ၁၅ ခုရှိသည်။ ယင်းနေရာများမှာ တရုတ်နိုင်ငံနှင့် လေးခု၊ ထိုင်းနိုင်ငံနှင့် ခုနစ်ခု၊ အိန္ဒိယနိုင်ငံနှင့် နှစ်ခုနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နှစ်ခုတို့ဖြစ်ပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံသည် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အချက်အခြာအကျဆုံးနှင့် ကုန်သွယ်မှုအကောင်းဆုံးသော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း သိရှိနိုင်ပါသည်။ ဆရာကြီး၏ ဟောပြောဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ကုန်သည်များမှ သိရှိလိုသည်များကို တိုက်ရိုက်မေးမြန်းဆွေးနွေးခဲ့ကြသည်။ **အယ်လ်စိုး(မူဆယ်)**

# အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ်ကာလတူထက်ပါ ကန်ပိုက်တီးနယ်စပ်ကုန်သွယ်ရေးမှ ပို့ကုန်သွင်းကုန်များ ပိုမိုဆောင်ရွက်နိုင်

မြန်မာ-တရုတ်နယ်စပ်ရှိ ကန်ပိုက်တီးနယ်စပ်ကုန်သွယ်ရေးစခန်းရဲ့ ဒီဇင်ဘာလ ကုန်သွယ်မှုပမာဏဟာ အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ်ကာလတူထက်ပါ ပိုမိုဆောင်ရွက်နိုင်ပါတယ်။

**တန်ဖိုး-ဒေါ်လာသန်း**

| | ပို့ကုန် | သွင်းကုန် | ကုန်သွယ်မှု |
|---|---|---|---|
| ၂၀၁၄ - ဒီဇင်ဘာ | ၁. ၄၄၂ | ၉. ၇၂၂ | ၁၁. ၁၆၄၃ |
| ၂၀၁၄ - နိုဝင်ဘာ | ၀. ၉၆၇ | ၃. ၈၃၁ | ၄. ၇၉၈ |
| ၂၀၁၃ - ဒီဇင်ဘာ | ၀. ၆၅၉ | ၂. ၃၉၇ | ၃. ၀၅၆ |

ပို့ကုန်ပိုင်းများ ယခင်လကထက် တစ်သျှူးငှက်ပျောများ ပိုမိုတင်ပို့လာနိုင်ပြီး သွင်းကုန်ပိုင်းမှာ ယာဉ်ယန္တရား များ၊ ယခင်နှစ်ကထက် ပိုမိုတင်သွင်းလာနိုင်တယ်လို့သိရပါတယ်။ ကန်ပိုက်တီးဒေသမှ တင်သွင်းတဲ့ ယာဉ်ယန္တရားများမှာ ဖားကန့်ဒေသကျောက်ထုတ်လုပ်ငန်းများအတွက် တင်သွင်းခြင်းဖြစ်ပြီး ယခုအချိန်ဟာ ပွင့်လင်းရာသီဖြစ်ခြင်း၊ ဖားကန့်ဒေသသို့ မြစ်ကြီးနားမှ နေ့ချင်းရောက်ရှိခြင်း၊ မြစ်ကြီးနားဖားကန့်လမ်းပြုပြင်မှုများ တစ်ချို့တစ်ဝက်ပြီးစီးခြင်း၊ ဒေသတွင်းဖြစ်ပွားသော စစ်ပွဲများ ပြန်လည်တည်ငြိမ်လာတဲ့အခြေအနေများကြောင့် ယာဉ်ယန္တရားဖားကန့်ဒေသသို့ အဆင်ပြေစွာတင်ပို့နိုင်ခြင်းကြောင့် ယာဉ်ယန္တရားများတင်သွင်းမှုပိုလာတာလို့သိရပါတယ်။ ပို့ကုန်ပိုင်းမှာလည်း အမယ်သစ်များဖြစ်တဲ့ ကြိမ်နဲ့ဆန်တင်ပို့နိုင်ခြင်း၊ ငှက်ပျောနဲ့ ပြောင်းများ ပိုမိုတင်ပို့ နိုင်ခြင်းတို့ကြောင့် ကန်ကွက်မှုပိုမိုခဲ့ရကြောင်း သတင်းရရှိပါတယ်။ အများဆုံးပို့ကုန်များမှာ တစ်သျှူးငှက်ပျော၊ ပြောင်း၊ ဆန် (ဧည့်မထ ၂၅ မှတ်)၊ ကြိမ်တို့ဖြစ်ပါတယ်။ အများဆုံးသွင်းကုန်များမှာ ဘိလပ်မြေ၊ Excavator၊ Hydralic Dumper၊ Mini Dump Truck Mini Dumper စသည်တို့ဖြစ်ကြပါတယ်။ ITC ကတ်နဲ့ ပို့ကုန်ပြောင်း တင်ပို့ခဲ့ပြီး သွင်းကုန် အနေနဲ့ အိမ်ရိုက်သံ၊ မီးသီးပါမီးအိမ်၊ ဆိုင်ကယ်၊ အမိုးရိုက်သံ၊ ပန်းသီး၊ အဝတ်အထည်နဲ့ အိမ်သုံးလူသုံးကုန်များ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**MIRT (DCCA)**

# မဏိပူရပြည်နယ်၌ ကြက်ငှက်တုတ်ကွေး ရောဂါဖြစ်

တစ်ဖက်နိုင်ငံ မဏိပူရပြည်နယ် အတွင်းပိုင်းမှာ ကြက်ငှက်တုတ်ကွေး ရောဂါဖြစ်ပေါ်နေတယ်လို့ တမူးမြို့နယ် တိရစ္ဆာန်မွေးမြူရေးနဲ့ ကုသရေးဦးစီးဌာနမှ သတင်းထုတ်ပြန်ထားတယ်လို့ သိရပါတယ်။ ကြက်ဥ၊ ကြက်သားပေါက်များ တရားမဝင်တင်သွင်းခြင်း မပြုလုပ်ကြရန်နဲ့ တင်သွင်းမည်ဆိုပါက မွေးမြူရေးနဲ့ ကုသရေးဦးစီးဌာန၌ စစ်ဆေးမှုခံယူရန် လျှောက်ထားရမှာဖြစ်ပြီး ထောက်ခံချက်လက်မှတ်ရမှသာ တင်သွင်းရန် အသိပေးထားတယ်လို့ သတင်းရရှိပါတယ်။

**MIRT (DCCA)**

# တစ်ဖက်နိုင်ငံ လက်လီဈေးများမှ ဝယ်ယူသော စားသောက်ကုန်များအား FDA ရုံးချုပ်သို့ နမူနာပို့ စစ်ဆေးခံ၍ တင်သွင်းလို

တစ်ဖက်နိုင်ငံမှထုတ်လုပ်တဲ့ စားသောက်ကုန်များဖြစ်တဲ့ ပါပလာ၊ အချိုရည်၊ ဘီစကစ်မျိုးစုံနဲ့ စွန်ပလွန်ယို တွေကို မြန်မာ-အိန္ဒိယနယ်စပ်ဒေသအတွင်း သုံးစွဲလျက်ရှိကြပါတယ်။ အဆိုပါစားသောက်ကုန်များကို မိုရေးနဲ့ အင်ဖာမြို့များရှိ လက်လီဈေးများအတွင်းမှ မှာယူနေကြသဖြင့် တစ်ဖက်နိုင်ငံ FDA ထောက်ခံချက်ရရှိရန် ခက်ခဲပါကြောင်း၊ တစ်ဖက်နိုင်ငံလုပ်စားသောက်ကုန်များနဲ့ ပတ်သက်ပြီး အစားအသောက်နမူနာများအား မြန်မာနိုင်ငံ FDA သို့ နမူနာပေးပို့အစစ်ဆေးခံပြီး စားသုံးရန် သင့်တော်ပါက (Fit For human consumpthion) FDA ထောက်ခံချက်ထုတ်ပေးနိုင်ရေးအတွက် အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နဲ့ နေပြည်တော်အစည်းအဝေးတစ်ခုမှာ တွေ့ဆုံစဉ် တင်ပြဆွေးနွေးခဲ့ပါကြောင်း၊ သို့ပါ၍ FDA ရုံးချုပ်သို့ အစားအသောက်နမူနာပေးပို့အစစ်ဆေးခံပြီး စားသုံးရန် သင့်တော်ပါက FDA ထောက်ခံချက် ထုတ်ပေးနိုင်ရေးတင်ပြပေးရန် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့က တမူးနယ်စပ်ကုန်သွယ်ရေးအစည်းအဝေးခန်းမမှာ ကျင်းပပြုလုပ်တဲ့ ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးမှာ ကလေး-တမူး-ကလေးဝ နယ်စပ်ကုန်သွယ်ရေးကုန်သည်များ ဥက္ကဋ္ဌ ဦးလှမောင်က ဆွေးနွေးတင်ပြခဲ့တာဖြစ်ပါတယ်။ တမူးနယ်စပ်ကုန်သွယ်ရေး စခန်းတာဝန်ခံက သက်ဆိုင်ရာ FDA ဌာနနဲ့ပေါင်းစပ်ညှိနှိုင်းတင်ပြဆောင်ရွက်ပေးသွားမယ်လို့ ဖြေကြားခဲ့ကြောင်း သတင်းရရှိပါတယ်။

**MIRT (DCCA)**

# မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်း ပို့ကုန်တန်ဖိုးမြင့်တက်

မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းက ဒီဇင်ဘာလအတွင်း ပို့ကုန်ကန်ဒေါ်လာ ၉ ဒသမ ၇၁၆ သန်း၊ သွင်းကုန်ကန်ဒေါ်လာ ၃ ဒသမ ၈၈၀ သန်းဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၁၃ ဒသမ ၅၉၆ သန်းရရှိခဲ့ပါတယ်။ မြဝတီစခန်းအနေနဲ့ အနီးစပ်ဆုံးကာလထက် ပို့ကုန်ကန်ဒေါ်လာ သုည ဒသမ ၆၄၀ သန်း ပိုမိုပြီးယမန်နှစ်ကာလတူထက်လည်း ကန်ဒေါ်လာ သုည ဒသမ ၁၀၀ သန်း ပိုမိုခဲ့ပါတယ်။ အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ်ကာလတူထက်ပါ ပို့ကုန်ပိုမိုရခြင်းမှာ ဒီဇင်ဘာလအတွင်း လယ်ယာထွက်ကုန်ဖြစ်သော ရော်ဘာ၊ သစ်တောထွက်ဖြစ်သော နီးဘန်း၊ ကဒွတ်၊ ကညင်၊ ရေထွက်ကုန်ဖြစ်သော ရေငန်ပုစွန်၊ ကင်းမွန်၊ ကဏန်း၊ ကဏန်းပျော့၊ ကဏန်းအသေ၊ ငါးခြောက်၊ ငါးမျိုးစုံ၊ ငါးမှုန့်၊ ငါးအသားလွှာနဲ့ ပုစွန်တို့ အများဆုံးတင်ပို့ခဲ့သောကြောင့် ဖြစ်ပါတယ်။

**ခင်မြနွယ် MIRT (DCCA)**

# နယ်စပ်စခန်းများမှ သစ်သီးဝလံမျိုးစုံ တင်ပို့/တင်သွင်း

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ကနေ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်း ကန်ဒေါ်လာ ၁၃ ဒသမ ၃၄၈ သန်းဖိုးရှိ ဖရဲသီး ၁၀၅၁၂၈ တန်၊ ကန်ဒေါ်လာ ၄ ဒသမ ၈၁၉ သန်းဖိုးရှိ သခွားမွှေး ၂၃၆၂၄ တန်၊ ကန်ဒေါ်လာ သုည ဒသမ ၁၄၈ သန်းဖိုးရှိ ဆီးသီး ၁၀၈၅ တန်ခွဲနဲ့ ကန်ဒေါ်လာ ၂၁၄၅ တန်ဖိုးရှိ အုန်းသီး ၁၄ တန်ခွဲ နှင့် လွယ်ဂျယ်စခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၀၄၁ သန်းဖိုးရှိ ဖရဲသီး ၃၁၆ တန်တို့ကို တင်ပို့နိုင်ခဲ့သလို ကန်ဒေါ်လာ ၅ ဒသမ ၇၀၇ သန်းတန်ဖိုးရှိတဲ့ ပန်းသီး၊ ပန်းသစ်တော်သီး၊ လိမ္မော်သီးနဲ့ စပျစ်သီးတန်ချိန် ၁၆၂၆၀ ကျော်၊ ကန်ပိုက်တီးစခန်းမှ ကန်ဒေါ်လာ ၂၁၂၃ တန်ဖိုးရှိ ပန်းသီး ၄ တန်ခွဲကိုလည်း တင်သွင်းနိုင်ခဲ့ပါတယ်။ အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းမှ လိမ္မော်သီး ၁ တန်ခွဲကို ၅၂၅ ဒေါ်လာဖိုး တင်သွင်းခဲ့တာတွေ့ရပါတယ်။

**မော်မော်အောင် MIRT (DCCA)**

## သစ်ခွပန်းရိုး(အစို) များကို ခရီးသည်တင်မှန်လုံယာဉ်ပေါ်မှ သိမ်းဆည်းရမိ

စားသုံးသူအကာ အကွယ်ပေးရေးနဲ့ တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိတဲ့ Mobile Team လရ-(၁) အဖွဲ့သည် ဇန်နဝါရီလ ၃ ရက်နေ့တွင် မန္တလေးမှမူဆယ်လမ်းကြောင်းအတိုင်း ဝင်ရောက်စစ်ဆေးခံတဲ့ ခရီးသည်တင်မှန်လုံယာဉ်နဲ့ ယာဉ်ငယ်များအား ဝင်ရောက်စစ်ဆေးရာ ယာဉ်ပေါ်တွင် သိုဝှက် သယ်ဆောင်လာတဲ့ သစ်ခွပန်းရိုး (အစို) များကို သိမ်းဆည်းရမိခဲ့တယ်လို့ သိရပါတယ်။ သိမ်းဆည်းရမိ သစ်ခွပန်းရိုး (အစို) များကို အကောက်ခွန်အမှုတွဲဖွင့်လှစ်ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနဲ့အညီ သစ်တောဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံ သွားမယ်လို့ သိရပါတယ်။ **DCCA**

## ကျောက်စိမ်းနှင့်သတ္တုတွင်းထွက်ပစ္စည်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဧပြီလမှဒီဇင်ဘာလအထိ Mobile Team အဖွဲ့များမှ ကျပ်သန်း ၃၄၀၀ ကျော်ဖိုးသိမ်းဆည်း

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလအထိကျောက်စိမ်းနဲ့ သတ္တုတွင်းထွက်ပစ္စည်းများကို ခန့်မှန်းတန်ဖိုး ကျပ်သန်းပေါင်း ၃၄၀၀ ကျော်ကို Mobile Team အဖွဲ့များမှ သိမ်းဆည်းနိုင်ခဲ့တယ်လို့ သတင်းရရှိပါတယ်။ အမှုတွဲများကတော့ ကျောက်စိမ်း ၇၁ မှု အင်ကြင်းကျောက် ၅ မှု၊ သလင်းကျောက် ၈ မှု၊ စကျင်ကျောက် ၇ မှု၊ သတ္တုကျောက်မှုန့် ၁၉ မှု ၊ စုစုပေါင်းအမှုတွဲ ၁၁၀ ခန့် ရှိတယ်လို့သိရပါတယ်။ ယခင် ဌာနဆိုင်ရာများပူးပေါင်းအဖွဲ့ (one stop services) ဦးဆောင်သည့် ၂၀၁၄-၂၀၁၅ မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်ထိ ဖမ်းဆီးရမိကျောက်စိမ်းနဲ့ တွင်းထွက်ပစ္စည်းများကို အမှုတွဲ ၃၂၂ မှုနဲ့ ခန့်မှန်းတန်ဖိုး ကျပ်သန်း သုည ဒသမ ၀၆၈ ဖြစ်တယ်လို့ သတင်းရရှိပါတယ်။

**DCCA**

## တရားမဝင်သယ်ဆောင်လာတဲ့သစ်အယ်နဲ့ သစ်ယာများအားဖမ်းဆီးရမိ

တာချီလိတ် Mobile Team အဖွဲ့ဟာ ဇန်နဝါရီလ ၄ ရက်နေ့မှာ လွယ်စတုံ ရှောင်ကွင်း လမ်းမှာ သတင်းအရ ကင်းပုန်းဝပ်စောင့်ဆိုင်းနေစဉ် ၀၄း၃၀ ချိန်ခန့်မှာ မိုင်းဟဲကျေးရွာဘက်မှ တာချီလိတ်ဘက်သို့ ယာဉ်မောင်းအိုက်ဟုန် မောင်းနှင်လာတဲ့ အီတန်ယာဉ်(၁၄/xxxx)ကို တားဆီးစစ်ဆေးရာမှာ တရားမဝင် သယ်ဆောင်လာတဲ့ သစ်အယ်နဲ့ သစ်ယာများကို စစ်ဆေးတွေ့ရှိတဲ့အတွက် နိုင်ငံ ဘဏ္ဍာအဖြစ်သိမ်းဆည်းနိုင်ရန် လုပ်ထုံးလုပ်နည်းနဲ့အညီ သိမ်းဆည်းရမိသစ်များနဲ့ သယ်ဆောင်လာသူများကိုလည်း တာချီလိတ်မြို့နယ် သစ်တောဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံခဲ့တယ်လို့ သတင်းရရှိပါတယ်။ စစ်ဆေးတွေ့ရှိရတဲ့ သစ်များကတော့ သစ်အယ် ၅ ချောင်း သုည ဒသမ ၃၂၈၆ တန်နဲ့ သစ်ယာ ၈၁ ချောင်း ၃ ဒသမ ၈၈၇ တန် လို့သိရပါတယ်။

**တင်တင်ထွန်း MIRT (DCCA)**

## အများပြည်သူစားသုံးရန်မသင့်သော စားသောက်ကုန်များနဲ့ အများပြည်သူသုံးစွဲရန် မသင့်သော ကုန်ပစ္စည်း ကျပ် ၃၉၁ သန်း ကျော်ဖိုး ဖျက်ဆီးခဲ့

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလထိ Mobile Team များမှ အများပြည်သူစားသုံးရန် မသင့်သော ဘေးအန္တရာယ်ဖြစ်စေတဲ့ စားသောက်ကုန်ပစ္စည်းများနဲ့ အများပြည်သူသုံးစွဲရန် မသင့်သော ကုန်ပစ္စည်းများကို အမှုတွဲအားဖြင့် ၁၂၇ ခု၊ တန်ဖိုးအားဖြင့် ကျပ် ၃၉၁ ဒသမ ၈၅၅ သန်း (ခန့်မှန်း) အားဖျက်ဆီးနိုင်ခဲ့ပါတယ်။ Mobile Team အလိုက်ဖျက်ဆီးဆောင်ရွက်နိုင်မှုများကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ကာလတူနဲ့ နှိုင်းယှဉ်ဖော်ပြပေးလိုက်ရပါတယ်-

တန်ဖိုး- ကျပ်သန်း

| စဉ် | Mobile Team | ၂၀၁၃-၂၀၁၄ | | ၂၀၁၂-၂၀၁၃ | |
|---|---|---|---|---|---|
| | | အမှုတွဲ | ခန့်မှန်းတန်ဖိုး | အမှုတွဲ | ခန့်မှန်းတန်ဖိုး |
| (က) | မူဆယ်-မန္တလေးလမ်းကြောင်း လရ-၁ | ၄၆ | ၂၄၄. ၆၆၈ | ၇၃ | ၁၅၄. ၆၅၂ |
| (ခ) | မြဝတီ-ရန်ကုန်လမ်းကြောင်း လရ-၂ | ၁၁ | ၁၁. ၀၁၄ | ၂၈ | ၅၁. ၀၈၆ |
| (ဂ) | မူဆယ်ထုတ်နုတ်အင်အား | ၆၇ | ၁၁၆. ၄၇၃ | ၅၂ | ၄၅. ၀၃၁ |
| (ဃ) | တာချီလိတ်ထုတ်နုတ်အင်အား | ၁ | ၁. ၂၀၀ | ၄ | ၀. ၈၆၈ |
| (င) | တမူးထုတ်နုတ်အင်အား | - | - | ၁၀ | ၂၂. ၃၆၉ |
| (စ) | ကန်ပိုက်တီး ထုတ်နုတ်အင်အား | ၂ | ၁၈. ၅၀၀ | - | - |
| | စုစုပေါင်း | ၁၂၇ | ၃၉၁. ၈၅၅ | ၁၆၇ | ၂၇၄. ၀၀၆ |

**DCCA**

## သိမ်းဆည်းရမိအေးခဲပင်လယ်စာများအားမြေမြှုပ်ဖျက်ဆီး



မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်ထုတ်နုတ်အင်အား Mobile Team အဖွဲ့မှ ဒီဇင်ဘာလ ၂၅ ရက်နေ့က ရှောင်ကွင်းလမ်းမှာ စုပုံထားသော စားသုံးရန် မသင့်တဲ့ အေးခဲပင်လယ်စာများအား သိမ်းဆည်းရမိခဲ့ပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ မူဆယ်မြို့နယ်အကောက်ခွန်ဦးစီးဌာနသို့ အပ်နှံထားခဲ့ပါတယ်။ အဆိုပါ အေးခဲ ပင်လယ်စာများမှာ အလေးချိန်အားဖြင့် ၂၄၂၇ ကီလိုဂရမ် ခန့်မှန်းတန်ဖိုးအားဖြင့် ကျပ် ၁၂ ဒသမ ၁၃၅ သန်း ရှိတယ်လို့ သိရပါတယ်။ သိမ်းဆည်းရမိတဲ့နေ့ညနေ ၁၅း၀၀ ချိန်မှာ မူဆယ်မြို့နယ်အကောက်ခွန်မှူးဦးစီးတဲ့ ဌာနဆိုင်ရာကိုယ်စားလှယ်များပါဝင်တဲ့ အဖွဲ့စုံနဲ့ မူဆယ်မြို့နယ် အကောက်ခွန်ရုံးဝင်း အတွင်းမှာ မြေမြှုပ်ဖျက်ဆီးခဲ့တယ်လို့သတင်းရရှိပါတယ်။

Mobile Team အဖွဲ့များဟာ တရားမဝင်ကုန်သွယ်မှုတားဆီးရေး လုပ်ငန်းများအား အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိရာ တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးသာမက ကုန်သွယ်မှု မြှင့်တင်ရေးနဲ့စားသုံးသူအကာအကွယ်ပေးရေး တာဝန်များကို အထောက်အကူပြု ဆောင်ရွက်နေတယ်လို့ သတင်းရရှိပါတယ်။

**DCCA**


## ဒီဇင်ဘာလအတွင်း ညောင်ခါးရှည် Mobile Team မှ တရားမဝင်ကုန်ပစ္စည်း ခန့်မှန်းကျပ်သန်း ၄၂၀ ကျော်ဖိုးသိမ်းဆည်းရမိ


ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်ညောင်ခါးရှည်မှာ ယာယီအခြေပြု၍ စားသုံးသူအကာအကွယ်ပေးရေးနဲ့ တရားမဝင်ကုန်သွယ်မှုတားဆီးရေးတာဝန်ထမ်းဆောင်နေသော Mobile Team အဖွဲ့ဟာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်းမှာ ကျပ် ၄၂၁ သန်းကျော်တန်ဖိုးရှိ တရားမဝင်ကုန်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့တယ်လို့ သတင်းရရှိပါတယ်။

သိမ်းဆည်းရမိပစ္စည်းများမှာ စားသောက်ကုန် (အချိုရည်မျိုးစုံ၊ ပဲနို့၊ ခရုဆီ၊ ကြာဇံခြောက်၊ ခေါက်ဆွဲခြောက်၊ အချိုမှုန့်၊ ကော်ဖီ၊ စားဆီပုံးဝါ၊ အိုဗာတင်း၊ လစ်ပိုမိုင်လို၊ Sauce (Chilli/Tomato)၊ ကညွတ်၊ မုန်လာဥနီ၊ ပန်းပွင့်စိမ်း၊ မှို၊ သရက်သီး၊ သံပုရာသီး၊ ငါးသေတ္တာ၊ အုန်းနို့သံဗူးစသည်များ)၊ အလှကုန်၊ အထည်အလိပ်၊ ဖိနပ်၊ လျှပ်စစ်ပစ္စည်းမျိုးစုံ၊ ကားအပိုပစ္စည်း၊ ပိုးသတ်ဆေး၊ စလောင်းဗန်းနဲ့ ဆက်စပ်ပစ္စည်း Speaker စသည်များ ခန့်မှန်းတန်ဖိုးကျပ် ၂၁၆ ဒသမ ၂၉၇ သန်း အမှုတွဲ ၇၉ ခု နဲ့ ဖွင့်လှစ်သိမ်းဆည်းအရေးယူခဲ့ ရတယ်လို့ သတင်းရရှိပါတယ်။ ဒါ့အပြင် မော်လမြိုင်-ရန်ကုန်အမှတ် ၉၀ အစုန်မြန်ရထားပေါ်မှ တရားမဝင်သယ် ဆောင်လာတဲ့ ကန့်သတ်ကုန် ဘီယာ၊ ကွမ်းစားဆေး အကောက်ခွန်မဲ့လုပ်ငန်းသုံးအိမ်သုံးပစ္စည်းများ ခန့်မှန်းတန်ဖိုးကျပ် ၁၄၇ ဒသမ ၅၂၈ သန်းဖိုးလည်း သိမ်းဆည်းရမိခဲ့တဲ့အတွက် ဒီဇင်ဘာလအတွင်း ညောင်ခါးရှည် Mobile Team မှကျပ်သန်း ၄၂၀ ကျော်ဖိုး သိမ်းဆည်းရမိခဲ့တယ်လို့ သိရပါတယ်။

**DCCA**

## ပြန်လှည့်မောင်းနှင်ထွက်ပြေးသည့်ယာဉ်ပေါ်မှ ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးအရွယ်စုံ ၁၀၀၂ ကီလိုဂရမ်ကျော် သိမ်းဆည်း





မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်စခန်းထုတ်နုတ် Mobile Team အဖွဲ့ဟာ မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်မှာ မော်တော်ယာဉ်များကို စစ်ဆေးနေစဉ် ဇန်နဝါရီလ ၄ ရက် ၁၆း၀၀ ချိန်မှာ လားရှိုးဘက်မှ မောင်းနှင်လာတဲ့ Toyota Ipsum ယာဉ်အမှတ် 1G/xxxx ဟာပို့ကုန် Mobile Team အဖွဲ့စစ်ဆေးမှုပြုလုပ်တဲ့ နေရာမရောက်မီမှာ ပြန်လှည့်မောင်းနှင်ထွက်ပြေးခဲ့ပါတယ်။ ထိုယာဉ်နောက်သို့ ယာဉ်များဖြင့် လိုက်လံပိတ်ဆို့တားဆီးမှုပြုခဲ့ရာ ယာဉ်ပေါ်မှ ကျောက်စိမ်းလို့ ယူဆရတဲ့ ကျောက်တုံးအရွယ်စုံ ၁၈ တုံး၊ အလေးချိန်အားဖြင့် ၁၀၀၂ ဒသမ ၇၈ ကီလိုဂရမ်၊ ခန့်မှန်းတန်ဖိုးအားဖြင့် ကျပ်သိန်း ၁၀၀၀ ခန့်အား စစ်ဆေးတွေ့ရှိခဲ့တယ်လို့ သိရပါတယ်။ ဒါ့အပြင် ကျောက်စိမ်းလို့ ယူဆရတဲ့ ကျောက်များကို တရားမဝင် သယ်ဆောင်လာတဲ့ ယာဉ်ဟာလည်း တရားမဝင်သယ်ဆောင်လာကြောင်း စိစစ်တွေ့ရှိရတဲ့အတွက် လုပ်ထုံးလုပ်နည်းနဲ့အညီ ဆက်လက်အရေးယူဆောင်ရွက် သွားမယ်လို့ သတင်းရရှိပါတယ်။

**DCCA**

# သိသူတွေ ဖော်စားကြသလို မသိသူတွေ ကျော်မသွားဘဲ ဖော်စားနိုင်တဲ့ GSP (အထူးကုန်သွယ်မှုကင်းလွတ်ခွင့်) အခွင့်အလမ်း

မြင့်ဦး - ပခုက္ကူ



နေရာဒေသတစ်ခုနှင့်တစ်ခု ကုန်ပစ္စည်းထွက်ရှိမှုဆိုတာ တူညီမှုရှိသလို မတူညီမှုဆိုတာလည်းရှိနေတတ်တာ သဘာဝတရားတစ်ခုလို့ပြောရမလိုပါ။ ကိုယ့်ပြည်တွင်းမှာပဲ အညာဒေသက ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ ငရုတ်၊ ဆီ၊ ဆေးရွက်ဆိုတာတွေထွက်ရှိပြီး အောက်ပိုင်းဧရာဝတီ က ဆန်စပါး၊ ငါးပိငါးခြောက်၊ ငံပြာရည်ထွက်ရှိတယ်။ သူ့မှာ ပိုတာ ကိုယ့်မှာလိုတာနဲ့ သူ့မှာလိုတာ၊ ကိုယ့်မှာပိုတာနဲ့ညှိနှိုင်းကြပြီး ရောင်းဝယ်ဖောက်ကားမှုဆိုတာ ဖြစ်ပေါ်လာရပါတယ်။ ပိုတာနဲ့လိုတာ တွက်ချက်ပေါင်းစပ်ညှိနှိုင်းပြီး ရောင်းကြဝယ်ကြတယ်ဆိုပေမဲ့ တိုင်းပြည်ရဲ့အုပ်ချုပ်မှုမူဝါဒ ဆိုတာကလည်းရှိနေလေတော့ ရောင်းမှုဝယ်မှုပုံစံကလည်း အမျိုးမျိုးဖြစ်တတ်ပါတယ်။ ကျွန်တော်တို့ငယ်စဉ်က ဟိုဘက်နယ် ဒီဘက်နယ်ကို ဆန်မသယ်ရဆိုတာတွေ တွေ့ကြုံဖူးပါတယ်။ ကိုယ်ကကျောင်းသားဆိုရင် ကျောင်းသားဆိုတဲ့အခွင့်အရေးယူ ဆန်တစ်စိတ်တစ်ခွဲသယ်ခဲ့ဖူးတာပါပဲ။ အိန္ဒိယနိုင်ငံကထွက်တဲ့ချည်ထုတ်၊ ပေါင်ဒါဘူး၊ အပ်ချုပ်စက်ခေါင်း မှောင်ခိုတစ်ခေတ်ရှိခဲ့ဖူးသလို မော်လမြိုင်ဘက် တရုတ်ဘက်ကလည်း အချိုမှုန့်မှအစ ပါတိတ်လုံချည်အင်္ကျီလည်း ပစ္စည်းမျိုးစုံမှောင်ခိုတစ်ခေတ်ဖြစ်ခဲ့ဖူးပါတယ်။

ဘယ်ခေတ် ဘယ်စနစ်မှာမဆို ဘယ်လိုဥပဒေသတ်မှတ်သတ်မှတ်၊ ဘယ်လိုလမ်းစဉ်ပဲချမှတ်ချမှတ်၊ ဥပဒေအတွင်းကဖြစ်စေ၊ ဥပဒေအပြင်က ဖြစ်စေ၊ ရောင်းမှု ဝယ်မှု သယ်မှုဆိုတာတွေရှိနေခဲ့ကြတာပါပဲ။ ဆိုလိုချင်တာက အရောင်းအဝယ်၊ အသယ်အပို့ ဆက်ရှိနေတာကို ဆိုလိုချင်တာပါ။ တစ်ခေတ်တစ်ခါက ကိုယ့်နိုင်ငံမှာကျင့်သုံးတဲ့စနစ်အရ ကိုယ့်ပြည်တွင်း ထွက်ကုန်တွေကို နိုင်ငံခြားဝင်ငွေရရှိစေဖို့ Export လုပ်ခဲ့ရတယ်။ ဒါပေမဲ့ တရုတ်၊ အိန္ဒိယ၊ ထိုင်းဆိုတဲ့နိုင်ငံများကိုသာ အဓိကထားရောင်းဝယ်ခဲ့ပါတယ်။ ပြောရရင် ဈေးကွက်ကျဉ်းလွန်းပါတယ်။ ယခုအချိန်ပြောင်းလဲလာတဲ့ ခေတ်စနစ်အရ မြန်မာနိုင်ငံဟာ မြင်သာပွင့်လင်းတိုးတက်သော ကမ္ဘာ့အလယ်မှာ ကူးလူးဆက်ဆံပေါင်းသင်းဆက်နွယ် နေပြီ ဖြစ်ပါတယ်။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင်သာမက အိမ်နီးချင်းလူဦးရေအင်အား ကြီးမားသောနိုင်ငံများ၊ ဥရောပသမဂ္ဂ (EU) နိုင်ငံများနဲ့ပါ ပူးပေါင်းဆက်သွယ်နေပြီဖြစ်ပါတယ်။ လူဦးရေအနည်းဆုံး သန်းငါးရာကျော် ဝယ်လိုအားရှိတဲ့ ဈေးကွက်ကိုဆက်သွယ်ဝင်ရောက်နေပြီဖြစ်ပါတယ်။

တံခါးဖွင့်မူဝါဒနဲ့ ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးသောမည်သည့်နိုင်ငံမဆို ကုန်သွယ်မှုဟာ ဦးဆောင်ကဏ္ဍတစ်ခုဖြစ်တယ်ဆိုတာ ငြင်းလို့မရပါဘူး။ အဲဒီကုန်သွယ်မှုကဏ္ဍ၊ ဦးဆောင်ကဏ္ဍဖြစ်တာနဲ့အညီ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုကိုလည်း ပို့ကုန်နဲ့ဆက်စပ်နေတဲ့ ထုတ်လုပ်မှု၊ စက်မှုကဏ္ဍများ၊ ရင်းနှီးမြှုပ်နှံမှုများလေလေ ထွက်ကုန် ထုတ်ကုန်တန်ဖိုးများလေလေ ပို့ကုန်ပစ္စည်းမြင့်မားလာသလို ပို့ကုန်ကြောင့်ရရှိတဲ့ ဝင်ငွေသိသိသာသာ မြင့်မားလာမှာဖြစ်ပါတယ်။

> **GSPရဲ့သဘောထားကတော့ ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတွေက ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်၊ ကြိုးစားဖော်ဆောင်နေတဲ့ နိုင်ငံတွေကို နိုင်ငံရဲ့စီးပွားဖွံ့ဖြိုးတိုးတက်ဖို့ အထောက်အကူဖြစ်စေရန်၊ အကျိုးရှိစေရန်အတွက် ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံး နိုင်ငံတွေက တင်ပို့တဲ့ကုန်ပစ္စည်း၊ ပို့ကုန်တင်သွင်းကုန်တွေကို အခွန်ကင်းလွတ်ခွင့် တစ်ဖက်သတ်ပေးထားတာပါပဲ။**

ပို့ကုန်ဦးဆောင်သည့် ဖွံ့ဖြိုးမှုပုံစံ (Export-Led Growth Model) အနေနဲ့ ဖော်ဆောင်နိုင်ရင် မြန်မာနိုင်ငံမှာ အလားအလာကောင်းများစွာ ရှိနေတယ်လို့သုံးသပ်ရမှာပါ။ မြန်မာနိုင်ငံမှာ လူ့စွမ်းအားလူသားအရင်းအမြစ် ရေ၊ မြေ၊ လေ သဘာဝသယံဇာတများဟာ များစွာအသုံးချစရာရှိနေသေးလို့ဖြစ်ပါတယ်။ တစ်ခါ ပွင့်လင်း မြင်သာမှုအရ ဥရောပသမဂ္ဂ (EU) နဲ့ ဂျပန်၊ စင်္ကာပူ၊ ကိုရီးယားတို့ပါ ယခင်ဆက်သွယ်ရောင်းဝယ်နေတဲ့ နိုင်ငံများနဲ့အတူ ဝင်ရောက်လာပြီဖြစ်သလို အရေးပါမှုလည်းရှိနေပါပြီ။ အထူးသဖြင့် လွန်ခဲ့သောကာလများမှာ စီးပွားရေးပိတ်ဆို့မှုတွေကြောင့် ဈေးကွက်ဟာ အာရှအဆင့်သာရှိနေခဲ့ရာမှ ယခုဆိုရင် ဥရောပသမဂ္ဂ (EU) အထိ ကျယ်ပြန့်နေပြီဖြစ်ပါတယ်။

အဲဒီမှာ ဥရောပသမဂ္ဂ (EU) ရဲ့ အထူးကုန်သွယ်မှုကင်းလွတ်ခွင့် (General System of Preference-GSP) ဆိုတာ ပါလာပါတယ်။ GSP ရဲ့ သဘောထားကတော့ ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတွေက ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်၊ ကြိုးစားဖော်ဆောင်နေတဲ့နိုင်ငံတွေကို နိုင်ငံရဲ့စီးပွားဖွံ့ဖြိုးတိုးတက်ဖို့ အထောက်အကူဖြစ်စေရန်၊ အကျိုးရှိစေရန်အတွက် ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနိုင်ငံတွေက တင်ပို့တဲ့ကုန်ပစ္စည်း၊ ပို့ကုန်တင်သွင်းကုန်တွေကို အခွန်ကင်းလွတ်ခွင့် တစ်ဖက်သတ်ပေးထားတာပါပဲ။ ရှင်းရှင်းပြောရရင် အခုအချိန်မှာ မြန်မာနိုင်ငံက အီးယူကို တင်ပို့ရောင်းချမယ်ဆိုရင် လုံးဝအခွန်ကင်းလွတ်ပေးတာပါပဲ။ ယခုဆိုရင် ဖွံ့ဖြိုးတိုးတက်နေတဲ့နိုင်ငံများ အထူးကုန်သွယ်မှုကင်းလွတ်ခွင့် (GSP) ပေးနေတဲ့နိုင်ငံ ၃၈ နိုင်ငံရှိတဲ့အထဲမှာ ၃၆ နိုင်ငံက မြန်မာနိုင်ငံကို GSP အခွင့်အရေးပေးနေပြီဖြစ်ပါတယ်။ ကျန်တဲ့အရေးပါတဲ့ အမေရိကန်ပြည်ထောင်စုရဲ့ GSP အခွင့်အရေးရဖို့ သက်ဆိုင်ရာဝန်ကြီးဌာနအပိုင်းကလည်း ကြိုးစားနေပြီဖြစ်ပါတယ်။ နိုင်ငံတော်အပိုင်းကလည်း ပို့ကုန်အခွန် ၁၀ ရာခိုင်နှုန်းအနက် ၈ ရာခိုင်နှုန်းအထိလျှော့ချပြီး ပို့ကုန်အမယ်သစ်တွေကိုအားပေးနေပါတယ်။

ကောင်းပြီ . . ဒါဆိုရင် ပြည်တွင်းလုပ်ငန်းရှင်တွေအနေနဲ့ ကိုယ့်ပြည်တွင်းကပေးတဲ့အခွင့်အရေး အခြားကုန်သွယ်ဖက်နိုင်ငံများကရတဲ့ GSP အခွင့်အရေးအမှန်တကယ်အသုံးချနိုင်ပြီလား၊ ပေးတာကိုရအောင်ယူနိုင်ကြပြီလား၊ ဒါမှမဟုတ်ပေးကားပေး၏မရဆိုတာမျိုး ဖြစ်နေသလား၊ ဘာလိုအပ်ချက်တွေ၊ ဘာပြုပြင်စရာတွေရှိနေပြီလဲ၊ ဖတ်ရ၊ မှတ်ရတဲ့ကိန်းဂဏန်းများအရ အီးယူရဲ့ GSP ကို ၂၀၁၃ ခုနှစ်၊ ဇွန်လမှစတင်ပြန်လည်ရရှိပြီး မြန်မာ့ပို့ကုန်များ EU ဈေးကွက်သို့ ပိုမိုတင်ပို့နိုင်ခဲ့တာကို တွေ့ရပါတယ်။ GSP မရမီ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်မှ ၂၀၁၃ ခုနှစ် မေ ၃၁ ရက်အထိ EU သို့ မြန်မာ့ပို့ကုန် အမေရိကန်ဒေါ်လာ ၃၅၇ သန်းရရှိတာကြောင့် ပို့ကုန်ဝင်ငွေ နှစ်ဆကျော်တိုးလာတာကိုတွေ့ရပါတယ်။ ဒါက ကိုယ်ကပို့တာ သူတို့သွင်းတဲ့ ပမာဏပြန်ကြည့်ရင် GSP မရခင်က သွင်းကုန် တန်ဖိုး ဒေါ်လာ ၃၀၂ သန်းကနေ GSP ရပြီး သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၅၀၀ ထိတက်လာပါတယ်။

ကဲ ဒီနှစ်ခုကိုယှဉ်ကြည့်ရင် GSP ဆိုတဲ့ အထူးကုန်သွယ်မှုကင်းလွတ်ခွင့်ရတယ်။ ကိုယ်က ဒီအခွင့်အရေးကြောင့်ပို့တယ်၊ တိုးတက်လာပါတယ်။ တိတိကျကျပြောရရင် ကိုယ်ပို့လို့ရတာ အမေရိကန် ဒေါ်လာ ၁၆၂ သန်းသာရှိရာမှ GSP ရရှိပြီး ဇွန်လမှ ၂၀၁၄ နိုဝင်ဘာလကုန်ထိ ပို့ကုန်အမေရိကန် ဒေါ်လာ ၃၅၇ သန်း၊ တခါ သူတို့ကပြန်သွင်းလာတာက အမေရိကန်ဒေါ်လာသန်း ၅၀၀ ပို့ကုန်သွင်းကုန် ကွာဟမှုကို ပြန်ကြည့်ရင် ဒေါ်လာ (၅၀၀-၃၅၇ = ၁၄၃ သန်း) ကွာဟမှုရှိပါတယ်။

ဘာကြောင့်လဲ . . ကိုယ့်တိုင်းပြည်က သူတို့တစ်တွေ အခြားတိုင်းပြည်ကလိုနေတဲ့ ကုန်ပစ္စည်း မထွက်ရှိလို့လား။ ဒါမှ မဟုတ် Quality သတ်မှတ်အရည်အသွေး မပြည့်မီလို့လား။ ဒါမှ မဟုတ်တန်ဖိုးမြင့်ထုတ်ကုန် မထုတ်နိုင်လို့လား၊ စဉ်းစားကြရမှာဖြစ် သလိုလိုအပ်နေတာကို ဖြည့်ဆည်းနိုင်အောင် ကြိုးစားကြရပါလိမ့်မယ်ဆိုတာ မငြင်းသာတဲ့အကြောင်းတစ်ခုဆိုတာ သတိချပ်စေလိုပါတယ်။ အီးယူဈေးရဲ့ ကုန်ပစ္စည်းအမျိုးအစားအလိုက် သတ်မှတ်စံချိန်စံညွှန်း စားသောက်ကုန်၊ လယ်ယာထုတ်ကုန်တွေအတွက် လူ၊ တိရစ္ဆာန်၊ အပင်၊ ပိုးမွှားသန့်စင်ရေးဆိုင်ရာ စံချိန်စံညွှန်း (Sanitary & Phyto-sanitary Standard-SPS) Antivirus အထောက်အထား ပတ်ဝန်းကျင်ဆိုင်ရာ စံချိန်စံညွှန်းတွေသိထားဖို့လိုသလို ပြင်ထားဖို့လည်းလိုနေပါတယ်။

လက်ရှိအနေအထားအရ EU နိုင်ငံများထဲက မြန်မာ့ပို့ကုန်ဝယ်ယူမှုအများဆုံးမှာ ဂျာမဏီနိုင်ငံဖြစ်ပြီး၊ ဗြိတိန်နိုင်ငံက ဒုတိယဝယ်ယူမှုအများဆုံးဖြစ်နေပါတယ်။ အရေးပါတဲ့အခြေခံဝယ်ယူသူများအနေနဲ့ စပိန်၊ နယ်သာလန်၊ အီတလီတို့ဖြစ်ပြီး နောက်ထပ်ဈေးကွက်အလားအလာရှိတဲ့ နိုင်ငံတွေအနေနဲ့ ပြင်သစ်၊ ဘယ်လ်ဂျီယံ၊ ပိုလန်၊ ဂရိတို့ရှိနေတယ်လို့သိရပါတယ်။ ဒီအခြေအနေတွေအရ ကိုယ့်နိုင်ငံအတွက် ဈေးကွက်ကောင်းရှိနေသလို သူတို့လိုအပ်တဲ့ပစ္စည်းအရည်အသွေးကောင်းကောင်း၊ အရေအတွက်များများကို သတ်မှတ်စံချိန်စံညွှန်းနဲ့အညီ တင်ပို့ရောင်းချဖို့ပဲလိုပါတယ်။ GSP ဆိုတဲ့အထူးကုန်သွယ်မှု ကင်းလွတ်ခွင့်ဆိုတဲ့ မဟာအခွင့်အရေးကြီးရှိနေ၊ ရနေပြီဖြစ်တဲ့အတွက် ကျွန်တော်တို့ မြန်မာတွေမှာ ဒေသဆိုင် ရာစကားပုံလေးတွေရှိပါတယ်။ "ခွင့်သာခိုက်မှ မလိုက်နိုင်ရင်၊ နင့်ပြင်မိုက်သူရှိပါဦးမလား" ဆိုတဲ့ စာဆိုလို "သိသူဖော်စား၊ မသိသူကျော်သွား" စာဆိုတွေထဲကလို GSP ခွင့်သာခိုက်မှ မလိုက်နိုင်ရင်၊ သိသူတွေဖော်စားသလို မသိသူတွေ အတွက် သိအောင်ကြိုးစားပြီးဖော်စားနိုင်ပါစေ၊ ကျော်မသွားကြ ပါစေနဲ့လို့ တိုက်တွန်းနိုးဆော်တင်ပြရင်း "ပို့ကုန်ဖွံ့ဖြိုးမှုမှတဆင့် မိမိ တိုင်းပြည်စီးပွားတိုးတက်ပြီးချမ်းသာစွာဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံမှ လွတ်မြောက်အောင်ကြိုးစားကြပါစို့" . . . . . ။

➡ စာမျက်နှာ ၃ စီးပွားရေးနှင့် ကူးသန်းရောင်
ကချင်ပြည်နယ်ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပ
မနောပွဲတော်ကုန်စည်ပြပွဲမှာ နှစ်နိုင်ငံဒေသထွက် ကုန်ပစ္စည်းများအာ
၂၃ ခန်းနဲ့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များမှ ၁၄ ခန်း ပြသထားရှိခဲ့ပါသ
၉ နာရီမှာ ကချင်ပြည်နယ် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဒေါက်တာခ
ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ကုန်စည်ပြပွဲအား လှည့်လည်

# ခေတ်မီသူတိုင်း အွန်လိုင်းတွင် ဈေးဝယ်ကြသည်

|မယ်သီတာ|



ငယ်ငယ်တုန်းက ကြားဖူးခဲ့တဲ့ စကားလေးတစ်ခွန်းပါ။ ပင်လယ်ငါးတွေ ကို စားသုံးဖို့ တာဝန်ရှိသူတွေက ပင်လယ်ငါးဟာ ဘယ်လောက်ကောင်းကြောင်း ဗီတာမင်အေကနေအီးအထိ အကုန်ပါဝင်ကြောင်း အာပေါက်မတတ် ဟောပြောခဲ့ကြပေမယ့် ဘယ်သူမှ ပင်လယ်ငါးကို အရေးတယူမလုပ်လို့ ဒုက္ခ ရောက်ခဲ့ရသည်တဲ့။ နောက်တော့ ရေဒီယိုကနေတစ်ဆင့် "ခေတ်မီသူတိုင်း ပင်လယ်ငါးစားသုံးကြသည်"ဆိုတဲ့ဆောင်ပုဒ်လိုလို ဆိုရိုးစကားလိုလိုမျိုး ထွက်ပေါ်လာခဲ့တဲ့အခါမှာ ကျွန်မတို့ကလေးငယ်တွေရဲ့ပါးစပ်ကနေ ခေတ်မီသူတိုင်း ပင်လယ်ငါးစားပါလို့ အော်ဟစ်ပြီး သီဆိုကခုန်ခဲ့ကြတာ မှတ်မိပါသေးတယ်။

အခုလည်း စီးပွားရေးမူဝါဒတွေ ပြောင်းလဲကျင့်သုံးလိုက်တဲ့အခါမှာ နိုင်ငံတော်က တန်ဖိုးနည်းဖုန်းတွေ ချပေး လိုက်တဲ့အတွက် လူတိုင်းလိုလို ဖုန်းကိုယ်စီနဲ့ဖြစ်ကုန်ကြပါပြီ။ တချို့သောသူများဆို လူတစ်ယောက်ကို ဖုန်းနှစ်လုံး သုံးလုံးနဲ့ဖြစ်နေကြတာအားလုံး အသိပါ။

နိုင်ငံတော်အစိုးရရဲ့တရားဝင်ထုတ် ပြန်ချက်အရ မြန်မာနိုင်ငံမှာလူဦးရေ ၅၂ သန်းရှိတဲ့အနက် အင်တာနက်အသုံးပြုသူ ဦးရေမှာ ခုနစ်သန်းနီးပါးရှိလာပြီဖြစ်တယ်လို့ ဆိုပါတယ်။ အဲဒီ အင်တာနက် အသုံးပြုသူတွေအနက် လူမှုကွန်ရက် ဝက်ဘ်ဆိုက်(ဖေ့စ်ဘုတ်)ကို အသုံးပြုတဲ့သူဦးရေမှာ သုံးသန်းကျော်ရှိနေပြီး ကျန်လေးသန်းခန့်မှာ Viber, wechat နဲ့ Google Browser တို့ကို အသုံးပြု ကြသူများဖြစ်တာကို လေ့လာတွေ့ရှိရပါတယ်။

အဲဒီလို အင်တာနက်အသုံးပြု သူ တွေတစ်နေ့တခြား များပြားလာတာနဲ့အမျှ အွန်လိုင်းကိုအသုံးပြုပြီး စီးပွားရှာသူတွေလည်း ဟိုတစ်စ သည်တစ်စ ပေါ်ထွက်လာတာကို နေ့စဉ်လိုလိုမြင် တွေ့နေကြရပါတယ်။

ပြီးခဲ့တဲ့နှစ်လယ်ပိုင်းလောက်ကစပြီး တန်ဖိုးနည်းဖုန်းတွေကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတစ်ခုတည်းကသာမကဘဲ အော်ရီဒူးနဲ့ တယ်လီနောတို့ကိုပါ လုပ်ကိုင်ခွင့်ပေးခဲ့တာကြောင့် မြန်မာပြည်သူပြည်သားတွေဟာ တယ်လီဖုန်း ဆိုတာကို မမြင်ချင်မှအဆုံး ဖြစ်နေခဲ့ရပါတယ်။

အရင်တုန်းက တန်ဖိုးနည်းဖုန်း ဆင်းကတ်တွေကို လျှောက်လွှာတင်ပြီး ကိုယ်ဦး ကိုယ်ရ၊ သူဦး သူရစနစ်ကနေ လမ်းဘေးမှာ လိုချင်သလောက် ကြိုက်သလောက်ဝယ်အဆင့်ကို ရောက်သွားခဲ့တဲ့ အခါမှာ ပြည်သူတွေဟာ ရွေးချယ်စရာအခွင့်အလမ်းတွေကို ရရှိ သွားခဲ့ပါပြီ။ မြန်မာ့ဆက်သွယ်ရေး(MPT)၊ အော်ရီဒူး၊ တယ်လီနော စသည်ဖြင့် ရွေးချယ်ဝယ်ယူခွင့်ရလာတဲ့အတွက် ပြည်သူတိုင်းဟာ အင်တာနက်ဆိုတာနဲ့ မစိမ်းတော့တဲ့အခြေအနေကို ဆိုက်ရောက်ခဲ့ရပါတယ်။

> အင်တာနက်ကို အသုံးပြုပြီး ကောင်းသတင်းတွေရော၊ မကောင်းသတင်းတွေရော၊ ဖွသတင်းတွေကိုပါ သိရှိခွင့်ရတာမို့ ပြည်သူတွေဟာ အွန်လိုင်းဆိုတာကို စိတ်ဝင်တစား ရှိလို့ လာခဲ့ပါတယ်။

ဈေးထဲမှာလည်းဈေးထဲအလျောက်၊ လက်ဘက်ရည်ဆိုင်၊ ကွမ်းယာဆိုင် အစရှိတဲ့နေရာစုံမှာ တန်ဖိုးနည်းဖုန်းတွေနဲ့ အင်တာနက်ကို လိုသလို အသုံးပြုနေတာကို မြင်တွေ့နေရပြီပဲဖြစ်ပါတယ်။

အင်တာနက်ကို အသုံးပြုပြီး ကောင်းသတင်းတွေရော၊ မကောင်းသတင်းတွေရော၊ ဖွသတင်းတွေကိုပါ သိရှိခွင့်ရတာမို့ပြည်သူတွေဟာ အွန်လိုင်းဆိုတာကို စိတ်ဝင်တစားရှိလို့ လာခဲ့ပါတယ်။

ဒါကိုသိမြင်လိုက်တဲ့စီးပွားရေးလုပ် ငန်းရှင်တချို့ဟာ အွန်လိုင်းကို အခြေပြုပြီး ဈေးကွက်ချဲ့ထွင်လာကြသလို ဈေးကွက်နယ်ပယ်သစ် အနေနဲ့လည်း အသုံးပြုလာခဲ့ကြပါတယ်။

ဒ့ါပြင် မြန်မာပြည်သူပြည်သားတွေဟာ လူမှုကွန်ရက် ဝက်ဘ်ဆိုက် (ဖေ့စ်ဘုတ်)ဆိုတာနဲ့ ရင်းနှီးခွင့်ရတဲ့ကာလဟာ တစ်နှစ်နီးပါးလောက်ပဲရှိသေးတာမို့ အဲဒီလူမှုကွန်ရက်ရဲ့အသုံးဝင်ပုံကို သိရှိ ခွင့်ရတာ အချိန်ကာလအားဖြင့် တိုတောင်းလှပါသေးတယ်။

ဒါပေမယ့်လည်းအတုမြင်အတတ်သင်ရင် လွယ်လွန်းလှတဲ့ မြန်မာလူမျိုးတွေဟာ ဖေ့စ်ဘုတ်ဆိုတာကို တစ်ခဏအတွင်းမှာပဲ ကျွမ်း ကျင်ပိုင်နိုင်စွာကိုင်တွယ်သွားနိုင်ကြပါတယ်။ အဲဒါကြောင့် စီးပွားရေးလုပ်ငန်းနယ်ပယ်ကသူတွေဟာ ဖေ့စ်ဘုတ်ကို အသုံးပြုပြီး ဈေးကွက် ချဲ့ထွင်ဖို့ ကြိုးစားခဲ့ကြတာပဲဖြစ်ပါတယ်။

ဖေ့စ်ဘုတ်ပေါ်မှာ မိမိရောင်းချင်တဲ့ ပစ္စည်းလေးတစ်ခုကို တင်ပြီး ဒါလေး ဝယ်ကြပါ၊ ဒါလေးက ဘယ်လောက် ကောင်းတယ်။ စမ်းပြီးသုံးကြည့်ပါ၊ ကြိုက်တယ်၊ ကောင်းတယ်ဆိုရင် သင့်ရဲ့ သူငယ်ချင်းတွေကိုလည်း မျှဝေ (Share) ပေးဖို့ မမေ့ပါနဲ့ စသည်ဖြင့် ဈေးကွက်ကြော်ငြာလေးတွေနဲ့အွန်လိုင်း ပေါ်က မိမိရဲ့ကိုယ်ပိုင် ဖေ့စ်ဘုတ်တွေ ပေါ်ကနေ ဝယ်ရောင်းလုပ်ကြပါတယ်။

အရင်တုန်းကကိုယ်ပိုင်မေးလ်တစ်ခု ဖွင့်ရတာ ခက်ခဲလွန်းပေမယ့်အခုနောက်ပိုင်းမှာ မိမိကိုယ်ပိုင်အီးမေးလ်တစ်ခု ဖွင့်ရတာ ဟာငှက်ပျောသီးအခွံ နွှာစားရတာလောက် ခက်မည်မထင်ပါ။

ဒါကြောင့်လည်း ကိုယ်ပိုင်ဖေ့စ်ဘုတ်ပေါ်ကနေ အရောင်းအဝယ်လုပ်ရတာဟာ သိပ်ဟန်ပုံမပေါ်တဲ့အတွက် မိမိစိတ်ကြိုက် ကိုယ့်ပစ္စည်းကိုတင်ရောင်းနိုင်တဲ့ ကိုယ်ပိုင်ဖေ့စ်ဘုတ်လေးတစ်ခုကို ဖန်တီးပြီး ဝယ်ရောင်းလုပ်ကြပါတော့တယ်။

ကိုယ့်ရဲ့သူငယ်ချင်းတွေဆီကို အဲဒီ ကိုယ်ဖန်တီးထားတဲ့ ကိုယ့်ပစ္စည်းတင် ရောင်းဖို့ပြုလုပ်ထားတဲ့ ဖေ့စ်ဘုတ်လေး ကို Share လုပ်ပြီး တင်ပေးလိုက်တာနဲ့ သူငယ်ချင်းတွေကလည်း အလိုက်သိစွာ ပြန်ပြီး Share လုပ်ပေးကြပါတယ်။ အဲဒီလို Share လုပ်လိုက်တဲ့အတွက် မိမိရောင်းချင်တဲ့ပစ္စည်းဟာ အနည်းဆုံး လူ ပေါင်း ၅၀၀၀ နီးပါး အများဆုံးအနေနဲ့ကတော့ ဖေ့စ်ဘုတ်သုံးနေတဲ့သူတိုင်းဆီကို ရောက်သွားလိမ့်မယ်လို့ ခန့်မှန်းနိုင်ပါတယ်။

အွန်လိုင်းပေါ်မှာ စီးပွားရှာတဲ့သူ တွေအမျိုးမျိုးရှိကြပါတယ်။ အိမ်တိုင်ရာရောက်ဝန်ဆောင်မှုနဲ့ ကိုယ်တိုင်လာကြည့်ပြီး စိတ်ကြိုက်ရွေးချယ်ဝယ် ယူနိုင်တဲ့ဝန်ဆောင်မှုပါ။ အဲဒီနှစ်မျိုး အနက် ပြည်သူတွေဟာ အိမ်တိုင်ရာရောက်ဝန်ဆောင်မှုဆိုတာကိုများသောအားဖြင့် နှစ်သက်ကြပါတယ်။

သွားရမယ့်အချိန်၊ သွားလာရင် ကုန်ကျမယ့်စရိတ် အဲဒါတွေကိုတွက် ချက်ပြီး အိမ်တိုင်ယာရောက်ဝန်ဆောင်မှုကိုပဲ ရွေးချယ်ကြတာများပါတယ်။

အိမ်တိုင်ရာရောက်ဝန်ဆောင်မှုနဲ့ပတ်သက်ပြီး အွန်လိုင်းရှော့ပင်းလုပ်ငန်းလုပ်ကိုင်နေတဲ့ မဒေဝီ က -

"သမီးတို့ ဒီအွန်လိုင်းလုပ်ငန်းကို လုပ်ရတာ သမီးတို့အတွက်တော့ တော်တော်လေးကို ပင်ပန်းပါတယ်။ သူတို့ ပြောတဲ့အိမ်လိပ်စာအတိုင်းရှာရတာ၊ တစ်ခါတစ်လေ သူတို့ပြောတဲ့လိပ်စာက တစ်လွဲဖြစ်နေရင် မောပြန်ရော၊ နောက်ပြီး လိပ်စာမှန်ပြန်တော့ ပို့ရမယ့်နေရာက ရှစ်ထပ်၊ ခြေတိုအောင်တက်ရတာ၊ သူတို့ကလည်း အိမ်တိုင်ရာရောက်ဆို တဲ့အတိုင်း အစ်မရယ်အောက်ဆင်းပြီး ယူပေးပါဆိုတာတောင်မရဘူး။ အပေါ်တက်ခဲ့ပဲ။ အဲဒီလိုဒုက္ခမျိုးတွေလည်း ကြုံရပါတယ်။ သဘောကောင်းတဲ့သူတွေနဲ့တွေ့ရင်တော့လည်း အဆင်ပြေပါတယ်။ အွန်လိုင်းရှော့ပင်းကို စလုပ်တုန်းကတော့ မဝံ့မရဲလုပ်ရတာ။ အရင်တုန်းက အင်တာနက်လိုင်းက ဘယ်လိုမှ မကောင်းတဲ့ကြားက ဖြစ်အောင်လုပ်ရတာ။ လိုင်းမကောင်းတော့ အိပ်ရေးကပျက်၊ မနက်ကျတော့ပစ္စည်းလိုက်ပို့ နဲ့။ လုံးချာလိုက်နေတာ။ ခုတော့ အင်တာနက်လိုင်းကလည်းအရင်ကလောက် မဆိုးတဲ့အတွက် ပစ္စည်းမှာတဲ့သူတွေလည်း ပိုများလာတယ်"လို့ သူကြုံတွေ့ခဲ့ရတဲ့အခက်အခဲတွေကို ပြောပြခဲ့ပါတယ်။

အခုအခါမှာတော့ အင်တာနက်လိုင်းတွေ အရင်ကလောက်နှေးကွေး ခြင်းမရှိတာကြောင့် အွန်လိုင်းလုပ်သူတွေဟာ တစ်နေ့တခြား များပြားလာတာကို တွေ့မြင်နေရပါတယ်။

အွန်လိုင်းမှာဈေးရောင်းဝယ်သူတွေဟာ အဝတ်အထည်မှအစ အမျိုး သမီးအသုံးအဆောင်ပစ္စည်းတွေ၊အမျိုး သားအသုံးအဆောင်တွေ၊ အလှအပနဲ့အသားအရေထိန်းသိမ်းတဲ့ Spa ပစ္စည်းအမျိုးမျိုးတွေအပြင် မော်တော်ကားအစ အိမ်ခြံမြေအဆုံး ရောင်းဝယ်လာကြတာကို တွေ့ရပါတယ်။

မော်တော်ကားရောင်းဝယ်ရေးနဲ့ ပတ်သက်ရင် Motor.com.mm၊ အိမ်ခြံမြေရောင်းဝယ်ရေးနဲ့ပတ်သက်ရင် House.com.mm စတဲ့ဝက်ဘ်ဆိုက် တွေအပြင် ကြော်ငြာလုပ်ငန်းသီးသန့် လုပ်ကိုင်တဲ့ Ads.com.mm ဝက်ဘ်ဆိုက်တွေကိုပါ တည်ဆောက်ပြီး ဝယ်ရောင်းလုပ်လာကြတာကို တွေ့နေရပါ ပြီ။

အသေးစားစီးပွားရေးလုပ်ငန်းရှင် လေးတွေကလည်း ဖေ့စ်ဘုတ် စာမျက်နှာထက်မှာကိုယ်ပိုင်ဖေ့စ်ဘုတ်စာမျက်နှာကို ဖွင့်လှစ်ပြီး ဝယ်ရောင်းလုပ်ငန်းလေးတွေ လုပ်ကိုင်လာကြတာကိုတွေ့ရပါတယ်။

ထို့ပြင် အွန်လိုင်းပေါ်တွင် ပစ္စည်း အသစ်များ ရောင်းဝယ်သူများ များပြား လျက်ရှိသလို ပစ္စည်းအဟောင်း(တစ်ပတ်ရစ်ပစ္စည်း)များကိုလည်း ရောင်းချလာကြတာကိုတွေ့ရပါတယ်။

ဆင်းကတ်နဲ့ဖုန်းတွဲလျက်ရောင်းချ သူများရှိသလို မိမိပိုင်ကွန်ပျူတာ အသုံး မလို၍ ရောင်းချခြင်း၊ ငွေလို၍ရောင်းချ ခြင်း၊ မိမိဆိုင်ကို ရောင်းချခြင်းစတဲ့ ဝယ်ရောင်းလုပ်ငန်းတွေကို ကြော်ငြာခ ကုန်ကျခံဖို့မလိုဘဲ လူအများသိအောင် ရောင်းဝယ်နိုင်ပြီဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ အွန်လိုင်းအသုံးပြု သူအရေအတွက် တစ်နေ့တခြား များပြားလာတာနဲ့အမျှ အွန်လိုင်းဈေးကွက်ဟာလည်း တစ်နေ့တခြား တိုးတက်များပြားလာမှာဖြစ်ပါတယ်။

စီးပွားရေးလုပ်ငန်းတွေ များပြားလာတာနဲ့အမျှ အွန်လိုင်းကို အသုံးပြုပြီး စီးပွားရှာတဲ့အရေအတွက်ဟာလည်း ပိုမိုများပြားလာမှာဖြစ်ပါတယ်။အွန်လိုင်းကို အသုံးပြုသူအရေအတွက်ဟာ ၂၀၁၄ ခုနှစ်အတွင်းမှာ အော်ရီးဒူးအသုံးပြုသူပေါင်း နှစ်သန်းနဲ့တယ်လီနော အသုံးပြုသူပေါင်း တစ်သန်းရှိနေပြီး ယခင် MPT ဆင်းကတ်များမှာလည်း ၃ ဒသမ ၄သန်းကျော် အသုံးပြုနေပြီဖြစ်ရာ ယခု ၂၀၁၅ ခုနှစ်မှာလည်း အွန်လိုင်းအသုံးပြုသူပေါင်းမှာလည်း များပြားလာမည်မှာ ဧကန်ပင်ဖြစ်ပါတယ်။

၂၀၁၅ခုနှစ်အတွင်းမှာလည်း အွန်လိုင်းမားကက် တွင်ကျယ်လာမှာဖြစ်ပြီး စွန့်ဦးတီထွင်သူတို့အတွက် အခွင့်အလမ်းတစ်ရပ်သဖွယ်ဖြစ်လာနိုင်တယ်လို့ ဆိုရမှာပါ။ ဒါကြောင့် ခေတ်မီသူတိုင်း အွန်လိုင်းတွင်ဈေးဝယ်ကြသည်လို့ ပြောစမှတ်တွင်လာဦးမှာ ဖြစ်ပါကြောင်း။

**းဝယ်ရေးဝန်ကြီးဌာန မှ အဆက်**

ည့် ကုန်စည်ပြပွဲအား ထည့်သွင်းကျင်းပခဲ့ကြောင်းသိရသည်။ အဆိုပါ
း ခင်းကျင်းပြသရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လုပ်ငန်းရှင်များပြခန်း
ည်။ မနောပွဲတော်ကုန်စည်ပြပွဲကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၅ ရက် နံနက်
မောင်ထွန်း၊ လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာနဲ့ ထိန်ချုန်းခရိုင်အုပ်ချုပ်
ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိပါသည်။ **မောင်မောင်ခိုင်-မြစ်ကြီးနား**

## ပြောင်း



### ချင်းရွှေဟော်နယ်စပ်မှ ပြောင်းပိုမိုတင်ပို့

၂၀၁၄ ခုနှစ် ဒီဇင်ဘာလ နောက်ဆုံးပတ်မှာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီး စခန်း ၃ ခုမှ ကန်ဒေါ်လာ ၁၀ ဒသမ ၉၆၁ သန်း တန်ဖိုး ရှိပြောင်းတန်ချိန် ၃၉၁၄၅ တန် တင်ပို့နိုင်ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့ခဲ့တာကတော့ မူဆယ်မှ ၂၈၈၀၈ တန်ခွဲ၊ ချင်းရွှေဟော်မှ ၁၀၃၂၂ တန်နဲ့ ကန်ပိုက်တီးမှ ၁၅ တန် ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က ကန်ပိုက်တီးမှ ပြောင်းတင်ပို့မှုမရှိခဲ့ဘဲ ယခုသီတင်းပတ်မှာတော့ လွယ်ဂျယ်က ပြောင်းတင်ပို့မှုမရှိခဲ့တာ တွေ့ရပါတယ်။ ချင်းရွှေဟော်စခန်းက ယခင်သီတင်းပတ်မှာ ၄၂၉၆ တန်သာ တင်ပို့ခဲ့ပြီး ယခုသီတင်းပတ်မှာ တန်ချိန် တစ်သောင်းကျော်ထိ တင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်ရဲ့ ယခုသီတင်းပတ် ပြောင်းတစ်တန်ဈေးဟာ ၂၇၅၀၂၀ ကျပ်ဖြစ်ပြီး ယခင်သီတင်းပတ်က ၂၈၆၂၀၄ ကျပ်ဖြစ်လို့ ပြောင်းဈေးအနည်းငယ်ကျဆင်းသွားပါတယ်။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတစ်လလုံး တရုတ်နယ်စပ်စခန်းများက တင်ပို့ခဲ့တဲ့ ပြောင်းတန်ချိန် စုစုပေါင်း ၂၀၁၇၆၆ တန်ခန့် ရှိခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင် MIRT (DCCA)**

### ပြောင်းကြိတ်ဖတ်များ တရုတ်နိုင်ငံသို့ တင်ပို့

၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် ကန်ဒေါ်လာ ၂၇၂၈၄ တန်ဖိုးရှိ ပြောင်းကြိတ်ဖတ် ၂၇၈ တန်ခွဲကို မြန်မာ- တရုတ်နယ်စပ်ရှိ မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်မှ တင်ပို့နိုင်ခဲ့ပါတယ်။ နိုဝင်ဘာလအတွင်းမှာတော့ ၆၈ တန်ခွဲသာ တင်ပို့ခဲ့ပြီး တရုတ်နိုင်ငံမှာ တိရစ္ဆာန်အစာဖြစ် အသုံးပြုကြတာဖြစ်ပါတယ်။

**မော်မော်အောင် MIRT (DCCA)**

## ပဲ

### ပဲခြောက်အပြင် ပဲ အစိုပါ မူဆယ်တင်ပို့

၂၀၁၄ ခုနှစ် ဒီဇင်ဘာလနောက်ဆုံးပတ်မှာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် ကန်ဒေါ်လာ သုည ဒသမ ၀၉၂ သန်း တန်ဖိုးရှိ ပဲခြောက် တန် ၅၀ အပြင် ကန်ဒေါ်လာ သုည ဒသမ ၀၀၅ သန်းဖိုးရှိတဲ့ ပဲအစို ၁၅ တန်ကိုလည်း တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ပဲခြောက် ၇၉ တန် တစ်မျိုးတည်း တင်ပို့ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်း မူဆယ်မှ တရုတ်ပြည်ကို ပဲခြောက် ၅၆၈ တန်ခွဲနဲ့ ပဲအစို ၁၅ တန် တင်ပို့နိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံက ထွက်ရှိတဲ့ ပဲမှာ အင်ဒိုနီးရှားနိုင်ငံမှ ပဲထက် အရည်အသွေးကောင်းလို့ ဂျပန်နိုင်ငံကလည်း ယနေ့တိုင်ရသလောက်ဝယ်ယူလျက်ရှိတယ်လို့ သိရပါတယ်။ တရုတ်၊ ဂျပန်နဲ့ အနောက်ဥရောပနိုင်ငံတွေမှာ ပဲကိုသွားရည်စာအဖြစ်လည်းကောင်း၊ စားသောက်ကုန်အဖြစ်လည်းကောင်း၊ ဆေးဝါးအဖြစ်လည်းကောင်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချကြတယ်လို့ သိရပါတယ်။

**မော်မော်အောင် MIRT (DCCA)**

## ငွေချည် ၆ ဝါ

### ငွေချည် ၆ ဝါ အနီးစပ်ဆုံးကာလထက်ပိုမိုတင်ပို့

၂၀၁၄ ခုနှစ် ဒီဇင်ဘာလနောက်ဆုံးပတ်မှာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁ ဒသမ ၈၉၈ သန်း တန်ဖိုးရှိ ငွေချည် ၆ ဝါဂွမ်း ၈၆၃ တန်တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ၈၀၅ တန်ခွဲ တင်ပို့ခဲ့လို့ ယခုသီတင်းပတ်မှာ ၅၇ တန်ခွဲ ပိုမိုလာသလို အနီးစပ်ဆုံး နိုဝင်ဘာလကလည်း ၂၀၁၂ တန်ခွဲသာ တင်ပို့နိုင်ခဲ့တာတွေ့ရပါတယ်။ငွေချည် ၆ ဝါဂွမ်းကို မူဆယ်နယ်စပ်မှတစ်ဆင့် တရုတ်ပြည်ကို ၂၀၁၄ ခုနှစ် မတ်လဆန်းမှ စတင်တင်ပို့ခဲ့တာဖြစ်ပါတယ်။

**မော်မော်အောင် MIRT (DCCA)**

## ရော်ဘာ

### နယ်စပ်ကုန်သွယ်ရေးစခန်းများက ရော်ဘာကို ယခင်လကထက် တန်ချိန် ၄၈၀၀ ကျော်ပိုမိုတင်ပို့

၂၀၁၄ ခုနှစ်ရဲ့ ဒီဇင်ဘာလ နောက်ဆုံးပတ်မှာ နယ်စပ်ကုန်သွယ်ရေးစခန်းများက ကန်ဒေါ်လာ သုည ဒသမ ၃၂၀ သန်းဖိုးရှိရော်ဘာ ၂၃၂ တန်တင်ပို့ခဲ့ရာမှာ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်က RSS-3 ၁၀၂ တန်ကျော်၊ ချင်းရွှေဟော်စခန်းက MSR-၅၀ ၁၅တန်နဲ့ လွယ်ဂျယ်စခန်းက ၁၁၅ တန်ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က ၁၅၇၁ တန်တင်ပို့နိုင်ခဲ့တာမို့ ယခုသီတင်း ပတ်မှာ ၁၃၃၉ တန်လျော့နည်းခဲ့ပါတယ်။

ဒီဇင်ဘာလ တစ်လလုံးမှာတော့ တရုတ်နယ်စပ်ကနေ ရော်ဘာ ၇၅၃၃ တန်ကျော်ကို ကန်ဒေါ်လာ ၉ ဒသမ ၂၀၈ သန်းတန်ဖိုး တင်ပို့နိုင်ခဲ့ပါတယ်။ အနီးစပ်ဆုံး နိုဝင်ဘာလထက် ၄၈၂၀ တန် ပိုမိုတင်ပို့နိုင်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ရော်ဘာတင်ပို့မှုကိုကြည့်ပါက ဧပြီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့ထိ ကန်ဒေါ်လာ ၃၄ ဒသမ ၈၈၂ သန်းဖိုးရှိ ရော်ဘာ ၂၂၁၁၂ တန်ကျော်တင်ပို့ထားခဲ့ပြီး ဒီဇင်ဘာလတွင် အများဆုံးတင်ပို့ခဲ့ပါတယ်။ ရော်ဘာဈေးများကို ကြည့်မယ်ဆိုပါကမူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်မှာ ယခုသီတင်းပတ်အတွင်း ဖြစ်ပေါ်နေတဲ့ဈေးမှာ ယခင်သီတင်းပတ်ထက် အနည်းငယ်လျော့ကျနေတာ တွေ့ရပါတယ်။ ယခင်သီတင်းပတ်က RSS- 3 တစ်တန်ကို ၁၄၉၆၉၀၆ ကျပ်ရှိရာမှ ယခုသီတင်းပတ်မှာ ၁၄၉၀၆၇၄ ကျပ်သို့ လျော့ကျခဲ့ပါတယ်။

**ယဉ်ယဉ်အေး MIRT (DCCA)**

### ပင်လယ်ရေကြောင်းမှရော်ဘာ တန်ချိန် နှစ်ဆကျော်ပိုမိုတင်ပို့

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဒီဇင်ဘာ ၂၈ ရက်မှ ဇန်နဝါရီလ ၃ ရက်နေ့ထိ ကာလအတွင်းမှာ ကန်ဒေါ်လာ ၁ ဒသမ ၁၀၉ သန်းတန်ဖိုးရှိ ရော်ဘာ ၈၈၆ တန်တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ၄၁၄ တန် သာ တင်ပို့နိုင်ခဲ့တာမို့ ယခုသီတင်းပတ်မှာ ၄၇၂ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ နိုင်ငံအလိုက် တင်ပို့မှုများကတော့ မလေးရှားနိုင်ငံကို RSS-3 ၆၇၅ တန်၊ MSR 50 ၂၅ တန်နဲ့ စင်ကာပူနိုင်ငံကို MSR 20 ၁၈၆ တန်ကျော်ဖြစ်ပါတယ်။

ဒီဇင်ဘာလတစ်လလုံးမှာတော့ ကန်ဒေါ်လာ ၃ ဒသမ ၈၇၀ သန်းတန်ဖိုးရှိရော်ဘာ ၃၀၁၅ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ အနီးစပ်ဆုံး နိုဝင်ဘာလထက် ၆၇၃ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခုသီတင်းပတ်မှာ နိုင်ငံတကာရော်ဘာဈေးများ အပြောင်းအလဲသိပ်မရှိတဲ့အတွက် ပြည်ပပို့မယ့် မြန်မာ့ရော်ဘာများလည်း ဈေးနှုန်းအတက်အကျမရှိဘဲ ယခင်တစ်ပတ်ဈေးအတိုင်းပဲရှိနေတယ်လို့ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်းက ထုတ်ပြန်ထားပါတယ်။ အသင်းက ထုတ်ပြန်ထားတဲ့ ဈေးများကို ဖော်ပြလိုက်ပါတယ်-

| | | |
|---|---|---|
| **RSS 1** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၄၅၀-၁၅၅၀** |
| **RSS 2** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၄၀၀-၁၅၀၀** |
| **RSS 3** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၃၅၀-၁၄၅၀** |
| **RSS 4** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၃၀၀-၁၄၀၀** |
| **RSS 5** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၂၅၀-၁၃၅၀** |
| **MSR 10** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၃၅၀-၁၄၅၀** |
| **MSR 20** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၃၀၀-၁၄၀၀** |
| **MSR 50** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၂၀၀-၁၃၀၀** |
| **Crepe Rubber** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၁၅၀-၁၂၅၀** |

**ယဉ်ယဉ်အေး MIRT (DCCA)**

### ရော်ဘာနဲ့ သစ်မာခွဲသားများအနီးစပ်ဆုံးကာလထက် ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းက ဒီဇင်ဘာလအတွင်း ရော်ဘာတန်ချိန် ၃၅၀၊ တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၄၇၆ သန်း၊ သစ်မာခွဲသား တန်ချိန် ၉၀၇ တန်ကျော်၊ တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၃၈၅ သန်း တင်ပို့နိုင်ခဲ့တဲ့အတွက် အနီးစပ်ဆုံးကာလထက် ရော်ဘာတန် ၂၂၀ ၊ သစ်မာခွဲသား ၁၉၇ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက ရော်ဘာတန် ၄၀၀ လျော့နည်းခဲ့ပေမဲ့ သစ်မာခွဲသားမှာ ၉၀၇ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြိတ်နယ်စပ်စခန်းအနေနဲ့ ဒီဇင်ဘာလအတွင်းမှာ ရော်ဘာများဖြစ်သော COMPOUND RUBBER RSS-3 တန် ၃၀၀၊ RUBBER MSR -20 တန်၅၀၊ သစ်မာခွဲသားများဖြစ်သော U BAN (G-5) ၁၃၉ တန်ကျော်၊ KADUT (G-2) ၃၈ တန်ကျော်၊ KADUT (G-5) ၁၉ တန်၊ KANYIN ၇၁၀ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ သစ်မာခွဲသားများမှာ အနီးစပ်ဆုံးကာလမှာရော ယမန်နှစ်ကာလတူမှာပါ တင်ပို့နိုင်ခြင်းမရှိတာကို တွေ့ရပါတယ်။

**ခင်မြနွယ် MIRT (DCCA)**

### ဒီဇင်ဘာလအတွင်း အိန္ဒိယမှ ရော်ဘာတင်သွင်းမှု ယခင်နှစ်များထက် ၈ ရာခိုင်နှုန်းပိုမို

ဒီဇင်ဘာလအတွင်း အိန္ဒိယမှ သဘာဝရော်ဘာပြည်ပမှ တင်သွင်းမှုဟာ ၂၉၇၂၈ တန် ရှိခဲ့ပြီး ယခင်နှစ်များထက် ၈ ရာခိုင်နှုန်း ပိုမိုတယ်လို့ အိန္ဒိယရော်ဘာဘုတ်အဖွဲ့က ထုတ်ပြန်ထားပါတယ်။ ပြည်တွင်းမှ ယခုလရော်ဘာထွက်ရှိမှုဟာ ၆၃၀၀၀ တန်သာရှိပြီး သုံးစွဲမှုပမာဏဟာ ၈၃၅၀၀ တန် ရှိတဲ့အတွက် ပြည်ပမှ ရော်ဘာပိုမိုတင်သွင်းရတာလို့ သိရပါတယ်။ ကားတာယာထုတ်လုပ်သူများက ရော်ဘာလိုအပ်ချက် မြင့်တက်လာတဲ့အတွက်လည်း ဝယ်ယူမှုမြင့်တက်လာတာ ဖြစ်ပါတယ်။

**CMK**



# ၂၀၁၄ ခုနှစ် နှစ်အကုန် ရန်ကုန်တွင် အမေရိကန်ဒေါ်လာရောင်းဈေး ပြန်မြင့်လာသော်လည်း ရန်ကုန်အကယ်ဒမီရွှေဈေးကျ

ကျော်မြင့်

ရန်ကုန်ငွေကြေးလဲလှယ်သူများ၏ ကန်ဒေါ်လာရောင်းဈေးသည် တစ်ထောင် ကျပ်အထက်ဖြစ်လာခြင်းနှင့် ပတ်သက်၍ ပြောဆိုဝေဖန်မှုအမျိုးမျိုးရှိကြပါသည်။ သို့သော်၂၀၁၄ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့ ရိုက်တာသတင်းအရ အမေရိကန်ဒေါ်လာ (US Dollar-USD) ဈေးများသည် ပြီးခဲ့သည့် လေးနှစ်ကာလ အမြင့်ဆုံးအထက်သို့ ရောက်ရှိသွားခဲ့သည်။ အဓိကအကြောင်းအရင်းမှာ အမေရိကန်စီးပွားရေးသည် အလုပ်အကိုင်အခွင့်အလမ်းများကို ပြီးခဲ့သည့်လက မျှော်မှန်းသည်ထက် ပိုမိုပြီး ဖန်တီးပေးနိုင်သည်ဟု အစီရင်ခံစာက ဖော်ပြလိုက်ခြင်းကြောင့်ဖြစ်သည်။ အမေရိကန် အလုပ်သမားဌာနက အလုပ်လက်မဲ့နှုန်းမှာ ၅ ဒသမ ၉ ရာခိုင် နှုန်းထိကျဆင်းသွားခဲ့ပြီး ဇူလိုင် ၂၀၀၈ ခုနှစ်ကအနိမ့်ဆုံး အခြေအနေမျိုးသို့ ရောက်ရှိခဲ့သည်။ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၃၀ ရက်နေ့ ရိုက်တာသတင်းအရ အမေရိကန်ဗဟိုဘဏ်မှနာလန်ထူဆဲ နိုင်ငံစီးပွားရေးအပေါ် ယုံကြည်မှုရှိကြောင်း ဗဟိုဘဏ် ၏ကြေငြာချက်ကြောင့် ဒေါ်လာအညွှန်းကိန်းသည် (အမေရိကန် ငွေကြေးကိုတိုင်းတာခြင်းဖြစ်ပြီး) အောက်တိုဘာ လခြောက်ရက်နေ့ အမြင့်ဆုံးဈေး ထက်ပိုမြင့်လာသည်ဟု ဖော်ပြထားသည်။

## အခြားငွေကြေးများပြောင်းလဲမှု

အမေရိကန်ဒေါ်လာတန်ဖိုးခိုင်မာမှု မြင့်မားလာခြင်းကြောင့် အမေရိကန်ဒေါ်လာတစ်ဒေါ်လာနှင့် ညီမျှသည့် အခြားငွေကြေးများပြောင်းလဲမှုကို လေ့လာပါက မြန်မာကျပ်ငွေတစ်ခုတည်းသာ မြင့်လာခြင်း မဟုတ်ဘဲ ဂျပန်ယန်းငွေ၊ ဥရောပသုံးယူရိုငွေ၊ စင်္ကာပူဒေါ်လာ၊ ထိုင်း ဘတ်ငွေများမှာလည်း ပြောင်းလဲမြင့်မားလာခဲ့ပါသည်။

## ရန်ကုန်မှ မြန်မာကျပ်ငွေ

ကန်ဒေါ်လာရောင်းဈေးသည် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့တွင် တစ်ထောင်ကျပ်ထိ စတင်ရောက်ရှိခဲ့သည်။ ဆက်တိုက် ရောင်းဈေးများမြင့်လာခဲ့ရာ နိုဝင်ဘာလ ၁၉ရက်နေ့တွင် အမြင့်ဆုံးအဖြစ် ကန်ဒေါ်လာရောင်းဈေးသည် ၁၀၇၅ ကျပ်ထိ ဖြစ်သွားခဲ့ သည်။၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ပြည်တွင်းဒေါ်လာ ဈေးမတက်ဖို့ ဗဟိုဘဏ်မှ ထိန်းညှိပေးကြောင်း သတင်းများဖြစ်ပေါ် ခဲ့သည်။ အမေရိကန်ဒေါ်လာနှုန်းမြင့်တက်နေချိန်တွင် ဗဟိုဘဏ်က ဘဏ်လုပ်ငန်းရှင်များကိုခေါ်ယူတွေ့ဆုံပြီး နောက်တစ်ရက်တွင် ပုဂ္ဂလိက ငွေလဲကောင်တာများကို သတ်မှတ်နှုန်းထားအတိုင်းသာ ရောင်းချရန် ညွှန်ကြားသည်ဟုသိရသည်။ ထို့ကြောင့် ကန်ဒေါ်လာ ရောင်းဈေး သည် အကျဘက်သို့ ဦးတည်သွားခဲ့သည်။

နိုဝင်ဘာလ ၁၉ရက်နေ့တွင် အမြင့်ဆုံးအဖြစ် ကန်ဒေါ်လာရောင်းဈေးသည် ၁၀၇၅ ကျပ် ဖြစ်ခဲ့ရာမှ နိုဝင်ဘာလ ၂၉ရက်နေ့တွင် ကန်ဒေါ်လာရောင်းဈေးသည် ၁၀၄၀ ကျပ်ထိ ဖြစ်သွားခဲ့သည်။ ကန်ဒေါ်လာရောင်းဈေးကျဆင်းလာခဲ့ရာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် ၁၀၃၇ ကျပ်ထိဖြစ်လာခဲ့သည်။

## ပြီးခဲ့သည့်ကာလများက ကန်ဒေါ်လာရောင်းဈေး


ရန်ကုန်နေ့စဉ် ကန်ဒေါ်လာရောင်းဈေးကိုလအလိုက် ပျမ်းမျှဈေးအဖြစ် ပြောင်းလဲတွက်ချက်ပြီး ၂၀၀၇ ခုနှစ်မှ ၂၀၁၄ ခုနှစ်ထိ ရှစ်နှစ်တာကာလအတွက် (Historical market information)အဖြစ် ဇယား-၁တွင် ဖော်ပြထားပါသည်။ နှစ်အလိုက်ပျမ်းမျှ ကန်ဒေါ်လာရောင်းဈေးပြောင်းလဲမှုကိုလေ့လာပါက ၂၀၀၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်ထိဆက်တိုက်ဈေးကျလာခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် ကန်ဒေါ်လာရောင်းဈေးသည် ၁၃၀၄ ကျပ်ရှိခဲ့ရာမှ ၂၀၁၁ ခုနှစ်တွင် ၈၁၈ ကျပ်ထိဖြစ်သွားသဖြင့် ငါးနှစ်တာကာလအတွင်း အနိမ့်ဆုံးအဖြစ်ကျဆင်းသွားခဲ့သည်။ ထို့နောက် ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်ထိ ဆက်တိုက်ဈေးပြန်မြင့်လာခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် ၈၄၁ ကျပ်ရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ၉၈၆ ကျပ်ထိဖြစ်လာသဖြင့် ဆက်တိုက်ရောင်းဈေးမြင့်လာခဲ့သည်။ ဇယား ၁တွင်လေ့လာကြည့်ရှုရန်ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ်တွင် ကန်ဒေါ်လာရောင်းဈေးသည် ၉၈၆ ကျပ်ထိ ပြန်မြင့်လာသည်ဆိုသော်လည်း ၂၀၀၇ ခုနှစ်မှ ၂၀၀၉ ခုနှစ် ကန်ဒေါ်လာရောင်းဈေးအောက်တွင်သာရှိသည့် အခြေအနေဖြစ်ပါသည်။ ဇယား-၁ ကို လေ့လာကြည့်ရှုရန်ဖြစ်ပါသည်။

**ဇယား၂ - ရန်ကုန်နှစ်အလိုက်ပျမ်းမျှကန်ဒေါ်လာရောင်းဈေး နှင့် နှစ်အလိုက်ပြောင်းလဲမှုရာခိုင်နှုန်း (၂၀၀၇ မှ ၂၀၁၄ ခုနှစ်ထိ)**


| ခုနှစ် | ရန်ကုန်နှစ်အလိုက်ပျမ်းမျှ ကန်ဒေါ်လာရောင်းဈေး | နှစ်အလိုက်ပြောင်းလဲမှု ရာခိုင်နှုန်း(%) |
|---|---|---|
| ၂၀၀၇ | ၁၃၀၄ | - |
| ၂၀၀၈ | ၁၂၀၀ | -၇. ၉ |
| ၂၀၀၉ | ၁၀၇၇ | -၁၀. ၃ |
| ၂၀၁၀ | ၉၇၃ | -၉. ၆ |
| ၂၀၁၁ | ၈၁၈ | -၁၅. ၉ |
| ၂၀၁၂ | ၈၄၁ | ၂. ၈ |
| ၂၀၁၃ | ၉၃၆ | ၁၁. ၃ |
| ၂၀၁၄ | ၉၈၆ | ၅. ၄ |

ဇာစ်မြစ်။ www.etrademyanmar.com

**ပုံ-၁။ လအလိုက်ပျမ်းမျှရောင်းဈေးအရ ရန်ကုန်ကန်ဒေါ်လာနှင့် ရန်ကုန်အကယ်ဒမီရွှေဈေး (၂၀၀၇ မှ ၂၀၁၄ ထိ)**




**ပုံ-၂။လအလိုက်ပျမ်းမျှရောင်းဈေးအရ ကမ္ဘာ့ရွှေဈေးနှင့် ရန်ကုန်အကယ်ဒမီဈေး (၂၀၀၇ မှ ၂၀၁၄ ထိ)**





ဇာစ်မြစ်။ www.etrademyanmar.com


ပုံ-၃ နှင့် ပုံ-၄ ကို လေ့လာကြည့်ရှုပါ။ ၂၀၁၄ ခုနှစ် ကမ္ဘာ့ရွှေဈေးသည် ၂၀၁၃ ခုနှစ်ဈေးအောက်ရောက်ရှိနေခဲ့သည်။ ရန်ကုန်တွင်လည်း အလားတူ ဖြစ်ပေါ်ခဲ့သည်။ ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလထိ ကမ္ဘာ့ရွှေဈေးသည် ၆ နှစ်ပျမ်းမျှ ကမ္ဘာ့ရွှေဈေး (၂၀၀၇မှ ၂၀၁၂ ခုနှစ်ထိပျမ်းမျှ) အထက်တွင်ရှိသော် လည်း၊ ၂၀၁၄ ခုနှစ် နိုဝင်ဘာနှင့် ဒီဇင်ဘာလတွင် ကမ္ဘာ့ရွှေဈေးသည် ၆ နှစ်ပျမ်းမျှ ကမ္ဘာ့ရွှေဈေးအောက်သို့ ရောက်ရှိသွားခဲ့သည်။ သို့သော်၂၀၁၄ ခုနှစ် ရန်ကုန် အကယ်ဒမီရွှေဈေးသည် ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလထိ ၆ နှစ်ပျမ်းမျှ ရန်ကုန်ရွှေဈေးအထက်တွင် ရှိခဲ့သည်။

ပုံ-၁ တွင် ဖော်ပြထားသည့်အတိုင်း ၂၀၁၄ ခုနှစ်အတွင်း ရန်ကုန်အမေရိကန် ဒေါ်လာ လအလိုက်ပျမ်းမျှရောင်းဈေးသည် ပြန်မြင့်လာသော်လည်း ရန်ကုန် အကယ်ဒမီရွှေလအလိုက်ပျမ်းမျှရောင်းဈေးသည် ကျလာခဲ့သည်။ လအလိုက်ပျမ်းမျှ ကမ္ဘာ့ရွှေဈေးသည် ၂၀၁၄ခုနှစ်အတွင်းဈေးကျလာသကဲ့သို့ ရန်ကုန်အကယ်ဒမီရွှေ လအလိုက်ပျမ်းမျှရောင်းဈေးသည်လည်း ဈေးကျလာခဲ့သည်။ ပုံ-၂ နှင့် ဇယား-၂ ကိုကြည့်ရှုရန်ဖြစ်ပါသည်။

**ပုံ-၃။ ၆-နှစ်ပျမ်းမျှကမ္ဘာ့ရွှေဈေး ၂၀၁၃ နှင့် ၂၀၁၄ ပျမ်းမျှကမ္ဘာ့ရွှေဈေး**




**ပုံ-၄။ ၆-နှစ်ပျမ်းမျှရန်ကုန်အကယ်ဒမီရွှေဈေး၊ ၂၀၁၃ နှင့် ၂၀၁၄ ရန်ကုန်အကယ်ဒမီရွှေဈေး**




ဇာစ်မြစ်။ www.etrademyanmar.com

**ဇယား-၂။ လအလိုက်ပျမ်းမျှ ရန်ကုန်ကန်ဒေါ်လာရောင်းဈေး ရန်ကုန် အကယ်ဒမီရွှေဈေးနှင့် ကမ္ဘာ့ရွှေဈေး**

| လ အမည် | ကန်ဒေါ်လာ ရောင်းဈေး (ကျပ်) | | ကမ္ဘာ့ရွှေဈေး (USD per ounce) | | ရန်ကုန် အကယ်ဒမီ ရွှေဈေး (ကျပ်=ကျပ်သား) | |
|---|---|---|---|---|---|---|
| | ၂၀၁၃ | ၂၀၁၄ | ၂၀၁၃ | ၂၀၁၄ | ၂၀၁၃ | ၂၀၁၄ |
| ဇန် | ၈၅၇ | ၉၈၄ | ၁၆၇၃ | ၁၂၄၅ | ၇၆၄၇၉၆ | ၆၅၈၅၄၄ |
| ဖေ | ၈၅၉ | ၉၈၃ | ၁၆၃၃ | ၁၂၉၉ | ၇၅၂၈၀၉ | ၆၇၆၆၃၅ |
| မတ် | ၈၇၈ | ၉၆၈ | ၁၅၉၁ | ၁၃၃၉ | ၇၄၃၆၃၉ | ၆၇၉၉၈၈ |
| ဧ | ၈၈၅ | ၉၆၃ | ၁၄၉၁ | ၁၂၉၆ | ၇၂၆၅၅၀ | ၆၆၄၃၆၀ |
| မေ | ၉၂၅ | ၉၆၅ | ၁၄၁၇ | ၁၂၉၀ | ၇၀၉၃၉၂ | ၆၆၁၀၃၆ |
| ဇွန် | ၉၆၄ | ၉၇၃ | ၁၃၄၃ | ၁၂၇၈ | ၇၀၁၇၂၈ | ၆၆၁၀၂၄ |
| ဇူလိုင် | ၉၈၈ | ၉၇၃ | ၁၂၈၅ | ၁၃၁၁ | ၆၈၉၈၇၂ | ၆၇၆၈၈၈ |
| ဩ | ၉၇၂ | ၉၇၂ | ၁၃၅၂ | ၁၂၉၅ | ၇၀၂၃၇၄ | ၆၇၁၈၆၉ |
| စက် | ၉၇၃ | ၉၈၃ | ၁၃၅၁ | ၁၂၄၁ | ၇၀၅၆၄၄ | ၆၅၇၂၄၆ |
| အောက် | ၉၇၁ | ၉၉၇ | ၁၃၁၆ | ၁၂၂၆ | ၆၈၈၂၇၂ | ၆၅၅၀၄၂ |
| နို | ၉၇၆ | ၁၀၃၄ | ၁၂၇၈ | ၁၁၇၆ | ၆၇၅၀၆၅ | ၆၅၀၂၈၃ |
| ဒီ | ၉၈၅ | ၁၀၄၂ | ၁၂၂၄ | ၁၁၉၉ | ၆၅၂၆၂၈ | ၆၆၄၀၅၈ |
| တစ်နှစ် ပတ်လုံး ပျမ်းမျှ | ၉၃၆ | ၉၈၆ | ၁၄၁၃ | ၁၂၆၆ | ၇၀၉၃၉၇ | ၆၆၄၇၄၈ |

ဇာစ်မြစ်။ www.etrademyanmar.com

(နေ့စဉ်ဈေးများကို လအလိုက် ပျမ်းမျှဈေးအဖြစ် ပြောင်းလဲတွက်ချက်ဖော်ပြထားပါသည်)

အချုပ်အားဖြင့် **ရန်ကုန်အမေရိကန်ဒေါ်လာရောင်းဈေး**သည် ၂၀၁၃ ခုနှစ်တွင် ၉၃၆ ကျပ်ရှိရာမှ ၂၀၁၄ ခုနှစ်တွင် ၉၈၆ ကျပ်ဖြစ်လာသဖြင့် **၅ ဒသမ ၃ ရာခိုင်နှုန်းမြင့်လာသော်လည်း ရန်ကုန်အကယ်ဒမီရွှေဈေးသည်** ၂၀၁၃ ခုနှစ်တွင် ၇၀၉၃၉၇ ကျပ်ဖြစ်ရာမှ ၆၆၄၇၄၈ ကျပ်ဖြစ်လာသဖြင့် **၆ ဒသမ ၃ ရာခိုင်နှုန်း၊ ငွေသားအားဖြင့် ရွှေတစ်ကျပ်သားကို ကျပ်ငွေ ၄ သောင်း ကျော်ဈေးကျ**သွားခဲ့သည်။ ကမ္ဘာ့ရွှေဈေးသည် ၂၀၁၃ ခုနှစ်တွင် တစ်အောင်စ ကို ကန်ဒေါ်လာ ၁၄၁၃ ရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် တစ်အောင်စကို ကန်ဒေါ်လာ ၁၂၆၆ ထိ ဖြစ်သွားခဲ့သဖြင့် **၁၀ ဒသမ ၄ ရာခိုင်နှုန်းကျော်ဈေးကျ**သွားကြောင်း စိစစ်ဖော်ပြအပ်ပါသည်။

## မွန်ပြည်နယ်အတွင်း စားသောက်ကုန်နဲ့အလှကုန်ပစ္စည်းများအား Mobile Lab ယာဉ်ဖြင့် ကွင်းဆင်းစစ်ဆေး



မွန်ပြည်နယ်အတွင်းရှိ ခရိုင်/မြို့ကြီးများရှိဈေးများအတွင်း ရောင်းချလျက်ရှိသော စားသောက်ကုန်နဲ့ အလှကုန်ပစ္စည်းများတွင် စားသုံးသူပြည်သူလူထုအတွက် ဘေးအန္တရာယ်ဖြစ်စေသော ဓာတုဆေးဝါးများ ပါဝင်မှုရှိ/မရှိ နမူနာကွင်းဆင်းစစ်ဆေးခြင်းပြုလုပ်လျက်ရှိပါတယ်။

အစား အသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီး ဌာန(ဗဟို)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်ဝင်း ဦးစီးအဖွဲ့သည် မွန်ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်များ၊ မွန်ပြည်နယ်ထုတ်ကုန်များလုံခြုံ စိတ်ချမှု ဆိုင်ရာလုပ်ငန်းကော်မတီဝင်များ၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူရေးရာဌာန၊ မွန်ပြည်နယ်ဦးစီးမှူးရုံး၊ ပြည်နယ်ဦးစီးမှူး နှင့်ဝန်ထမ်းများပူးပေါင်း၍ Mobile Lab ယာဉ်ဖြင့် ဇန်နဝါရီလ ၅ ရက်မှ ၇ ရက်ထိ သထုံမြို့နှင့် မော်လမြိုင်မြို့ရှိ စည်ပင်သာယာရေးဈေးကြီးများတွင် နမူနာပစ္စည်းများကောက်ယူစစ်ဆေးခြင်းအား ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။

ဇန်နဝါရီလ ၅ ရက်နေ့မှာ သထုံမြို့မဈေးကြီးတွင် စားသောက်ကုန် အမယ် ၈၉မျိုး၊ အလှကုန် ပစ္စည်း အမယ်၁၆ မျိုး၊ ဇန်နဝါရီလ ၆ ရက်နဲ့ ၇ ရက်နေ့ များမှာ မော်လမြိုင်မြို့ရှိ အမှတ် (၁/၂)ဈေး၊ အပေါ်ဈေး (လေးထပ်ဈေး)၊ ဒိုင်းဝန်ကွင်း ဈေးတို့တွင် စားသောက်ကုန် အမယ်၁၂၃မျိုး၊ အလှကုန်ပစ္စည်း ၄၄မျိုး၊ စုစုပေါင်း စားသောက်ကုန် အမယ် ၂၁၂မျိုး၊ အလှကုန်ပစ္စည်း ၆၀မျိုးတို့ကို နမူနာရယူစစ်ဆေးနိုင်ခဲ့ ပါတယ်။

စားသောက်ကုန်အမယ်များစစ်ဆေးရာတွင် မှျင်ငပိအချို့၌ Phodamine B ဆိုးဆေးများရောနှော သုံးစွဲရောင်းချကြောင်း စစ်ဆေးတွေ့ရှိ၍ မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီ နှင့် ဈေးအကျိုးဆောင်အဖွဲ့တို့မှ ရောင်းချခြင်းအားတားမြစ်ခြင်း၊ ကုန်ပစ္စည်းများကို ဖျက်ဆီးစေခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး အလှကုန်ပစ္စည်းအမယ်( ၇ )မျိုးတွင် သုံးစွဲသူအား အန္တရာယ်ဖြစ်စေသည့်ဓါတုပစ္စည်းများ ပါဝင်ကြောင်း "သံသယဖြစ်ဖွယ်" စစ်ဆေးတွေ့ရှိရ၍ နေပြည်တော်FDA ဓာတ်ခွဲခန်းများတွင် ထပ်မံ စစ်ဆေးပြီး မှန်ကန်မှုရှိပါက တရားဝင်ကြေညာ၍ တားမြစ်ချက်ထုတ်ပြန်သွားနိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရှိရပါတယ်။ ယခုကဲ့သို့ Mobile Lab ယာဉ်ဖြင့် တာဝန်ရှိသူ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်မှုအပေါ် ပြည်သူလူထုမှ ကြိုဆိုထောက်ခံအားပေးပြီး စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းစဉ်များအား အသိပညာဖြန့်ဝေပေးမှုအနေဖြင့် ယခုထက်ပိုမို လုပ်ဆောင်ပေးပါရန်နှင့် သတင်းမီဒီယာများမှလည်း ဂျာနယ်များ၊ ရုပ်မြင်သံကြားတို့မှ ပြည်သူလူထု ပိုမို သိရှိနားလည်အောင် ပညာပေးအစီအစဉ်များ ယခုထက် ပိုမိုဆောင်ရွက်ပေးပါရန် လိုလားတောင်းဆိုခဲ့ကြောင်း သတင်းရရှိပါတယ်။

**Consumer Mon**

## ဆိပ်ကမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးရုံး တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲကျင်းပ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူ ရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူနှင့် ဝန်ထမ်းများသည် ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံစားသုံးသူကြိုတင်ကာကွယ်ရေး အသင်းတို့နှင့် ပူးပေါင်း၍ ဒီဇင်ဘာလ ၁၈ ရက်က ရန်ကုန်တိုင်း ဒေသကြီး၊ ဆိပ်ကမ်းမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် စားသုံးသူအကာအကွယ် ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောပွဲကျင်းပခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိန်းက စားသုံးသူပြည်သူများကို ကုန်စည်၊ဝန်ဆောင်မှုများနှင့်ပတ်သက်၍ အကာအကွယ်ပေးရန် ၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် နိုင်ငံတော်မှ စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း၊ ရန်ကုန်တိုင်းအတွင်းရှိ စားသုံးသူပြည်သူများ၏ နစ်နာဆုံးရှုံးမှုများကို တိုင်ကြားနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ကို ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၀ရက်နေ့တွင်အဖွဲ့ဝင် ၁၀ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ ၎င်းအဖွဲ့အောက်တွင် စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းရန်ဆောင်ရွက်လျက်ရှိကြောင်း အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ဦးစီးမှူး ဒေါ်စန္ဒာအောင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာကိုကိုမောင်နှင့် မြန်မာနိုင်ငံစားသုံးသူ ကြိုတင်ကာကွယ်ပေးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးနေလင်းတို့က စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပုံ၊ နေ့စဉ်စားသောက်ကုန်များတွင် အန္တရာယ်ရှိ ပစ္စည်းများ ပါဝင်နေပုံ၊ အန္တရာယ်ကင်းရှင်းပြီး အာဟာရပြည့်ဝသည့်အစားအစာများကို ရွေးချယ်စားသုံးတတ်ရန်လိုအပ်ပုံများကို အကျယ်တဝင့်ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။

ဟောပြောဆွေးနွေးပွဲသို့ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ ဆိပ်ကမ်းမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အမှုထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူ၊ မြန်မာနိုင်ငံစားသုံးသူ ကြိုတင်ကာကွယ်ရေး အသင်း တွဲဖက်အတွင်းရေးမှူးနှင့် နှစ်ဦး၊ မြို့နယ်အထောက်အကူပြုအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ် ချုပ်ရေးမှူးများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဆိပ်ကမ်း ကုန်တင်/ ကုန်ချဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများ၊ ဈေးရောင်းချသူများ စုစုပေါင်း ၆၀ ဦးခန့်တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။ ခင်သီ(စားသုံးသူ)

## ရန်ကုန်တိုင်းဒေသကြီးတွင် စားသုံးသူအကာအကွယ်ပေးရေးအတွက် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းကော်မတီနှစ်ရပ် ဖွဲ့စည်းခြင်း

စားသုံးသူများအား ဥပဒေအရ အပြည့်အဝအကာအကွယ်ပေးနိုင်ရန်အတွက် နိုင်ငံတော်မှ စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် ၂၀၁၄ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၀)ဖြင့်ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီးဖြစ်၍ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ၏ လမ်းညွှန်ချက်ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းများကို ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် စားသုံးသူတိုင်ကြားမှုလက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီနှင့် ထုတ်ကုန်လုံခြုံစိတ်ချမှုဆိုင်ရာ လုပ်ငန်းကော်မတီတို့ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၇ ရက်နေ့တွင် ထပ်မံဖွဲ့စည်း ပေးခဲ့ပါသည်။ စားသုံးသူတိုင်ကြားမှုလက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီတွင် ရန်ကုန်တိုင်းဒေသကြီး၊ အသေးစား၊ အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးမှ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သမဝါယမဦးစီးဌာန၊ စားသုံးသူကိုယ်စားလှယ်၊ စီးပွားရေးလုပ်ငန်းရှင်ကိုယ်စားလှယ်၊ ကျွမ်းကျင်ပညာရှင်၊ စီးပွားရေးဆိုင်ရာအသင်းအဖွဲ့နှင့် လူမှုရေးဆိုင်ရာအသင်းအဖွဲ့ကိုယ်စားလှယ်တို့မှ အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း ဖွဲ့စည်းထားပါသည်။ အဖွဲ့အနေဖြင့် စားသုံးသူများ၏ တိုင်တန်းမှုများကိုလက်ခံဆောင်ရွက်ခြင်းနှင့် ညှိနှိုင်းဖြေရှင်းပေးခြင်း၊ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများသည် စားသုံးသူအပေါ် အမှန်တကယ် ထိခိုက်နစ်နာမှုရှိ/ မရှိစုံစမ်းစစ်ဆေးခြင်းနှင့် အငြင်းပွားသူအချင်းချင်းသဘော တူညီမှုရရှိရေးအတွက် အကြံဉာဏ်ပေးခြင်း၊ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ စားသုံးသူတိုင်ကြားဆက်သွယ်နိုင်သည့် နည်းလမ်းများကို အများပြည်သူသိရှိစေရန် သတင်းအချက်အလက်များ ထုတ်ပြန်ကြေညာခြင်း တို့ကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ထုတ်ကုန်လုံခြုံစိတ်ချမှုဆိုင်ရာ လုပ်ငန်းကော်မတီတွင် စက်မှုကြီးကြပ်နှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ စားသုံးသူကိုယ်စားလှယ်၊ စီးပွားရေးလုပ်ငန်းရှင်ကိုယ်စားလှယ်၊ ကျွမ်းကျင်ပညာရှင်၊ စက်မှုဇုန်ကိုယ်စားလှယ်၊ စီးပွားရေးဆိုင်ရာအသင်း အဖွဲ့နှင့် လူမှုရေးဆိုင်ရာအသင်းအဖွဲ့ကိုယ်စားလှယ်တို့မှ အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း ဖွဲ့စည်းထားပါသည်။ အဖွဲ့အနေဖြင့် ပြည်တွင်းမှ ထုတ်လုပ်သော ကုန်စည်များ၊ ပြည်ပမှ ဝင်ရောက်လာသော ကုန်စည်များ၊ လုံခြုံစိတ်ချရမှုရှိစေရေးအတွက် စစ်ဆေးဆောင်ရွက်ခြင်း၊ ပြည်တွင်းဈေးကွက်အတွင်းရှိ လုံခြုံစိတ်ချ ရမှုမရှိသော ကုန်စည်နှင့် ဝန်ဆောင်မှုများတွေ့ရှိသည်ဟု သတင်းရရှိပါက မှန်ကန်မှု ရှိ/ မရှိ ကွင်းဆင်းလေ့လာစစ်ဆေးခြင်းနှင့် စစ်ဆေးစဉ် ကာလအတွင်း လုံခြုံစိတ်ချမှု မရှိသောကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများအား ဆက်လက်ဖြန့်ဖြူးရောင်းချခြင်း မရှိစေရန် ကန့်သတ်ထိန်းချုပ်ခြင်း၊ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများကို သက်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီစေရေး အတွက် ကြီးကြပ်စစ်ဆေးခြင်း၊ လုံခြုံစိတ်ချရမှု မရှိသော ကုန်စည်သို့မဟုတ် ဝန်ဆောင်မှုများနှင့် စပ်လျဉ်း၍ သတင်းအချက်အလက်များအား ဖြန့်ဝေပေးခြင်း၊ ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းမည့် သို့မဟုတ် ပိတ်ပင်မည့် ကုန်စည်များအတွက် သတိပေးထုတ်ပြန်ကြေညာခြင်း၊ လုပ်ငန်းစဉ်များအား တာဝန်ယူဖြေရှင်း ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ် တိုင်းဒေသကြီးများတွင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။ ယခုတစ်ဖန် အဆိုပါ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များကို အထောက်အကူပြုနိုင်ရန်နှင့် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို တိကျခိုင်မာစွာ ဆောင်ရွက်နိုင်ရေးအတွက် စားသုံးသူတိုင်ကြားမှုလက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီနှင့် ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်း ကော်မတီတို့ကို ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ပါသည်။ ထိုသို့ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ခြင်းကြောင့် စားသုံးသူပြည်သူများ၏ နစ်နာဆုံးရှုံးမှုများကို တိုင်ကြားနိုင်ခြင်းနှင့် ဘေးဥပဒ်အန္တရာယ်ဖြစ်စေမည့် လုံခြုံစိတ်ချရမှု မရှိသည့် ထုတ်ကုန်ပစ္စည်းများကို တားဆီးကာကွယ်သွားနိုင်မည်ဖြစ်၍ စားသုံးသူပြည်သူများအားလုံး ဥပဒေ၏ အကာအကွယ်ပေးမှုကို အပြည့်အဝရရှိလာမည်ဖြစ်ကြောင်း သတင်းကောင်းပါး တင်ပြလိုက်ရပါသည်။

**DCCA(YGN)Consumer**

# စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့က ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူ ရေးရာဦးစီးဌာန၊ တိုင်းဦးစီးမှူးရုံးမှာ ကျင်းပပြုလုပ်ခဲ့တယ်လို့ သတင်းရရှိပါတယ်။

အဆိုပါအစည်းအဝေးမှာ အဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ (စီမံ/စီးပွား)ဝန်ကြီး ဦးစိန်မောင်းက အဖွင့်အမှာစကား ပြောကြားရာတွင် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေကို ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းပြီးပါကြောင်း၊ ယင်း ဥပဒေအရ တိုင်းဒေသကြီးနဲ့ ပြည်နယ်များအလိုက် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းရပါကြောင်း၊ မိမိတို့တိုင်း ဒေသကြီး အစိုးရအဖွဲ့အနေနဲ့ ၂၀၁၄ခုနှစ် နိုဝင်ဘာလ ၃၀ ရက် နေ့မှာ ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ ဒီအဖွဲ့ကြီးရဲ့အောက်မှာ စားသုံးသူတိုင်ကြားမှုလက်ခံရေး ကော်မတီနဲ့ ထုတ်ကုန်များ လုံခြုံစိတ်ချမှုဆိုင်ရာ လုပ်ငန်းကော်မတီဆိုပြီး ကော်မတီနှစ်ခု ဖွဲ့စည်းပေးထားပါကြောင်း၊ အသိပညာပေးလုပ်ငန်း ဆောင်ရွက်နိုင်မှုအနေနဲ့ နေရာပေါင်း ၈၂ နေရာ ဆောင်ရွက်ပြီးဖြစ်တာကို တွေ့ရလို့ အားရကျေနပ်ပါကြောင်း၊ နောက်ဆိုရင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းနိုင်ရန်အတွက် တိုင်ကြားမှုပုံစံနဲ့အညီ တိုင်ကြားရမှာဖြစ်လို့ ကျောင်းတွေ၊ ဈေးတွေမှာ လက်ကမ်းစာ စောင်များနဲ့ တိုင်ကြားမှုပုံစံတွေကို ဖြန့်ဝေစေလိုကြောင်း၊ အစားအသောက်များနဲ့ ပတ်သက်၍ စားသုံးသူများ ထိခိုက် နစ်နာမှုမရှိအောင် FDA နဲ့ ပေါင်းပြီး စစ်ဆေးသွားမှာ ဖြစ်ကြောင်း၊ မမှန်မကန် ပစ္စည်းရောင်းချခွင့် မရှိစေရန် အတွက်နည်းဥပဒေ (သို့မဟုတ်) အမိန့်ညွှန်ကြားချက်များ တိတိကျကျရှိရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ စစ်ကိုင်း တိုင်းဒေသကြီးမှာ စားသုံးသူရေးရာ ဌာန ဖွင့်တာမကြာသေးပေမယ့် ပညာ ပေးရေးလုပ်ငန်းတွေကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ထားတာတွေ့ရကြောင်း၊ ဆက်လက်ပြီးလည်း ပညာ ပေးဟောပြောဖို့ လိုအပ်ကြောင်း၊ အဖွဲ့ ဝင်အားလုံးကလည်း ဝိုင်းဝန်းအကြံဉာဏ်ပေးပြီး ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသွားပါတယ်။

စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ တကယ်အလုပ် လုပ်လာပြီဆိုရင် စားသုံးသူများဘက်က နစ်နာမှုတွေကို ထိထိရောက်ရောက် ဖြေရှင်းနိုင်တော့မှာဖြစ်ကြောင်း၊ ထုတ်လုပ်သူများဘက်က လည်း ကိုယ်ထုတ် လုပ်လိုက်တဲ့ ကုန်ပစ္စည်းကို စားသုံးသူဆီကို မှန်မှန်ကန်ကန် ပို့ပေးနိုင်တော့မှာ ဖြစ်ကြောင်း စားသုံးသူကိုယ်စားလှယ် ဦးတင့်နိုင်က ရင်ဖွင့်ပြောဆိုသွားပါတယ်။ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး တိုင်းဦးစီးမှူး ဦးခမ်လျန်စွမ်းက အခမ်းအနားမှူး အဖြစ်ဆောင်ရွက်ပြီး အစည်းအဝေး ၁၆း၀၀ နာရီအချိန်မှာ အောင်မြင်စွာ ပြီးမြောက်ခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ကေသီအောင် (စစ်ကိုင်း)**

# ဆိပ်ကြီးခနောင်တိုမြို့နယ်တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေးပွဲကျင်းပ

စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပြဋ္ဌာန်းချက်များကို အသိပညာပေးဆောင်ရွက်လျက်ရှိသည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူနှင့်ဝန်ထမ်းများသည် ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တို မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲတွင် ဆိပ်ကြီးခနောင်တိုမြို့နယ် အုပ်ချုပ်ရေးမှူး ဦးနိုင်အေးက ၂၀၁၅ ခုနှစ် နှစ်သစ်သို့ စတင်ကူးပြောင်းသည့်နေ့ရက်တွင် ပြည်သူများ ဘေးဥပဒ်အန္တရာယ်ကင်းသည့် အစားအသောက်များ စားသုံးရာတွင် လိုက်နာရမည့် ဆောင်ရန်၊ ရှောင်ရန်များသိထားရန်နှင့် ဟောပြောဆွေးနွေးသည်များကို မှတ်သားလိုက်နာကြပါရန် အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိန်းက စားသုံးသူပြည်သူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစွာဖြင့် စားသောက်ကုန်များကို ဝယ်ယူစားသုံးနိုင်ရန်နှင့် လုံခြုံစိတ်ချရမှုရှိသည့် ကုန်ပစ္စည်းများကို ရွေးချယ်ဝယ်ယူအသုံးပြုနိုင်ရန် နိုင်ငံတော်မှ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေပြဋ္ဌာန်းခဲ့မှု၊ နည်းဥပဒေထုတ်ပြန်နိုင်ရေးဆောင်ရွက်နေမှု၊ စားသုံးသူများအနေဖြင့် နစ်နာဆုံးရှုံးမှုရှိလာပါက တင်ပြတောင်းဆိုနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ပြီးစီးမှုနှင့် အဆိုပါအဖွဲ့၏အောက်တွင် လုပ်ငန်းကော်မတီနှစ်ခု ဆက်လက်ဖွဲ့စည်းသွားမည့် အခြေအနေများကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး ပြည်တွင်း/ပြည်ပမှ ထုတ်လုပ်၊တင်သွင်းသည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများတွင် အာမခံချက်ရှိ/မရှိ၊ အရည်အသွေးပြည့်မီခြင်းရှိ/မရှိ၊ ထုတ်လုပ်ရက်စွဲ၊ ကုန်ဆုံးရက်စွဲဖော်ပြထားခြင်းရှိ/မရှိတို့ကို ရွေးချယ်ဝယ်ယူသုံးစွဲရန်လိုအပ်မှု၊ ဓာတုဆိုးဆေးများ အသုံးပြု၍ ထုတ်လုပ်ထား သည့် စားသောက်ကုန်များ၊ ပိုးသတ်ဆေးကြွင်းပါရှိနိုင်သည့် အစားအစာနှင့် ဟင်းသီးဟင်းရွက်များကို ဝယ်ယူစားသုံးမိပါက ဘေးဥပဒ်အန္တရာယ် ရရှိနိုင်မည့် အခြေအနေ၊ နိုင်ငံပိုင်သတင်းစာများတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ကြေညာထားသည့် စားသုံးရန်နှင့်သုံးစွဲရန်မသင့်သည့် စားသောက်ကုန်၊ ဆေးဝါး၊ ရေသန့်နှင့်အလှကုန်ပစ္စည်းများကို ရောင်းချသူများမှ ရောင်းချခြင်းမပြုရန်နှင့် စားသုံးသူများမှလည်း ဝယ်ယူအသုံးမပြုရန် ၊ စားသုံးသူပြည်သူများမှ ဥပဒေတွင်ပါရှိသည့်အတိုင်း စားသုံးသူ၏အခွင့်အရေးများကိုသိရှိပြီး မိမိတို့၏ အခွင့်အရေးများကိုရယူနိုင်ရေး၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဌာနဆိုင်ရာများနှင့် စားသုံးသူ ပြည်သူများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ရေးတို့ကို အကျယ်တဝင့်ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။

ထို့နောက် ဟောပြောဆွေးနွေးပွဲတက်ရောက်သူတစ်ဦးမှ ၂၀၁၅ ခုနှစ်တွင် Asean Free Trade Area(AFTA)သို့ ရောက်ရှိလျှင် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်းများ ဝင်ရောက်လာမည်ဖြစ်၍ စားသုံးသူ ပြည်သူအများစုမှာ ကျေးလက်ဒေသတွင်နေထိုင်သူများဖြစ်သဖြင့် ဘေးဥပဒ်အန္တရာယ်ကင်းအောင် ဆောင်ရွက်ပေးနိုင်ရေးနှင့် မြို့နယ်များတွင် စားသုံးသူအကာအကွယ်ပေးရေးနှင့်ပတ်သက်၍ ဖြေရှင်း ဆောင်ရွက်ပေးရန် အဖွဲ့ဖွဲ့စည်းဆောင်ရွက်ပေးစေလိုကြောင်း ဆွေးနွေးခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အရာထမ်း၊အမှုထမ်းများ၊ ဆိပ်ကြီး ခနောင်တိုမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အတွင်းရှိဌာနဆိုင်ရာများ၊ မြို့နယ်အတွင်းရှိမူလတန်းကျောင်း ၁၀ ကျောင်း၊အလယ်တန်းကျောင်း ခုနှစ်ကျောင်း၊အထက်တန်းကျောင်း တစ်ကျောင်းတို့မှ ဆရာ/ဆရာမများ ၊ဈေးတာဝန်ခံ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဈေးရောင်းချသူများ စုစုပေါင်း ၇၀ ဦး တက်ရောက်ခဲ့ပါသည်။ **ခင်သီ(စားသုံးသူ)ရန်ကုန်**

# ကန်သာဈေးကြီးတွင်စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများသည် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ဦးဆောင်မှု၊ ရုံးချုပ်နေပြည်တော်၏ ညွှန်ကြားချက်များနှင့်အညီ တိုင်းဒေသကြီးအတွင်းရှိ ကျောင်းများ ဈေးများတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများကို အပတ်စဉ် ကျင်းပလျက်ရှိရာ ဇန်နဝါရီလ ၁ ရက်နေ့ နံနက်ပိုင်းက မကွေးမြို့ ကန်သာရပ်ကွက် ကန်သာဈေးကြီးတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့ပါသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲသို့ ဈေးသူဈေးသား ၅၃ ဦး၊ ဈေးကော်မတီဝင် ရှစ်ဦး၊ မြို့နယ်စည်ပင် သာယာနှင့် စားသုံးသူရေးရာဌာနမှ တာဝန်ရှိသူများ စုစုပေါင်း ၇၀ ဦး တက်ရောက်ခဲ့ပါသည်။ အဆိုပါ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဆွေးနွေးဟောပြောပွဲတွင် တိုင်းဒေသကြီးဦးစီးမှူး ဦးဝမ်းမောင်က စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာဌာနဖြစ်ပေါ်လာပုံနှင့် သမိုင်းအကျဉ်း၊ စားသုံးသူ အကာအကွယ် ပေးရေးဆိုင်ရာဌာန၏ လုပ်ငန်းနှင့်တာဝန်များ၊ စားသုံးသူအကာအကွယ် ပေးရေးဆိုင်ရာဥပဒေများစသည့် သိမှတ်ဖွယ်ရာများ ဆွေးနွေးပြီးနောက် ဓာတုဆေးဝါးအကူအညီများနှင့် ထုတ်လုပ်ရောင်းချ လျက်ရှိသော ပဲဆီအတု၊ နှမ်းဆီအတု၊ နို့မှုန့်၊ ပဲမှုန့်၊ ငရုတ်သီးမှုန့်၊ နနွင်းမှုန့်အတုများအကြောင်း၊ အရောင်ဆိုးဆေးများ အသုံးပြုထားသော မျှစ်၊ ငရုတ်သီးမှုန့်၊ ငပိများအကြောင်း၊ ကလေးငယ်များကို ဆွဲဆောင်လျက်ရှိသော မုန့်ပဲသွားရည်စာများနှင့် အချိုရည်များ၏ အန္တရာယ်သိကောင်းစရာများအကြောင်း၊ ဟင်းသီးဟင်းရွက်သစ်သီးဝလံများတွင် အသုံးပြုလျက်ရှိသော ဓာတုဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးတို့၏ အန္တရာယ်ရှိပုံ အကြောင်းနှင့် အဆိုပါအစားအသောက်များ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊စားသောက်ခြင်းတို့ကို ဆောင်ရွက်ရာတွင် အသေအချာစစ်ဆေးပြီးမှ သတိပြုဝယ်ယူစားသုံးရန်တို့ကို ဆွေးနွေးပြီး မကွေးတိုင်းဒေသကြီး အတွင်းတွင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ ၎င်းအောက်တွင် စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးကော်မတီနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီအဖွဲ့များ ဖွဲ့စည်းလျက်ရှိ ကြောင်းတို့ကို ဆွေးနွေးဟောပြောခဲ့ပါသည်။

ထို့နောက် တိုင်းဒေသကြီးဦးစီးမှူးနှင့်အဖွဲ့သည် ကန်သာဈေးအတွင်းရှိ ဆိုင်ခန်းပေါင်း ၂၉၄ ခန်း၊ ပွဲရုံဈေးသည် ၁၅၀၀ ခန့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဟင်းသီးဟင်းရွက်ရောင်းချလျက်ရှိသော ပွဲရုံဈေးတန်း၊ သားငါးဈေးတန်း၊ ငါးခြောက်ဆိုင်များ၊ အချိုရည်နှင့်မုန့်များ ရောင်းချလျက်ရှိသော မုန့်ဆိုင်တန်းတို့တွင် အရောင်ဆိုးဆေးများ၊ ယင်သတ်ဆေးများ၊ ပိုးသတ်ဆေးများကို အစားအသောက် များတွင် အသုံးပြုကြသည့်အတွက် ရောဂါများဖြစ်ပွားကြပုံ၊ အန္တရာယ်ကြီးမားပုံတို့ကို ရှင်းပြပြီး လက်ကမ်းစာစောင်များ၊ ပိုစတာများ ဝေငှခဲ့ကြောင်း သတင်းရရှိပါသည်။

**ဝင်းထွန်း( စားသုံးသူ )၊ မကွေး**

# ဖုန်းခေါ်ဆိုရုံဖြင့် မိမိလိုချင်သည့်အိမ်ခြံမြေများကို ရှာဖွေနိုင်သည့် Call For Home အစီအစဉ်ကို စတင်ဆောင်ရွက်

ဖုန်းခေါ် ဆိုလိုက်ရုံဖြင့် မိမိလိုချင်သည့် အိမ်ခြံမြေများကို သိရှိနိုင်သည့် Call For Home အစီအစဉ်ကို ဇန်နဝါရီ ၁၃ရက်မှ စတင်ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း House.com.mm ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အိမ်ခြံမြေရှာဖွေသူများသည် House.com.mm ၏ Hot-Line ဖုန်းနံပါတ်ဖြစ်သည့် ၀၉ ၉၇၂၈၈၅၂၂၈ သို့ဖုန်းဆက်၍ မိမိအလိုရှိသည့် အိမ်ခြံမြေ အမျိုးအစား (တိုက်ခန်း၊ ကွန်ဒို၊ လုံးချင်း အိမ်၊ ခြံမြေ)၊ သုံးစွဲလိုသော ငွေပမာဏ၊ နေရာဒေသတို့ကို ပြောကြားရုံသာဖြစ်ကြောင်း သိရသည်။

House.com.mm အနေဖြင့် Customer များ အလိုရှိသည့် အိမ်ခြံမြေများကို ရှာဖွေပြီး မက်ဆေ့ချ်ပို့ခြင်းဖြင့်လည်းကောင်း၊ ဖုန်းထဲမှဖြေကြားပေးခြင်းဖြင့် လည်းကောင်း အကြောင်းကြားပေးမည်ဖြစ်ကြောင်း သိရသည်။ ထိုသို့ အကြောင်းကြားပေးပြီးနောက် အိမ်ခြံမြေရှာဖွေသူအနေဖြင့် မိမိရှာဖွေလိုသည့် အိမ်ခြံမြေများကို ထိထိရောက်ရောက် ရှာဖွေနိုင်မည်ဖြစ်သည်။

"ဒီအခမဲ့ ဖုန်းခေါ် ဆိုမှုအစီအစဉ်ကို အသုံးပြုသည့် အိမ်ခြံမြေရှာဖွေသူတွေဟာ မြန်မာနိုင်ငံရဲ့အိမ်ခြံမြေဆိုင်ရာ မှာ အကြီးဆုံးအချက်အလက်ကောက်ယူထားမှုတွေကြောင့် အကျိုးရှိမှာပါ။ နာမည်ကြီး အကျိုးဆောင်တွေ၊ ထိပ်တန်း ဆောက်လုပ်ရေးလုပ်ငန်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နေတဲ့ ကျွန်တော်တို့ House.com.mm ကနေ လိုချင်တဲ့အိမ်ခြံမြေကို တိတိကျကျနဲ့ အချိန်ကုန်ခံစရာမလိုဘဲ လိုချင်တဲ့ အတိုင်းရှာဖွေနိုင်ပါလိမ့်မယ်"ဟု Call For Home အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်သည့် House.com.mm ၏ Country Manager ဖြစ်သူ Jan Sommerfeld က ပြောကြားခဲ့သည်။

အဆိုပါအစီအစဉ်ကို ဇန်နဝါရီ ၁၃ရက်မှ စတင်အကောင်အထည်ဖော်မည်ဖြစ်ပြီး ဖုန်းနံပါတ်-၀၉ ၉၇၂၈၈၅၂၂၈ သို့ တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၁၀နာရီမှ ညနေ ၆ နာရီအထိ တိုက်ရိုက်ခေါ် ဆိုနိုင်မည်ဖြစ်ကြောင်း သိရသည်။

အများပြည်သူရုံးပိတ်ရက်နှင့်အစိုးရ ရုံးပိတ်ရက်များတွင်မူ ဖုန်းခေါ် ဆိုမှုများကို Voice Mail တွင် မှတ်တမ်းတင်ထားမည်ဖြစ်ပြီး ရုံးဖွင့်ရက်တွင် ချက်ချင်းပြန်လည်ခေါ် ဆိုမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

# အွန်လိုင်းဈေးကွက်၏ ရောင်းအားအကောင်းဆုံးတွင် အိုင်တီပစ္စည်းများက ဦးဆောင်လျက်ရှိ

မြန်မာနိုင်ငံတွင် တန်ဖိုးနည်းဖုန်းများပေါ် ထွက်လာပြီးသည့်နောက်ပိုင်းတွင် အွန်လိုင်းမှတစ်ဆင့်ရောင်းဝယ်မှုပြုလုပ်သူများ များပြားလာခဲ့သည်။

အွန်လိုင်းမားကက်သည် လူငယ်လူရွယ်များကြားတွင် ရေပန်းစားသည့်ဈေးကွက်တစ်ခုအဖြစ် တွင်ကျယ်လျက်ရှိသည်။ အဆိုပါအွန်လိုင်းမားကက်တွင် ပစ္စည်းအသစ်များသာမက တစ်ပတ်ရစ်ပစ္စည်းများကိုလည်းရောင်းဝယ်လျက်ရှိသည်ကို တွေ့ရသည်။

ယင်းကဲ့သို့ ရောင်းဝယ်မှုများပြုလျက်ရှိရာတွင် အွန်လိုင်းမားကက်အတွင်း၌ အိုင်တီပစ္စည်းများသည် ဈေးကွက်အတွင်း ပထမနေရာ၌ နေရာယူထားကြောင်း လေ့လာဆန်းစစ်မှုများအရသိရသည်။

အထူးသဖြင့် အွန်လိုင်းပေါ် မှ နေ၍ ဖုန်းအသစ်များ၊ တစ်ပတ်ရစ်ဖုန်းများ ရောင်းဝယ်မှုသည် ဈေးကွက်တစ်ခုသဖွယ်ဖြစ်တည်လျက်ရှိပြီး နာရီပိုင်းအတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

Handset များ၊ Handset အပါအဝင် ဖုန်းဆင်းကတ်များကိုလည်း အွန်လိုင်းပေါ်တွင် ရောင်းဝယ်မှုများ ပြုလုပ်လျက်ရှိသည်ကို တွေ့ရသည်။

ယင်းကဲ့သို့ တစ်ပတ်ရစ်ဖုန်းဈေးကွက်နှင့် ပတ်သက်၍ ads.com.mm ၏ Country Manager ဖြစ်သူမစ္စတာနီကိုပိုးမားက "ကျွန်တော်တို့ဝက်ဘ်ဆိုက်မှာ အရမ်းရေပန်းစားပြီးအရောင်းအဝယ်အဖြစ်ဆုံးကတော့ ဖုန်းကဏ္ဍရယ်၊ကွန်ပျူတာတွေရယ်ပဲဖြစ်ပါတယ်။ ရောင်းသူတွေက လက်လီတွေရောလက်ကားပါ ရောင်းပေးလို့ ဝယ်ယူသူအနေနဲ့လည်း အဆင်ပြေပါတယ်။ တစ်ပတ်ရစ် ရောင်းတဲ့သူတွေဆိုရင် ၁၈ နာရီအတွင်း အရောင်းအဝယ်ဖြစ်တာတွေလည်း ရှိပါတယ်။ ခုလက်ရှိ မြန်မာနိုင်ငံမှာ ဖုန်းကို လူတိုင်းအသုံးပြုနေကြတဲ့အတွက်အွန်လိုင်းဈေးကွက်မှာ ဖုန်းကတော့ တော်တော်လေးကို အရောင်းအဝယ် ဖြစ်နေဦးမှာပါ"ဟု ပြောကြားခဲ့သည်။

ယခုလက်ရှိတွင် မြန်မာနိုင်ငံ၌ အွန်လိုင်းအသုံးပြုသူပေါင်း ၉၃ ဒသမ ၃၆ ရာခိုင်နှုန်းရှိပြီး အွန်လိုင်းအသုံးပြုသူများအနက် ဖုန်းဖြင့် အသုံးပြုသူပေါင်းမှာ ၉၂ရာခိုင်နှုန်းရှိပြီး ကျန်ရှစ်ရာခိုင်နှုန်းမှာ ကွန်ပျူတာဖြင့် အသုံးပြုသူများဖြစ်ကြောင်း လေ့လာချက်များအရ သိရသည်။

**မယ်သီတာ**

## မော်တော်ယာဉ်ပါမစ်လျှောက်ထားသူများသိရှိရန်

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၅-၁-၂၀၁၅ ရက်နေ့ ညှိနှိုင်းစာအရ မှတ်ပုံတင်သက်တမ်းကြာမြင့်သောဖျက်သိမ်းယာဉ်ထောက်ခံချက်၊ ပုံစံ(ဃ)၏ နေရပ်လိပ်စာသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းဖြစ်ပါက မော်တော်ယာဉ်တင်သွင်းခွင့်လျှောက်ထားသူများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကားရပ်နားရန်နေရာ ထောက်ခံချက်ရယူရန်မလိုဘဲ သွင်းကုန်ပါမစ်လျှောက်ထားမှုကိုခွင့်ပြုသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာကြီးကြပ်ရေးကော်မတီ (၆-၁-၂၀၁၅)

# ၂၀၁၄ ခုနှစ် ဒီဇင်ဘာလရဲ့ မန္တလေး-မူဆယ် ကုန်စည်သယ်ယူခ

မန္တလေး-လားရှိုး-မူဆယ် ကုန်စည်သယ်ယူခ နှုန်းထားများမှာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်း တရုတ်နှစ်ကူးပွဲတော်ရက်နီးလာသဖြင့် ကုန်စည်သယ်ယူခဈေးများမြင့်တက်လာရာ ပို့ကုန်ပစ္စည်းတွေဖြစ်တဲ့ ဆန်၊ ပဲ၊ ပြောင်း၊ ရော်ဘာ၊ နှမ်း သယ်ယူခနှုန်းများမှာ ဒီဇင်ဘာလနောက်ဆုံးပတ်တွင် ယခင်ပတ်များထက် မြင့်တက်လာတာ တွေ့ရပါတယ်။ သွင်းကုန်များနည်းလာပြီး မူဆယ်သို့သွားမယ့် ကားတွေလည်း နည်းလာကာ ပွဲတော်ရက်မှာ အသုံးများမယ့် ဖရဲသီး အပို့များလာတာကြောင့် ဆန်တင်ပို့တဲ့ ကားခ ဈေးမြင့်လာရကြောင်း ရန်ကုန်-မန္တလေး ကားဂိတ်များမှ သိရပါတယ်။သွင်းကုန်ပိုင်းမှာတော့ တရုတ်ပြည်မှ ပုံမှန်တင်သွင်းနေကျ ကုန်ပစ္စည်းတွေသာအဝင်ရှိပါတယ်။ဒီဇင်ဘာလရဲ့အပတ်စဉ် ကုန်စည်သယ်ယူခနှုန်းထားများမှာ အောက်ပါအတိုင်းဖြစ်ပါတယ်။

(ပိဿာ/ကျပ်)

| | ၂၉-၁၁-၁၄ မှ ၅-၁၂-၁၄ ထိ | ၆-၁၂-၁၄မှ ၁၂-၁၂-၁၄ ထိ | ၁၃-၁၂-၁၄ မှ ၁၉-၁၂-၁၄ ထိ | ၂၀-၁၂-၁၄ မှ ၂၆-၁၂-၁၄ ထိ | ၂၇-၁၂-၁၄ မှ ၂-၁-၁၅ ထိ |
|---|---|---|---|---|---|
| **ပို့ကုန်** | | | | | |
| ပြောင်း | ၈၅-၈၂ | ၈၅-၈၂ | ၈၇-၈၄ | ၉၃-၈၇ | ၁၀၁-၉၃ |
| ဆန် | ၈၃-၈၆ | ၈၇-၈၅ | ၈၈-၈၅ | ၉၀-၈၈ | ၁၀၂-၉၅ |
| ပဲတီစိမ်း | ၈၈-၈၃ | ၈၇-၈၃ | ၈၉-၈၇ | ၉၅-၈၈ | ၁၀၃-၉၅ |
| နှမ်း | ၈၇-၈၆ | ၈၉-၈၇ | ၉၀-၈၈ | ၉၃-၈၉ | ၁၀၀-၉၇ |
| ရော်ဘာ | ၉၀-၈၅ | ၉၂-၈၇ | ၉၁-၈၉ | ၉၇-၉၀ | ၁၀၂-၉၇ |
| **သွင်းကုန်** | | | | | |
| မြေပဲဆီ | ၂၈-၂၃ | ၂၇-၂၆ | ၂၅-၂၂ | ၃၃-၃၂ | ၃၂-၃၀ |

**မော်မော်အောင် MIRT (DCCA)**

# နှစ်ဆန်းပိုင်းကားဈေးကွက်အတွင်း အပြောင်းအလဲများရှိ၍ ကားဈေးမာလာ

နှစ်ဆန်းပိုင်း ဇန်နဝါရီလ၏ ပထမပတ်အတွင်းအခြေအနေမှာ ကားဈေးကွက်အတွင်း ပြဋ္ဌာန်းချက်အသစ်များဖြင့် အပြောင်းအလဲများရှိလာသဖြင့် ဈေးကွက်အတွင်း အနည်းငယ်လှုပ်ရှားလာကာ အောက်ကားလေးများ အနည်းငယ်တက်လာပြီး အပေါ် ကားများဆယ်ဂဏန်းကျော်မြင့်တက်လာနေကြောင်း သိရသည်။

ရန်ကုန်ကားဈေးကွက်အတွင်း လက်ရှိအခြေအနေနှင့် ပတ်သက်၍ လှိုင်မြို့နယ်(ဘာတာ) ယာဉ်ရောင်းဝယ်ရေးစခန်းရှိ ကားဝယ်ရောင်းအကျိုးဆောင်များမှ ပြီးခဲ့သည့် နှစ်ကုန်ပိုင်းနောက်ဆုံးပတ်တွင် သက်ဆိုင်ရာမှ ၂၀၁၄ ခုနှစ်အတွင်းယာဉ်တင်သွင်းခွင့်ပြုရက်များအား တစ်ပတ်စောပြီး ဒီဇင်ဘာ ၂၄ ရက်နေ့ နောက်ဆုံးထား သတ်မှတ်ခဲ့သဖြင့် နေပြည်တော်ရုံးများသာမက ရန်ကုန်ရုံးခွဲများပါ ကားစီးရေ ထောင်နှင့် ချီ၍ လိုင်စင်လာရောက် လျှောက်ထားသည်ကို တွေ့ရကြောင်း၊ ထိုအခြေအနေကိုကြည့်၍ ဈေးကွက်တွင်းရှိ ဝယ်/ရောင်းများမှ တက်နိုင်ခြေရှိကြောင်း ခန့်မှန်းပြီး စလစ်များ၊ လိုင်စင်များကြိုတင်စုဆောင်းခြင်းများရှိလာ သဖြင့် စလစ်ဈေးတက်သွားသလို ထိုအချိန်က ဒေါ်လာဈေးလည်း ၃၀ ခန့်တက်သွားကြောင်း၊ ၎င်းတို့မှန်းဆချက်အတိုင်း နှစ်ဆန်းပိုင်းတွင် ကားလေးများ ၅ သိန်းမှ ၇ သိန်းခန့်၊ အမြင့်ကားများ သိန်း ၂၀၊ ၂၅ သိန်းခန့်တက်လာကြောင်း တွေ့ရသဖြင့် ကန့်သတ်ချက်များလေလေ ကားဈေးမာလေလေဖြစ်တတ်သည့် သဘောဟု သုံးသပ်မိကြောင်း ၎င်းတို့ထင်မြင်ချက်အား ပြောပြသွားသည်။

စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့အတွက် ကားတင်သွင်း ခွင့်နှင့်ပတ်သက်သော ယခုနှစ်အတွက် ကန့်သတ်ချက်တစ်ခုမှာ ရန်ကုန်တိုင်းအတွင်းသာဖြစ်ခဲ့ကာ မြို့တွင်းတွင် ယာဉ်ကြောကျပ်တည်းမှုအခြေအနေပါ ထည့်သွင်းတွက်ချက်နေရသဖြင့် မတ်လနောက်ပိုင်းအပ်နှံရမည့် တက္ကစီများမှာ အခွန်သက်သာခွင့်မရတော့သဖြင့် ရုပ်ခံကောင်းမွန်ပြီး သုံးစွဲနိုင်သည့် အဆင့်ရှိသော တက္ကစီကားများမှာ အပ်နှံမှုမပြုတော့ဘဲ ပြန်လည်ပြင်ဆင်သုံးစွဲလာနိုင်ကြောင်း မြို့တွင်းသုံးတက္ကစီသိပ်သည်းဆအရ တက္ကစီများ ထူးထူးခြားခြားဈေးတက်မလာနိုင်ကြောင်း ၎င်းတို့မှသုံးသပ်ပြောသွားသည်။

**SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ကိုရိုလာဗင် (2002) | EE | ၁၁၅ သိန်း | (1 .5 စီစီ) |
| ၂။ | တိုယိုတာ၊ ကရောင်း (2002) | ယာယီ | ၁၅၅ သိန်း | (2 .0 စီစီ) |
| ၃။ | နီဆန်း(နုတ်) (2009) | ယာယီ | ၁၀၀ သိန်း | |
| ၄။ | ဟွန်ဒါဖစ် (2009) | ယာယီ | ၁၀၃ သိန်း | |
| ၅။ | ဟွန်ဒါ (စီအာဗီ) (99) | 5E | ၉၅ သိန်း | |
| ၆။ | ပါဂျဲရိုး (97) | ယာယီ | ၂၀၀ သိန်း | 2 .8 ဒီဇယ် |
| ၇။ | ဆပ်(ဖ်) (97) | 9D | ၁၅၀ သိန်း | |
| ၈။ | ပရိုဘောက် (2009) | ယာယီ | ၈၆ သိန်း | 1.3 |
| ၉။ | အေဒီဗင် (2008) | ယာယီ | ၇၆ သိန်း | 1.2 |

**SN**

## သင့်ကျန်းမာရေး

# ယောကျ်ားလေးများ လိုင်တံထိပ်ဖူး ဖြတ်သင့်၊ မသင့်

ဒေါက်တာလွင်သန့်

ယောကျ်ားမှန်ရင် လိုင်တံထိပ်ဖြတ်ရတဲ့ အလေ့အကျင့်ကို အစ္စလာမ်မစ်ဘာသာကိုးကွယ်သူတွေမှာ ဖြတ်လေ့ဖြတ်ထရှိပေမယ့်၊ အခြားဘာသာဝင်တွေက ရောဂါရှိပါမှ ဖြတ်လေ့ရှိကြတယ်။

လိုင်တံထိပ်ဖူး ဖြတ်ခြင်း၊ မဖြတ်ခြင်းမှာ ကောင်းကွက်၊ ဆိုးကွက်များ ရှိနိုင်ပါတယ်။ ကောင်းကွက်က များတယ်။ လိုင်တံထိပ်ဖူးဖြတ်ခြင်းဖြင့် ဆီးလမ်းကြောင်းတစ်လျှောက် ရောဂါများ ဖြစ်တတ်ပါတယ်။ နီရဲနေခြင်း၊ ဆီးလောင်ခြင်း၊ ယားနာပေါက်ခြင်း၊ ဆီးကျဉ်၊ ဆီးကျန်ခြင်းနှင့် ဆီးလမ်းကြောင်းနှင့်ဆိုင်တဲ့လက္ခဏာများ ဖြစ်စေတယ်။

အသက်တစ်နှစ်အရွယ် ယောကျ်ားလေးများရဲ့ လိုင်တန်ဆာထိပ်မှာ အနာဖြစ်ရင်၊ ဆီးသွားရ ခက်ခဲတတ်တယ်။ ဆီးကြွင်း၊ ဆီးကျန်မှုတစ်ဆင့် အမိုးနီးယားဖြစ်ပေါ်ပြီး၊ ဒုက္ခပေးတတ်တယ်။ တစ်ခါတစ်လေ ကလေးရဲ့အတွင်းခံ၊ အဝတ်အစားပြုတ်လျှော်လို့ မပြီး၊ အနာကို ဇင့်အရည်လိမ်းဆေးလိမ်းကာ၊ တင်ချာရည်ဆေးလိမ်းတာ၊ လိင်တန်ဆာစိမ်တာ လုပ်ပေးသင့်တယ်။ ထပ်ခါမဖြစ်ရအောင် လိုင်တံထိပ်ဖူးဖြတ်ထားသင့်တယ်။ ဆီးလမ်းကြောင်းရောဂါအဓိကဖြစ်စေသည်မှာ ယောကျ်ားလေးများ လိုင်တံထိပ်ဖူး မဖြတ်ခြင်းကြောင့် ဖြစ်တယ်။

ကလေးများ မကြာခဏဆီးသွားခြင်း၊ ဆီးကျန်၊ ဆီးကျဉ်ခြင်းဖြစ်ပါက အဓိကလက်သည်မှာ လိုင်တံထိပ်ဖူးမပွင့်၍ဖြစ်တယ်။ ဆီးသွားနည်းနေတဲ့ ယောကျ်ားလေးကို လူကြီးက သိရှိလို့၊ နားလည်လို့၊ ဆေးရုံဆေးခန်းပြပြီး၊ လိင်တန်ထိပ်ဖူး ဖြတ်ပေးတတ်တယ်။ အမေရိကန်မှာ သမ္မတ ဘီလ်ကလင်တန်လက်ထက် (အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်နေ့) ဒီဇင်ဘာ ၁ ရက်နေ့ မိန့်ခွန်းမှာ ယောကျ်ားများရဲ့ လိင်တန်ဆာထိပ်ဖူးဖြတ်ခြင်းနဲ့ပတ်သက်ပြီး ပြောကြားသွားတယ်။ ယောကျ်ားသားများအနေဖြင့် လိင်တန်ထိပ်ဖူးဖြတ်ခြင်းဖြင့် အိမ်ထောင်ရေးဆင်ခြင်ကာ အစွမ်းသုံးဆက်ဆံခြင်းတို့ဟာ အေအိုင်ဒီအက်ရောဂါမဖြစ်အောင် ထိရောက်စွာ ကာကွယ်နိုင်တယ်လို့ ဆိုသွားတယ်။ ယောကျ်ားလိင်တန်ဆာဖြတ်ဖို့ဟာ၊ ဆွဲဆောင်စည်းရုံးရ ခက်နေသလောက်၊ မွတ်ဆလင်ကမ္ဘာမှာတော့၊ ထမင်းစား ရေသောက်လောက်ပဲ ရှိတော့တယ်။ တစ်သက်လုံး ကျန်းမာရေးအတွက် လိင်တန်ဆာထိပ်ဖူး ဖြတ်တောက်သင့်ကြောင်း ဆိုထားကြတယ်။

အချို့ကလေး၊ ယောကျ်ားလေးမှာ လိင်တန်ဆာထိပ် အရေပြားဟာ အပေါက်ကျဉ်းလို့၊ ဆီးထွက်နည်းတယ်။ တအားညှစ်ပါမှ နည်းနည်းစီသာကျတယ်။ တစ်စက်ချင်းဆိုသလို မပြီးစီးနိုင်ကျပြီး၊ အသာအယာလက်နဲ့ ချဲ့ပေးဖို့လိုတယ်။ ဆန္ဒရှိပါရင် ခွဲစိတ်ဖို့ ဆော်ဩသင့်ပါတယ်။

နွေရာသီကလေး ချွေးထွက် လွန်ကဲပြီး၊ ရေသောက်နည်းရင် ကလေးဆီးသွားနည်းတတ်တယ်။ ၁၂ နာရီကြာမှ တစ်ကြိမ်လောက် ဆီးသွားရင် ထွက်လာတဲ့ဆီးဟာ နီရဲနေတယ်။ ပူလောင် သလို ခံစားရတယ်။ ဖျားနာနေတယ်။ ကလေးနေမကောင်းရင် မိဘ အလုပ်အကိုင်ပျက်တယ်။ နွေရာသီမှာ ကလေးတစ်ခုခုဖြစ်ရင် လိုအပ်တဲ့ရေ တိုက်ကျွေးရမည့်အပြင်၊ ယောကျ်ားလေးများရဲ့ လိင်တံထိပ်ဖူးကို ပွင့်သွားအောင် လက်ဖြင့်ညင်သာစွာ ပွင့်စေသင့်တယ်။

မိမိကလေး ဆီးသွားပြီး၊ ပူစပ်နေခြင်းဟာ ဆီးလမ်းထဲရောဂါအချို့ ဝင်နေလို့ဖြစ်တယ်။ အချို့ကလေးဟာ မကြာခဏ ဆီးသွားတယ်။ ဆီးသွားတိုင်း မခံရပ်နိုင်အောင် ပူစပ်နေလို့ ငိုတယ်။ ကလေးရဲ့လိင်တံထိပ်ဖျားမပွင့်လို့ ဖြစ်နေရင် ခွဲစိတ်ပေးသင့်တယ်။ ဆရာဝန်က လို၊ မလို ဆုံးဖြတ်ပေးပါလိမ့်မယ်။

ဆီးလမ်းကြောင်းတစ်လျှောက် ပြင်ပမှ ရောဂါပိုးဝင်ရောက်ရင် ကလေးဟာ အဖျားတက်တတ်တယ်။ ယောကျ်ားလေးများ ဖျားနာရင်၊ ဆီးပေါက်မရကြောင်း၊ မိဘကို ပြောပြရမယ်။ ဆရာဝန်က ဆီးစစ်ကြည့်ကာ သွေးစစ်ကြည့်တာလုပ်ပြီး၊ အရေပြားလှီးဖြတ်ဖို့ ညွှန်ကြားရင်ဖြတ်ပစ်သင့်ပါတယ်။ ဆီးရောဂါကြောင့် ကုသမှုပေးရင် နောက်တစ်နှစ်ကြာ ပြန်စစ်ဆေးပေးသင့်ပါတယ်။

ယောကျ်ားလေးများ လိင်တံထိပ်ဖူးဖြတ်ရင် မကောင်းတဲ့အချက်က၊ ဒဏ်ရာဖြစ်လို့ နာကျင်ခြင်း၊ ဆီးသွားရခက်ခြင်း၊ အဖျားတက်ခြင်း၊ တစ်ပတ်ခန့် ရေချိုး ဆီးသွားခက်ခြင်း၊ ပိုးဝင်ခြင်းတို့ ဖြစ်တတ်တယ်။ လူပျိုဖော်ဝင်တာ စောတယ်။ မကောင်းတဲ့အချက်က နည်းပါးလို့၊ ယောကျ်ားလေးတိုင်း ဖြတ်ထားသင့်ပါတယ်။

## ကင်ဆာရောဂါဖြစ်ပွားခြင်းကို ကာကွယ်ပေးနိုင်အောင် ငါးကိုဘယ်လိုစားမလဲ

ကင်ဆာအများဆုံးဖြစ်ပွားတဲ့နေရာတွေက ရင်သား၊ ဆီးကြိတ်၊ သရက်ရွက်၊ အူမကြီး၊ အခြားအစာအိမ်နဲ့ အူလမ်းကြောင်းတို့ ဖြစ်ပါတယ်။ ရှေ့ပိုင်းလေ့လာမှုများအရ အင်ဇိုင်း Cyclooxygenase -2 ( Cox-2) ဟာ ကင်ဆာဖြစ်ပွားမှုကို ဟန့်တားနိုင်စွမ်းရှိပါတယ်။ အမေရိက Missouri Saint Lukes's ဆေးရုံမှ James နဲ့အဖွဲ့ဟာ နေ့စဉ်စားသုံးသောအစာတွင် Omega 3 ကို စားသုံးပေးခြင်းအားဖြင့် Cox-2 ကို ရရှိစေနိုင်ကြောင်း၊ ငါးနေ့တိုင်းစားပေးရုံသာမက အဆိုပါငါးရဲ့ သဘာဝ (ရေချို/ရေငန်)၊ တာရှည်ခံအောင် ပြုလုပ်ထားသည့်၊ ချက်ပြုတ်ထားသည့် စတဲ့ ချက်ပြုတ်မှု ငါးရဲ့လတ်ဆတ်မှုကလည်း အဓိကကျတယ်လို့ လေ့လာဖော်ထုတ် ထားကြပါတယ်။ ငါးကို ငါးခြောက်၊ ငါးပိ၊ ငါးဆားနယ်အဖြစ် စားသုံးခြင်းထက် ငါးအစိုကို ချက်ပြုတ်စား သောက်ခြင်း၊ စားသုံးရာမှာလည်း တစ်ပတ်လျှင် နှစ်ကြိမ်အထက် စားသုံးခြင်းအားဖြင့် ငါးဆီများ မိမိကိုယ်ခန္ဓာထဲတွင် လုံလုံလောက်လောက်ရှိနေပြီး ကင်ဆာဖြစ်ပွားမှုကို ဖယ်ရှားပေးနိုင်စေတယ်လို့ သုတေသီများက ဆိုပါတယ်။

**ရှင်ပါဂူ**

## အရက်အဆိပ်သင့်မှုကြောင့် အမေရိကန်နိုင်ငံတွင် နေ့စဉ် လူခြောက်ဦး သေဆုံးလျက်ရှိ



အရက်အဆိပ်သင့်မှုကြောင့် အမေရိကန်နိုင်ငံတွင် နေ့စဉ် လူခြောက်ဦး သေဆုံးလျက်ရှိကြောင်း ရောဂါ ထိန်းချုပ်ရေးနှင့်ကာကွယ်ရေးစင်တာ၏သတင်းထုတ်ပြန်ချက်ကို ကိုးကား၍ ကျန်းမာရေးဆိုင်ရာသတင်းများတွင် ဖော်ပြထားသည်။

အဆိုပါအစီရင်ခံစာတွင် အရက်အဆိပ်သင့်မှုကြောင့် အသက် ၃၅နှစ်မှ ၆၄နှစ်ကြားရှိ အရက်သောက်သုံးသူ ၇၆ ရာခိုင်နှုန်းမှာ သေဆုံးနေကြကြောင်းဖြင့် ဖော်ပြထားသည်။

ထို့ပြင် အမျိုးသားသုံးဦးအနက် လေးဦးမှာ ပွဲလမ်းသဘင် အခမ်းအနားများတွင် အရက်သောက်သုံးခြင်းကြောင့် သေဆုံးနေရကြောင်း၊ အရက်သောက်သုံးသူတစ်ဦးသည် အခမ်းအနားတစ်ခုလျှင် အရက်ရှစ်ခွက်နှုန်း သောက်သုံးခဲ့ကြသဖြင့် သေဆုံးကြရခြင်းဖြစ်သည်ဟု အဆိုပါအစီရင်ခံစာတွင် ဖော်ပြထား သည်။

အရက်ကို ပုံမှန်ထက်ပို၍ သောက်သုံးသူတို့သည် အသက်ရှူလမ်းကြောင်း ဆိုင်ရာဝေဒနာများ၊ နှလုံးခုန်နှုန်း မြင့်တက်ခြင်းနှင့် ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း စသည့် ဝေဒနာများကြောင့် သေဆုံးရခြင်းဖြစ်နိုင်သကဲ့သို့ တခြားသောအကြောင်းအရာများကြောင့်လည်း သေဆုံးနိုင်ကြောင်းဖြင့် ဖော်ပြထားသည်။

ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာမှ အရက်သောက်သုံးခြင်းဆိုင်ရာ သုတေသနအစီအစဉ်၏ ခေါင်းဆောင်တစ်ဦးဖြစ်သူ ဘော့ဘ် ဘရူဝါက "ကျွန်တော် တော်တော်လေးကို အံ့အားသင့်မိပါတယ်။ အရက်ကြောင့် သေဆုံးသူတွေရဲ့ အသက်အရွယ်တွေဟာ လူလတ်ပိုင်းအရွယ်တွေ ဖြစ်နေတာ တွေ့နေရပါတယ်။ ပွဲလမ်းသဘင်တွေ၊ အခမ်းအနားတွေမှာ အရက်ကို အလွန်အကျွံ သောက်သုံးမှုကိုလျှော့ချနိုင်မယ်၊ ထိန်းချုပ်နိုင်မယ်ဆိုရင်တော့ ခုလိုသေဆုံးမှုနှုန်းမြင့်တက်နေတာကို ထိန်းချုပ်နိုင်သလို အရက်အဆိပ်သင့်မှုကြောင့် သေဆုံးမှုနှုန်းကိုလည်း ထိန်းချုပ်နိုင်မှာ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

၂၀၁၀ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း ကောက်ယူရရှိသည့်အချက်အလက်များအရ အလာစကာပြည်နယ်တွင် အရက်သောက်သုံးမှုကြောင့် သေဆုံးရသည့် အရေအတွက်သည် လူဦးရေတစ်သန်း လျှင် ၄၆ ဒသမ ၅ဦးနှုန်းရှိနေပြီး အမြင့်ဆုံးအရေအတွက်ကို ရောက်ရှိနေပြီဖြစ်သည်ဟု ဆိုသည်။

## အာဟာရရှိအောင်စားသောက်ရာတွင် အမျိုးသားများထက် အမျိုးသမီးများက ပိုမိုနားလည်တတ်ကျွမ်းကြသည်ဟုဆို

ကနေဒါနိုင်ငံ၊ မွန်ထရီယယ်မြို့ရှိ မွန်ထရီယယ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏လေ့လာတွေ့ရှိချက်များအရ အမျိုးသားများ၏ အစားအစာစား သုံးမှုအလေ့အထသည် ဖင်းနေထိုင်သည့်ပတ်ဝန်းကျင်ရှိအလေ့အထများအတိုင်းသာ နေထိုင်စားသောက်လေ့ရှိကြကြောင်း၊ အမျိုးသမီးများမှာမူ ယင်းကဲ့သို့မဟုတ်ဘဲ ကျန်းမာရေးနှင့် လိုက်လျောညီထွေဖြစ်သည့်အစားအသောက်များကိုသာ စားသောက်တတ်ကြသည်ကို တွေ့ရှိခဲ့ရကြောင်းဖြင့်ဖော်ပြထားသည်။

"ကျွန်မတို့ရဲ့ လေ့လာတွေ့ရှိချက်တွေအရ အသီးအနှံတွေ၊ ဟင်းသီးဟင်းရွက်တွေကို ကျန်းမာရေးနဲ့ လိုက်လျောညီထွေဖြစ်အောင် စားသောက်ရာမှာ အမျိုးသမီးတွေက သာလွန်ပါတယ်"ဟု အဆိုပါသုတေသနအဖွဲ့၏ အဖွဲ့ခေါင်းဆောင် မစ္စခရစ္စတယ်လ်အမ်ကလေးက ပြောကြားခဲ့သည်။

အဆိုပါသုတေသနအဖွဲ့သည် ကနေဒါလူမှုအဖွဲ့အစည်းအတွင်း ကျန်းမာရေးဆိုင်ရာ လေ့လာရေးအဖွဲ့မှ ကောက်ယူရရှိသည့် အချက်အလက်များကို အခြေခံ၍လေ့လာခဲ့ကြခြင်းဖြစ်သည်။ ကနေဒါနိုင်ငံရှိ တိုရွန်တို၊ မွန်ထရီရယ်၊ ဗန်ကူးပါး၊ ကယ်လဂရီနှင့် အော့တဝါတို့တွင် နေထိုင်ကြသည့် ကနေဒါ နိုင်ငံသား ငါးသောင်းနီးပါး၏စားသောက်မှုပုံစံကို လေ့လာခဲ့ကြရမှာ အဆိုပါအချက်ကို တွေ့ရှိခဲ့ကြခြင်းဖြစ်သည်။

အဆိုပါသုတေသနပြုချက်များကို စူပါမားကက်များ၊ လက်လီဆိုင်များ၊ အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များရောင်းချသည့်ဆိုင်များ၊ စားသောက်ကုန်သိုလှောင်ရုံများမှရရှိသည့် အချက်အလက်များကို အခြေခံ၍ စဉ်းစားသုံးသပ်ခဲ့ကြခြင်းဖြစ်သည်ဟုဆိုသည်။ အမျိုးသားများသည် အသင့်စား အစားအသောက်များကိုသာ ခုံခုံမင်မင်စားသုံးတတ်ကြပြီး ကျန်းမာရေးနှင့် လိုက်လျောညီထွေဖြစ်သည့်အချက်များကို ထည့်သွင်းစဉ်းစားခြင်းမပြုကြောင်းဖြင့် သုတေသီများက ပြောကြားခဲ့သည်။

**မယ်သီတာ**

Vol: 15, No.2 Monday Jan 12 2015

## (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

### ၁၂-၁-၂၀၁၅ မှ ၁၈-၁-၂၀၁၅ ရက်နေ့ထိ


ဒေါ်မြတ်မြတ်အေး

(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေးအလုပ်အကိုင်များအနေဖြင့် အရှုပ်အထွေးပြဿနာများ ရင်ဆိုင်ကျော်လွှားရမှုများရှိနေတတ်သည်။ ငွေကြေးနှင့်ပတ်သက်သောလုပ်ငန်း အထူးသတိရှိသင့်သည်။ ဦးနှောက်ဉာဏ်အတွေးအခေါ်ကြံစည်မြော်မြင်နိုင်မှုအနေနှင့် ပုံမှန်အားကောင်းနေတတ်သည်။ ကျန်းမာရေးအနေဖြင့် အစားအသောက်ကြောင့် ဝမ်းဗိုက်ဥပဒ်ရှိတတ်သည်။ အချစ်ရေးတွင် ခင်မင်ရင်းနှီးမှုရှိရာမှ ချစ်သူစုံတွဲအဖြစ်ရရှိတတ်ပါသည်။

ယတြာ။ ကန်စွန်းဥနှင့် သာကူကြိုလှူပါ။



**တနင်္လာသားသမီးများအတွက်** စီးပွားရေးဆိုင်ရာ ဆက်ဆံရေး အလုပ်အကိုင် အဆက်အသွယ်များ ကောင်းမွန်နေတတ်ပါသည်။ ခရီးသွား လာရေးလုပ်ငန်းများ အကျိုးဖြစ်ထွန်းနေတတ်ပါသည်။ ပညာရှာသူအနေဖြင့်ပညာသင်ကြားခွင့် အထောက်အပံ့များ ကံကောင်းမှုရှိမည်။ အချစ်ရေးတွင်တစ်ဦးနှင့်တစ်ဦး သဘောထားညီညွတ်မှုများတတ်ပြီး သာယာလှပသောချစ်သူစုံတွဲအဖြစ်ကို ရရှိတတ်ပါသည်။ ကျန်းမာရေး ထာဝရထိန်းထားနိုင်ပါလိမ့်မည်။

ယတြာ။ ဆန်ငွင်းမကင်းလှူပါ။



**အင်္ဂါသားသမီးများအတွက်** အလုပ်အကိုင် အခွင့်အလမ်းများ နေရာထိုင်ခင်း၊ အိမ်၊ ခြံ၊ မြေအိုးအိမ်၊ တိုက်တာများ အဆင်ပြေပြီး အကျိုးပေး ကောင်းနေတတ်ပါသည်။ စွန့်စားလုပ်ကိုင်ရသော လုပ်ငန်းများမှ အောင်မြင်မှုရရှိလိမ့်မည်။ ပညာရေးဉာဏ် ထူးခြားနေတတ်သည်။ ကျန်းမာရေးတွင် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာသော်လည်း ခန္ဓာကိုယ်တွင် သွေး၊ လေ၊ အကြော၊ အရိုးတို့နှင့်ပတ်သက်သောဝေဒနာ များခံစားရမှုရှိတတ်ပါသည်။ အချစ်ရေးတွင် နှလုံးသားရေး အတွေးနယ်ကျယ်နေတတ်ပါသည်။

ယတြာ။ ပုသိမ်ဟလဝါလှူပါ။



**ဗုဒ္ဓဟူးသားသမီးများအတွက်** သူတစ်ပါးနှင့် လုပ်ငန်းချင်းတူနေသည့်တိုင် မိမိက သာလွန်ကောင်းမွန်နေတတ်သည်။ ဉာဏ်ပညာကွန့်မြူး၍ လုပ်ရသောအလုပ်များကို ဝါသနာပါရှိနေတတ်ပြီးလွယ်ကူစွာပြီးမြောက် အောင်မြင်မှုရရှိလိမ့်မည်။ ပန်းချီပညာ၊ ဆေးရောင်ခြယ်ခြင်း၊ ပညာကဗျာလင်္ကာစပ်ဆိုသောပညာများတွင် ထူးချွန်နေတတ်ပါသည်။ စီးပွားရေးတွင် ပညာဖြင့် ထင်ပေါ်ကျော်စောမှုရှိနေလိမ့်မည်။ ကျန်းမာရေးကောင်းမွန်နေတတ်ပါသည်။ အချစ်ရေးတွင် အပြိုင်အဆိုင်နှင့် စွန့်စားရသောကိစ္စများတွင် အောင်မြင်လိမ့်မည်။

ယတြာ။ နာနတ်ယိုလှူပါ။



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေး အလုပ်အကိုင်များ အနေနှင့် ဦးနှောက်ဉာဏ်အတွေးအခေါ်ကြံစည်မှုပုံမှန်ရှိနေမည်။ ငွေကြေးစုဆောင်းနိုင်မှုတည်တံ့မှု ငွေကြေးလည်ပတ်မှုအနေနှင့် ထွက်ငွေများသော်လည်း ဝင်ငွေကလည်း အခက်အခဲကို ဖြည့်ဆည်းပေးသည့်သဘော ရှိနေတတ်ပါသည်။ ကျန်းမာရေး သင့်တင့်မှုရှိနေမည်။ အချစ်ရေးတွင် ဆန္ဒစောနေလိမ့်မည်။

ယတြာ။ ပြောင်းဖူးပေါက်ပေါက်လှူပါ။



**သောကြာသားသမီးများအတွက်** အရာအားလုံးကောင်းသည်ဟု မပြောနိုင်ပေမယ့် အများအားဖြင့်ကောင်းသည့်သဘော ရှိနေတတ်ပါသည်။ နေရာ အပြောင်းအရွှေ့ ရာထူးတိုးခြင်း၊ လခတိုးခြင်း၊ လုပ်ငန်းတိုးချဲ့ခြင်းများလည်း ရှိလာတတ်ပါသည်။ ပညာရေးနှင့်ပတ်သက်၍ကံကောင်းမှုများ၊ ပညာသင်ခွင့်များကြုံလာမည်။ ကျန်းမာရေးအနေဖြင့် သွေးတိုး၊ ဆီးချိုရောဂါတို့ ဖြစ်တတ်ပါသည်။ ကိုယ်လက်လှုပ်ရှားမှု များများလုပ်ပါက ရောဂါကင်းဝေးစေမည်ဖြစ်ပါသည်။ အချစ်ရေးတွင် ချစ်သူများ ဝန်းရံနေတတ်ပါသည်။ ဆုံးဖြတ်ချက်ချရန် ခက်ခဲနေလိမ့်မည်။

ယတြာ။ ရွှေရင်အေးလှူပါ။



**စနေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများ အောင်မြင်မလိုလိုနှင့် ကြန့်ကြာမှုများ ရှိနေတတ်ပါသည်။ လုပ်ငန်းခွင်တွင် အမြင်စောင်းမှုများ အမြင်မကြည်လင်မှုများ ရှိနေခြင်းကြောင့် လုပ်ငန်းရွှေ့သို့လှမ်းရန် အခက်အခဲရှိနေတတ်ပါသည်။ ဉာဏ်ပညာအနေဖြင့် တီထွင်မှုလုပ်ငန်းပညာကျွမ်းကျင်လိမ့်မည်။ ကျန်းမာရေးတွင် အကြောဝေဒနာ ထုံကျင်ကိုက်ခဲသောဝေဒနာ ခံစားရနေတတ်သည်။ အချစ်ရေးတွင် ချစ်သူဟောင်းနှင့် ပြန်လည်တွေ့ဆုံရတတ်သည်။

ယတြာ။ နို့အေးတိုက်ကျွေးလှူဒါန်းပါ။

## မြေသြဇာနဲ့ စိုက်ပျိုးရေးဆေး၊ ဓာတ်မြေသြဇာများ တရားမဝင် တင်သွင်းမှု မရှိစေရေး ပိုမိုတင်းကြပ်စွာစစ်ဆေးတားမြစ်သွားမည်

ပြည်ထောင်စု ကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီရဲ့ ကုန်စည်ထုတ်လုပ်မှု၊ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးနဲ့ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ၄/၂၀၁၄ ကြိမ်မြောက် အစည်းအဝေးမှ တရားမဝင်မြေသြဇာနဲ့ စိုက်ပျိုးရေးဆေးများ တင်သွင်းမှုကို တရုတ်နယ်စပ်မှာ ကြပ်မတ်စစ်ဆေးသကဲ့သို့ ထိုင်းနယ်စပ်မှာလည်း ပိုမိုတင်းကျပ်စွာ တားမြစ်ပေးရန် ဆွေးနွေးဆုံးဖြတ်ထားခြင်းနဲ့စပ်လျဉ်းပြီး ဓာတ်မြေသြဇာ စိုက်ပျိုးရေးဆေးများ တင်သွင်းလိုပါက ဓာတ်မြေသြဇာကော်မတီ၊ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနရဲ့ ထောက်ခံချက်ပါရှိမှသာ တင်သွင်းခွင့်ပြုထားကြောင်း၊ တင်သွင်းရာမှာလည်း ထောက်ခံချက်ပါအရည်အသွေး၊ အရေအတွက်၊ စံချိန်စံညွှန်းနဲ့ ကိုက်ညီမှု ရှိ၊ မရှိ သေချာစွာ စစ်ဆေးရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေးဆေးများဟာ အမျိုးအမည် အခေါ် များပြားတဲ့အတွက် ပစ္စည်းတင်သွင်းမှုရှိလာပါက မိတ်ဖက်ဌာနတစ်ခုဖြစ်တဲ့ စိုက်ပျိုးရေးဌာနအား အကြောင်းကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မြဝတီ နယ်စပ်ကုန်သွယ်ရေးဇုန်စခန်း တာဝန်ခံက ဒီဇင်ဘာလ အတွက် ပြုလုပ်တဲ့ ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးမှာ ကုန်သည်များကို အသိပေးပြောကြား ခဲ့တာဖြစ် ပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်အတွင်း ဖြတ်သန်းသွားလာသော အိမ်စီးကားများ၊ ဒေသသုံးကားများ၊ မှန်လုံယာဉ်များနဲ့ စိုက်ပျိုးရေးသုံးဆေးများ တရားမဝင်ဖြတ်သန်းသွားလာမှုမရှိအောင် စစ်ဆေးစိစစ်ပေးရန် လိုကြောင်း၊ စိုက်ပျိုးရေးဆေးများသည် ပမာဏသေးငယ်သော်လည်း မြေပြင်တွင် စျေးနှုန်းကြီးမားပါကြောင်း ထည့်သွင်းပြောကြားခဲ့တယ်လို့ သိရပါတယ်။

MIRT (DCCA)

## မြန်မာ့အကြိုက် တရုတ်ကာနေးရှင်းပန်း အဝယ်လိုက်

မြန်မာ- တရုတ်နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုဖြစ်တဲ့ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ နောက်ဆုံးပတ်မှာ ကန်ဒေါ်လာ ၆၈၁၀ တန်ဖိုးရှိ ကာနေးရှင်းပန်းရောင်စုံကို တန်ချိန် ၄၀ ကျော် တင်သွင်းနိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ မိုးရာသီနဲ့ ဆောင်းရာသီလိုအချိန်မျိုးမှာ ကြာရှည်ခံပြီး အရောင်မျိုးစုံနဲ့ မျက်စိပသာဒ ကြည့်ရတာလှတဲ့ တရုတ်ကာနေရှင်းပန်းတွေကို မြန်မာပြည်သူတွေ အကြိုက်တွေ့နေတယ်လို့သိရပါတယ်။ ကာနေးရှင်းပန်းတွေကို နေ့စဉ်ကားစီးရေ ၄-၅ စီးနဲ့ ပုံမှန်တင်သွင်းနေတာပါ။ ဒီဇင်ဘာလ တစ်လလုံးမှာ တင်သွင်းခဲ့တဲ့ ကာနေရှင်းပန်း ၁၇၂ တန်ခွဲရှိတယ်လို့ မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းရဲ့ စာရင်းများအရ သိရပါတယ်။

မော်မော်အောင် MIRT (DCCA)



## ကဏန်း၊ ငါးရှဉ့် စျေးကောင်းရ၍ ပိုမိုတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်က ရေထွက်ကုန် အများအပြားတင်ပို့လျက်ရှိရာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်မှ ၂၀၁၅ ဇန်နဝါရီလ ၂ ရက်နေ့ထိမှာ ကန်ဒေါ်လာ ၂ ဒသမ ၅၁၄ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၁၂၃၀ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ရေထွက်ကုန်များကတော့ ကဏန်း ၄၀၂ တန်ကျော်၊ ငါးရှဉ့် ၄၈ တန်ကျော်၊ ရေခဲငါး ၁၄၆ တန်၊ ငါးမှုန့် ၁၆တန်ခွဲ၊ ငါးလေးခြောက် ၃၈၄ တန်ခန့်၊ ငါးဆားနယ် ၉၁ တန်၊ ငါးကြင်း/ငါးမြစ်ချင်းစီဖေါင်း ၈ တန်ခန့်၊ ကင်းမွန်ခြောက် ၇၂ တန်၊ ပုဇွန်ခြောက် ၄၈ တန်နဲ့ ငါးလိပ်ကျောက်/ငါးပူတင်းရေခွံခြောက် ၆ တန်စီဖြစ်ကြပါတယ်။

ယခုသီတင်းပတ်မှာ ကဏန်းနဲ့ ငါးရှဉ့် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်ထက် ကဏန်း ၁၄၉ တန် နဲ့ ငါးရှဉ့်ကို ၄ တန်ခန့် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ကဏန်း၊ ငါးရှဉ့် အပို့ ပိုမိုသလိုစျေးကောင်းလည်းရရှိနေပါတယ်။ ယခုတစ်ပတ်မူဆယ် ကုန်စည်ဒိုင်မှာဖြစ်ပေါ်နေတဲ့ ငါးရှဉ့်၊ ကဏန်းစျေးများကို ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ် ဖော်ပြပေးလိုက်ပါတယ်။

| | မိမိဘက် (ကျပ်/တန်) | | | | တစ်ဖက်နိုင်ငံ(ဒေါ်လာ/တန်) | | | |
|---|---|---|---|---|---|---|---|---|
| | ယခု | ယခင် | ပြောင်းလဲမှု | ရာခိုင်နှုန်း | ယခု | ယခင် | ပြောင်းလဲမှု | ရာခိုင်နှုန်း |
| ငါးရှဉ့် | ၆၃၀၈၀၀၀ | ၄၆၇၆၀၀၀ | ၁၆၃၂၀၀၀ △ | ၂၆ | ၆၁၂၄ | ၄၄၉၉ | ၁၆၂၅ △ | ၂၆ |
| ကဏန်း | ၃၇၀၄၂၂၂ | ၂၇၈၃၃၇၉ | ၁၀၂၀၈၃၃ △ | ၂၇ | ၃၆၉၃ | ၂၆၇၈ | ၁၀၁၅ △ | ၂၇ |

ယဉ်ယဉ်အေး MIRT (DCCA)

## မြန်မာ့ လက်ဖက်ခြောက် အရောင်းသွက်

၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်း ကန်ဒေါ်လာ ၁၅၃၃၄ တန်ဖိုးရှိ လက်ဖက်ခြောက် ၃၇ တန်ကို မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်မှ တစ်ဆင့် တရုတ်ပြည်ကို တင်ပို့ခဲ့ပါတယ်။ အနီးစပ်ဆုံးနိုဝင်ဘာလမှာ ၁၆ တန် တင်ပို့ခဲ့ပြီး ယမန်နှစ်ကာလတူမှာတော့ ၁၆ တန်ခွဲတင်ပို့ခဲ့တာတွေ့ရပါတယ်။

မြန်မာနိုင်ငံတွင် လက်ဖက်ကို ရှမ်းပြည်နယ် အရှေ့ပိုင်းနဲ့ မြောက်ပိုင်းတို့တွင် အများဆုံးစိုက်ပျိုးကြပြီး တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံတွေကို တင်ပို့ရောင်းချကြတာလို့ သိရပါတယ်။

မော်မော်အောင် MIRT (DCCA)

# မြို့ကြီးများ၏ ၁၂-၁-၂၀၁၅ မှ ၁၆-၁-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၂-၁-၂၀၁၅) | အင်္ဂါ(၁၃-၁-၂၀၁၅) | ဗုဒ္ဓဟူး(၁၄-၁-၂၀၁၅) | ကြာသပတေး(၁၅-၁-၂၀၁၅) | သောကြာ(၁၆-၁-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | တိမ်အသင့်အတင့် ၂၉°C/၈၅°F | တိမ်အသင့်အတင့် ၂၉°C/၈၅°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၇°F |
| ရန်ကုန်မြို့ | တိမ်အသင့်အတင့် ၂၇°C/၈၁°F | ၇၀% ၂၆°C/၇၈°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၂°C/၉၀°F |
| မန္တလေးမြို့ | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၄°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၁°C/၈၇°F |
| မြစ်ကြီးနား | နေသာ ၂၅°C/၇၇°F | နေသာ ၂၅°C/၇၇°F | နေသာ ၂၆°C/၇၈°F | နေသာ ၂၆°C/၇၈°F | နေသာ ၂၆°C/၇၈°F |
| လားရှိုး | နေသာ ၂၀°C/၆၉°F | တိမ်အသင့်အတင့် ၁၉°C/၆၇°F | ၃၀% ၂၀°C/၆၉°F | တိမ်အသင့်အတင့် ၂၂°C/၇၂°F | တိမ်အသင့်အတင့် ၂၃°C/၇၄°F |
| ကျိုင်းတုံ | ၄၀% ၂၀°C/၆၉°F | ၇၀% ၁၉°C/၆၇°F | တိမ်အသင့်အတင့် ၂၀°C/၇၀°F | တိမ်အသင့်အတင့် ၂၄°C/၇၅°F | တိမ်အသင့်အတင့် ၂၅°C/၇၇°F |
| လွိုင်ကော် | ၄၀% ၁၉°C/၆၇°F | ၅၀% ၁၈°C/၆၄°F | တိမ်အသင့်အတင့် ၁၉°C/၆၇°F | နေသာ ၂၃°C/၇၄°F | နေသာ ၂၄°C/၇၆°F |
| တောင်ငူ | တိမ်အသင့်အတင့် ၂၉°C/၈၄°F | တိမ်အသင့်အတင့် ၂၉°C/၈၄°F | တိမ်အသင့်အတင့် ၂၉°C/၈၅°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၈°F |
| မော်လမြိုင် | တိမ်အသင့်အတင့် ၂၆°C/၇၈°F | တိမ်အသင့်အတင့် ၂၇°C/၈၁°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၉၀°F |
| ဘားအံ | ၄၀% ၂၅°C/၇၇°F | ၅၀% ၂၆°C/၇၉°F | နေသာ ၂၉°C/၈၄°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၂°C/၈၉°F |
| တောင်ကြီး | ၆၀% ၁၆°C/၆၁°F | ၄၀% ၁၇°C/၆၃°F | တိမ်အသင့်အတင့် ၁၉°C/၆၆°F | နေသာ ၂၀°C/၆၉°F | နေသာ ၂၀°C/၆၉°F |
| မုံရွာ | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F | နေသာ ၃၀°C/၈၆°F |
| ပုသိမ် | ၅၀% ၂၉°C/၈၅°F | ၆၀% ၂၈°C/၈၂°F | တိမ်အသင့်အတင့် ၃၁°C/၈၇°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F |
| မြိတ် | တိမ်အသင့်အတင့် ၃၁°C/၈၈°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F |
| စစ်တွေ | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၈°C/၈၂°F |
| မကွေး | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၈၉°F |
| ဖလမ်း | နေသာ ၁၇°C/၆၂°F | တိမ်အသင့်အတင့် ၁၇°C/၆၃°F | တိမ်အသင့်အတင့် ၁၈°C/၆၅°F | နေသာ ၁၉°C/၆၇°F | နေသာ ၁၉°C/၆၇°F |



## ဩစတြေးလျနိုင်ငံ တောင်ပိုင်းဒေသများတွင် အပူလှိုင်းကျရောက်မှုကြောင့် တောမီးများ လောင်ကျွမ်း

ဩစတြေးလျနိုင်ငံ တောင်ပိုင်းဒေသများတွင် အပူလှိုင်းကျရောက်မှုကြောင့် တောမီးများလောင်ကျွမ်းလျက်ရှိရာ တောမီးလောင်ကျွမ်းမှုသည် ဇန်နဝါရီ ၇ ရက်တွင် ပိုမိုကြီးမားလာခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားခဲ့သည်။

ဩစတြေးလျတောင်ပိုင်း မီးသတ်ဌာနက အပူချိန်သည် ၃၈ ဒီဂရီဆဲလ်ဆီးယပ်စ်သို့ ရောက်ရှိခဲ့ရာ Adelaide Hill ဒေသတစ်ဝိုက်တွင်တောမီးလောင်ကျွမ်းမှုမှာ ၈၅ရာခိုင်နှုန်းအထိ ရောက်ရှိလာခဲ့ကြောင်းဖြင့် ပြောကြားခဲ့သည်။

မီးလောင်ကျွမ်းရာ ဒေသများသို့ မီးသတ်သမားပေါင်း ၅၀၀ ကျော် ရောက်ရှိနေပြီး မီးငြိမ်းသတ်လျက်ရှိကြောင်း သိရသည်။ တောမီးလောင်ကျွမ်းမှုကြောင့် Adelaide အရှေ့ပိုင်းရှိ Lofty Ranges တောင်တန်းဒေသများရှိ မြေလွတ်မြေရိုင်းများနှင့်လယ်မြေဧကေဟက်တာပေါင်း ၁၂၅၀၀ မှာ မီးလောင်ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

ထို့ပြင် ယခုတစ်ပတ်အတွင်းတွင် မီးလောင်ကျွမ်းမှုကြောင့် လူနေအိမ် ၃၈ လုံး အပါအဝင် အဆောက်အအုံပေါင်း ၁၆၇လုံး ဆုံးရှုံးခဲ့ရကြောင်း သိရသည်။ မီးလောင်ကျွမ်းမှုကြောင့် ဩစတြေးလျအာမခံလုပ်ငန်းအနေဖြင့် မီးအာမခံကြေး ဩစတြေးလျဒေါ်လာ ၁၃သန်း(အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၅သန်း) ပေးလျော်ရမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် Adelaide Hill ဒေသနှင့် ကပ်လျက်ရှိသည့် ဝိတိုရိယပြည်နယ်တွင်လည်း အပူချိန်များ မြင့်တက်လျက်ရှိရာ ဒေသခံများမှာ တောမီးများ လောင်ကျွမ်းမည်ကို စိုးရိမ်လျက်ရှိပြီး သတိပြုနေထိုင်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

ဩစတြေးလျနိုင်ငံသည် အပူဆုံးလများတွင် တောမီးများ လောင်ကျွမ်းလေ့ရှိရာ မကြာသေးမီနှစ်များကလည်း အဆိုးရွားဆုံးသော တောမီးလောင်ကျွမ်းမှုများဖြစ်ပေါ်ခဲ့သည်။ ၂၀၀၉ ခုနှစ်က ဝိတိုရိယပြည်နယ် တောင်ပိုင်းဒေသများတွင် တောမီးလောင်ကျွမ်းမှုများကြောင့် လူပေါင်း ၁၇၃ ဦးသေဆုံးခဲ့ရပြီး လူပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

## အိန္ဒိယနိုင်ငံ ပန်ဂျပ်နှင့် ဟာရာနာပြည်နယ်တို့တွင် အပူချိန်များ စံချိန်တင်ကျဆင်း နှင်းများထူထပ်စွာ ကျရောက်မှုကြောင့် လေကြောင်းခရီးစဉ်များ ဖျက်သိမ်းခဲ့ရ

အိန္ဒိယနိုင်ငံပန်ဂျပ်ပြည်နယ်နှင့် ဟာရာနာပြည်နယ်တို့တွင် အပူချိန်များစံချိန်တင်ကျဆင်းလျက်ရှိပြီး နှင်းများထူထပ်စွာကျရောက်နေမှုကြောင့် လေကြောင်းခရီးစဉ်များ ဖျက်သိမ်းခဲ့ရသလို ရထားခရီးစဉ်များလည်း နှောင့်နှေးခဲ့ရကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက သတင်းထုတ်ပြန်ခဲ့သည်။ ထို့ပြင် အအေးလှိုင်းများဖြတ်သန်းတိုက်ခတ်လာမှုကြောင့် အပူချိန်များ စံချိန်တင် ကျဆင်းရခြင်းဖြစ်ကြောင်း၊ အပူချိန်သည် ၂ ဒသမ ၃ ဒီဂရီဆဲလ်ဆီးယပ်စ်အထိ ကျဆင်းလျက်ရှိပြီး အဆိုပါအပူချိန်သည် စံချိန်တင်ကျဆင်းခြင်းပင်ဖြစ်ကြောင်း အိန္ဒိယမိုးလေဝသဌာနမှ ထုတ်ပြန်ကြေညာခဲ့သည်။

နှင်းများထူထပ်စွာကျရောက်နေမှုကြောင့် စစ်တကောင်းပြည်နယ်မှ ထွက်ခွာမည့်ခရီးစဉ်များအားလုံးကိုရပ်ဆိုင်းထားရကြောင်း၊ ရထားခရီးစဉ်များမှာလည်း ပုံမှန်အချိန်အတိုင်း ထွက်ခွာနိုင်ခြင်းမရှိဘဲ နောက်ကျပြီးမှထွက်ခွာရသည့်အတွက် ဘူတာရုံများတွင် ရထားစီးခရီးသည်များစုပြုံနေကြောင်းဖြင့် စစ်တကောင်းပြည်နယ်မှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။ ထို့ပြင် ဥတ္တရာပရာဒေ့ရှ်ပြည်နယ်တွင်လည်း ဆီးနှင်းများ ထူထပ်စွာကျရောက်ခဲ့ပြီး အအေးလွန်ကဲမှုကြောင့် အသက် ၆၀ ခန့်ရှိ အဘိုးအိုတစ်ဦးသေဆုံးခဲ့ရကြောင်း GGS သတင်းတွင်ဖော်ပြထားသည်။

မြို့တော်ဒေလီတွင်လည်း အပူချိန်များကျဆင်းလျက်ရှိရာ အနိမ့်ဆုံးအပူချိန်သည် ၆ ဒသမ၄ဒီဂရီဆဲလ်ဆီးယပ်စ် အထိကျဆင်းလျက်ရှိပြီး အမြင့်ဆုံးအပူချိန်မှာမူ ၁၃ ဒသမ ၁ ဒီဂရီဆဲလ်ဆီးယပ်စ်သာရှိကြောင်းဖြင့် အိန္ဒိယမိုးလေဝသဌာနက ထုတ်ပြန်ကြေညာခဲ့သည်။ ကက်ရှ်မီးယားတောင်ကြားမှ တိုက်ခတ်လာသည့် လေအေးစီးကြောင်းသည် အိန္ဒိယနိုင်ငံအတွင်းသို့ရောက်ရှိလာခဲ့ကာ နိုင်ငံတစ်ဝန်းအပူချိန်များ ကျဆင်းလာရခြင်းဖြစ်သည်ဟုဆိုသည်။

Domestic Sport News
Vol: 15, No.2 Monday Jan 12 2015

# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ Charity Cup 2015 အား ရောဝတီယူနိုက်တက်အသင်း ဆွတ်ခူး

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် MFF Charity Cup 2015 ပြိုင်ပွဲကို ၂၀၁၅ခုနှစ် ဇန်နဝါရီ ၃ ရက်က ရန်ကုန်မြို့ အောင်ဆန်းကစားပြိုင်ဝင်းတွင် ကျင်းပခဲ့သည်။




အဆိုပါပြိုင်ပွဲတွင် ရောဝတီယူနိုက်တက်အသင်းက ရတနာပုံအက်ဖ်စီအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူကာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ MFF Charity Cup 2015 ဖလားကို ဆွတ်ခူးရယူသွားခဲ့သည်။

ယင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ရောဝတီယူနိုက်တက်အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်း နှစ်သင်းစလုံးမှာ ယခုနှစ်ဘောလုံးရာသီတွင် အာရှအဆင့် ကလပ်အသင်းပွဲစဉ်များ ကစားရမည်ဖြစ်သောကြောင့် အသစ် ထပ်မံခေါ်ယူအားဖြည့်ထားသည့် ပြည်တွင်း၊ ပြည်ပ ကစားသမားများ၊ ခြေစွမ်းစမ်းသပ်ခံ ကစားသမားများအား ထည့်သွင်းကစားခဲ့ကြသည်။

နှစ်သင်းစလုံးမှာ ခြေစွမ်းနှင့် ကစားကွက်တို့ မကွာခြားလှသဖြင့် ပထမပိုင်း တစ်ပိုင်းလုံး ဂိုးမရှိ သရေ ရလဒ်ဖြင့်သာ ပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းပွဲချိန် ၅၇မိနစ်တွင် ရောဝတီအသင်း ပင်နယ်တီကန်သွင်းခွင့်ရရှိခဲ့ရာယင်းပင်နယ်တီကိုရောဝတီအသင်း၏ ကျောန်ပါတ် ၂၉ နက်မော့ဗ်ရစ်စတာက အမှားအယွင်းမရှိ ကန်သွင်းခဲ့သဖြင့် ရောဝတီအသင်း အဖွင့်ဂိုးရရှိခဲ့သည်။နောက်ပိုင်းတွင် နှစ်သင်းစလုံး ဂိုးသွင်းနိုင်ခြင်းမရှိတော့သဖြင့် ရောဝတီယူနိုက်တက်အသင်းက တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိကာ MFF Charity Cup 2015 ဖလားကို ရရှိသွားခဲ့သည်။

ပွဲအပြီးတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ကျပ် ၃၅သိန်း၊ ရောဝတီယူနိုက်တက်အသင်းပိုင်ရှင် ဦးဇော်ဝင်းရှိန်က ကျပ်သိန်း ၂၀၊နေပြည်တော်အသင်းပိုင်ရှင် ဦးဖြိုးကိုကိုတင့်ဆန်းက ကျပ် ၁၅သိန်း၊ ရန်ကုန်ယူနိုက်တက်အသင်းဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇက ကျပ် ၁၅ သိန်း၊ ရောဝတီယူနိုက်တက်အသင်းက ကျပ် ၁၅သိန်း၊ စုစုပေါင်းကျပ်သိန်း၁၀၀ ကို သာကေတ မဟာဂန္ဓာရုံမူလတန်းလွန် ဘုန်းတော်ကြီးကျောင်း၊ လှိုင်မေတ္တာဝါဒီပရဟိတကျောင်း၊ ကျိုက်ဝိုင်းပရဟိတကျောင်းနှင့် ဝါးရုံပင်ဖောင်ဒေးရှင်းတို့အား ကျပ် ၂၅ သိန်းစီ ခွဲဝေလှူဒါန်းခဲ့ကြကြောင်း သိရသည်။

# မြန်မာနေရှင်နယ်လိဂ်-၂ပြိုင်ပွဲတွင် ဖုန်ကန်အက်ဖ်စီအသင်း ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်လျက်ရှိ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဦးဆောင်ကျင်းပလျက်ရှိသည့်မြန်မာနေရှင်နယ်လိဂ်-၂ပြိုင်ပွဲသို့ ရဝမ်လူမျိုးများတည်ထောင်မည့် ဖုန်ကန်အက်ဖ်စီအသင်း ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်လျက်ရှိကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ သိရသည်။

အဆိုပါအသင်းသည် မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ညှိနှိုင်းခဲ့ခြင်းဖြစ်ပြီး ဘောလုံးအသင်းတည်ထောင်ရန်လိုအပ်သည့်အချက်များ ရှိမရှိကို ထပ်မံဆွေးနွေးရဦးမည်ဖြစ်ကြောင်း သိရသည်။

ရဝမ်လူမျိုးများတည်ထောင်မည့် ဖုန်ကန်အက်ဖ်စီအသင်းသာ ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပါက မြန်မာနေရှင်နယ်လိဂ်တွင် မနောမြေအသင်းနှင့်အတူ ကချင်ပြည်နယ်ကိုယ်စားပြုကလပ်အသင်းနှစ်သင်း ရှိလာမည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲများကို ဇန်နဝါရီလ ဒုတိယပတ်တွင် ကျင်းပရန် စီစဉ်နေပြီဖြစ်ရာ ၂၀၁၄ ခုနှစ်ဘောလုံးရာသီတွင် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲမှ တန်းဆင်းခဲ့သည့် GFA၊ ဆောက်သမ်းမြန်မာအသင်းတို့နှင့်အတူ မြဝတီ၊ ဒဂုံ၊ Horizon၊ မောရဝတီ၊ ငွေကြယ်ပွင့်လေးများနှင့် Best United အသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

၂၀၁၄ ခုနှစ် မြန်မာနေရှင်နယ်လိဂ်-၂ပြိုင်ပွဲတွင် ဟံသာဝတီယူနိုက်တက်အသင်းက ဗိုလ်စွဲခဲ့ပြီး ရခိုင်ယူနိုက်တက်အသင်းမှာလည်း ဟံသာဝတီ-အသင်း နှင့်အတူ တန်းတက်ခွင့်ရရှိခဲ့သည်။



# မြန်မာယူ-၂၀ အသင်း တူရကီဖိတ်ခေါ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည်

ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိထားသည့် မြန်မာယူ-၂၀ အသင်းသည် တူရကီဖိတ်ခေါ်ဘောလုံးပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တူရကီဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို လာမည့်ဖေဖော်ဝါရီလအတွင်း ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲတွင် အသင်းပေါင်းခြောက်သင်းအထိ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ ဒီပြိုင်ပွဲမှာ အသင်းပေါင်း ခြောက်သင်းလောက် ပါဝင်ယှဉ်ပြိုင်မယ်လို့ သိရပါတယ်။ ယူကရိန်း ယူ-၂၀ အသင်းလည်းပါဝင်ယှဉ်ပြိုင်မယ်လို့သိရပါတယ်။ မြန်မာယူ-၂၀ အသင်းကတော့ ပုံမှန်အတိုင်း လေ့ကျင့်မှုတွေ ပြုလုပ်နေပါတယ်"ဟုမြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြန်မာယူ-၂၀ ဘောလုံးအသင်းသည် အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပမည့် မာရာဟာလင်ဖလားဖိတ်ခေါ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားခဲ့သော်လည်း အဆိုပါပြိုင်ပွဲမှာ မကျင်းပဖြစ်တော့သဖြင့် ယခုပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန်စီစဉ်ရခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၅ ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို မေ ၃၀ ရက်မှ ဇွန် ၂၀ရက်အထိ နယူးဇီလန်တွင် ကျင်းပမည်ဖြစ်သည်။

# စီအက်စ်ကေအေဆိုဖီယာနည်းပြဟောင်း မီဒရက်ဂျက်ဆစ်အား ရန်ကုန်ယူနိုက်တက်အသင်း စာချုပ်ချုပ်ဆို ခေါ်ယူ ၂၀၁၅ ဘောလုံးရာသီအတွက် စပွန်ဆာမိတ်ဆက်ပွဲကျင်းပ

ရန်ကုန်ယူနိုက်တက် အသင်းသည် ဘူလ်ဂေးရီးယားကလပ် အသင်းတစ်သင်းဖြစ်သည့် စီအက်စ်ကေအေဆိုဖီယာအသင်းမှ နည်းပြဟောင်းတစ်ဦးဖြစ်သည့်မီဒရက်ဂျက်ဆစ်အား နည်းပြချုပ်အဖြစ် စာချုပ်ချုပ်ဆို ခေါ်ယူခဲ့ကြောင်း သိရသည်။

အသက် ၅၆နှစ်အရွယ်ရှိမီဒရက်ဂျက်ဆစ်သည် ယူဂိုဆလားဗီးယားလက်ရွေးစင် ကစားသမားဟောင်းတစ်ဦးဖြစ်ပြီး ၁၉၉၂ ခုနှစ်မှစတင်ကာ နည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

ဂျက်ဆစ်သည် နည်းပြသက်တမ်းတစ်လျှောက်တွင် ဥရောပကလပ်အသင်း များစွာကို ကိုင်တွယ်ခဲ့သူဖြစ်ပြီး ၂၀၀၅- ၂၀၀၆ ချန်ပီယံလိဂ်ခြေစစ်ပွဲတတိယအဆင့်တွင် ၎င်းကိုင်တွယ်လျက်ရှိသည့် စီအက်စ်ကေအေဆိုဖီယာအသင်းနှင့် ပရီးမီးယားလိဂ်ကလပ် လီဗာပူးအသင်းတို့ အိမ်ကွင်း အဝေးကွင်း ကစားခဲ့ရာတွင် လီဗာပူးအသင်း၏အိမ်ကွင်းဖြစ်သည့် အန်းန်ဖီးလ်ကွင်းတွင် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဂျက်ဆစ်သည် AFC Champion League နှင့် UEFA Champion League ပြိုင်ပွဲများတွင် အသင်းပေါင်းများစွာကို နည်းပြအဖြစ် ကိုင်တွယ်ခဲ့သူဖြစ်ကြောင်း အသင်းပိုင်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ရန်ကုန်ယူနိုက်တက် အသင်းသည် ၂၀၁၅ ခုနှစ် ဘောလုံးရာသီသစ်အတွက် စပွန်ဆာမိတ်ဆက်ပွဲအခမ်းအနားကို ၂၀၁၅ခုနှစ် ဇန်နဝါရီ ၅ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

၂၀၁၅ ခုနှစ် ဘောလုံးရာသီအတွက် ရန်ကုန်ယူနိုက်တက်အသင်း၏ အဓိကစပွန်ဆာအဖြစ် First International Insurance ကုမ္ပဏီက တာဝန်ယူခဲ့ကြောင်း သိရသည်။

ရန်ကုန်ယူနိုက်တက်အသင်း၏ အဓိကစပွန်ဆာကုမ္ပဏီဖြစ်သည့် First International Insurance ကုမ္ပဏီမှ အရောင်းနှင့် ဈေးကွက်မန်နေဂျာ ဦးဖြိုးမင်းသူနှင့် ရန်ကုန်ယူနိုက်တက်အသင်း၏ စီအီးအို ဦးမင်းဆွေဦးတို့က စပွန်ဆာစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

အဆိုပါ စာချုပ်လက်မှတ်ရေးထိုးပွဲအပြီးတွင် သတင်းစာရှင်းလင်းပွဲကို ဆက်လက်ကျင်းပခဲ့ရာအသင်း၏ စီအီးအိုဖြစ်သူ ဦးမင်းဆွေဦးက အသင်းတွင် ယခုနှစ်ဘောလုံးရာသီ၌ နည်းပြချုပ်၊ လက်ထောက်နည်းပြနှင့်ပြည်တွင်းပြည်ပကစားသမားရှစ်ဦးတို့ကို ခေါ်ယူထားခြင်းမှာ ပြည်တွင်းပြိုင်ပွဲနှစ်ရပ်ဖြစ်သည့်အမှတ်ပေးပြိုင်ပွဲနှင့်ရှုံးထွက်ဖလားပြိုင်ပွဲတို့တွင် ဗိုလ်စွဲလို၍ဖြစ်ကြောင်း ပြောကြားခဲ့သည်။



# ကွင်းအတွင်း ကော်ဖီသောက်ခွင့်ရခဲ့သဖြင့် အနိုင်ရခဲ့သည်ဟု ဆီရီနာဝီလျံဆို ၂၀၁၅တွင်လည်း ကမ္ဘာ့အဆင့်-၁နေရာကို ဂျိုကိုဗစ် ဆက်ထိန်းရန်ကြိုးစားမည်




ကမ္ဘာ့အဆင့်-၁ တင်းနစ်မယ် ဆီရီနာဝီလျံသည် ဟော့ပ်မန်းဖလားအသင်းလိုက်တင်းနစ်ပြိုင်ပွဲတွင် အီတလီအသင်းမှ ဖလာဗီယာပန်နက်တာနှင့် ရင်ဆိုင်စဉ် ပထမပွဲလတ်တွင် ၆မှတ်ပြတ်ဖြင့် ရှုံးနိမ့်နေရာမှ ပွဲအပြီး၌အနိုင်ရရှိခဲ့ခြင်းမှာ ကွင်းအတွင်း ကော်ဖီသောက်ခွင့်ရခဲ့ခြင်းကြောင့်ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။

ဆီရီနာသည် ပထမပွဲလတ်အပြီးတွင် ကော်ဖီတစ်ခွက် သောက်ခဲ့ပြီး ကဖင်းဓာတ်၏ အစွမ်းကြောင့် အာရုံများ နိုးကြားလာကာ နောက်နှစ်ပွဲဆက်တွင် ၆-၃၊ ၆-၀ ဖြင့် အနိုင်ပြန်ရခဲ့ခြင်းဖြစ်သည်။ ပွဲအပြီးတွင် ဆီရီနာက ၎င်း၏ ခြေအနူတ်အသိမ်း မြန်ဆန်စေရန် ကော်ဖီက အထောက်အကူပြုခဲ့သည်ဟု ဝန်ခံခဲ့သည်။

ဆီရီနာနှင့် ဂျွန်အစ္စနာတို့ ပါဝင်သော အမေရိကန်အသင်းမှာ ပွဲဦးထွက်ပွဲစဉ်တွင် အီတလီအသင်းအား သုံးပွဲပြတ် အနိုင်ရပြီး အဖွင့်လှခဲ့သည်။

ဆီရီနာသည် ဩစတြေးလျအိုးပင်းအကြို လက်ရည်သွေးသည့်အနေဖြင့် ဟော့ပ်မန်းဖလားတွင် ပါဝင်ယှဉ်ပြိုင်နေခြင်းဖြစ်ပြီး ၂၀၁၀ ကတည်းက ဩဇီအိုးပင်းဖလားဆွတ်ခူးနိုင်ခြင်း မရှိမှုကို အဆုံးသတ်ရန်ရည်မှန်းလျက်ရှိသည်။

ကာတာအိုးပင်း၌ ပါဝင်ယှဉ်ပြိုင်နေသည့် ကမ္ဘာ့အဆင့်-၁ ဂျိုကိုဗစ်ကလည်း ၂၀၁၅ရာသီတွင် ကမ္ဘာ့အဆင့်တစ် နေရာကိုဆက်ထိန်းထားရန် ရည်မှန်းထားသည်ဟု ဆိုခဲ့သည်။

ဂျိုကိုဗစ်က ၂၀၁၅ ရာသီမှာ လွန်စွာ စိတ်ဝင်စားစရာကောင်းသည့်ရာသီဖြစ်ပြီး မိမိတို့ ကြီးလေးကြီးကို လက်ရည်တူယှဉ်ပြိုင်နိုင်မည့် တင်းနစ်သမားအတော်များများ ထွက်ပေါ်လာရန်ရှိသည်ဟုလည်းဟောကိန်းထုတ်ခဲ့သည်။

ဂျိုကိုဗစ်မှာ ကမ္ဘာ့အဆင့်-၁ နေရာကို ၂၀၁၄ ဇူလိုင် ၇ ရက်တွင် တတိယအကြိမ်မြောက်အဖြစ် ရယူနိုင်ခဲ့ပြီး ဒုတိယနေရာမှ ဖက်ဒရားကို အမှတ် ၁၅၀၀ ကျော်ဖြတ်ထားနိုင်သည်။

# မေဝဲသာနှင့် ကော့တိုတို့၏ မကျေပွဲဖြစ်မြောက်ရန် ဂျူလီယိုဆီဆာမျှော်လင့်ထား

ရှုံးပွဲမရှိ စံချိန်ရှင် မေဝဲသာနှင့် ပွာတိုရီကို လက်ဝှေ့သမား မီဂွဲလ်ကော့တိုတို့၏မကျေပွဲဖြစ်မြောက်ရန် မက္ကဆီကို လက်ဝှေ့သမား ဂျူလီယိုဆီဆာချာဗက်ဇ်ဂျူနီယာက မျှော်လင့်လျက်ရှိသည်။ မေဝဲသာနှင့်ကော့တိုမှာ ၂၀၁၂ ခုနှစ် မေလအတွင်း လက်စ်ဗီးဂတ်စ်၌ ထိုးသတ်ခဲ့ရာ မေဝဲသာက အမှတ်ဖြင့် အနိုင်ရခဲ့သည်။




၂၀၁၅ နှစ်သစ်တွင် ၎င်းအကြည့်ချင်ဆုံးပွဲ နှစ်ပွဲရှိပြီး ပထမပွဲမှာ မေဝဲသာနှင့် ကော့တိုတို့၏ပွဲဖြစ်ပြီး ဒုတိယပွဲမှာမူ ပက်ကွီယိုနှင့် ဆောလ်အဲလ်ဗာရက်ဇ်တို့၏ပွဲဖြစ်သည်ဟု ချာဗက်ဇ်က ၎င်း၏ တွစ်တာအကောင့်တွင် ရေးတင်ခဲ့သည်။ ချာဗက်ဇ်နှင့် မေဝဲသာတို့ နှစ်ဦးစလုံးမှာ မန်နေဂျာအယ်ဟေမွန်နှင့် လက်တွဲ အလုပ်လုပ်နေသူများဖြစ်သည်။

ပရိသတ်အများစုက မေဝဲသာနှင့် ပက်ကွီယိုတို့၏ပွဲကို ကြည့်ရှုခွင့်ရရန် မျှော်လင့်နေချိန်တွင် ချာဗက်ဇ်က ၎င်း၏ဆန္ဒကို ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

မေဝဲသာအနေဖြင့် လာမည့် မေ ၂ ရက်နေ့တွင် ပွဲတစ်ပွဲထိုးသတ်ရန် စီစဉ်လျက်ရှိပြီး ပက်ကွီယိုနှင့် တွေ့ဆုံလိုသည်ဟု ပြောထားသော်လည်း နှစ်ဖက်အဖွဲ့အစည်းအကြား သဘောတူညီမှု မရသေးပေ။

မေဝဲသာနှင့် ပက်ကွီယိုတို့၏နှစ်ဖက်ကိုယ်စားလှယ်များ ဆွေးနွေးမှု ဆက်လက်ပြုလုပ်နေသော်လည်း တိုးတက်မှု နှေးကွေးလျက်ရှိသည်ဟုလည်း သိရသည်။

# တားမြစ်ဆေးသုံးစွဲပါက ပွဲပယ်ပြစ်ဒဏ် နှစ်နှစ်အစား လေးနှစ်သို့ တိုးမြှင့်ချမှတ်မည်

ကမ္ဘာ့တားမြစ်ဆေးသုံးစွဲမှု ပိတ်ပင်တားမြစ်ရေးအဖွဲ့အနေဖြင့်တားမြစ်ဆေးသုံးစွဲသည့်အားကစားသမားတစ်ဦးအား ယခင်ကချမှတ်ခဲ့သည့် ပွဲပယ်ပြစ်ဒဏ် နှစ်နှစ်အစား လေးနှစ်သို့ တိုးမြှင့်ချမှတ်မည်ဖြစ်ကြောင်း၊ အဆိုပါပြစ်ဒဏ်ချမှတ်မည့်ဥပဒေသည် ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်အကျိုးသက်ရောက်မည်ဖြစ်ကြောင်း ကမ္ဘာ့တားမြစ်ဆေးသုံးစွဲမှု ပိတ်ပင်တားမြစ်ရေးအဖွဲ့က ထုတ်ပြန်ကြေညာခဲ့သည်။

ယင်းကဲ့သို့ ပြစ်ဒဏ်တိုးမြှင့်ချမှတ်လိုက်ခြင်းအား ယူနိုက်တက်ကင်းဒမ်းနိုင်ငံ၏ အားကစားဝန်ကြီး ဟဲလင်ဂရန့်က “ဒီလိုပြောင်းလဲသတ်မှတ်လိုက်တာဟာ အားကစားသမားတွေကို ပိုပြီးသန့်သန့်ရှင်းရှင်းနဲ့ ဝင်ပြိုင်ချင်စိတ်ရှိအောင် ပြုလုပ်ပေးလိုက်တာပါ”ဟု ပြောကြားခဲ့သည်။

ထို့ပြင် အဆိုပါအေဂျင်စီအနေဖြင့် ၂၀၁၅ ခုနှစ်အတွင်း ထုတ်ပြန်ခဲ့သည့် စည်းမျဉ်းအသစ်တွင် ပြစ်ဒဏ်ချမှတ်မှုများ ပါဝင်သကဲ့သို့ ပြစ်ဒဏ်များ လျှော့ပေါ့ပေးသည့်အချက်များကိုလည်း ထည့်သွင်းပေးထားကြောင်းဖြင့် အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးကပြောကြားခဲ့သည်။

အဆိုပါဥပဒေသည် ကမ္ဘာတစ်ဝန်းတွင် ယှဉ်ပြိုင်လျက်ရှိသည့် အားကစားနည်းအားလုံးတွင် အကျုံးဝင်မည်ဖြစ်ကြောင်း အဆိုပါအဖွဲ့က ပြောကြားခဲ့သည်။

# အာဖရိကဖလားပြိုင်ပွဲမစတင်မီ ရက်ပိုင်းအလိုတွင် ကင်မရွန်းလက်ရွေးစင်အသင်းမှ ဆောင်း အနားယူ


ကင်မရွန်းလက်ရွေးစင်အသင်း ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သည့် အဲလက်စ်ဆောင်းသည် လက်ရွေးစင်အသင်းမှ အနားယူရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း ၎င်း၏ လူမှုကွန်ရက်ဝက်ဘ်ဆိုက်ဖြစ်သည့် Instagram တွင် ရေးသားဖော်ပြခဲ့သည်။ ဆောင်း၏ အဆိုပါကြေညာချက်သည် အာဖရိကဖလားပြိုင်ပွဲမစတင်မီ ရက်ပိုင်းအလိုတွင် ကြေညာခဲ့ခြင်းဖြစ်သည်။

ဆောင်းသည် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုအဆင့် ခရိုအေးရှားနှင့်ပွဲစဉ်တွင် အနီကတ်ပြခံရကာ ထုတ်ပယ်ခံရပြီးနောက်ပိုင်း ကင်မရွန်းအသင်းတွင် ပါဝင်ကစားခြင်းမပြုခဲ့ပေ။ အဲလက်စ်ဆောင်း၏ကြေညာချက်ကြောင့် ဝက်စ်ဟမ်းအသင်းအနေဖြင့် ပွဲကျပ်ကာလတွင် ၎င်း၏ကစားသမားကို လက်လွှတ်ရန်မလိုတော့ဘဲ ဆက်လက်ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။

ဝက်စ်ဟမ်းမန်နေဂျာ ဆမ်အလာဒိုက်စ်က ဆောင်းအနေနဲ့ အသင်းက တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ယခုကဲ့သို့ ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

# လက်ဝှေ့သူရဲကောင်း မိုဟာမက်အလီ ဆေးရုံမှ ဆင်းပြီ

ကမ္ဘာ့လက်ဝှေ့သူရဲကောင်းတစ်ဦးဖြစ်သည့် မိုဟာမက်အလီသည် ဆီးလမ်းကြောင်းတွင်ပိုးဝင်မှုကြောင့် ဆေးရုံသို့ တက်ရောက်ကုသနေရာမှာ ယခုအခါတွင် ဆေးရုံမှဆင်းခွင့်ရရှိခဲ့ပြီဖြစ်ကြောင်း သတင်းများက ဖော်ပြထားသည်။



ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံ သုံးကြိမ်ဆုရရှိခဲ့သည့် မိုဟာမက်အလီသည် ဇန်နဝါရီ ၆ရက်က ဆေးရုံမှ ဆင်းလာခဲ့ခြင်းဖြစ်သည်ဟု ၎င်း၏မိသားစုဝင်တစ်ဦးက ပြောကြားခဲ့ခြင်းဖြစ်သည်။

“အလီဟာ ပြန်ပြီးနေကောင်းလာပါပြီ။ သူပြန်ပြီးနေကောင်းလာအောင် ဝိုင်းပြီး ဂရုစိုက်ပေးခဲ့ကြတဲ့သူတွေအားလုံးကို ကျေးဇူးတင်ပါတယ်” ဟု ဘော့ဘ်ဂန်းနယ်လ်က ပြောကြားခဲ့သည်။

အလီသည် ၁၉၈၄ခုနှစ်ကတည်းက လက်ဝှေ့ထိုးသတ်မှု၏ နောက်ဆက်တွဲရောဂါဖြစ်သည့် ပါကင်ဆန်ရောဂါကို ခံစားနေရသူတစ်ဦးဖြစ်သည်။

အဆိုပါရောဂါကြောင့် ပရိသတ်များနှင့်ကင်းကွာနေခဲ့သည့်အလီသည် ပြီးခဲ့သည့်နှစ် စက်တင်ဘာလအတွင်းက မိုဟာမက်အလီ၏ လူ့အခွင့်အရေးဆိုင်ရာဆုအတွက် ၎င်းနေထိုင်ရာမြို့၏ ပရိသတ်များရှေ့မှောက်သို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

# မေဂျာလိဂ်တွင် အောင်မြင်မှုများ ရရှိလိမ့်မည်ဟု ဂျရတ်ယုံကြည်

အမေရိကန်မေဂျာလိဂ်တွင် အောင်မြင်မှုများ ရရှိလိမ့်မည်ဟု ယုံကြည်ကြောင်း လီဗာပူးအသင်း၏ အသင်းခေါင်းဆောင်ဟောင်း စတီဖင်ဂျရတ်က ပြောကြားခဲ့သည်။ လီဗာပူးအသင်း၏ ငယ်မွေးခြံပေါက်ဖြစ်ခဲ့သည့် စတီဖင်ဂျရတ်သည် ယခုနှစ်ရာသီကုန်တွင် ပရီးမီးယားလိဂ်ကိုစွန့်ခွာကာ အမေရိကန်မေဂျာလိဂ်ကလပ် အသင်းတစ်သင်းတွင် သွားရောက်ကစားတော့မည်ဖြစ်ကြောင်း ကြေညာချက်ထုတ် ပြန်ခဲ့သည်။

အသက် ၃၄ နှစ်အရွယ်ရှိ ဂျရတ်သည် အမေရိကန်မေဂျာလိဂ်ကလပ် အယ်လ်အေဂလက်စီနှင့် စာချုပ်ချုပ်တော့မည်ဖြစ်ကြောင်း ၎င်းက အတည်ပြုပြောကြားခဲ့သည်။ အယ်လ်အေဂလက်စီအသင်းသည် အင်္ဂလန်အသင်း၏ လက်ရွေးစင်ကစားသမားတစ်ဦးဖြစ်သော ၎င်း၏ကစားဖော်ဟောင်းတစ်ဦးဖြစ်သည့် ဒေးဗစ်ဘက်ခမ်းသွားရောက်ကစားခဲ့သည့် ကလပ်အသင်းတစ်သင်းဖြစ်သည်။

“ဂလက်စီကိုသွားတာဟာ အပန်းဖြေဖို့မဟုတ်ပါဘူး။ ဂလက်စီနဲ့အတူ ဖြစ်နိုင်သမျှ အောင်မြင်မှုအားလုံးကို ရယူချင်လို့ပဲဖြစ်ပါတယ်။ အဲဒီမှာ နောက်ထပ် နှစ်နှစ်လောက်ဆက်ပြီးကစားပါဦးမယ်။ ကျွန်တော့်အနေနဲ့ အမေရိကန်ရဲ့အောင်မြင်မှုအရှိဆုံးအသင်းနဲ့ စိန်ခေါ်မှုအသစ်တွေကို ရင်ဆိုင်သွားမှာပါ”ဟု ၎င်းက ပြောကြားခဲ့သည်။

# ပုသိမ်မြို့တွင် မြို့နယ် တောင်သူလယ်သမားအသင်း အလုပ်အမှုဆောင်ကော်မတီဖွဲ့စည်းခြင်း အခမ်းအနားကျင်းပ

ဧရာဝတီတိုင်းဒေသကြီးတွင် ပုသိမ်မြို့နယ်တောင်သူလယ်သမားအသင်း အလုပ်အမှုဆောင်ကော်မတီ ဖွဲ့စည်းခြင်းအခမ်းအနားကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့ နံနက်ပိုင်း ပုသိမ်မြို့၊ မဟာဗန္ဓုလလမ်း၊ တိုင်းဆန်စပါး အသင်းရုံးမှာကျင်းပပြုလုပ်ရာ တိုင်းတောင်သူလယ်သမားအသင်းဥက္ကဌ ဦးဝင်းမြင့်လှိုင်နဲ့ အသင်းသားများ၊ ပုသိမ်မြို့နယ်အတွင်းရှိကျေးရွာအုပ်စုနဲ့ ကျေးရွာပေါင်းစုံမှ အုပ်ချုပ်ရေးမှူးအပါအဝင်ဒေသခံတောင်သူများ စုစုပေါင်း ၁၅၀ ဦးခန့် တက်ရောက်ခဲ့ကြောင်းသိရပါတယ်။

ပုသိမ်မြို့နယ်အတွင်းရှိ ဆန်စပါးစိုက်ပျိုးထုတ်လုပ်လျက်ရှိတဲ့တောင်သူများရဲ့ လယ်ယာကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးလက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေး၊ ၎င်းအပြင် သိပ္ပံနည်းကျ စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်ရေး အထွက်နှုန်းတိုးပြီးတောင်သူများတစ်ဦးချင်းစီ ဝင်ငွေတိုးပွားလာရန် သာမကနောင်လာမည့်အနာဂတ်တွင် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာပါကလည်း အကျိုးတူပူးပေါင်းပြီး ရေရှည်တွင် မိမိတို့တိုင်းဒေသကြီးရဲ့ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နဲ့ မိမိအကျိုးစီးပွားထက်လိုအပ်ရင် အသင်းကိုအကျိုးပြုပေးနိုင်မယ့် အရည်အချင်းပြည့်ဝတဲ့ EC/CEC များကိုရွေးချယ်ပြီး မြို့နယ် ဆန်၊ စပါးအသင်းကို ခိုင်ခိုင်မာမာဖွဲ့စည်းရမှာဖြစ်ကြောင်း၊ တိုင်းတောင်သူလယ်သမားအသင်းဥက္ကဌ ဦးဝင်းမြင့်လှိုင်က ပြောကြားပါတယ်။

တောင်သူလယ်သမားအသင်းရဲ့ EC/CEC များနဲ့ အသင်းသားများကိုလည်း ဧရာပုသိမ်ဖွံ့ဖြိုးမှုအများနဲ့ သက်ဆိုင်တဲ့ကုမ္ပဏီမှ ဆောင်ရွက်သင့်တဲ့ ကိစ္စရပ်များကို ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ တောင်သူလယ်သမားအသင်းကို တစ်တိုင်းလုံးမှာ ထပ်မံဖွဲ့စည်းမှာဖြစ်ပြီး လောလောဆယ် ပုသိမ်အသင်းရုံးအတွက် လိုအပ်တဲ့နေရာများမှာသုံးစွဲရန် မတည်ရင်းနှီးငွေ ကျပ်သုံးသိန်းကို အသင်းဥက္ကဌ ဦးဝင်းမြင့်လှိုင်က လှူဒါန်းပေးခဲ့ကြောင်း သိရပါတယ်။

ပြောင်းလဲလာတဲ့ခေတ်နဲ့အညီ လယ်ယာလုပ်ငန်းများဖွံ့ဖြိုးလာရေးအတွက် မြို့နယ်အသင်းသားများက ဝိုင်းဝန်းဆွေးနွေးပြီး ပူးပေါင်းဆောင်ရွက်ရမယ့် ဒေသအာဏာပိုင်၊ သက်ဆိုင်ရာဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများနဲ့ သက်ဆိုင်ရာကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှသာ မိမိတို့စိုက်ပျိုးရေး လုပ်ငန်းများအဆင့်အတန်းမြင့်မားလာမှာဖြစ်ကြောင်း တောင်သူလယ်သမားအသင်း တာဝန်ရှိသူတစ်ဦးက ပြောကြားပါတယ်။

**မင်းမင်းဦး-ပုသိမ်**

# မကွေးမြို့တွင် တောင်သူများအား ကမ္ဘာ့အဆင့်မီ အော်ဂဲနစ်စိုက်ပျိုး ရေးနည်းပညာသင်တန်းများပို့



မကွေးတိုင်းဒေသကြီးအတွင်းရှိ အော်ဂဲနစ်စိုက်ပျိုးရေးနည်းပညာလိုအပ် နေသော တောင်သူများနှင့် အော်ဂဲနစ် စိုက်ပျိုးရေးအသင်း၊ အစုအဖွဲ့များအား စိုက်ပျိုးရေးနည်းပညာစာတွေ့လက်တွေ့ သင်တန်းများကို ဇန်နဝါရီ ၈ ရက်နံနက် ပိုင်းကစ၍ မကွေးမြို့၊ ကုန်စည်ဒိုင်ခန်းမ၌လည်းကောင်း၊ ဒီဇင်ဘာ ၉ ရက်နှင့် ၁၀ ရက်နေ့များတွင် မကွေးမြို့ဆီထွက် သီးနှံဗဟိုစိုက်ပျိုးရေးသုတေသနခြံ၌ လည်းကောင်း USAID နှင့် Winrock International Myanmar နှင့် ကမ္ဘာသစ်အော်ဂဲနစ်စိုက်ပျိုးရေးအဖွဲ့တို့က ဦးဆောင်၍ သင်ကြားပြသကြောင်း သိရသည်။

ကမ္ဘာ့အဆင့်မီအော်ဂဲနစ်စိုက်ပျိုး ရေးနည်းပညာသင်တန်းအား ပို့ချပေးသောပညာရှင်မှာ အမေရိကန်နိုင်ငံ Organic Farm, Specialist Organic Faming Inspector Mr.Charles Thomas Mitchell ဖြစ်ပြီး အဆိုပါသင်တန်းတွင် Country Director ဒေါက်တာအိသန္တာကျော်၊ Winrock International Myanmar နှင့် Counterpart ဒေါ်ရီရီသန့် Technical Officer တို့က လိုက်ပါဆောင်ရွက် သင်ကြားပေးကြသည်။

အဆိုပါစာတွေ့လက်တွေ့သင်တန်း တွင်အဏုဇီဝပိုးများအမြောက်အများပျိုးထောင်ခြင်း၊ လတ်ဆတ်သောနွားချေးသုံး၍ ဇီဝချဉ်ရည်ပြုလုပ်ခြင်း၊ ဇီဝမြေ ဩဇာကိုနွားချေးနှင့် ဓါတ်သတ္တုဆား များသုံး၍စည်ပိုင်းတစ်လုံးထဲ၌ပြုလုပ် ခြင်း၊ ဓါတ်သတ္တုဆားများမပါဘဲ နွားချေးသုံး၍ ဇီဝမြေဩဇာပြုလုပ်ခြင်း၊ စိုက်ပျိုးရေးသုံးစွမ်းအားမြင့်ဇီဝမြေဩဇာ ပြုလုပ်ခြင်း၊ အိမ်တွင်းဖြစ်စိုက်ပျိုးရေးအားဖြည့်ဆေးပြုလုပ်ခြင်း၊ ဓာတ်သတ္တုရော ဆေးများပြုလုပ်ခြင်း၊ ရုက္ခမူထုတ်ဆေးများပြုလုပ်ခြင်း၊ ဘိုကာရှီနည်းဖြင့် အော်ဂဲနစ်မြေဩဇာပြုလုပ်နည်း ဟင်းသီးဟင်းရွက်မျိုးစေ့များ စတင်စိုက်ပျိုးရန် မျိုး၊ မြေပြုလုပ်နည်းများပါဝင်ကြောင်း သိရသည်။

ယခုသင်ကြားသည့်နည်းပညာများသည် လက်တင်အမေရိကရှိ အဖွဲ့အစည်းများကနှစ်ပေါင်းများစွာ သုတေသနလုပ်စမ်းသပ်ချက်များမှ စုစည်းထား ခြင်းဖြစ်သည်။ သွင်းအားစုများကိုလည်း မြေဩဇာများ၊ ဇီဝပိုးသတ်ဆေးများ ဒေသမျိုးရင်း အဏုဇီဝပိုးများကို စိုက်ပျိုးမြေတွင် အသစ်ပြန်လည်ပျိုးထောင်ပေးခြင်းဖြင့် မြေဆီလွှာ ပြန်လည်ဖြစ်ထွန်းစေသောနည်းများဖြင့် ကဏ္ဍသုံးခုခွဲပြီး သင်ကြားပေးသည်။ ယခုသင်ကြားပေးသောနည်းစနစ်များသည် အလွယ်တကူရရှိနိုင်သော အော်ဂဲနစ်ပစ္စည်းများဖြင့် ပြုလုပ်နိုင် သော နည်းလမ်းများဖြစ်သဖြင့် ဓာတုသွင်းအားစုများနှင့် နှိုင်းယှဉ်ပါကအကုန်အကျအလွန်သက်သာပြီး အသုံးပြုရာတွင်လည်း စိုက်ပျိုးသူများ နှင့်ပတ်ဝန်းကျင်ကိုထိခိုက်မှုမရှိနိုင်သည့် အန္တရာယ်ကင်းနည်းလမ်းများဖြစ်ပြီး ထုတ်လုပ်ရရှိနိုင်သည့် ပမာဏသည် တစ်ပိုင်တစ်နိုင်စိုက်ပျိုးထုတ်လုပ်သူအုပ်စု များအတွက်သာ လုံလောက်နိုင်သော်လည်း သမဝါယမစနစ်ပုံစံဖြင့် သွင်းအားစုနှင့် ထုတ်ကုန်ရောင်းဝယ် ဖလှယ်နိုင်သော အနေအထားဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကမ္ဘာ့အော်ဂဲနစ်စိုက်ပျိုးရေး အဖွဲ့မကွေးတိုင်းဒေသကြီး တာဝန်ခံ ဦးသန်းအောင် (MOGPA) ဦးဆောင်၍ USAID နှင့် Winrock International Myanmar တို့သည် မကွေးမြို့နယ်နှင့် မင်းဘူးမြို့နယ်များသို့ ကွင်းဆင်းလေ့လာခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **နေလင်းသူရိန်**

# ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်မှာ သစ်သီးဝလံအခြေခံစားသောက်ကုန်ထုတ်လုပ်နည်း ပညာပေးသင်တန်းဖွင့်



ရှမ်းပြည်နယ်အစိုးရ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်အရ ရှမ်းပြည်နယ်ကျေးလက်ဒေသ အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ လမ်းညွှန်မှုဖြင့် ရှမ်းပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ကြီးကြပ်ဖွင့်လှစ်သော သစ်သီးဝလံအခြေခံစားသောက်ကုန် ထုတ်လုပ်နည်းပညာပေးသင်တန်းအမှတ်စဉ် ၁/၂၀၁၅ ဖွင့်ပွဲအခမ်းအနားကို ရှမ်းပြည်နယ်တောင်ကြီးခရိုင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်မှာ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့က ဖွင့်လှစ်ခဲ့ကြောင်း သိရပါတယ်။ အဆိုပါအခမ်းအနားကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေး ဝန်ကြီးဌာနဝန်ကြီး၊ ရှမ်းပြည်နယ်ကျေးလက်ဒေသအသေးစားကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဌ ဦးစိုင်းလှဝင်းက တက်ရောက်အဖွင့်အမှာစကား ပြောကြားခဲ့ပြီး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးကော်မတီများနှင့် ပင်းတယမြို့နယ်၊ ဌာနဆိုင်ရာများ၊ သင်တန်းသား၊ သင်တန်းသူများ ၈၇ ဦး တက်ရောက်ခဲ့ပါတယ်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ရှမ်းပြည်နယ် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးစိုင်းလှဝင်းက အဖွင့်အမှာစကားပြောကြားရာမှာ ရှမ်းပြည်နယ် ဆင်းရဲမှုလျှော့ချရေး၊ လုပ်ငန်းစဉ်အရ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် အသေးစား ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ချေးငွေထုတ်ပေးခြင်း၊ နည်းပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဤကဲ့သို့ဆောင်ရွက်ရခြင်းမှာ ပြည်သူလူထုများ ဆင်းရဲမှုလျှော့ကျရေးအတွက် ချေးငွေများ ထုတ်ပေးထားရှိသော်လည်း လုပ်ငန်းဆောင်ရွက်ရာတွင် လွဲမှားသွားပါက ဆုံးရှုံးမှုဖြစ်ခြင်း၊ အကြွေးတင်ခြင်းများသာ ထပ်မံတွေ့ကြုံခံစားရမှာဖြစ်ကြောင်း၊ ဒါကြောင့် ချေးငွေထုတ်ပေးထားရုံနှင့် လုံလောက်ပြီဟု မယူဆဘဲ ကျေးလက်နေပြည်သူများ အိမ်တွင်းမှုစက်မှုလက်မှုအသေးစားလုပ်ငန်းများ လက်တွေ့ကျကျ ကျွမ်းကျင်တတ်မြောက်လုပ်ကိုင်နိုင်စေရန် ဤသင်တန်းကို ဖွင့်လှစ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ဒါကြောင့် ပင်းတယမြို့နယ် ကျေးလက်ဒေသအသီးသီးက သင်တန်းတက်ရောက်လာကြသူသင်တန်းသား၊ သူများကလည်း စာတွေ့လက်တွေ့ စနစ်တကျ ကျွမ်းကျင်တတ်မြောက်အောင် သင်ယူကြဖို့ မှာကြားလိုကြောင်း၊ ဤကဲ့သို့ နည်းပညာပေးသင်တန်းများကို ၂၀၁၄ ခုနှစ်ဒီဇင်ဘာလကလည်း ကလောမြို့နယ်တွင် ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ နောက်လများမှာလည်း အခြားမြို့နယ်များတွင် အလားတူ သင်တန်းများ ဆက်လက်ဖွင့်လှစ်သင်ကြားဆောင်ရွက်ပေးနိုင်ရေး၊ ကြိုးစားသွားမှာဖြစ်ကြောင်း၊ ထိုသင်တန်းကို တက်ရောက် သင်ယူပြီးပါက ကျေးလက်နေပြည်သူများကလည်း ဒေသထွက်သီးနှံများကို တန်ဖိုးမြှင့်ထုတ်ကုန် စားသောက်ကုန်များအဖြစ် ပြောင်းလဲပြီး လုပ်ကိုင်ဆောင်ရွက်မည်ဆိုပါက ကျေးလက်ပြည်သူများ မိသားစုဝင်ငွေတိုးတက်လာစေမှာဖြစ်သလို ကျေးလက်နေပြည်သူများရဲ့ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်ကြောင်း၊ မိမိတို့ဘက်က ဤသို့ဆောင်ရွက်ပေးနေသလိုပြည်သူများကလည်း အားကြိုးမာန်တက်လုပ်ကိုင်ဆောင်ရွက်မှသာ မိမိတို့ရည်မှန်းထားတဲ့ ကျေးလက်နေ ပြည်သူများရဲ့ ဆင်းရဲမှုလျှော့ကျပြီး၊ ဒေသတွင်းထွက်ကုန်များ၊ အခြားဒေသများသို့တင်ပို့ရောင်းချခြင်းမှ ပြည်ပဈေးကွက်အထိ ရောက်ရှိအောင် ဆောင်ရွက်နိုင်ပါက ပြည်သူများ၏ အကျိုးစီးပွားတွင်သာမကပဲ၊ ကုန်သွယ်မှုပို့ကုန်များတိုးတက်မြင့်မားလာပြီး နိုင်ငံစီးပွားရေးမှာပါ တိုးတက်လာမှာဖြစ်ကြောင်း အကျယ်တဝင့် ရှင်းလင်းဆွေးနွေးမှာကြားသွားပါတယ်။

ဆက်လက်ပြီး အခမ်းအနားသို့တက်ရောက်လာသော ရှမ်းပြည်နယ်ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာနမှပြည်နယ်ဦးစီးမှူး ဦးအောင်ကျော်ညွှန့်နှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ရှမ်းပြည်နယ် ဦးစီးမှူး ဦးသက်နိုင်ဦးတို့က အသီးသီး အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါသင်တန်းသို့တက်ရောက်ရန် သင်တန်းသား ၃၀ ဦးသာ သတ်မှတ်၍ သင်တန်းဖွင့်ခဲ့သော်လည်း နည်းပြနှင့် လက်တွေ့ပိုင်းဆိုင်ရာ အခက်အခဲမဖြစ်စေရန်အတွက် သင်တန်းသား ၃၆ ဦးကိုသာ လက်ခံသင်ကြားပေးခဲ့ကြောင်းနှင့် ကျန်တက်ရောက်လိုသူ သင်တန်းသား ၂၀ ခန့်အား နောင်ဖွင့်လှစ်မည့်သင်တန်းများတွင် ဦးစားပေးတက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပါတယ်။

**မင်းအောင်**

# Trade Facilitation & Trade Promotion

## ကချင်ပြည်နယ် ကုန်စည်ပြပွဲသို့ ကသာခရိုင်မှ လုပ်ငန်းနှစ်ခု ဝင်ရောက်ပြသ

၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၅ ရက်မှ ၁၁ရက်ထိ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်မှာ ကျင်းပပြုလုပ်တဲ့ ၆၇ နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ကုန်စည်ပြပွဲသို့ ကသာခရိုင်ရှိ ဗန်းမောက်မြို့မှ ပန်းပုလုပ်ငန်းနှင့် အင်းတော်မြို့နယ်မှ ချင်း -၃ (ဆင်းဧကရီ-၃) ဆန်များဝင်ရောက်ပြသကြပါတယ်။

“ကျွန်တော်ရဲ့လုပ်ငန်းက ၂၀၁၄ ဇွန်လကမှစခဲ့တာပါ။ ကုန်ကြမ်း(သစ်)ရရှိဖို့နဲ့ ကုန်ချော(ရုပ်တု)များအားလုံး တရားဝင်ဖြစ်ရုံ လုပ်ကိုင်နေဆဲဖြစ်ပြီး ဈေးကွက်ရရှိအောင်ဆောင်ရွက်နေရတဲ့ အချိန်မှာ ဒီလိုကုန်စည်ပြပွဲတွေလိုက်ပြရတော့ ကြော်ငြာပြီးသားဖြစ်တာပေါ့ဗျာ။ အဓိကဖြန့်ဖြူးရမယ့် ဈေးကွက်ကလည်း တရုတ်လို့ပဲထင်တယ်။ ဒီကုန်စည်ပြပွဲမှာ သူတို့လည်း လာရောက်ပြသကြမယ် ဘာပစ္စည်းတွေဆိုတာတော့ မသိရသေးဘူး၊ ကျွန်တော်တို့လို ပန်းပုတွေပါလာမယ်ဆိုရင် အရည်အသွေးနှိုင်းယှဉ်၊ နည်းပညာချင်းဖလှယ်၊ ဈေးကွက်ချိတ်ဆက်ဖို့ အခွင့်အလမ်းရလာမယ်လို့ ယူဆပါတယ်။ ဒီလိုမဟုတ်ဘဲနဲ့ ကုန်ပစ္စည်းချင်းမတူဘူး၊ ဒါပေမယ့် စိတ်ပါဝင်စားတဲ့လူပါလာမယ်ဆိုရင်လည်း ထူးခြားမှုတစ်ခုတော့ရှိလာလိမ့်မယ်ဆိုပြီး ဝင်ရောက်ပြသတာပါ။ ဖိတ်ကြားပေးတဲ့ မြှင့်တင်ဦးစီးကိုလည်း ကျေးဇူးတင်ပါတယ်” လို့ ပန်းပုလုပ်ငန်းရှင်မှ ပြောကြားခဲ့သလို ရွှေကြယ်၊ ငွေကြယ် ကုမ္ပဏီမှ ဥက္ကဋ္ဌကလည်း “ကသာခရိုင်မှာ စပါးအမျိုးမျိုး(ချင်း-၃၊ မှော်ဘီ၊ လုံးသွယ်မွှေး၊ စောရှုတ်) စိုက်ကြပေမယ့် တရုတ်ကို တင်ပို့နိုင်တာ ချင်း-၃ ပဲရှိတယ်။ ဒါကြောင့်မို့ တိုးချဲ့စိုက်ပျိုးနိုင်အောင် မျိုးရဖို့အတွက် တောင်သူတွေကို မနှစ်ကအကူအညီပေးခဲ့ပါတယ်။ ဒီပြပွဲမှာ ချင်း-၃ဆန်ကိုပဲ ပြမှာပါ။ ယခင်ကဈေးပေါက်တယ်။ တင်ပို့တယ်။ ဒီလောက်ပဲ၊ ခုကျတော့ သူတို့နဲ့ အနီးကပ်ပစ္စည်းနမူနာပြမယ်။ ဈေးခေါ်မယ်၊ တင်ပို့နိုင်တဲ့ အတိုင်းအတာပြောမယ်ဆိုတဲ့ စိတ်ကူးနဲ့ ပြသမှာပါ၊ ကျွန်တော်တို့ ကုမ္ပဏီက အများပိုင်ပါ။ နေပြည်တော် ‘ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန’ မှာ တရားဝင်မှတ်ပုံတင်ပြီးဖြစ်ပါတယ်” လို့ ပြောပြပါတယ်။

**စွမ်းရည်-ကသာ**




## ဖျာပုံခရိုင်အတွင်းရှိ မြို့နယ်များမှာ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနက ကျေးလက်ဒေသကုန်ထုတ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲနဲ့ သင်တန်းများ ကျင်းပပြုလုပ်

ဖျာပုံခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနက ကြီးမှူးကျင်းပပြုလုပ်တဲ့ ကျေးလက်ဒေသ ကုန်ထုတ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲအခမ်းအနားကို ဖျာပုံမြို့ ၁၇ ရပ်ကွက်၊ လိပ်ဥကုန်း အခြေခံပညာမူလတန်းကျောင်း အမှတ် ၂ မှာ ဒီဇင်ဘာလ ၂၃ ရက်နေ့က ကျင်းပပြုလုပ်၍လည်းကောင်း၊ ဘိုကလေးမြို့နယ် သကံဝကျေးရွာမှာ ဒီဇင်ဘာလ ၃၀ ရက်နေ့က ကျေးလက်ဒေသကုန်ထုတ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းအခမ်းအနားကိုလည်းကောင်း၊ ကျိုက်လတ်မြို့နယ် တပေတမော့ကျေးရွာမှာ ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းက စက်မှုလက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲအခမ်းအနားကိုလည်းကောင်း၊ ထိုနေ့ညနေပိုင်းမှာ ကျိုက်လတ်မြို့နယ် လှည်းဆိပ်ကျေးရွာမှာ အသင့်စားငါးရံ့ခြောက်ဖုတ်လုပ်ငန်း အဆင့်ဆင့်ထုတ်လုပ်ပုံနည်းပညာပေးသင်တန်း အခမ်းအနားကိုလည်းကောင်း၊ မြို့နယ်အလိုက် ကျင်းပပြုလုပ်ခဲ့ကြတယ်လို့သိရပါတယ်။

ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကိုရည်ရွယ်ကာ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့မှာ ဒေးဒရဲမြို့နယ် ဘုရားချောင်းကျေးရွာမှာ အုန်းသီးထွက်ပစ္စည်းတန်ဖိုးမြှင့်ကုန် ထုတ်လုပ်မှုသင်တန်း၊ ဖျာပုံမြို့နယ် ဂျိုဝါကျောက်ရဲကျေးရွာမှာ ဖေဖော်ဝါရီလ ၁၉ ရက်မှာ ကိုရီးယားနိုင်ငံ ဆိုးလ်မြို့သို့တင်ပို့ပြီး ဈေးကွက်ရနေတဲ့ တံမြက်စည်းလုပ်ငန်းသင်တန်း၊ ဘိုကလေးမြို့နယ် အေးရွာကျေးရွာမှာ အုန်းသားခြောက်လုပ်ငန်းနဲ့ အုန်းမှုတ်ခွက်မီးသွေးထုတ်လုပ်မှုဆွေးနွေးပွဲကို မတ် ၈ ရက်တွင် အခမ်းအနားများ ကျင်းပပြုလုပ်သွားမှာဖြစ်ပါတယ်။

ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ဖွံ့ဖြိုးတိုးတက်စေရန် ကျေးရွာအုပ်စုအလိုက် ဖျာပုံခရိုင်အတွင်း လစဉ် ဆောင်ရွက်သွားမှာဖြစ်ကြောင်း သိရပါတယ်။

**မင်းဇော်မွန်-ဖျာပုံ**

## ဖရဲ၊ သခွားမွှေး သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးသင်တန်း ဖွင့်လှစ်မည်

သစ်သီးဝလံများ ပြည်ပတင်ပို့ရာတွင် ဖရဲ၊ သခွားမွှေးသည် ပြည်ပဝင်ငွေအဓိကရရှိနေတဲ့ သစ်သီးဝလံများဖြစ်ပေမယ့် ထုတ်လုပ်တင်ပို့ရောင်းချသူများအနေနဲ့ တရုတ်နိုင်ငံဈေးကွက်ကိုသာ အားထားရမှုများပြီး အခြားနိုင်ငံ ဈေးကွက်ရှာရန် လိုအပ်နေခြင်း၊ မျိုးစေ့၊ ပိုးသတ်ဆေး အခက်အခဲများရှိနေခြင်း၊ ဝယ်သူ၊ ရောင်းသူဈေးကွက် ညီမျှဖို့လိုနေခြင်း၊ သယ်ယူပို့ဆောင်ရေးတွင်လည်း အခက်အခဲများရှိနေခြင်းတို့ ကြုံတွေ့လျက်ရှိပါတယ်။

တောင်သူများအနေနဲ့လည်း နည်းပညာ၊ ငွေကြေး၊ သတင်းအချက်အလက်များ လိုအပ်လျက်ရှိရာ နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြင့် အမြင်ကျယ်လာပြီး သင်ကြားပို့ချပေးသော အတတ်ပညာများကို လက်တွေ့ကျွမ်းကျင်မှုနှင့် ပေါင်းစပ်ဆောင်ရွက်သွားပါက လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ ဈေးကွက်ယှဉ်ပြိုင် ဝင်ရောက်နိုင်စွမ်းရှိအောင် အရည်အသွေး၊ စံချိန်စံညွှန်းမြှင့်တင်ခြင်း ပညာပေးဆောင်ရွက်ရန်၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံစေခြင်းဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ဈေးကွက်ဖွံ့ဖြိုးမှုကို ဦးတည်ဆောင်ရွက်ရန်တို့သည် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၏ ရည်မှန်းချက်တာဝန်များတွင် ပါဝင်သဖြင့် အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ပြည်ထောင်စုရန်ပုံငွေ ပံ့ပိုးမှုနဲ့ သင်တန်းများ ဖွင့်လှစ်ပြီး နည်းပညာပေးလျက်ရှိပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးမှ ဖရဲ၊ သခွားမွှေး အဓိကစိုက်ပျိုးထုတ်လုပ်တဲ့ ချောင်းဦးမြို့နယ် မင်းခေါင်ကျေးရွာမှာ ဖရဲ၊ သခွားမွှေး သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးသင်တန်းကို သင်တန်းသား ၅၀ ဦးကျော် တက်ရောက်မည်ဖြစ်ပြီး ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်မှ ၂၃ ရက်ထိ ၅ ရက်ကြာ ဖွင့်လှစ်ပို့ချပေးမှာဖြစ်ကြောင်း သိရှိရပါတယ်။

သင်တန်းမှာ စိုက်ပျိုးထုတ်လုပ်သည်မှ တင်ပို့ရောင်းချသည်အထိ လိုအပ်သည့်နည်းပညာများကို စိုက်ပျိုးရေး၊ မြေစာရင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနများနှင့် ဗဟိုသစ်သီးဝလံအသင်းတို့မှ နည်းပြများဖြင့် ဘာသာရပ်များ ပြည့်ပြည့်စုံစုံ နည်းပညာပေးသွားမှာဖြစ်ကြောင်း သိရှိရပါတယ်။

**ရီလင်းထွန်း-မုံရွာ**

### ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-21844, 21108 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Fax:081-21093,Ph:081-21627 email:m.myintmaungmaung@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါ်လမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

Organizations News
Vol: 15, No.2 Monday Jan 12 2015

# အာဆီယံပေါင်းစည်းရေးအတွက် ဗီယက်နမ်စီးပွားရေးလုပ်ငန်းများက အသင့်ဖြစ်

ယခုနှစ် နှစ်ကုန်မှာ ထူထောင်မယ့် အာဆီယံ စီးပွားရေးအသိုက်အဝန်း (အေအီးစီ)မှ အခွင့်အလမ်းများကို ရယူနိုင်ဖို့နဲ့ စိန်ခေါ်မှုကိုရင်ဆိုင်နိုင်ဖို့အတွက် ဗီယက်နမ် စီးပွားရေးလုပ်ငန်းများက အသင့်ပြင်ဆင်ထားပြီးဖြစ်ကြောင်း ကျွမ်းကျင်သူများ၏ပြောကြားချက်ကို ကိုးကားပြီး ဗီယက်နမ်သတင်းအေဂျင်စီက ဖော်ပြပါတယ်။

အေအီးစီက ကုန်စည်၊ ဝန်ဆောင်မှု၊ ကျွမ်းကျင်လုပ်သားနဲ့ မတည်ရင်းနှီးငွေ လွတ်လပ်စွာစီးဆင်းနိုင်အောင် လမ်းခင်းပေးမှာဖြစ်ကြောင်း ဟိုချီမင်းစီးတီး ဖွံ့ဖြိုးတိုးတက်မှုလေ့လာရေးအဖွဲ့ ညွှန်ကြားရေးမှူး ငုယင်ထရောင်ဟိုက ပြောပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း ကုန်စည်ခွန်တွေ လျှော့ချပေးတဲ့အတွက် ဗီယက်နမ်စီးပွားရေးလုပ်ငန်းတွေ တင်ပို့မှုကို တိုးမြှင့်ပေးမှာဖြစ်သလို ကမ္ဘာ့ကုန်ထုတ်လုပ်မှုခွင်ကြီးအတွင်းသို့ ဝင်ရောက်နိုင်ဖို့ လမ်းခင်းပေးမှာဖြစ်ကြောင်း သူကပြောပါတယ်။ သို့သော်လည်း ပြည်တွင်းပြည်ပဈေးကွက်နှစ်ခုစလုံးမှာ ပြင်းထန်တဲ့ယှဉ်ပြိုင်မှုတွေနဲ့ ရင်ဆိုင်တွေ့ကြုံရမှာဖြစ်ကြောင်း သူက သတိပေးပါတယ်။

ယှဉ်ပြိုင်နိုင်မှုစွမ်းရည် တိုးတက်ရေးအတွက် ဖွဲ့စည်းတည်ဆောက်မှု ပြန်လည်ပြင်ဆင်ရေး၊ ဝန်ဆောင်မှု တိုးတက်ကောင်းမွန်ရေးနဲ့ ထုတ်ကုန်သစ်များ ပေါ်ထုတ်ရေးအတွက် သူ့ကုမ္ပဏီက ကြိုးပမ်းဆောင်ရွက်နေကြောင်း ဟိုချီမင်းစီးတီး အစားအစာနဲ့ စားသောက်ကုန်အသင်းဥက္ကဋ္ဌနဲ့ Vissan Company Limited ညွှန်ကြားရေးမှူးချုပ် ဗန်ဒပ်မွိုင်က ပြောပါတယ်။

အာဆီယံပေါင်းစည်းပြီးပါက အထိခိုက်ခံရမှုအများဆုံးမှာ မွေးမြူရေးလုပ်ငန်းဖြစ်ပါတယ်။ ယှဉ်ပြိုင်နိုင်မှု တိုးတက်ကောင်းမွန်ဖို့အတွက် ဤကဏ္ဍရှိ စီးပွားရေးလုပ်ငန်းတွေက ထုတ်လုပ်မှုမှဖြန့်ဖြူးမှုအထိ အဆင့်အားလုံးတွင် အချင်းချင်း ချိတ်ဆက်မှုကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်လိုအပ်ကြောင်း သူက ပြောပါတယ်။

"ဗီယက်နမ်စားသုံးသူတွေက အေးခဲအစားအစာနဲ့နှိုင်းယှဉ်ရင် အသားလတ်လတ်ဆတ်ဆတ်ကို ကြိုက်ပါတယ်။ ဒါကြောင့် ပြည်တွင်းထုတ်လုပ်သူတွေအတွက်အားသာချက်တစ်ခုဖြစ်စေပါတယ်။ ဒါပေမယ့် ဈေးနှုန်းကတော့ ယှဉ်ပြိုင်တဲ့ဈေးနှုန်းဖြစ်ဖို့တော့ လိုအပ်ပါတယ်"လို့ သူက ဗီယက်နမ်သတင်းအေဂျင်စီကိုပြောသည်။

# အာဆီယံပေါင်းစည်းရေးမှာ ဗီယက်နမ်ရဲ့ လယ်ယာစိုက်ပျိုးရေးဈေးကွက် ဆက်သွယ်မှုခိုင်မာဖို့လိုအပ်



၂၀၁၅ ခုနှစ်မှာ ဖွဲ့စည်းမယ့် အာဆီယံ စီးပွားရေးအသိုက်အဝန်း (အေအီးစီ) က ဗီယက်နမ် လယ်ယာစိုက်ပျိုးရေးဈေးကွက်သစ်ထဲကို ရောက်အောင် ဖန်တီးပေးမှာဖြစ်တဲ့အတွက် ဗီယက်နမ် တောင်သူလယ်သမားတွေနဲ့ ကုန်ထုတ်လုပ်သူတွေက ပြည်ပက ဝင်လာမယ့် ပြင်းထန်တဲ့ယှဉ်ပြိုင်မှုတွေ ရင်ဆိုင်ဖို့ ပြင်ဆင်ထားရတော့မှာဖြစ်ကြောင်း ဗီယက်နမ်လယ်ယာစိုက်ပျိုးရေးဝန်ကြီးကောင်ဒပ်ဖတ်ရဲ့ ပြောကြားချက်ကိုကိုးကားပြီး ဗီယက်နမ်ဘရစ်သတင်းမှာ ဖော်ပြပါတယ်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍက ၂၀၁၄ ခုနှစ်မှာ ၃ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး စုစုပေါင်းပြည်ပတင်ပို့မှုက ၂၀၁၄ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၈၆ ဘီလီယံရှိခဲ့ကြောင်း ယခုရက်သတ္တပတ်အတွင်းမှာ အမျိုးသားလွှတ်တော်စီးပွားရေးကော်မတီ အဖွဲ့ဝင်များက ပြုလုပ်တဲ့ တောင်သူလယ်သမားများအတွက် အမေးအဖြေကဏ္ဍမှာ ဝန်ကြီးက ပြောကြားပါတယ်။ အဲဒီလို အခြေအနေမျိုးတွေရှိနေပေမယ့် တောင်သူလယ်သမားတွေ ဆင်းရဲနေဆဲပဲဖြစ်ပါတယ်။ ဗီယက်နမ်လယ်ယာထုတ်ကုန်တွေကိုအရည်အသွေးနိမ့်တဲ့ ပစ္စည်းတွေအဖြစ် ရှုမြင်ကြတယ်လို့ တက်ရောက်လာသူတွေက ပြောပါတယ်။ ဒီလိုဖြစ်ရတာကလည်း အသုံးချနည်းပညာမရှိတာနဲ့ လယ်ယာကနေဈေးကွက်ကို ချိတ်ဆက်မှုမခိုင်မာတာကြောင့်လည်း ဖြစ်ပါတယ်။

လယ်ယာကဏ္ဍကြီး တစ်ခုလုံးအလိုက်တိုးတက်ကောင်းမွန်ဖို့ လိုအပ်တဲ့အတွက် လယ်ယာကဏ္ဍမှာစီးပွားရေးလုပ်ငန်းတွေက ပိုမိုရင်းနှီးမြှုပ်နှံလာအောင်အခွန်ဆွဲဆောင်မှုတွေကိုအစိုးရကပေးခဲ့ပါတယ်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီးတစ်ခုလုံး တိုးတက်နေပေမယ့်လယ်သမားတွေဝင်ငွေနည်းရသည့်အကြောင်းရင်းမှာ လယ်သမားတွေက ဓာတ်မြေဩဇာ၊ လောင်စာဆီနဲ့ ပိုးသတ် ဆေးကုန်ကျစရိတ် မြင့်တက်မှုတွေကြားမှာ ရုန်းကန်နေရလို့ဖြစ်ကြောင်း အမျိုးသားလွှတ်တော်အဖွဲ့ဝင် ထရန်ဒူလစ်က ပြောပါတယ်။ အလားတူ ကောက်ပဲသီးနှံ အထွက်ကောင်းတဲ့နှစ်တွေမှာ ဈေးနှုန်းတွေ ကျဆင်းလို့ အကျိုးအမြတ်နည်းတဲ့ အဖြစ်မျိုးနဲ့ ကြုံတွေ့ခဲ့ရပါတယ်။

လယ်သမားတွေ ဈေးကွက်နဲ့ ချိတ်ဆက်နိုင်ဖို့ တောင်သူလယ်သမားတွေ ကိုယ်စားပြုတဲ့အဖွဲ့တွေ ဖွဲ့စည်းနိုင်ဖို့ လယ်ယာစိုက်ပျိုးရေးနဲ့ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ကြိုးပမ်းလျက်ရှိကြောင်း ဖတ်က ပြောပါတယ်။

# အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်ကို မြန်မာနိုင်ငံတွင် ဇန်နဝါရီလအတွင်း ကျင်းပမည်

မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးမှုတိုးတက်ကောင်းမွန်ရန်ရည်ရွယ်လျက် ၂၀၁၅ ခုနှစ် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် (ASEAN Tourism Forum-2015) ကို ယခုလအတွင်း နေပြည်တော်၌ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမှာဖြစ်ကြောင်း ဇန်နဝါရီ ၂ ရက်က ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းဝန်ကြီးဌာနရဲ့ ပြောကြားချက်ကို ကိုးကားပြီး ရှင်ဟွာသတင်းမှာဖော်ပြပါတယ်။ ယခုကျင်းပမယ့် 34th ASEAN Tourism Forum မှာ မြန်မာနိုင်ငံတွင် ပထမအကြိမ်ကျင်းပတဲ့ခရီးသွားလုပ်ငန်း ဖိုရမ်တစ်ခုဖြစ်ပြီး ဇန်နဝါရီ ၂၂ ရက်မှ ၂၉ ရက်ထိကျင်းပမှာ ဖြစ်ပါတယ်။

ဖိုရမ်သို့ နိုင်ငံပေါင်း ၄၀ ကျော်မှ တက်ရောက်သူ ၁၅၀၀ ခန့်ရှိမည်ဟုခန့် မှန်းထားရာ ခရီးသွားလုပ်ငန်းဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အာဆီယံမှ ပြပွဲပြသသူများနဲ့ အပြည်ပြည်ဆိုင်ရာနဲ့ ပြည်တွင်းကဖောက်သည်များ၊ အပြည်ပြည်ဆိုင်ရာ မီဒီယာအသိုင်းအဝန်းမှ ပုဂ္ဂိုလ်များပါဝင်တက်ရောက်မည်ဟု ခန့်မှန်းထားပါတယ်။

ရှစ်ရက်ကြာကျင်းပမည့်ဖိုရမ်တွင် အာဆီယံခရီးသွားဝန်ကြီးများ အစည်းအဝေး၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံတွေရဲ့ ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေး၊ အာဆီယံခရီးသွားလုပ်ငန်းရှိ အခွင့်အာဏာရပုဂ္ဂိုလ်အစည်းအဝေးနဲ့ နှစ်ဦးချင်းစီးပွားရေးလုပ်ငန်း တွေ့ဆုံဆွေးနွေးမှု အစီအစဉ် စသည်တို့ပါဝင်ပါတယ်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများရဲ့ ခရီးသွားလုပ်ငန်းအစီအစဉ်ရောင်းဝယ်မှု စင်မြင့်အဖြစ် စီစဉ်ဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် ပထမအကြိမ်အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်ကို ၁၉၈၁ ခုနှစ် မှာမလေးရှားနိုင်ငံက လက်ခံကျင်းပပေးခဲ့တယ်။ ဒေသတွင်းခရီးသွားလုပ်ငန်း စာရင်းဇယားများအရ ၂၀၁၃ ခုနှစ်တွင် အာဆီယံဒေသသို့ အပြည်ပြည်ဆိုင်ရာ ခရီးသွား ၉၉ ဒသမ ၂ သန်းဝင်ရောက်ခဲ့ကြောင်း သိရတယ်။ ထိုနှစ်အတွင်း အာဆီယံသို့ဝင်ရောက်ခဲ့တဲ့ ခရီးသွားများအနက် မြန်မာနိုင်ငံသို့ ၂ ဒသမ ၀၄ သန်းဝင်ရောက်ခဲ့ရာ ယခင်နှစ်နဲ့နှိုင်းယှဉ်ရင် ၉၃ ရာခိုင်နှုန်းမြင့်မားခဲ့တယ်။ ၂၀၁၄ ခုနှစ်မှာမူ မြန်မာနိုင်ငံကို ဝင်ရောက်သူဦးရေ ၃ သန်းရှိခဲ့တယ်။

# ၂၀၁၆ ခုနှစ် လာအိုနိုင်ငံက အာဆီယံဥက္ကဋ္ဌ တာဝန်ယူမည်

၂၀၁၆ ခုနှစ်မှာ လာအိုနိုင်ငံက အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒီလိုတာဝန်ယူဆောင်ရွက်တဲ့အခါ ထိုနှစ်အတွင်းကျင်းပမယ့် အာဆီယံနဲ့အရှေ့အာရှ ထိပ်သီးဆွေးနွေးပွဲတွေကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရမှာဖြစ်တဲ့အတွက် လာအိုနိုင်ငံသို့ အပြည်ပြည်ဆိုင်ရာကိုယ်စားလှယ် အမြောက်အမြား လာရောက်ကြမှာဖြစ်ကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

၂၀၁၅ ခုနှစ် အာဆီယံဥက္ကဋ္ဌတာဝန်ကိုဆောင်ရွက်ဖို့အတွက် မလေးရှားနိုင်ငံက မြန်မာနိုင်ငံထံမှ တာဝန်လွှဲပြောင်းလက်ခံခဲ့ပါတယ်။ လာအိုနိုင်ငံအနေနဲ့ ဥက္ကဋ္ဌတာဝန်ယူဖို့ ပြင်ဆင်ရာမှာ အမေရိကန်ပြည်ထောင်စုနဲ့ ဘရူနိုင်းနိုင်ငံတို့က အင်္ဂလိပ်ဘာသာစကား လေ့ကျင့်ရေးသင်တန်းတွေပေးဖို့ တာဝန်ယူကြမှာဖြစ်ပါတယ်။

တိုးချဲ့အစီအစဉ်များအရ နောက်ထပ်ပြီး English Language Fellows အစီအစဉ်နှစ်ခုကို ဆောင်ရွက်မှာ ဖြစ်ပြီး တစ်ခုကိုအမေရိကန်ပြည်ထောင်စုနဲ့ ကျန်တစ်ခုကို ဘရူနိုင်းနိုင်ငံတို့က တာဝန်ယူဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ လာအိုနိုင်ငံက လုံခြုံရေးနဲ့ဆက်ဆံရေးအရာရှိ ၁၅၀ နဲ့ ၂၀၀ အကြားကို ၁၀ လကြာ သင်တန်းပေးဖို့အတွက် ဇန်နဝါရီလဆန်းပိုင်းမှ စတင်ရောက်ရှိကြမှာဖြစ်ပါတယ်။

လာအိုလုံခြုံရေးနဲ့ ဆက်ဆံရေးအရာရှိတွေကို တခြားနိုင်ငံတွေကအရာရှိတွေနဲ့ဆက်ဆံရာမှာ အင်္ဂလိပ်ဘာသာစကားကို အသုံးပြုပြီး ထိထိရောက်ရောက်ဆက်သွယ်နိုင်ဖို့အတွက် English Language Fellows သင်တန်းက အထောက်အကူပေးမှာ ဖြစ်ပါတယ်။ အင်္ဂလိပ်ဘာသာစကားက အာဆီယံအဖွဲ့ဝင်နိုင်ငံတွေ အချင်းချင်း ဆက်ဆံရာမှာ အဓိကဘာသာစကားတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် လုပ်ငန်းပိုင်းဆိုင်ရာ တာဝန်တွေကို အောင်မြင်စွာထမ်းဆောင်နိုင်ဖို့နဲ့ အာဆီယံဥက္ကဋ္ဌတာဝန် အောင်မြင်စွာထမ်းဆောင်နိုင်ဖို့ အတွက် အစိုးရအရာရှိများအတွက် အင်္ဂလိပ်ဘာသာစကားက အဓိကကျတဲ့ ဘာသာစကားဖြစ်ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# လောင်စာဆီဈေးနှုန်းများ ကျဆင်းသော်လည်း မလေးရှား စားသောက်ဆိုင်များက ဈေးချမပေး

လောင်စာဈေးတက်ရင် စားသောက်ဆိုင်တွေက စားစရာဈေးနှုန်းတွေ မြင့်တက်လေ့ရှိပါတယ်။ ယခုအခါ လောင်စာဆီဈေးနှုန်းကြီးများ အများကြီး ကျဆင်းခဲ့သော်လည်း စားသောက်ဆိုင်များနဲ့ ကော်ဖီဆိုင်တွေကအစားအစာ ဈေးနှုန်းတွေကို ချပေးခြင်းမရှိသေးကြောင်း သည်စတားအွန်လိုင်းသတင်းမှာ ဖော်ပြထားပါတယ်။

ယခုလိုဖြစ်ရတာဟာ ပစ္စည်းပေးသွင်းသူတွေက ဈေးချမပေးလို့ဖြစ်ရကြောင်း အပြစ်တင်ကြသလို ပစ္စည်းပေးသွင်းသူတို့ကလည်း သယ်ယူပို့ဆောင်သူတွေကို လက်ညှိုးတစ်ဆင့်ထိုးကြပါတယ်။ သယ်ယူပို့ဆောင်ရေးစရိတ်တွေကို ယခုဖြစ်ပေါ်နေတဲ့ ဒီဇယ်ဈေးနှုန်းတွေနဲ့ညှိပြီးတောင်းခံကြဖို့ မလေးရှား ကုန်တင်ကားပိုင်ရှင်များအသင်းက အဖွဲ့ဝင်တွေကို နှိုးဆော်ထားပါတယ်။

မလေးရှားယှဉ်ပြိုင်မှုကော်မရှင် (Malaysia Competition Commission-MYCC) က ကန့်သတ်ချက်တွေထားရှိတဲ့အတွက် ညှိနှိုင်းမှု ဘယ်တော့ပြီးမယ်ဆိုတာကို ပြောလို့မရသေးကြောင်း အသင်းရဲ့ဥက္ကဋ္ဌ ဂျောင်ဖိုးက ပြောပါတယ်။

“ဒီဇယ်ဈေးကျတာက ကမ္ဘာ့ရေနံစိမ်းဈေးကျတဲ့ ယေဘုယျအခြေနေပေါ်မှာ အမှီပြုပြီးဖြစ်လာတာဆိုတော့ ဒီအလားအလာအခြေအနေက ဘယ်လောက်ထိကြာဦးမယ်ဆိုတာပြောလို့ မရသေးပါဘူး”လို့ သူကပြောပါတယ်။ အပိုပစ္စည်းတွေနဲ့ တာယာပေါ်မှာကောက်ခံတဲ့ အခွန်ကိုလည်း လျှော့ချပေးဖို့ ဂျောင်ကအစိုးရကိုတိုက်တွန်းထားပါတယ်။

အဖွဲ့ဝင်တွေက ဈေးတွေချပေးဖို့ ဆန္ဒရှိပေမယ့် အသုံးစရိတ်တွေက မြင့်တက်နေဆဲဖြစ်ကြောင်း မလေးရှား အိန္ဒိယမူဆလင် စားသောက်ဆိုင်ပိုင်ရှင်များအသင်း (Presma) ဥက္ကဋ္ဌ နူးရှူးဟာဆန်ဆောဟာမိက ပြောပါတယ်။

“ကျွန်တော်တို့က ပစ္စည်းသွင်းတဲ့ လူတွေကိုမှီခိုနေရပြီး ပြီးခဲ့တဲ့လက လောင်စာဈေးနှုန်းတွေကျနေတာကြောင့် သူတို့ကလည်း ဈေးနှုန်းတွေကို ချမပေးသေးပါဘူး။ ဈေးတွေချပေး ရင် ဖောက်သည်တွေများပြီးအမြတ်တွေ တက်လာမယ့်သဘောရှိမှာဆိုတော့ ကျွန်တော်တို့ကအစားအစာဈေးနှုန်းတွေ ချပေးဖို့အသင့်ပါပဲ။ ဒါပေမယ့် ကျွန်တော် တို့ကလည်း ပစ္စည်းပေးသွင်းသူတွေက တောင်းတဲ့ဈေးနှုန်းကို ကျော်လို့မရပါဘူး”လို့ သူကပြောပါတယ်။



# ထိုင်းဒူးဇစ်ဟိုတယ်က ဟိုတယ်ကျောင်းသစ်ဖွင့်

ယခင်နှစ်အကုန်မှာ ခရီးသွားလုပ်ငန်းသက်မွေးဝမ်းကျောင်း ပညာသင်များအတွက် အာဆီယံဘုံစံနှုန်း(ASEAN Common Competency Standard) ကို အခြေခံထားတဲ့ ထိုင်းနိုင်ငံရဲ့ပထမဆုံး ခရီးသွားလုပ်ငန်းကျောင်းကို ဖွင့်လှစ်မှာဖြစ်ကြောင်း နေးရှင်းသတင်းမှာဖော် ပြပါတယ်။

ဒူးဇစ်သာနီကောလိပ် (Dusit Thani College) ကထိုင်းနိုင်ငံရဲ့ ပထမဆုံး ခရီးသွားလုပ်ငန်းကျောင်းတစ်ခုဖြစ် ပါတယ်။ နောက်ထပ်လည်း ဒီလိုလုပ်ငန်းမျိုးမှာ ပထမဆုံးအဖြစ်ဖွင့်လှစ်မယ့် အချက်အပြုတ်ကျောင်းဖြစ်တဲ့ Le Cordon Bleu Dusit Culinary School ကိုလည်း ဖွင့်လှစ်မှာဖြစ်ပါ တယ်။

၂၀၁၅ ခုနှစ်အကုန်မှာ ဒူးဇစ်က ကျောင်းသစ်တစ်ခုဖြစ်တဲ့ Dusit Thani Hotel School ကို ဖွင့်လှစ်မည်ဖြစ်ရာ ထိုင်းနိုင်ငံမှာခရီးသွားလုပ်ငန်းအတွက် အာဆီယံစံနှုန်းတွေနဲ့ကိုက်ညီတဲ့ ပထမဆုံးခရီးသွားလုပ်ငန်းကျောင်းဖြစ်လာပါမယ်။ ကျောင်းသင်ရိုးက လက်မှတ်ရအဆင့်နှင့် ဒီပလိုမာအဆင့်နှစ်ခုစလုံး အတွက်သင်ရိုးဖြစ်ပါတယ်။ ဟိုတယ်လုပ်ငန်းတစ်ခုလုံးကိုလွှမ်းခြုံထားမယ့် သင်ရိုးဖြစ်ပါတယ်။ ဒီကျောင်းကိုဒူးဇစ်သာနီကောလိပ်နဲ့မတွဲဘဲ သီးခြားဆောင်ရွက်မှာဖြစ်ပြီး ရိုးရိုးဘွဲ့နဲ့ မဟာဘွဲ့အတွက် ဆက်လက်လေ့လာနိုင်မယ့် အနေအထားရှိပါတယ်။ ထို့ပြင် ဒူးဇစ်သာနီဟိုတယ်ကျောင်းကထူးချွန်သူတွေကို နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ တခြားအဆင့်မြင့်ကျောင်းတွေမှာ သင်ယူခွင့်ပေးမှာ ဖြစ်ပါတယ်။

ဒူးဇစ်သာနီဟိုတယ်ကျောင်းက ဘန်ကောက်မြို့ထဲပိုင်းမှာ ရှိမှာဖြစ်ပြီး ကျောင်းသား ၁၃၀၀ အတွက်သင်ကြားနိုင်မယ့်မြေဧရိယာစတုရန်းမီတာ ၇၀၀၀ ရှိမှာဖြစ်ပါတယ်။ ကျောင်းမှာ စာသင် ခန်းကိုးခန်း၊ ဘာသာစကားလေ့ကျင့် ခန်းနှစ်ခန်း၊ နောက်ဆုံးပေါ် ဆော့ဖ်ဝဲပရိုဂရမ်တွေပါတဲ့ IT လေ့ကျင့်ခန်း နှစ်ခန်း၊ သရုပ်ပြမီးဖိုခန်း သုံးခန်း၊ လက်တွေ့မီးဖိုခန်း သုံးခန်းနဲ့ ဟိုတယ်ခန်းတွေမှာအဓိကကျတဲ့နေရာ၊ သန့်ရှင်းရေးဘား စတဲ့လုပ်ငန်းတွေအတွက် သရုပ်ပြခန်းတွေပါဝင်မှာဖြစ်ပါတယ်။

# ဝယ်လိုအား ကျဆင်းမှုကြောင့် စက်မှုလုပ်ငန်းနေရာ အငှားချထားမှုများ ကျဆင်း



စက်မှုလုပ်ငန်း နေရာများအတွက် ဝယ်လိုအားကျဆင်းနေချိန်မှာ လက်ရှိလက်ကျန်တွင် နောက်ထပ်ဝင်ရောက်လာတဲ့အရေအတွက်များပြားမှုကြောင့် ၂၀၁၄ ခုနှစ် စတုတ္ထသုံးလပတ်မှာ စက်မှုလုပ်ငန်းနေရာများအတွက် ငှားရမ်းခများကို ကျဆင်းစေခဲ့ကြောင်း ဇန်နဝါရီ ၅ ရက်က DTZ Research အိမ်ခြံမြေအတိုင်ပင်ခံအဖွဲ့ရဲ့ ထုတ်ပြန်ချက်ကိုကိုးကားပြီး တူဒေးဝက်ဘ်ဆိုက်သတင်းမှာဖော်ပြထားပါတယ်။

ဒါပေမယ့် စီးပွားရေးဇုန်တွေမှာရှိတဲ့နေရာတွေနဲ့ အဆင့်မြင့်နည်းပညာ ထုတ်ကုန်လုပ်ငန်း နေရာများအတွက် နေရာများရဲ့ ဝယ်လိုအား ဆက်လက်မြင့်တက်နေပါတယ်။ ယခုနှစ်အတွင်းမှာ စက်မှုလုပ်ငန်း အဟောင်းနဲ့အသစ်တွေရဲ့ ဈေးနှုန်းကွာခြားချက်က ပိုမိုကြီးမားမယ်လို့ ပြောပါတယ်။

စက်ရုံမြေနေရာများရဲ့ ဝယ်လိုအားက ၂၀၁၃ ခုနှစ်ပထမသုံးလပတ်သုံးခုမှာ စတုရန်းပေ ၅ ဒသမ ၃ သန်းထိရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်ကာလတူအချိန်မှာ စတုရန်း ၄သန်းထိ ကျဆင်းခဲ့ပါတယ်။ ဒါကြောင့် ကုန်ထုတ်လုပ်မှုအတွက်အလားအလာကိုမှေးမှိန်စေခဲ့ပါတယ်။ နိုဝင်ဘာစက်ရုံကုန်ထွက်ကို ၂၀၁၃ ခုနှစ်ကာလတူ အခြေအနေနဲ့ နှိုင်းယှဉ်ရင် ၂ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။ ပျမ်းမျှတိုးတက်မှုနှုန်းနဲ့ နှိုင်းယှဉ်ပါက သုည ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပါတယ်။

လွန်ခဲ့တဲ့ သုံးလပတ် သုံးခုအတွင်း နောက်ထပ်နေရာပေါင်း စတုရန်းပေ ၁၄ ဒသမ ၅ သန်း ထပ်မံတိုးတက်လာမှုကြောင့် စတုတ္ထသုံးလပတ် ငှားရမ်းမှုက တတိယသုံးလပတ် ငှားရမ်းမှုနဲ့နှိုင်းယှဉ်ရင် ၁ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းစေခဲ့ပါတယ်။

စတုတ္ထသုံးလပတ်မှာ အငှားဈေးကွက် ကျဆင်းခဲ့ပေမယ့် တစ်နှစ်လုံး အခြေအနေကိုကြည့်ရင် တည်ငြိမ်မှုရှိတာကို တွေ့ရပါတယ်။

သမားရိုးကျ စက်မှုနေရာလစဉ်ငှားရမ်းနှုန်းက ၂၀၁၃ ခုနှစ်ကနှုန်းနဲ့ နှိုင်းယှဉ်ရင် ၁ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းပြီး တစ်စတုရန်းပေကို စင်ကာပူဒေါ်လာ ၂ ဒေါ်လာနှုန်းရှိခဲ့ပါတယ်။

# ဗီယက်နမ်ကုမ္ပဏီတို့က ၂၀၁၅ ခုနှစ်ကို အကောင်းဘက်ကရှုမြင်

ဗီယက်နမ်နိုင်ငံရဲ့ စီးပွားရေးလုပ်ငန်း ပတ်ဝန်းကျင်က ၂၀၁၅ ခုနှစ်မှာ ပိုမိုကောင်းမွန်လာလိမ့်မယ်လို့ စီးပွားရေးလုပ်ငန်းအများစုက ယုံကြည်နေကြကြောင်း VNS သတင်းမှာ ဖော်ပြထားပါတယ်။

မေခရိုစီးပွားရေးတည်ငြိမ်မှုအတွက် အစိုးရကငွေကြေးဖောင်းပွမှုကို အောင်မြင်စွာ ထိန်းချုပ်နိုင်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် စီးပွားရေးလုပ်ငန်းတွေက ထုတ်လုပ်ရေး မဟာဗျူဟာတွေချမှတ်ပြီး သူတို့ရဲ့အခက်အခဲတွေကိုကျော်လွှားနိုင်ဖို့ ကြိုးပမ်းရာမှာ အထောက်အကူပေးနိုင်ခဲ့ကြောင်း တောင်ပိုင်းဒေသစီးပွားရေးအသင်းများနဲ့ စီးပွားရေးလုပ်ငန်းများတို့ နှစ်အကုန် တွေ့ဆုံပွဲမှာ ဗီယက်နမ်ကုန်သည်များနဲ့ စက်မှုလုပ်ငန်းရှင်များအသင်း ညွှန်ကြားရေးမှူး ဗူရှန်လောက်က ပြောပါတယ်။

သို့သော်လည်း ဗီယက်နမ် စီးပွားရေးလုပ်ငန်းများက ယှဉ်ပြိုင်မှုစွမ်းဆောင်ရည်ပြဿနာနဲ့ ရင်ဆိုင်ရပြီး ပုဂ္ဂလိကကုမ္ပဏီတွေ အထူးသဖြင့် အက်စ်အမ်အီးတွေက အခက်အခဲတွေနဲ့ ရင်ဆိုင်နေရဆဲဖြစ်တယ်။

အကောက်ခွန်နဲ့ အခွန်အကောက်ဆိုင်ရာ မူဝါဒတွေမှာပါရှိတဲ့ အခက်အခဲ တွေကိုဖယ်ရှားဖို့ အစိုးရကထိရောက်တဲ့ အစီအမံတွေ ဆက်လက်ထုတ်ပြန်သွားလိမ့်မယ်လို့ ယုံကြည်ကြောင်း ဗီယက်နမ်သီဟိုဠ်စေ့အသင်း ဒုတိယဥက္ကဋ္ဌနဲ့ အထွေထွေအတွင်းရေးမှူးချုပ် ဒန်ဟောင်ဂျန်းကပြောပါတယ်။

အပြည်ပြည်ဆိုင်ရာဈေးကွက်ထဲမှာ ဗီယက်နမ်စီးပွားရေးလုပ်ငန်းတွေနဲ့ ကုန်စည်တွေရဲ့ ဥပဒေကြောင်းအရ ရပိုင်ခွင့်တွေကို အကောင်းဆုံးကာကွယ်ဖို့၊ ကုန်သွယ်ရေးအငြင်းပွားမှုတွေကို ဖြေရှင်းရာမှာ ပိုမိုထောက်ကူမှုပေးဖို့နဲ့ အခြေအနေကောင်းတွေရှိတဲ့ ရင်းနှီးမြှုပ်နှံမှု သဘာဝပတ်ဝန်းကျင်တွေ ဖန်တီးပေးဖို့ကိုလည်း သူတို့ကဆန္ဒရှိနေပါတယ်။

ဗီယက်နမ်ရဲ့စီးပွားရေးလုပ်ငန်းတွေက မျှတပြီး တန်းတူညီမျှတဲ့ ဝန်းကျင်တစ်ခုကို လိုလားကြသလို ကမ္ဘာ့အဆင့်ပေါင်းစည်းရေးအတွက် သူတို့ရဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်တွေကို တိုးမြှင့်ပေး ဖို့ဆန္ဒရှိနေကြောင်း ဟိုချီမင်းစီးတီးစက်မှုပညာရှင်များအသင်းမှ ငုယင်သီအန်းသူ ကပြောပါတယ်။

ဗီယက်နမ်အသင်းများနဲ့ စီးပွားရေးလုပ်ငန်းတွေက စီးပွားရေးအလားအလာတွေကိုရော ၂၀၁၅ ခုနှစ်အတွက် စိန်ခေါ်မှုတွေကိုပါ အကဲဖြတ်သုံးသပ်ပြီး ရေရှည်တည်တံ့မယ့် ဖွံ့ဖြိုးရေးမဟာဗျူဟာတွေချမှတ်ဖို့ ဟိုချီမင်းစီးတီးစီးပွားရေးလုပ်ငန်းအသင်းဥက္ကဋ္ဌ ဟွန်ဗန်မင်းက ပြောပါတယ်။

ဥာဏ်တင်-စုစည်းတင်ပြသည်

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

### နယူးယောက်

ကိုကာကိုလာကို ရောင်းအား မြှင့်တင်ဖို့ လုံးပမ်းနေရတဲ့အတွက် ကုမ္ပဏီရုံးချုပ်၊ မြောက်အမေရိကနဲ့ အပြည်ပြည်ဆိုင်ရာ ဌာနခွဲများမှ ဝန်ထမ်း ၁၆၀၀-၁၈၀၀ကို လျှော့ချမှာဖြစ်ကြောင်း ကုမ္ပဏီရဲ့ ပြောရေးဆိုခွင့်ရှိသူက ဇန်နဝါရီ ၈ ရက်ကပြောကြောင်း အေအက်ဖ်ပီ သတင်းမှာဖော်ပြပါတယ်။

### ရီဂါ(လတ်ဗီးယားနိုင်ငံ)

ရုရှားကျောထောက်နောက်ခံပြုထားတဲ့ သူပုန်များနဲ့ ကာလရှည်ကြာစွာ ပဋိပက္ခဖြစ်နေတဲ့ဒဏ်ကိုခံစားနေရတဲ့ ယူကရိန်းနိုင်ငံရဲ့ စီးပွားရေးကို ကူညီဖို့အတွက် ဥရောပသမဂ္ဂ (အီးယူ)က နောက်ထပ် အကူအညီ ယူရို ၁ ဒသမ ၈ဘီလီယံ(ဒေါ်လာ ၂ ဒသမ ၁ ဘီလီယံ) ကာလလတ်ချေးငွေကို ပေးဖို့စီစဉ်ထားကြောင်း ဥရောပကော်မရှင် အကြီးအကဲ ယွန်းကလောဂျန်ကာရဲ့ ဇန်နဝါရီ ၈ ရက်ကပြောကြားချက်ကို ကိုးကားပြီး အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

### ဆိုးလ်

ရေနံဈေးနှုန်း မငြိမ်မသက်မှုကြောင့် ကမ္ဘာပေါ်တွင် သင်္ဘောသစ်ဝယ်လိုအား ကျဆင်းတဲ့အတွက် တောင်ကိုရီးယား သင်္ဘောတည်ဆောက်ရေးကုမ္ပဏီများရဲ့ ၂၀၁၄ ခုနှစ် အမှာစာက ယခင်နှစ်အောက် ၃၆ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ကမ္ဘာ့ဈေးကွက်သုတေသနအဖွဲ့ဖြစ်တဲ့ လယ်ဆန်သုတေသနအဖွဲ့ရဲ့ ဇန်နဝါရီ ၉ ရက်ကထုတ်ပြန်ချက်အရသိရကြောင်း ယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။

### ဟန်နွိုင်း

လာမယ့်လ အနည်းငယ်အတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) စီမံကိန်းအများအပြားကို ခွင့်ပြုတော့မှာ ဖြစ်တဲ့အတွက် ၂၀၁၅ ခုနှစ်အတွင်း ဗီယက်နမ်နိုင်ငံမှာ FDI ရင်းနှီးမြှုပ်နှံမှုတွေ ထူးထူးခြားခြား တိုးတက်လာလိမ့်မယ်လို့ ဘင်ဒင်းစီးပွားရေးဇုန်စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့ရဲ့ ပြောကြားချက်ကို ကိုးကားပြီး ဗီယက်နမ် သတင်းအေဂျင်စီက ပြောပါတယ်။

EAST ASIA

## ကွမ်ကျိုးရှိအာဖရိကလူမျိုး အများစုက ပြည်တွင်းတရုတ်ရုံးဝန်ထမ်းများထက် လစာပို

ကွမ်တုံပြည်နယ် ကွမ်ကျိုးမှာနေကြတဲ့ အာဖရိကလူမျိုး ၂၀ ရာခိုင်နှုန်းကတစ်လကိုယွမ်သုံးသောင်း(၄၈၃၈ ဒေါ်လာ) ရရှိတယ်လို့ မကြာသေးမီကပြုလုပ်တဲ့ စစ်တမ်းမှာ ဖော်ပြထားပါတယ်။ ကွမ်ကျိုးဒေသထုတ်သတင်းစာက အာဖရိကနိုင်ငံ ၅၀ ကလာရောက် နေထိုင်ကြတဲ့အာဖရိကလူမျိုး ၂၀၇ ဦးကို တွေ့ဆုံမေးမြန်းခဲ့တာ ဖြစ်ပါတယ်။ တွေ့ဆုံမေးမြန်းသူ ၁၆၅ ဦး အနက် ၃၇ ဦးက တောင်ပိုင်းမြို့တော်မှာ စီးပွားရေးလုပ်လို့ရတဲ့ဝင်ငွေက တစ်လကိုယွမ်သုံး သောင်းကျော်ရတယ်လို့ ပြော ပါတယ်။ ဒီငွေပမာဏက ဒေသရုံးလုပ်သားတွေရတဲ့ပျမ်းမျှ လစာငွေထက် ပိုမိုပါတယ်။

ကွမ်ကျိုးမှာ အရည်အသွေး ကောင်းတဲ့ပစ္စည်းတွေကို ဈေးနှုန်းသက် သက်သာသာနဲ့ရနိုင်တယ်။ စီးပွားရေးလုပ်ငန်းပတ်ဝန်းကျင်ကောင်းတယ်လို့ အာဖရိကစီးပွားရေးလုပ်ငန်းရှင်တွေက သဘောထားကြောင်း စစ်တမ်းအရတွေ့ရပါတယ်။

အဝတ်အထည်၊ ပိုးထည်၊ ကြွေထည်၊ လက်မှုပစ္စည်း၊ အီလက်ထရွန်း နစ်၊ ကစားစရာနဲ့ နာရီ စတဲ့ပစ္စည်းတွေက အာဖရိကစီးပွားသမားတွေကွေ့ချောင်းကဝယ်ပြီး အာဖရိကကိုတင်ပို့တဲ့ ပစ္စည်းတွေဖြစ်ကြောင်း စစ်တမ်းအရ တွေ့ရပါတယ်။ နိုင်ငံခြားသားတွေကို ဝန်ဆောင်မှုကောင်းကောင်းပေးဖို့ ကွေ့ချောင်းဒုတိယမြို့တော်နဲ့ ပြည်သူ့လုံခြုံရေးဗျူရို ညွှန်ကြားရေးမှူး ရှီရှောင်ဒန်က ကုန်တိုက်ကြီးတွေကို တိုက်တွန်းထားပါတယ်။

မြို့တော်လူဝင် လူထွက်စာရင်းအင်းဌာနမှ စာရင်းများအရ ကွမ်ကျိုးမှာ နိုင်ငံခြားသား ၁၂၀၀၀၀ ရှိတဲ့အနက် ၁၆၀၀၀ က အာဖရိကတိုက်သားတွေ ဖြစ်ပါတယ်။

အာဖရိကတိုက်သားတွေက အရောင်းအဝယ်လုပ်ငန်းအပြင် အလုပ် လုပ်ဖို့၊ အပန်းဖြေလေ့လာဖို့အတွက်လည်း ကွမ်ကျိုးကို ရောက်လာတတ်ကြောင်း ရှီက ပြောပါတယ်။ အာဖရိက တိုက်သားတွေက ဒေါင်ဖန်း၊ ကွမ်ကွမ်၊ တောင်ဂျင်၊ ဘိုင်ယန်မြို့တော်နဲ့ ယူဂူးခရိုင်တွေမှာ နေထိုင်ကြပါတယ်။

EU

## အီးယူမှ ဂရိနိုင်ငံနုတ်ထွက်မှုကို အတည်ပြုပေးမည့် ဂျာမနီဝန်ကြီးချုပ်မာကယ်ကိုဝေဖန်

ဂရိနိုင်ငံ ရွေးကောက်ပွဲတွင် လက်ဝဲအယူအဆရှိတဲ့ပါတီ အနိုင်ရရှိပါက ဂရိနိုင်ငံယူရိုဇုန်မှနုတ်ထွက်လျှင် အတည်ပြုပေးမည်ဟု ဂျာမနီဝန်ကြီးချုပ်အိန်ဂျလာမာကယ်ကပြောကြောင်း မဂ္ဂဇင်းတစ်စောင်တွင် ဖော်ပြခဲ့ပြီးနောက် ဝန်ကြီးချုပ်ကိုဇန်နဝါရီ ၄ ရက်က ဝေဖန်မှုများ ထွက်ပေါ်ခဲ့တယ်လို့ အေအက်ဖ်ပီသတင်းမှာဖော်ပြခဲ့ပါတယ်။




ဂရိနိုင်ငံတွင် အယူအဆတင်းမာတဲ့ လက်ဝဲပါတီအနိုင်ရပြီး ဂရိအစိုးရက လက်ရှိဆောင်ရွက်နေသော ခြိုးခြံချွေတာရေးလမ်းစဉ်ကို စွန့်လွှတ်ပါက ယူရိုဇုန်မှ ဂရိနိုင်ငံ ထွက်ခွာမည့်ကိစ္စမှာ ရှောင်လွှဲမရတဲ့ အကြောင်းကိစ္စတစ်ခု ဖြစ်နိုင်တယ်လို့ ဂျာမနီအစိုးရက ရှုမြင်ထားကြောင်း အစိုးရသတင်းရပ်ကွက်မှ ထွက်ပေါ်လာတဲ့ သတင်းများကို ကိုးကားပြီး ဂျာမန်အပတ်စဉ် ဂျာနယ် Der Spiegel မှာ ဖော်ပြထားပါတယ်။ တစ်ခုတည်းသော ငွေကြေးကိုသုံးစွဲနေတဲ့အုပ်စုမှ ဂရိနိုင်ငံထွက်ခွာသွားပါက အခြေအနေကို "ထိန်း"ထားမယ်လို့ မာကယ်နဲ့ ဘဏ္ဍာရေးဝန်ကြီး ဝုဖ်ရှွန်းဘလာတို့က လက်ခံယုံကြည်ထားကြောင်း မဂ္ဂဇင်းမှာဖော်ပြထားပါတယ်။

ယခင်က ပြဿနာပေါ်ပေါက်ခဲ့တဲ့ အိုင်ယာလန်နဲ့ ပေါ်တူဂီနိုင်ငံတွေမှာ စီးပွားရေးပြန်လည်နာလန်ထူလာနေပြီဖြစ်တဲ့အတွက် ယူရိုဇုန်အမြဲတမ်းကယ်တင်မှုရန်ပုံငွေ ထူထောင်ရေးနဲ့ ဘဏ်လုပ်ငန်းသမဂ္ဂ ထူထောင်ရေးလုပ်ငန်းတွေက ခိုင်မာလာပြီဖြစ်ပါတယ်။ ဒါကြောင့် ဂရိနိုင်ငံ အကျပ်အတည်းကြောင့်ဖြစ်ပေါ်လာမယ့် ကူးစက်မှုတွေကို ထိန်းချုပ်နိုင်မယ်လို့ ဂျာမနီနိုင်ငံရဲ့ ယုံကြည်မှုကို ပိုမိုတိုးတက်လာစေပါတယ်။

နုတ်ထွက်သွားတဲ့ သမ္မတကာရိုလို့စ်ပါပိုးလီယပ်စ်နေရာကို ဆက်ခံဖို့ သုံးကြိမ် မဲပေးရွေးချယ်ရာမှာ အောင်မြင်မှုမရရှိခဲ့တဲ့အတွက် ဂရိလွှတ်တော်ကို ဒီဇင်ဘာ ၃၁ ရက်ကဖျက်သိမ်းပေးခဲ့ရပါတယ်။ ဂရိနိုင်ငံရွေးကောက်ပွဲကို ထပ်မံကျင်းပဖို့ ဇန်နဝါရီ ၂၅ ရက်ကို သတ်မှတ်ခဲ့ပါတယ်။ သဘောထားကောက်ခံမှုတွေအရ Syriza ပါတီက ရှေ့ဆုံးမှ ပြေးနေပါတယ်။

US

## ၂၀၀၉ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အမေရိကန်ရေနံစိမ်းဈေးနှုန်းကျ

ယခုနှစ်မှာရေနံစိမ်းတွေ အလျှံအပယ်ပေါ်များလာလိမ့်မယ်ဆိုတဲ့ အထောက်အထားတွေ တွေ့နေရတဲ့အတွက် အမေရိကန် ရေနံစိမ်းဈေးနှုန်းတွေက ဇန်နဝါရီ၅ ရက်မှာ တစ်စည် ကိုဒေါ်လာ ၅၀အထိကျဆင်းခဲ့ကြောင်း၊ ယခုလိုဈေးနှုန်းကျဆင်းတာက ၂၀၀၉ ခုနှစ် ဧပြီနောက်ပိုင်းပထမဆုံးအကြိမ်ဖြစ်ကြောင်း ဂျာကာတာပို့စ်သတင်းမှာ ဖော်ပြပါတယ်။

အမေရိကန်ရေနံစိမ်းရဲ့ အခြေခံစံဈေးနှုန်းက တစ်စည်ကို ၅၀ ဒသမ ၀၄ ဒေါ်လာရှိခဲ့ရာမှ ၂ ဒသမ ၆၅ ဒေါ်လာ သို့မဟုတ် ၅ ရာခိုင်နှုန်းကျဆင်းပြီး တစ်စည်ကို ၄၉ ဒသမ ၇၇ ဒေါ်လာနှုန်းထိ ကျဆင်းခဲ့ပါတယ်။ အမေရိကန်ရေနံချက်စက်ရုံတွေရဲ့ ရေနံစိမ်းဈေးနှုန်း သတ်မှတ်ရာမှာအခြေခံစံအဖြစ်ထားတဲ့ ဘရင့်ရေနံစိမ်းဈေးနှုန်းက ၃ ဒသမ ၃၁ ဒေါ်လာသို့မဟုတ် ၅ ဒသမ ၉ ရာခိုင်နှုန်းကျဆင်းပြီး တစ်စည်ကို ၅၃ ဒသမ ၁၁ ဒေါ်လာနှုန်းရှိခဲ့ပါတယ်။

၂၀၁၄ ခုနှစ် ဇွန်က ရေနံတစ် စည်ကို ၁၀၇ ဒေါ်လာနှုန်းရှိခဲ့ပါတယ်။ အမေရိကန်အပါအဝင် အိုပက်ပြင်ပရေနံတွင်းတွေက ထုတ်လုပ်မှုမြင့်တက်လာတာကြောင့် ရေနံရောင်းလိုအားကို မြင့်တက်စေခဲ့ပါတယ်။ ဒါပေမဲ့ကမ္ဘာ့စီးပွားရေး ကျဆင်းမှုကြောင့် ရေနံဝယ်လိုအား ကျဆင်းနေတဲ့အချိန်ဖြစ်နေပါတယ်။ ရေနံထုတ်လုပ်မှုကိုလက်ရှိအတိုင်း ဆက်လက်ထုတ်လုပ်သွားဖို့ နိုဝင်ဘာလအတွင်းက အိုပက်ရဲ့ ဆုံးဖြတ်ချက်ကလည်း ရေနံဈေးနှုန်းကျဆင်းမှုအရှိန် ကိုမြင့်မားစေခဲ့ပါတယ်။

မကြာသေးမီနှစ်များအတွင်းက ရေနံဝယ်လိုအားအတွက် အဓိကမောင်းနှင်အားဖြစ်ခဲ့တဲ့ တရုတ်စီးပွားရေးဖွံ့ဖြိုးနှုန်း နှေးကွေးမှုနဲ့ တခြားငွေကြေးကိုင်ဆောင်သူတွေအတွက် ရေနံစိမ်းဈေးနှုန်းကို ပိုမိုမြင့်မားလာအောင်ဖန်တီးနေတဲ့ အမေရိကန်ဒေါ်လာတန်ဖိုး မြင့်တက်မှုဆိုတဲ့ အကြောင်းတရားတွေက ရေနံစိမ်းဈေးနှုန်းကျဆင်းအောင်ဖန်တီးပေးလျက်ရှိနေပါတယ်။

EAST ASIA

## ယခုနှစ်အတွင်း တောင်ကိုရီးယား လုပ်ငန်းကြီးတွေမှာ လုပ်သားပိုမိုခန့်ထားမည်

တောင်ကိုရီးယားရှိ ကော်ပိုရေးရှင်းကြီးများက ယခုနှစ်အတွင်းဝန်ထမ်းများတိုးမြှင့်ခန့်ထားဖို့စီစဉ်နေတဲ့အပြင် ထက်ဝက်နီးပါးလောက်က မတည်ရင်းနှီးငွေတိုးချဲ့နေကြောင်း ဇန်နဝါရီ ၆ ရက်ကထုတ်ပြန်တဲ့ စစ်တမ်းတစ်ခုကို ကိုး ကားပြီးယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။

တုံ့ပြန်ဖြေကြားသူများ အနက် ၇၇ ရာခိုင်နှုန်းက ယခုနှစ်မှာ ဝန်ထမ်းတိုးမြှင့် ခန့်ထားဖို့ အစီအစဉ်ရှိတဲ့ ကုမ္ပဏီက ပြောပါတယ်။ ယခင်တစ်နှစ်က ရှိခဲ့တဲ့ ၇၈ ဒသမ ၄ ရာခိုင်နှုန်းနဲ့ နှိုင်းယှဉ်ရင် ကျဆင်းခဲ့ကြောင်း ရောင်းအားကောင်းမွန်တဲ့ လုပ်ငန်း အမျိုးအစား ၁၀ ခုထဲမှာ အကြီးမားဆုံးဖြစ်တဲ့ လုပ်ငန်းကြီး ၁၀၀ ကို စစ်တမ်းကောက်ယူခဲ့တဲ့ ဟွန်ဒိုင်း သုတေသနအဖွဲ့ရဲ့ စစ်တမ်းမှာ တွေ့ရပါတယ်။

ကိန်းဂဏန်းတွေ ကျဆင်းတယ်ဆိုပေမယ့် လူသစ်ကို ၆ ရာခိုင်နှုန်းနဲ့ ၁၀ ရာခိုင်နှုန်းကြားတိုးမြှင့်ခန့်ထားမယ်လို့ဖြေကြားတဲ့ ကုမ္ပဏီအရေအတွက်က ယခင်တစ်နှစ်က ၉ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ပေမဲ့ ယခုနှစ်မှာ နှစ်ဆခန့်တက်ပြီး ၁၆ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ပါတယ်။ ၁ ရာခိုင်နှုန်းကနေ ၅ ရာခိုင်နှုန်းအထိတိုးပြီးခန့်မယ်ဆိုတဲ့ ကုမ္ပဏီအရေအတွက်က ၆၀ ဒသမ ၈ ရာခိုင်နှုန်းရှိတဲ့အတွက် ယခင်တစ်နှစ်က ရှိခဲ့တဲ့ ၆၈ ဒသမ ၆ ရာခိုင်နှုန်းအောက်ကို ကျဆင်းခဲ့ပါတယ်။ အကြမ်းအားဖြင့်ပြောမယ်ဆိုရင် စစ်တမ်း ကောက်ယူခဲ့တဲ့ လုပ်ငန်းတွေအနက် ၄၉ ရာခိုင်နှုန်းက ယခုနှစ်မှာ အထောက်အကူပြု လုပ်ငန်းတွေအတွက် ရင်းနှီးမြှုပ်နှံမယ်လို့ ပြောပါတယ်။ ယခင်နှစ်က ၄၃ ဒသမ ၆ ရာခိုင်နှုန်းရှိခဲ့ပါတယ်။

တောင်ကိုရီးယားနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှု အလားအလာကို အစိုးရနဲ့ ပုဂ္ဂလိကကဏ္ဍ အဖွဲ့အစည်းတွေက လျှော့ချခန့်မှန်းကြတဲ့အတွက် ယခုစစ်တမ်းကောက်ယူခဲ့တာ ဖြစ်ပါတယ်။ တောင်ကိုရီးယားစီးပွားရေးတိုးတက်မှုနှုန်းက ၃ ဒသမ ၈ ရာခိုင်နှုန်းရှိမယ်လို့ ဘဏ္ဍာရေးဝန်ကြီးဌာနက ဒီဇင်ဘာလက ခန့်မှန်းခဲ့ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်




အခြား အဓိကငွေကြေးများနဲ့ ဖလှယ်ရာမှာ ဒေါ်လာတန်ဖိုးခိုင်မာနေပြီး အမေရိကန်အလုပ်အကိုင်အစီရင်ခံစာက ဒေသတွင်းရှိ စတော့ဈေးကွက်များကို မြှင့်တင်ပေးနိုင်ခဲ့တဲ့ အချိန်မျိုးမှာပင် တောင်ကိုရီးယားဝမ်ငွေကြေးက ဦးဆောင်ပြီး အာရှဒေသရှိငွေကြေးများက ဇန်နဝါရီ ၉ ရက်မှာ ပြန်လည်ဦးမော့ဖို့ တာစူလာကြတာကို တွေ့ရပါတယ်။

ငါးနှစ်ခွဲအတွင်း အနိမ့်ဆုံးဈေးကို ရောက်ရှိခဲ့တဲ့ ရေနံစိမ်းဈေးနှုန်းတွေက ဇန်နဝါရီ ၇ ရက်မှာ ပြန်လည်ဦးမော့လာတာကိုတွေ့ရပါတယ်။ ဒါကြောင့် အင်ဒိုနီးရှားနဲ့ မလေးရှားလိုရေနံတင်ပို့တဲ့နိုင်ငံတွေရဲ့ ငွေကြေးတွေအတွက် အထောက်အပံ့သဖွယ် ဖြစ်ခဲ့ပါတယ်။

အမေရိကန် ပြည်ထောင်စုရဲ့ အလုပ်အကိုင်အခြေအနေက ဒီဇင်ဘာလမှာ ၁၁ လမြောက်အဖြစ် ဆက်လက်အခြေအနေကောင်းမွန်မယ့် လက္ခဏာကိုပြသနေပါတယ်။ ယခုလိုအခြေအနေကောင်းမွန်တာက ၁၉၉၄ ခုနှစ်နောက်ပိုင်း အချိန်အရှည်ကြာဆုံး ဖြစ်ခဲ့ပါတယ်။

ကာလရှည်ကြာစွာ ငွေကြေးဖောင်းပွမှုနှုန်း ကျဆင်းနေတာကို ထိန်းချုပ်ဖို့အတွက် လိုအပ်ရင် အစီအမံတွေကို ထူးထူးခြားခြား ချမှတ်ဆောင်ရွက်ဖို့ ဗဟိုဘဏ် အုပ်ချုပ်မှုကောင်စီက အသင့်ရှိကြောင်း ဥရောပဗဟိုဘဏ်ဥက္ကဋ္ဌ မာရီယိုဒရပ်ဂီကပြောကြားပြီးနောက်ပိုင်း ယခုလအကုန်လောက်မှာ မူဝါဒအပြောင်းအလဲဖြစ်မယ်လို့ ခန့်မှန်းကြပါတယ်။ ဒါကြောင့် ဇန်နဝါရီ ၉ ရက်မှာ ယူရိုတန်ဖိုးကျဆင်းခဲ့ပါတယ်။

ဇန်နဝါရီ ၈ ရက်က ထုတ်ပြန်တဲ့ စာရင်းဇယားတွေအရ ဂျာမန်စက်မှုလုပ်ငန်းအမှာစာတွေ ကျဆင်းခဲ့ကြောင်း တွေ့ရပါတယ်။ တစ်ဆက်တည်းမှာ ဇန်နဝါရီ ၂၅ ရက်မှာ ပြုလုပ်မယ့် ရွေးကောက်ပွဲရလဒ်ကြောင့် ဂျာမနီနဲ့ ဂရိနိုင်ငံတို့ရဲ့ ဆက်ဆံရေးတွေ တင်းမာနိုင်တယ်လို့လည်း ခန့်မှန်းကြပါတယ်။

ဇန်နဝါရီ ၈ ရက်မှာ ထုတ်ပြန်တဲ့ စာရင်းများအရ တရုတ်နိုင်ငံရဲ့ငွေကြေးဖောင်းပွမှုနှုန်းက ငါးနှစ်အတွင်းအနိမ့်ဆုံးနှုန်းမှာရှိနေတာကို တွေ့ရပါတယ်။ ဒါကြောင့် စီးပွားရေးဖွံ့ဖြိုးမှုအတွက် မူဝါဒရေးဆွဲသူတွေက လျှော့လည်ငွေကြေးကို တိုးမြှင့်ဆောင်ရွက်မယ့် လက္ခဏာ တွေ့ရပါတယ်။

**တရုတ်ယွမ်**

ကိန်းဂဏန်း အချက်အလက်များအရ ငွေကြေးဖောင်းပွမှုနှုန်းကကျဆင်းနေပေမယ့် တရုတ်ဗဟိုဘဏ်က ငွေကြေးဖလှယ်နှုန်းကို သတ်မှတ်ပေးပြီးနောက် တရုတ်ယွမ်တန်ဖိုးမြင့်တက်ခဲ့ပါတယ်။ တရုတ်ဗဟိုဘဏ်က တစ်ဒေါ်လာကို ၆ ဒသမ ၁၂၉၆ ယွမ်နှုန်းသတ်မှတ်ခဲ့ရာ ယခင်သတ်မှတ်နှုန်းဖြစ်တဲ့တစ်ဒေါ်လာ ၁ ဒသမ ၁၃၀၂ ယွမ်နှုန်းထက်ယွမ်တန်ဖိုး မြင့်တက်ခဲ့ပါတယ်။ လက်ငင်းဈေးကွက်မှာ ယွမ်တန်ဖိုးက ၁ ဒသမ ၂၅ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်ဒေါ်လာကို ၆ ဒသမ ၂၀၆၅ ယွမ်နှုန်းရှိခဲ့ပါတယ်။

**အိန္ဒိယရူပီး**

ပြည်တွင်းဈေးကွက်မှာ ရှယ်ယာတန်ဖိုးတွေမြင့်တက်နေချိန်မှာ ပို့ကုန်လုပ်ငန်းရှင်တွေနဲ့ ဘဏ်တွေက ဒေါ်လာကို ထုတ်ရောင်းလာကြတဲ့အတွက် ဘဏ်အချင်းချင်း နိုင်ငံခြားငွေဖလှယ်ရေးဈေးကွက်မှာ ရူပီးတန်ဖိုးက ဇန်နဝါရီ ၉ ရက်မှာ တစ်ဒေါ်လာကို ၆၂ ဒသမ ၃၅ ရူပီးနှုန်းဖြစ်ပြီး သုည ဒသမ ၃၂ ရူပီးနှုန်းမြင့်တက်ခဲ့ပါတယ်။ ပြည်ပဈေးကွက်မှာ ဒေါ်လာနဲ့ ဖလှယ်နှုန်းကျဆင်းနေတာကလည်း ရူပီးတန်ဖိုးကို အထောက်အပံ့ဖြစ်စေခဲ့ကြောင်း ဝယ်ရောင်းသမားတွေက ပြောပါတယ်။

**ဂျပန်ယန်း**

ဇန်နဝါရီ ၈ ရက်က ကိုးနှစ်အတွင်း အမြင့်ဆုံးဖလှယ်နှုန်းကို ရရှိခဲ့တဲ့ ဒေါ်လာငွေကြေးရဲ့ ဖလှယ်နှုန်းက ယူရိုနဲ့ ဖလှယ်ရာမှာ သုည ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းပြီး တစ်ယူရိုကို ၁ ဒသမ ၁၈၁၀ ဒေါ်လာနှုန်းထိ ရောက်ရှိခဲ့ပါတယ်။ ဂျပန်ယန်းငွေနဲ့ ဖလှယ်ရာမှာလည်း ဒေါ်လာတန်ဖိုးက တစ်ဒေါ်လာကို ၁၁၉ ဒသမ ၄၈ ယန်းနှုန်းထိ ကျဆင်းခဲ့ပါတယ်။

**မလေးရှားရင်းဂစ်**

ရင်းဂစ်ငွေကြေးကို ဆက်တိုက်ဝယ်ယူလာကြတဲ့အတွက် ဇန်နဝါရီ ၉ ရက်မှာ အမေရိကန်ဒေါ်လာနဲ့ ဖလှယ်တဲ့အခါ ရင်းဂစ်ငွေကြေးရဲ့ တန်ဖိုးမြင့်တက်ခဲ့ကြောင်း ဝယ်ရောင်းသမားတွေက ပြောပါတယ်။ ဒေါ်လာရင်းဂစ်ဖလှယ်နှုန်းက ဇန်နဝါရီ ၈ ရက် ညနေ ၅ နာရီက တစ်ဒေါ်လာကို ၃၃ ဒသမ ၅၆ ရင်းဂစ်ရှိရာမှ ၉ ရက် နံနက် ၁၀ မိနစ်မှာ တစ်ဒေါ်လာကို ၃၃ ဒသမ ၅၅ ရင်းဂစ်နှုန်းရှိခဲ့ပါတယ်။ ဗြိတိသျှပေါင်မှအပ အခြားငွေကြေးတွေနဲ့ ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုး မြင့်တက်ခဲ့ပါတယ်။

**တောင်ကိုရီးယားဝမ်**

အမေရိကန် အလုပ်အကိုင်ဈေးကွက်ကောင်းမွန်မယ့် လက္ခဏာများအပြင် ရေနံဈေးကွက် တည်ငြိမ်မှုရှိလာတဲ့ အခြေအနေတွေက တောင်ကိုရီးယား ဝမ်တန်ဖိုး မြင့်တက်စေဖို့အတွက် အထောက်အကူပေးနေတာ တွေ့ရပါတယ်။ တောင်ကိုရီးယား ဝမ်တန်ဖိုးက မြင့်တက်ပြီး တစ်ဒေါ်လာကို ၁၀၉၃ ဒသမ ၁ ဝမ်နှုန်းထိ ရောက်ရှိခဲ့ပါတယ်။ ဒါပေမယ့် ရင်းနှီးမြှုပ်နှံသူတွေက ဝမ်တန်ဖိုး အဆမတန်မြင့်တက်လာရင် အထူးသဖြင့် ယန်းနဲ့ ဖလှယ်ရာမှာ မြင့်တက်လာရင် အစိုးရက ဝင်ရောက်စွက်ဖက်လာမှာကို စိုးရိမ်နေပါတယ်။

**ထိုင်းဘတ်**

အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်က အဓိကအတိုးနှုန်းကို မြှင့်တင်မယ့် အလားအလာတွေကို တွေ့နေရတဲ့အတွက် ယခုနှစ်မှာ ထိုင်းဘွန်းစာချုပ်တွေရဲ့ တန်ဖိုးတွေ မငြိမ်မသက်ရှိမှာဖြစ်ကြောင်းနဲ့ ၂၀၁၅ ခုနှစ် စတုတ္ထသုံးလပတ်မှာ အမေရိကန်ဗဟိုဘဏ်က သုည ဒသမ ၂၅ ရာခိုင်နှုန်း သို့မဟုတ် သုည ဒသမ ၅၀ ရာခိုင်နှုန်း မြှင့်တင်ပေးလိမ့်မယ်လို့ ထိုင်းကာဆီကွန်ဘဏ်က ခန့်မှန်းထားပါတယ်။ အမေရိကန်ဘဏ်အတိုးနှုန်း မြှင့်တင်လိမ့်မယ်ဆိုတဲ့ ခန့်မှန်းချက်ကြောင့် ဘတ်ငွေတန်ဖိုးက တစ်ဒေါ်လာကို ၃၄ ဒသမ ၅၀ ဘတ်နှုန်းထိ ကျဆင်းခဲ့ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

## ဒေါ်လာတန်ဖိုး မြင့်တက်မှုကြောင့် အမေရိကန်တို့အဖို့ ကမ္ဘာ့လှည့်ခရီးသွားစရိတ်သက်သာ

ဒေါ်လာတန်ဖိုးမြင့်တက်လာတဲ့အတွက် ဟိုတယ်အခန်းစရိတ်မှအစပြုပြီး ဘီယာတစ်ခွက်ဖိုးအဆုံး ဥရောပ၊ ဂျပန်၊ အိန္ဒိယနဲ့ဒေသအတော်များများကို ခရီးသွားရတဲ့ စရိတ်က အမေရိကန်တို့အတွက် လျော့ကျလာပါတယ်။

“နှစ်ပေါင်းများစွာအတွင်းမှာ အမေရိကန်တို့အတွက် ယခုအချိန်က ခရီးသွားဖို့အကောင်းဆုံးအချိန်ဖြစ်ပါတယ်” လို့ "How to Travel the World on $ 50 a Day" နဲ့တခြားခရီးသွားစာအုပ်တွေပြုစုခဲ့သူ မက်ကက်ပနီးစ်က ပြောပါတယ်။

တခြားနိုင်ငံစီးပွားရေးတွေက မတည်မငြိမ်ဖြစ်နေတဲ့အတွက် သူတို့ ငွေကြေးတန်ဖိုးတွေ ကျဆင်းနေပါတယ်။ ဥရောပက ဖွံ့ဖြိုးမှုကျဆင်းနေပြီး ဂျပန်နိုင်ငံက စီးပွားရေးဆုတ်ကပ်ထဲကိုရောက်နေပါတယ်။ တရုတ်နိုင်ငံစီးပွားရေးကလည်း ဖွံ့ဖြိုးမှုနှေးကွေးနေပါတယ်။ အမေရိကန်စီးပွားရေးက မှန်မှန်တိုး တက်နေတယ်လို့ စီးပွားရေးပညာရှင်အများစုက ခန့်မှန်းထားပါတယ်။ ဒီလိုဖွံ့ဖြိုးမှုကြောင့် အမေရိကန်ဗဟိုဘဏ်က ယခုနှစ်ထဲမှာ အတိုးနှုန်းကိုတိုးမြှင့်တော့မှာ မဟုတ်ဘူးလို့ တွက်ဆထားတဲ့အတွက် ဒေါ်လာရင်းနှီးမြှုပ်နှံမှုက ဆွဲဆောင်မှုပိုမိုများလာပြီး၊ ငွေကြေးကုန်သည်တွေက တခြားငွေကြေးတွေကိုထုတ်ရောင်းပြီး ဒေါ်လာကို ဝယ်လာကြပါတယ်။

စတာလင်ပေါင်တန်ဖိုး ကျဆင်းတဲ့အတွက် ယခင်ခြောက်လလောက်ကနဲ့ နှိုင်းယှဉ်ရင်အင်္ဂလန်မှာ နေရထိုင်ရတာ စရိတ်ပိုသက်သာပါတယ်။ ဒါပေမယ့် ယူရိုတန်ဖိုးကျဆင်းတဲ့အတွက် ဥရောပတိုက်မှာနေရတာက ပိုပြီးသက်သာပါတယ်။

ဟိုတယ်ခန်းတွေ လူပြည့်ဖို့အတွက်ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းအော်ပရေတာတွေက ဈေးနှုန်းတွေကို ချထားတဲ့အတွက် ဂရိနိုင်ငံက ယခုအခါလည်ပတ်ဖို့အကောင်းဆုံးဖြစ်ကြောင်း ခရီးသွားစာရေးဆရာ ကက်ပနီးစ်ကပြောပါတယ်။ ပေါ်တူဂီနဲ့ စပိန်ဒေသတွေမှာလည်း အလားတူ အခြေအနေမျိုးတွေရှိတယ်လို့ ဆိုပါတယ်။

## ယွမ်နဲ့ ပေးချေမှုကို ကျင့်သုံးဖို့ ဗီယက်နမ်ကျွမ်းကျင်သူတို့ ပြင်းဆို

ဗီယက်နမ်နိုင်ငံမှာ ယွမ်ငွေကြေးနဲ့ ငွေပေးချေမှုပြုလုပ်ဖို့အတွက် တရုတ်စီးပွားရေးအသင်းနဲ့ တရုတ်အပြည်ပြည်ဆိုင်ရာ စက်မှုနဲ့ကူးသန်းရောင်းဝယ်ရေးဘဏ် (International and Commercial Bank of China-ICBC) ဘဏ်ရဲ့ အဆိုပြုချက်ကို ဆန့်ကျင်မှုတွေရှိနေကြောင်း ဗီယက်နမ်သတင်းအေဂျင်စီ၏ ဝက်ဘ်ဆိုက်သတင်းတွင် ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံ ကုန်သည်ကြီးများနဲ့ စက်မှုလုပ်ငန်းရှင်များအသင်း (VCCI) က စီးပွားရေးလုပ်ငန်းအသီးသီးမှ အဆိုပြုချက်များစုစည်းပြီး အစိုးရကို တင်ပြလျက်ရှိရာ ယခုအဆိုပြုချက်လည်းပါဝင်ကြောင်း ပြည်တွင်းသတင်းစာများမှာ ပါရှိပါတယ်။

ဗီယက်နမ်နဲ့ တရုတ်နိုင်ငံတို့ရဲ့ နှစ်နိုင်ငံ အပြန်အလှန် ကုန်သွယ်မှုတိုးတက်လာခြင်းနဲ့အတူ ယွမ်ငွေကြေးနဲ့ ငွေပေးချေမှုပမာဏက ဗီယက်နမ်မှာ များစွာ မြင့်တက်လာခဲ့ကြောင်း အဆိုပြုချက် မှာဖော်ပြထားပါတယ်။ ၂၀၁၃ ခုနှစ်အကုန်မှာ နယ်နိမိတ်ဖြတ်ကျော်တဲ့ ဈေးကွက်ထဲမှာ ယွမ်ငွေကြေးနဲ့ပေးချေမှုက အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံ အထိရှိခဲ့ကြောင်း အဆိုပြုချက်မှာ တင်ပြထားပါတယ်။

ဒါပေမယ့် အဆိုပြုချက်ကို အကောင်အထည်ဖော်ရာမှ ဗီယက်နမ်က သတိထားဆောင်ရွက်ဖို့ ကျွမ်းကျင်သူတွေက ပြောပါတယ်။ ငွေပေးချေမှုတွေမှာ ယွမ်ငွေကြေးကိုအသုံးပြုမယ်ဆိုရင် ဗီယက်နမ်စီးပွားရေးကဆုံးရှုံးနိုင်ခြေရှိမှုတွေ တိုးတက်မြင့်မားလာနိုင်ကြောင်း ဗီယက်နမ်လူမှုစီးပွားရေး ဖွံ့ဖြိုးရေးသုတေသနဌာနမှ ငုယင်မင်းဖောင်က ပြောပါတယ်။

လောလောဆယ်ယွမ်ငွေကြေးက အပြည့်အဝ ဖလှယ်နိုင်တဲ့ငွေကြေးမဖြစ်သေးပါဘူး။ ဒါကြောင့် ဒီငွေကြေးကို ကိုင်ထားသူတွေအတွက် ဆုံးရှုံးနိုင်ခြေရှိမှုတွေနဲ့ ရင်ဆိုင်တွေ့ကြုံနိုင်ပါတယ်။

International Entertainment
Vol: 15, No.2 Monday Jan 12 2015

## အဲလ်ဗစ်ပရက်စ်လေလိုမျိုး ဝတ်စားဆင်ယင်လာလို့ ဝေဖန်မှုကို ခံရပြန်တဲ့ မိုင်လေဆိုင်းရပ်စ်



Wrecking Ball သီချင်းတစ်ပုဒ်တည်းနဲ့ ကမ္ဘာကျော်အဆိုတော်ဖြစ်သွားခဲ့ရတဲ့ မိုင်လေဆိုင်းရပ်စ်ဟာ ပြီးခဲ့တဲ့ ဇန်နဝါရီ ၈ရက်က အမေရိကန်ဂန္ထဝင်အဆိုတော်ကြီး အဲလ်ဗစ်ပရက်စ်လေ ဝတ်ဆင်တဲ့အဝတ် အစားပုံစံအတိုင်း ဝတ်ဆင်ပြီး သီချင်းဆိုခဲ့ပါတယ်။ အဲဒီအတွက် ပရက်စ်လေကို ချစ်ခင်နေကြဆဲဖြစ်တဲ့ ပရိသတ်တွေရဲ့ ဝေဖန်မှုကိုခံနေရပြီဖြစ်ပါတယ်။

ဒါပေမယ့်လည်း မိုင်လေကတော့ သူအနေနဲ့ ပရက်စ်လေကို လေးစားတဲ့အတွက် ခုလိုမျိုးဝတ်ဆင်ရတာဖြစ်တယ်လို့ ဆိုပါတယ်။ "ကျွန်မ ပေါ့ပ်ဘုရင်ကြီးတစ်ပါးဖြစ်တဲ့ ပရက်စ်လေကို လေးစားပါတယ်။ အဲဒီလိုလေးစားလို့လည်း ကျွန်မသူဝတ်တဲ့အဝတ်အစားပုံစံမျိုး ချုပ်ဝတ်ပြီး သီချင်းဆိုခဲ့တာပါ"လို့ လော့စ်အိန်ဂျလိစ်မှာပြုလုပ်တဲ့ W မဂ္ဂဇင်းရဲ့ Shooting Stars Exhibition မှာ ပြောကြားခဲ့တာဖြစ်ပါတယ်။ မိုင်လေဟာ Wrecking Ball သီချင်းကို သီဆိုသရုပ်ဆောင်ရာမှာ ဝေဖန် မှုတွေနဲ့ကြုံခဲ့ရပြီး နောက်ပိုင်းမှာလည်း သူဟာ Sexy ကျမှုတွေကြောင့်လည်း လူတိုင်းရဲ့နှာခေါင်းရှုံ့မှုကိုခံနေရသူတစ်ဦးလည်းဖြစ်ပါတယ်။ ဒါ့ပြင် သူဟာ ဟောလိဝုဒ်ရဲ့ သရုပ်ဆောင်မင်းသားကြီးအာနိုးရဲ့သားနဲ့ ချစ်ကြိုက်ခဲ့တာကို မိခင်ဖြစ်သူမစ္စရှာဇင်ဂါက နှစ်သက်တဲ့ဟန် မပြခဲ့တာကြောင့် ယောက္ခမဖြစ်သူရဲ့ ငြိုငြင်မှုကိုလည်း ခံနေရသူတစ်ဦးဖြစ်ပါတယ်။

## AFI ဆုကို ရရှိခဲ့တဲ့ အိန်ဂျနီလာဂျိုလီရဲ့ Unbroken



ဟောလိဝုဒ်ရဲ့ နာမည်ကျော် သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ အိန်ဂျနီလာဂျိုလီကိုယ်တိုင် ရိုက်ကူးထားတဲ့ Unbroken ဇာတ်ကားဟာ AFI(American Film Institute) က ပေးအပ်တဲ့ဆုကို ရရှိသွားခဲ့ပြီဖြစ်ပါတယ်။

အဲဒီဆုချီးမြှင့်ပွဲကို ဘီးဘားလီးဟေးလ်မှာ ကျင်းပခဲ့တာဖြစ်ပါတယ်။ ဂျိုလီကိုယ်တိုင်ရိုက်ကူးခဲ့တဲ့ Unbroken ဇာတ်ကားဟာ ဖြစ်ရပ်မှန်ဇာတ်ကားတစ်ကားဖြစ်ပြီး ဇာတ်ကားရဲ့ သရုပ်ကိုပေါ်လွင်စေဖို့အတွက် ဂျိုလီဟာ ကိုယ်တိုင်အပင်ပန်းခံပြီး လမ်းကြိုလမ်းကြားတွေအထိသွားပြီး ရိုက်ကူးခဲ့ရတာဖြစ်ပါတယ်။

AFI ဆုရွေးချယ်ရေးအဖွဲ့ဟာ အဲဒီဆုအတွက် ထိပ်ဆုံး ဆန်ကာတင်စာရင်းကို ထုတ်ပြန်ပြီး မကြာမီမှာပဲ Unbroken ဇာတ်ကားကို ရွေးချယ်ချီးမြှင့်ခဲ့တာ ဖြစ်ပါတယ်။

AFI ဆုကို လက်ခံရယူဖို့ရောက်ရှိလာခဲ့တဲ့ ဂျိုလီနဲ့ ဘရက်ပစ်တို့ဇနီးမောင်နှံကို မီဒီယာတွေက လက်ထပ်ပွဲဆင်နွှဲပြီးပြီလားလို့ မေးခွန်းတွေထုတ်ခဲ့ပါတယ်။

အဲဒီမေးခွန်းနဲ့ပတ်သက်ပြီး ဂျိုလီက "ကျွန်မတို့နှစ်ယောက်ဟာ စိတ်တူကိုယ်တူနဲ့ ဘဝကိုဖြတ်သန်းနိုင်ဖို့အတွက် ပြင်သစ်က သိပ်ကိုပျော်စရာကောင်းတဲ့ နေရာလေးတစ်နေရာမှာ သားသမီးတွေနဲ့အတူ မင်္ဂလာပွဲကို ဆင်နွှဲခဲ့ပြီးပါပြီ"လို့ ပြောကြားခဲ့ပါတယ်။

ဂျိုလီရဲ့Unbroken ဇာတ်ကားဟာ ရွှေကမ္ဘာလုံးဆုကို ရရှိနိုင်ဖို့အတွက်လည်း ရေပန်းအစားဆုံး ၁၀ ကားစာရင်းမှာ ပါဝင်နေပါသေးတယ်။

## ကင်ဆာရောဂါသည်ကလေးငယ်များအတွက် ဝမ်သန်း ၁၀၀ လှူဒါန်းခဲ့တဲ့

# လီဘိုယောင်း



တောင်ကိုရီးယား သရုပ်ဆောင် လီဘိုယောင်းဟာ ကင်ဆာရောဂါ ဝေဒနာကို ခံစားနေရတဲ့ကလေးငယ်တွေအတွက် ဝမ်သန်း ၁၀၀ (ဒေါ်လာ ကိုးသောင်း)ကို ဆိုးလ်အမျိုးသားတက္ကသိုလ်ဆေးရုံရှိ ကင်ဆာရောဂါကုသရေးဌာနကို လှူဒါန်းခဲ့တယ်လို့ ဆိုပါတယ်။

လီဘိုယောင်းဟာ အဲဒီလိုလှူဒါန်းချင်တယ်ဆိုတာကို သူ့ရဲ့အေဂျင်စီတစ်ခုဖြစ်တဲ့ Will Entertainment ကို ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။

လီဘိုယောင်းဟာ သူ့ရဲ့ နောက်ဆုံးဇာတ်ကားတစ်ကားဖြစ်တဲ့ God's Gift-14 Days ဇာတ်ကားမှာ မိခင်နေရာကနေ ပါဝင်သရုပ်ဆောင်ခဲ့ရပါတယ်။ အဲဒီဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ပြီးတဲ့နောက်ပိုင်းမှာ လီဘိုယောင်းဟာ သူ့အနေနဲ့ မိခင်ဘဝကိုခံယူဖို့ အသင့်ဖြစ်နေပြီလို့လည်း ပြောကြားခဲ့ပါတယ်။

သူဟာ ယူနီဆက်ဖ်ရဲ့ စေတနာ့ဝန်ထမ်း သံတမန်အဖြစ်နဲ့ ယူနီဆက်ဖ်ရဲ့ လူမှုရေးလှုပ်ရှားမှုတွေမှာ ၂၀၀၈ ခုနှစ်ကတည်းက ပါဝင်လှုပ်ရှားခဲ့သူတစ်ဦး ဖြစ်ပါတယ်။

သူဟာ ၂၀၁၃ ခုနှစ်အတွင်းက လည်းကွန်ဂိုနိုင်ငံမှာရှိတဲ့ ကလေးငယ်တွေအတွက် အမေရိကန်ဒေါ်လာ တစ်သောင်းကို လှူဒါန်းခဲ့ပါသေးတယ်။ ဒါ့ပြင် သူဟာပြီးခဲ့တဲ့နှစ် ဩဂုတ်လအတွင်းကလည်း ရေခဲရေပုံးလိုက်လောင်းချသည့်စိန်ခေါ်မှုမှာလည်း သူ့ရဲ့ခင်ပွန်းနဲ့အတူပါဝင်ခဲ့ပြီး ရရှိခဲ့တဲ့ငွေတွေကို Seungli Hope ဖောင်ဒေးရှင်းသို့ လှူဒါန်းခဲ့ပါတယ်။

အခုအချိန်မှာတော့ လီဘိုယောင်းဟာ သူ့ရဲ့ပထမဦးဆုံးသောကိုယ်ဝန်ကို လွယ်ထားရပြီး ဇာတ်ကားများ ရိုက်ကူးမှုမှ အနားယူထားသူဖြစ်ပါတယ်။ လီဘိုယောင်းနဲ့ သူ့ရဲ့ခင်ပွန်းဖြစ်သူ ဂျီဆောင်းနဲ့ ၂၀၀၄ ခုနှစ်တွင် တွေ့ဆုံခဲ့ပြီး လက်ထပ်ခဲ့ကြတာဖြစ်ပါတယ်။

## ငယ်ငယ်တုန်းက ပေါင်မုန့်ခိုးစားခဲ့တယ်လို့ ဝန်ခံလိုက်တဲ့ နစ်ကီမင်နစ်ချ်



အမေရိကန်ရက်ပါအဆိုတော် နစ်ကီမင်နစ်ချ်က သူ့အနေနဲ့ ငယ်ငယ်တုန်းက စားပွဲထိုးမလေးအဖြစ်နဲ့ အသက်မွေးဝမ်းကျောင်းပြုခဲ့စဉ်က သူလုပ်ခဲ့တဲ့ စတိုးဆိုင်ကနေ ပေါင်မုန့်တွေ ခိုးစားခဲ့တယ်လို့ ဝန်ခံလိုက်ပါတယ်။

Anaconda သီချင်းနဲ့ နာမည်ကြီးလာခဲ့တဲ့ နစ်ကီမင်နစ်ချ်ဟာ ၂၀၀၄ ခုနှစ် နှစ်စပိုင်းလောက်အထိ စတိုးဆိုင်တစ်ဆိုင်မှာ ဝင်ရောက်အလုပ်လုပ်ကိုင်ခဲ့ရပါတယ်။ အဲဒီလိုလုပ်ကိုင်နေရင်း ဈေးဝယ်သူတွေ လာရောက်တဲ့အခါတိုင်း ဈေးဝယ်သူတွေနဲ့ကွယ်ပြီး သူဟာ အမြဲလိုလို ပေါင်မုန့်တစ်လုံးကို ခိုးစားခဲ့ဖူးတယ်လို့ ပြောခဲ့တာဖြစ်ပါတယ်။

သူဟာ ဈေးဝယ်လာသူနဲ့ကွယ်ပြီး ယူခဲ့တဲ့ပေါင်မုန့်ကို သူ့ရဲ့အတွင်းခံအင်္ကျီထဲမှာ ဝှက်ပြီးယူဆောင်ခဲ့ကာ ကားပါကင်မှာ သွားရောက်စားသောက်ခဲ့တယ်လို့ ပြောကြားခဲ့ပါတယ်။

နစ်ကီမင်နစ်ချ်ဟာ အဲဒီစကားတွေကို သူ့ရဲ့ ကချေသည်တွေကို သူ့ရဲ့ MTV မှတ်တမ်းအစီအစဉ်သစ်မှာ ပြောကြားခဲ့တာဖြစ်ပါတယ်။ အဲဒီအစီအစဉ်မှာ နစ်ကီမင်နစ်ချ်ဟာ My Time Again ဆိုတဲ့ ခေါင်းစဉ်နဲ့ ပြောကြားခဲ့ပါတယ်။

"ကျွန်မ ငယ်ငယ်တုန်းက စားပွဲထိုးအဖြစ် အလုပ်လုပ်ခဲ့တုန်းကပေါ့။ ပေါင်မုန့် ခိုးစားခဲ့ဖူးတယ်။ ဒါကို အခုပြန်တွေးကြည့်ရင် စိတ်ထဲမှာ တစ်မျိုးခံစားရတယ်"လို့ ပြောကြားခဲ့ပါတယ်။

သူဟာ သူ့ရဲ့ပထမဦးဆုံးအယ်လ်ဘမ်ဖြစ်တဲ့ Anaconda သီချင်းအယ်လ်ဘမ် စတင်ထွက်ရှိစဉ်က ရင်ခုန်စိတ်လှုပ်ရှားခဲ့ရတယ်လို့ ဆိုပါတယ်။


# SWY Group Co., Ltd




**SHWE WAH YAUNG**
**Agriculture Production Co., Ltd**

**SHWE WAH YAUNG**
**General Services Co., Ltd**

**SHWE WAH YAUNG**
**Trading Co,, Ltd**















**Office** : Nya/73, Yuzana Street, Bayint Naung (1) Ward, Mayangone Township, Yangon, Myanmar

☎ : 10-680 803, 01-686 158, 01-686 251 Fax : 01-686 251

**Warehouse** : No(465/A), Corner of Yaw Ah Twin Win U Pho Hlaing Street & Kannar Street, Shwe Lin Pan Industrial Zone, Hlaing Tharyar Townshop, Yangon, Myanmar

☎ : 01-680 803, 01-686 158, 01-686 251 Fax : 01 686 251

**website** : www.swygroup.com, Email : lumawmm@swygroup.com, lumawmm@gamil.com

COMMERCE
INTERNATIONAL



# မဲခေါင်ခရီးသွားလုပ်ငန်း ဖိုရမ်ကို ဗီယက်နမ်ဒါနန်း အပန်းဖြေမြို့တွင် ပြုလုပ်မည်

မဟာမဲခေါင်ဒေသခွဲ (ဂျီအမ်အက်စ်) မှာ ခရီးသွားလုပ်ငန်း တိုးမြှင့်ဆောင်ရွက်နိုင်ဖို့အတွက် အစိုးရအဖွဲ့ခေါင်းဆောင်များနဲ့ စီးပွားရေးလုပ်ငန်း ထိပ်တန်းအမှုဆောင်များက ဇွန် ၁၆ ရက်မှ ၁၉ ရက်အထိ ဗီယက်နမ်နိုင်ငံ ကမ်းခြေအပန်းဖြေစခန်းမြို့ဖြစ်တဲ့ ဒါနန်းမြို့မှာ ကျင်းပမယ့် မဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ် (Mekong Tourism Forum) မှာ မဲခေါင်မြစ်ဝှမ်းဒေသ နယ်နိမိတ်ဖြတ်ကျော် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအလားအလာများကို ဆွေးနွေးကြမှာဖြစ်ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီဝက်ဘ်ဆိုက်မှာ ဖော်ပြပါတယ်။

“တီထွင်ဆန်းသစ်မှုရှိတဲ့ ပူးပေါင်းဆောင်ရွက်မှုတွေမှတစ်ဆင့် မဲခေါင်ဒေသရဲ့အလားအလာများကို ဖွင့်လှစ်မယ်”ဆိုတဲ့ ရည်ရွယ်ချက်ဖြင့် ဗီယက်နမ်ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက လက်ခံကျင်းပမယ့်ပွဲမှာ ဂျီအမ်အက်စ်ဒေသတွင်းရှိ ထွန်းသစ်စခရီးသွားဒေသများနဲ့ ဖြစ်ထွန်းလာမယ့် အလားအလာတွေကို ဖော်ထုတ်ပြသဆွေးနွေးသွားမှာဖြစ်ပါ တယ်။

ခရီးသွားလုပ်ငန်း အစီအစဉ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်း တစ်ခုတည်းသော ခရီးသွားဒေသအဖြစ် ဖန်တီးရေးနဲ့ နှစ်ပတ်လည်ဖိုရမ် ကျင်းပရေးအတွက် ဂျီအမ်အက်စ်အဖွဲ့ဝင် ခြောက်နိုင်ငံတို့က အတူအကွ ပေါင်းစည်းကြိုးပမ်းခဲ့ကြပါတယ်။ ယခုလို ကျင်းပတဲ့ပွဲက ခရီးသွားလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုသူတွေအတွက် ဂျီအမ်အက်စ်ဒေသကို ကမ္ဘာ့ခရီးသွား မြေပုံပေါ်မှာ တင်ပြနိုင်ဖို့ ရည်ညွှန်းပြီး နှစ်စဉ်ကျင်းပတဲ့ပွဲ ဖြစ်ပါတယ်။

အစိုးရနဲ့ ပုဂ္ဂလိက ကဏ္ဍမှ ခရီးသွားလုပ်ငန်းခေါင်းဆောင်များနဲ့ ဒေသဖွံ့ဖြိုးရေးမိတ်ဖက်များက ဒေသရဲ့နယ်နိမိတ်ဖြတ်ကျော်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးကို အလေးအနက်ထား ဆောင်ရွက်လိုသူများအတွက် စံပြခရီးသွားလုပ်ငန်း လှုပ်ရှားမှုတစ်ခုအဖြစ် သဘောထားကာ ဖိုရမ်ကို တက်ရောက်ကြမှာဖြစ်ပါ တယ်။

စီးပွားရေးလုပ်ငန်းနဲ့ အစိုးရခေါင်းဆောင်များက ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နဲ့ တရုတ်ပြည်နယ်ယူနန်နဲ့ ကွမ်ရှီးတို့ ဆက်နွှယ်နေတဲ့ ကွန်ရက်တစ်လျှောက်ရှိ ခရီးသွားလုပ်ငန်းရဲ့ နောက်ဆုံးဖြစ်ပေါ် တိုးတက်မှုများနဲ့ ရင်းနှီးမြှုပ်နှံမှု အခြေအနေများကို လေ့လာသုံးသပ်ကြမှာဖြစ်ပါတယ်။

ဒီဖိုရမ်ကို ကုလသမဂ္ဂ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့၊ ပစိဖိတ်အာရှခရီးသွားလုပ်ငန်းအသင်းနဲ့ အာရှဖွံ့ဖြိုးရေးဘဏ်တို့က ထောက်ပံ့ပေးထားပါတယ်။ ဖိုရမ်ရဲ့ အရေးပါမှုကို တိုးမြှင့်ပေးဖို့အတွက် မဲခေါင်ခရီးသွားလုပ်ငန်း ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး၊ E-Tourism Aisa Boot Camp အပါအဝင် အခြားလှုပ်ရှားမှုတွေကိုလည်း ဆောင်ရွက်ပါတယ်။




## စီးပွားရေး အကျပ်အတည်းကြောင့် ကမ္ဘာ့နည်းပညာအတွက် သုံးစွဲမှုအခက်အခဲဖြစ်

နည်းပညာအတွက် ကမ္ဘာတစ်ဝန်းသုံးစွဲမှု အလားအလာက ၂၀၁၄ ခုနှစ် တစ်နှစ်လုံး တန့်နေသလောက်နီးပါး ရှိခဲ့ပါတယ်။ ကမ္ဘာ့စီးပွားရေးအခြေအနေ အကျပ်အတည်းတွေအရရှေ့အလားအလာကို ခန့်မှန်းဖို့ခက်ခဲနေကြောင်း ဇန်နဝါရီ ၄ ရက်က လာ့ဗီးဂက်စ်မှာ ကျင်းပခဲ့တဲ့နည်းပညာဆိုင်ရာပြပွဲ တစ်ခုမှာ ဆွေးနွေးကြတာကို ကိုးကားပြီး အေအက်ဖ်ပီသတင်းမှာဖော်ပြပါတယ်။ လာ့ဗီးဂက်စ်မှာကျင်းပတဲ့ အပြည်ပြည်ဆိုင်ရာ လူသုံးကုန်အီလက်ထရွန်းနစ် ပစ္စည်းပြပွဲမီဒီယာရှင်းလင်းပွဲမှာတင်ပြတဲ့ စာရင်းများအရ နည်းပညာအတွက် သုံးစွဲမှုက ၂၀၁၄ ခုနှစ်မှာ တစ်ရာခိုင်နှုန်းသာတိုးတက်ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၂၄ ထရီလီယံသာ ရှိခဲ့ပါတယ်။

ဈေးကွက်ကို အဓိက မောင်းနှင်ပေးလျက်ရှိတာက အာရှဒေသရှိထွန်းသစ်စစီးပွားရေးများမှာ ရောင်းချနေတဲ့ တက်ဘလက်နဲ့စမတ်ဖုန်းများကဲ့သို့သော ထုတ်ကုန်သစ်တွေနဲ့ မြောက်အမေရိကမှာ စီးပွားရေးအထိုက်အလျောက် တိုးတက်လာမှုကြောင့်ဖြစ်ပါတယ်။

ဈေးကွက်အခြေအနေမှာ ယူရိုဇုန်နဲ့ ဂျပန်နိုင်ငံတို့တွင် စီးပွားရေးတိုး တက်မှုတန့်နေခြင်းနဲ့ ဘရာဇီးကဲ့သို့သော ထွန်းသစ်စ စီးပွားရေးများတွင် အခြေအနေ ကျဆင်းမှုများကြောင့် အလားအလာ မှေးမှိန်နေကြောင်းပြပွဲ ကိုစီစဉ်ပေးသူ အီလက်ထရွန်းနစ် လူသုံးကုန်ပစ္စည်းအသင်းမှ ဝေဖန်ဆန်းစစ်ရေးမှူးစတိကိုးနစ်က ပြောပါတယ်။ အခြား ထွန်းသစ်စနိုင်ငံတစ်ခုဖြစ်တဲ့ ရုရှားနိုင်ငံမှာ စီးပွားရေးပိတ်ဆို့မှုဒဏ် ခံနေရတဲ့အတွက် နည်းပညာသုံးစွဲမှု ကျဆင်းလျက်ရှိနေပါတယ်။

ဥရောပနဲ့ လက်တင်အမေရိကမှာ သုံးစွဲမှုက ငါးရာခိုင်နှုန်းကျဆင်းမယ်လို့ အသင်းက ခန့်မှန်းထားပြီးကမ္ဘာ့အခြား ဒေသတွေမှာ သုံးစွဲမှုမြင့်တက်လာခြင်း ရှိ မရှိကို ရှင်းလင်းမှုမရှိသေးပါ။ တရုတ်နိုင်ငံနှင့် တခြားဖွံ့ဖြိုးဆဲနိုင်ငံများမှာ စမတ်ဖုန်းနဲ့ တက်ဘလက် အရောင်းက ကောင်းမွန်စွာဖွံ့ဖြိုးတိုးတက်လျက်ရှိပါ တယ်။

တစ်ချိန်တည်းမှာ မိုဘိုင်းကိရိယာ အသစ်များအတွက် ဈေးနှုန်းကျဆင်းမှုကြောင့် သုံးစွဲမှုကိုလည်းကျဆင်းစေခဲ့ ပါတယ်။ ဈေးကွက်ထဲကို တန်ဖိုးနည်းပစ္စည်းတွေ လှိမ့်ဝင်နေကြောင်း သူက ပြောပါတယ်။ Xiaomi ကဲ့သို့သော တရုတ်ဖုန်းထုတ်လုပ်သူများက ထိပ်တန်းနေရာကို ရောက်ရှိလာကြောင်း သူကပြောပါတယ်။ စမတ်ဖုန်းအရောင်းက ယခုနှစ်မှာ ၁၉ ရာခိုင်နှုန်း တိုးတက်ပြီး ၁ ဒသမ ၅ ဘီလီယံရှိပေမယ့် ဈေးနှုန်းတွေ ကျတဲ့အတွက်ဝင်ငွေက ၉ ရာခိုင်နှုန်းသာ တိုးတက်ပြီး ဒေါ်လာ ၄၀၆ ဒသမ ၇ ဘီလီယံသာရှိမယ်လို့ ခန့်မှန်းထားပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

စိုက်ပျိုးရေးသမားများအားထားရာ .........

မာလာမြိုင်

စိုက်ပျိုးရေးသုံးပစ္စည်းအရောင်းစင်တာ

**အရောင်းစင်တာများ**

(၁) ကျွန်းတောလမ်းနှင့်နာနတ်တောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ၀၁-၂၃၀၄၂၄၄၊ ၀၁-၅၀၄၆၁၂၊ ၀၉-၇၇၀၇၅၈၂၂

(၂) မြေပဒေသာကျွန်း(ဂျပန်သံရုံးရှေ့)ဗဟန်းမြို့နယ်၊ ၀၁-၅၄၄၆၀၈

(၃) ည(၈၂)ယုဇနလမ်း၊ တရုတ်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ၀၁-၆၈၃၀၉၄၊ ၀၀၆၈၃၂၀၈

**အရောင်းပြခန်း**

အမှတ် (T2-7) ၊ပုလဲလမ်း၊ ၃၀ x ၃၂ နှင့် ၇၇ x ၇၈ လမ်းကြား၊ချမ်းအေးသာစံမြို့နယ်၊မန္တလေး။ ၀၂-၃၀၇၈၀၊၀၂-၃၀၇၉၀